ပေဖိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု

# ကွယ်ပျောက်လုဆဲ ယင်းတလဲ

ဇော်လွင်ဦး (ဟင်္သာတ)





၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု

# ကွယ်ပျောက်လုဆဲ ယဉ်းတာလဲ

## ဇော်လွင်ဦး (ဟင်္သာတ)

အဘ ဦးဝင်းကြည်၊ အမိ ဒေါ်ရီရီတို့က ၁၉၆၄ ခုနှစ်တွင် ဟင်္သာတမြို့၌ မွေးဖွားခဲ့ပါသည်။

အခြေခံပညာကို အ.မ.က လယ်ပြင် ဟင်္သာတ၊ အ.လ.က (၁) ဟင်္သာတနှင့် အ.ထ.က (၁) ဟင်္သာတတို့တွင် ဆည်းပူးခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲအောင်မြင်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် ဟင်္သာတကောလိပ်၌ မြန်မာစာအထူးပြုဖြင့် ပထမနှစ် စတင်တက်ရောက်ခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။

၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာ အရည်အချင်းစစ် ပထမနှစ်မှ နောက်ဆုံးနှစ်အထိတက်ရောက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဟင်္သာတမြို့နယ် တာငုတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် မူလတန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ် တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်၊ ငွေလတုတ် ရွှေသွေးဂျာနယ် အတွဲ (၂၅)၊ အမှတ် (၂၃) တွင် နေရာမှန်အမည်ရှိ စာမူဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် စာပဒေသာ ပထမဆုရရှိခဲ့ပါသည်။

၂၀၁၃ ခုနှစ် ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ကျမ်းစာပေ ဒုတိယဆုရရှိခဲ့သည်။

- ဦးဇော်လွင်ဦး ဖြစ်သည်။
- အမှတ် ၇၈၊ ရန်ရှင်း ၂ လမ်း၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး။

စာပေဗိမာန်
K2507
Ks 600

၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ)ပညာရပ်၊ ဒုတိယဆု

## ကွယ်ပျောက်လုဆဲ

# ယင်းတာလဲ

ဇော်လွင်ဦး (ဟင်္သာတ)

တည်းဖြတ်သူ - ဒေါ်မျိုးမျိုးကြည်
စာတည်း
အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး (၆၀၀) ကျပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။
ဂျီတီစီပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ကျေးဇူးတင်စကား | |
| | - စကားဦး | |
| | - ဂုဏ်ပြုစကားလက်ဆောင် | |
| | - အကြံပြုချက် | |
| | - နိဒါန်း | |

**အခန်း (၁)**

ဒေသန္တရပထဝီဝင်

- တည်နေရာနှင့် အကျယ်အဝန်း ... ၁
- မြေမျက်နှာသွင်ပြင် ... ၂
- ရေဆင်း ... ၅
- အောက်ခံကျောက်နှင့် တွင်းထွက်ပစ္စည်း ... ၈
- ရာသီဥတု ... ၉
- မြေဆီလွှာ ... ၉
- သဘာဝပေါက်ပင် ... ၁၀
- မြို့များ ... ၁၀
- လမ်းပန်းဆက်သွယ်ရေး ... ၂၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း (၂)** | |
| | ပျံ့နှံ့နေထိုင်ရာဒေသ | |
| | - လူမျိုးအမည်ခေါ်ဝေါ်ပုံ | ... ၂၂ |
| | - ကယားလူမျိုးစုများ စိတ်ဖြာပုံ | ... ၂၃ |
| | - လူမျိုးအမည် ကွဲပြားပုံ | ... ၂၆ |
| | - ပျံ့နှံ့နေထိုင်ရာဒေသများနှင့် လူဦးရေ | ... ၃၀ |
| | **အခန်း (၃)** | |
| | လောကကိုထင်မြင်သုံးသပ်ပုံ | |
| | - လူကြီးသူမတို့၏စကား | ... ၃၈ |
| | - စကြဝဠာဖြစ်ပေါ်လာပုံ | ... ၃၉ |
| | - ကမ္ဘာမြေကြီးဖြစ်ပေါ်လာပုံ | ... ၄၂ |
| | - သက်ရှိသက်မဲ့တို့ ဖြစ်ပေါ်လာပုံ | ... ၄၄ |
| | - လူသားစတင်ဖြစ်ပေါ်လာပုံ | ... ၄၅ |
| | - ကမ္ဘာမြေပေါ်သို့ သက်ရှိသတ္တဝါများဆင်းသက်ခြင်း | ... ၄၆ |
| | - ဖရယ်ခယ်ထူး၏ သွန်သင်ချက် | ... ၄၇ |
| | - နေနှင့်လ ဖြစ်ပေါ်လာပုံ | ... ၅၀ |
| | - လူသားပေါက်ပွားလာပုံ | ... ၅၂ |
| | - ကမ္ဘာရေလွှမ်းမိုးခြင်း | ... ၅၃ |
| | **အခန်း (၄)** | |
| | မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်း | |
| | - ရှေးစကားများအရ ကယားတို့၏မူရင်းဒေသ | ... ၅၈ |
| | - မို့မာကို့မှ ပြောင်းရွှေ့ပုံ | ... ၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | - မြန်မာပြည်သို့ဝင်ရောက်လာပုံ | ... ၆၅ |
| | - ကရင်နီတောင်တန်းသို့ ဝင်ရောက်လာခြင်း | ... ၆၇ |
| | - ဒီးမော့ဆိုတောင်တော် | ... ၆၈ |
| | - ကယားလူမျိုးနှင့် ခွဲခွာသွားပုံ | ... ၆၉ |
| | - ကယားလူမျိုးနှင့် မှတ်တမ်းများ | ... ၇၂ |
| | - သုံးသပ်ဝေဖန်ချက်များ | ... ၇၇ |
| | - မနုဿဗေဒအမြင် | ... ၈၁ |

**အခန်း (၅)**

အုပ်ချုပ်ရေး

| | | |
| --- | --- | --- |
| - ကျေးရွာတည်ထောင်ခြင်း | ... ၈၃ |
| - ဘောလခဲနယ်နှင့် ဘိုးဖြူလှမင်းဆက် | ... ၈၆ |
| - ကယားပြည်နယ်ကို ခေတ်ဆက်ဆက် အုပ်ချုပ်ခဲ့ကြသူများ | ... ၈၈ |
| - အုပ်ချုပ်ရေးအဆင့်ဆင့် | ... ၉၁ |
| - ကရင်နီနယ် ဓလေ့ဥပဒေ | ... ၉၂ |

**အခန်း (၆)**

စီးပွားရေးလုပ်ငန်းများ

| | | |
| --- | --- | --- |
| - စိုက်ပျိုးရေး | ... ၁၁၉ |
| - ရေလုပ်ငန်း | ... ၁၂၀ |
| - အမဲလိုက်ခြင်း | ... ၁၂၁ |
| - တိရစ္ဆာန်မွေးမြူရေး | ... ၁၂၂ |
| - လက်မှုပညာလုပ်ငန်းများ | ... ၁၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


အခန်း (၇)

လူမှုရေး
- ပညာရေး ...၁၂၅
- စာပေသမိုင်း ...၁၂၆
- ဘာသာစကား ...၁၃၀
- ပုံပန်းသဏ္ဌာန်နှင့် စိတ်နေသဘောထား ...၁၃၇
- အပျိုလူပျိုဘဝ ...၁၃၉
- စေ့စပ်ကြောင်းလမ်းခြင်း ...၁၄၀
- လက်ထပ်ထိမ်းမြားခြင်း ...၁၄၁
- ကွာရှင်းပြတ်စဲခြင်း ...၁၄၂
- ကင်ပွန်းတပ်အမည်ပေးခြင်း ...၁၄၅
- အမွေဆက်ခံခြင်း ...၁၄၆
- ဓလေ့ထုံးစံနှင့် တရားစီရင်ရေး ...၁၄၇
- အိမ်ရာဆောက်လုပ်ခြင်း ...၁၄၈
- အိမ်သစ်တက်ပွဲ ...၁၅၁
- အသုဘဓလေ့ ...၁၅၂
- ရှောင်ဓလေ့များ ...၁၅၄

အခန်း (၈)

ဘာသာရေးနှင့်ရိုးရာယဉ်ကျေးမှု
- ယုံကြည်ကိုးကွယ်မှု ...၁၅၆
- ရိုးရာနတ်များ ...၁၅၇
- ကြက်ရိုးထိုးဓလေ့ ...၁၅၇
- ကျောက်လွှဲနတ်မေးမြန်းခြင်း ...၁၆၀
- အစွဲအလန်း ...၁၆၂

- ဝိညာဉ်လိပ်ပြာကောင်အယူအဆနှင့်ယုံကြည်ချက် . . . ၁၆၄
- အတိတ်နိမိတ် . . . ၁၆၅
- ဂီတနှင့် အကအခုန် . . . ၁၆၆
- ဘာသာရေးဆိုင်ရာရိုးရာဓလေ့ပွဲတော်များ . . . ၁၆၇
- ကောက်ညှင်းထုပ်ပွဲတော် . . . ၁၆၈
- တံခွန်တိုင်ပွဲတော် . . . ၁၇၀
- တောင်ယာနှင့်ပတ်သက်သော ဓလေ့ထုံးစံများ . . . ၁၇၇
- ဆင်ယင်ထုံးဖွဲ့မှု . . . ၁၇၉
- စကားထာ . . . ၁၈၂
- ပုံပြင်ဒဏ္ဍာရီများ . . . ၁၈၃
- ငွေတံဆိပ်တော် . . . ၁၈၈

## အခန်း (၉)

ထင်ရှားသောယင်းတလဲတိုင်းရင်းသားများ
- ဖဘာန့်မင်း . . . ၁၉၁
- စဝ်ခွန်ငယ် . . . ၁၉၃
- မဟာသရေစည်သူ စဝ်ငယ်ဒူး . . . ၁၉၄
- စောလဖော် . . . ၂၀၂
- ဦးလှမောင် ခေါ် ထုရိုင်း . . . ၂၁၀
- ဦးအေးမောင် ခေါ် ကောရိုင်း . . . ၂၁၂
- ဒေါ်အေးမြင့်သန်း ခေါ် စမိန်း . . . ၂၁၅
နိဂုံး . . . ၂၁၆
မှီငြမ်းကိုးကားသောကျမ်းများစာရင်း . . . ၂၂၁

## ကျေးဇူးတင်စကား

ဤစာမူဖြင့် ဖခင်ကြီးနှင့် အစားထိုး၍မရနိုင်သော ကွယ်လွန်သွားပြီဖြစ်သည့် ကျေးဇူးရှင်မိခင်ကြီးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ရိုသေလေးမြတ်စွာ ဦးညွှတ်အပ်ပါသည်။

စာရေးဖြစ်အောင် ကြိမ်ဖန်များစွာ တိုက်တွန်းအားပေးခဲ့သော ခင်မင်လေးစားရသည့် ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ အရေးပေါ်ဆေးပညာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးမော်ဦး [မော်ဦး(ဆေး-၂)] ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

လိုအပ်သည်များကို မညည်းမညူရှာဖွေပေး၊ စာမူကို အထပ်ထပ်ဖတ်ရှုပေးပါသော ချစ်ဇနီး ဒေါ်စမ်းစမ်းအေး (နီတာ)၊ စာများရေးသားဖြစ်အောင် စေ့ဆော်ပေးခဲ့သည့် သမီးဒေါက်တာဆုမွန်လွင်နှင့် စာရေးသားနိုင်အောင် မိသားစုတာဝန်များကို အောက်ခြေသိမ်းလုပ်ဆောင်ပေးသော တူမ မငုဝါလှိုင်တို့ကို ကျေးဇူးတင်ရှိပါသည်။ စာမူကို အစမှအဆုံး မနားမနေ ကွန်ပျူတာစာစီပေးသော ညီမငယ် မယုယုခိုင်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ပါသည်။

ကွင်းဆင်းလေ့လာသော ခရီးစဉ်များတွင် ချစ်ခင်ရင်းနှီးစွာဖြင့် ခရီးစဉ်များ စီစဉ်ပေးသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊

ကယားပြည်နယ်ပါတီကော်မတီဝင် ဒေါ်မော်မော်ခိုင်နှင့် ပြည်နယ်ပါတီ ကော်မတီဝင်များ၊ ဘောလခဲခရိုင် အတွင်းရေးမှူးဦးကျော်သန်းနှင့် ခရိုင်ကော်မတီဝင် ဦးကြည်ဝင်း၊ ဘောလခဲမြို့နယ် အတွင်းရေးမှူး ဦးစိုးရယ်နှင့် မြို့နယ်ကော်မတီဝင် ဦးဟန်ထူး၊ ဖားဆောင်းမြို့နယ် ပါတီကော်မတီဝင် ဦးစိုင်းသက်ကျော်ထွေး၊ ခရီးစဉ်တိုင်း လိုက်ပါ ကူညီပေးသော ဒီးမော့ဆိုမြို့နယ်ကော်မတီဝင် ဦးသန့်ဇင်ထွန်း၊ လွိုင်ကော်မြို့နယ်ကော်မတီဝင် ဦးဘိုဘိုမင်းဇော်၊ လွိုင်ကော်ခရိုင် ကော်မတီဝင် ဦးတင်အောင်ဆွေတို့ကိုလည်းကောင်း၊ သိလိုသမျှကို အကြိမ်ကြိမ်အထပ်ထပ်ဖြေကြားပေးပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်တို့ကိုလည်းကောင်း၊ သိလိုသည်တို့ကို သေချာစွာဖြေကြား၊ ပြောပြပေးပါသော ကယားပိုင်းရပ်ကွက်၊ စလဲလုံကျေးရွာ၊ နန်းဖဲ ကျေးရွာ၊ ဖားဆောင်းမြောက်ပိုင်းရပ်ကွက်၊ ဝမ်အောင်း (ကယား) ကျေးရွာတို့မှ ယင်းတလဲတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဇော်လွင်ဦး (ဟသ်ာတ)

◈◈◈

# စကားဦး

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ဖြစ်ပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ သင်တန်းတစ်ခု ပို့ချရန် ရောက်ရှိခဲ့ပါသည်။ အားလုံးသိကြသည့်အတိုင်း ကယားပြည်နယ်သည် မြန်မာနိုင်ငံအတွင်းတွင် ဖြစ်လင့်ကစား သာမန်အားဖြင့် ရောက်ရှိရန်မလွယ်ကူသော အရပ်ဒေသဖြစ်ပါသည်။ အကြောင်းတိုက်ဆိုင်သဖြင့် ရောက်ရှိခိုက်တွင် လေ့လာ၍ရရှိသမျှကို လေ့လာမှတ်သားမိပါသည်။ သင်တန်းတွင်လည်း ကယားပြည်နယ် မြို့နယ်တိုင်းမှလာရောက်ကြသော တိုင်းရင်းသားပေါင်းစုံပါဝင်သည်ဖြစ်ရာ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဘာသာစကားများ စသည်တို့ကို အချိန်ရသမျှ လေ့လာမိပါသည်။ အထူးသဖြင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်မြို့ရွာများသို့ ဒေသန္တရလေ့လာရေးခရီး သွားရောက်ကာ မှတ်တမ်းတင်ဖြစ်ခဲ့ပါသည်။ ထိုအကြောင်းများနှင့်ဆက်စပ်ကာ သိမီရာလူပုဂ္ဂိုလ်များကို စူးစမ်းလေ့လာရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ကယားပြည်နယ်ပါတီကော်မတီဝင် ဒေါ်မော်မော်ခိုင်ထံမှ ကယားလူမျိုးစုသမိုင်း စာမူကြမ်းတစ်စောင်နှင့် ကယားပြည်နယ်မဂ္ဂဇင်းတစ်စောင်ကို လက်ဆောင်အဖြစ် ရရှိခဲ့ပါသည်။ ထိုအခါ ကယားတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများ

စသည်တို့ကို ပိုမို၍ စိတ်ဝင်စားသွားမိပါတော့သည်။ အထူးသဖြင့် ကယားတိုင်းရင်းသားများတွင် ကယား၊ ကယန်း၊ ကယော၊ ဂေခို၊ ဂေဘား၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော၊ ကယန်းလထာ ဟူသည့် မျိုးနွယ်စုတို့၏အကြောင်းကို ရေရေရာရာ စတင်သိရှိခဲ့ရပါတော့သည်။ ထိုအခါတွင် ပထမဦးဆုံးသတိထားမိသည့်အချက်မှာ ကယားလူမျိုးစုတို့၏လူဦးရေဖြစ်ပါသည်။ ကယားလူမျိုးစု သမိုင်းမှုကြမ်း အခန်း (၂)လူမျိုး၊ လူဦးရေနှင့် ပျံ့နှံ့နေထိုင်ပုံပါ လူဦးရေခေါင်းစဉ်ငယ် အောက်တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

ကယားပြည်နယ်၏ ၁၉၉၈ ခုနှစ် လူဦးရေစာရင်းအရ လူဦးရေမှာ (၁၈၈,၃၄၈) ဦး ရှိပါသည်။

ကယားပြည်နယ်တွင် မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသား ကယားလူမျိုးလူဦးရေမှာ (၁၁၀,၄၆၄) ဦး ရှိသည်။ လူမျိုးစုအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ကယား - ၅၆,၄၁၇ ဦး
(၂) ကယန်း (ပဒေါင်+ဂေခို) - ၂၇,၂၃၃ ဦး
(၃) ကယော (ပရဲ) - ၉,၂၅၁ ဦး
(၄) ကယန်းကငန် (ယင်းဘော်) - ၁၂,၀၆၈ ဦး
(၅) မိုနူ (မနုမနော) - ၄,၄၈၈ ဦး
(၆) ဂေပါး - ၅၄၁ ဦး
(၇) တလိုင်ဖု (ယင်းတလဲ) - ၃၁၀ ဦး

ဟု ဖော်ပြပါရှိပါသည်။

ဤတွင် ကယားလူမျိုးစုတို့အနက် ယင်းတလဲလူမျိုးတို့၏ အရေအတွက်ကို အလွန်တရာပင် အံ့ဩမိရတော့သည်။ လူမျိုးတစ်မျိုးအတွက်

၃၁၀ ဟူသော ပမာဏသည် အချိန်တိုအတွင်း ပျောက်ကွယ်သွားနိုင်သည့် ပမာဏဖြစ်ကြောင်းလည်း နှမြောလွန်းလှစွာ တွေးဆမိပါသည်။

ထိုမှဆက်၍ ယင်းတလဲလူမျိုးတို့၏အကြောင်းကို အခွင့်ရသမျှ ရှာဖွေကြည့်သောအခါတွင်လည်း မှတ်တမ်းမှတ်ရာ လွန်စွာနည်းပါးလှသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရပါသည်။ အထူးသဖြင့် ယင်းတလဲလူမျိုးတို့တွင် ပြောစကားသာရှိပြီး စာပေမရှိကြောင်းကို သိရှိရသည့်အခါ ယင်းတလဲမျိုးနွယ်တို့နှင့်ပတ်သက်၍ များစွာပင်စံစားရမိပါတော့သည်။

ကယားပြည်နယ် ခရီးစဉ်မတိုင်မီ ကယားလူမျိုးသူငယ်ချင်းမိတ်ဆွေများရှိခဲ့ခြင်း၊ လွိုင်ကော်မြို့တွင် ပို့ချခဲ့သော သင်တန်းမှ သင်တန်းသားများနှင့် ခင်မင်ရင်းနှီးခဲ့ရခြင်း၊ သင်တန်းသားများတွင်ရော မိတ်ဆွေများတွင်ပါ ယင်းတလဲလူမျိုးများပါဝင်နေခြင်းက ကွယ်ပျောက်လုဆဲဖြစ်သည့် ယင်းတလဲလူမျိုးများနှင့်ပတ်သက်၍ သုတေသနတစ်ခုပြုလုပ်ကာ တတ်စွမ်းသမျှ မှတ်တမ်းတင်ဖြစ်အောင်တွန်းအားပေးခဲ့သကဲ့သို့ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း ယခင်က ဝေးကွာလှသည်ဟု ယူဆခဲ့မိသော ကယားပြည်နယ်၊ ကယားမျိုးနွယ်တို့ထံသို့ ထပ်မံသွားရောက်ကာ ယင်းတလဲတို့၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များ၊ လူမှုဘဝများတို့ကို မှတ်တမ်းတင်ခဲ့ပါသည်။

ထိုသို့လေ့လာရာတွင် ယင်းတလဲလူမျိုးများ အများဆုံးကျန်ရှိနေသေးသည့် ဘောလခဲမြို့၊ ကယားပိုင်းရပ်ကွက်၊ ဘောလခဲမြို့နယ်နန်းဖဲကျေးရွာအုပ်စု စလဲလုံကျေးရွာ၊ ဖားဆောင်းမြို့နယ် ဝမ်းအောင်းကျေးရွာအုပ်စု ဝမ်အောင်း (ကယား) ရွာများသို့သွားရောက်ကာ တာဝန်ရှိ

ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ၊ တက်ကြွသော လူငယ်များ၊ လူမှုရေးလုပ်ငန်းလုပ်ဆောင်နေကြသည့် လူလတ်ပိုင်းများ၊ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းနိုင်ခဲ့ပါသည်။ ယင်းတလဲတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်တို့ကိုလည်း နေပြည်တော်သို့ သွားရောက်တွေ့ဆုံကာ သိလိုသည်တို့ကို မေးမြန်းနိုင်ခဲ့ပါသည်။ ထိုသို့ တွေ့ဆုံမေးမြန်းရာမှ ရရှိသောအချက်အလက်များကို စာအုပ်စာတမ်းများရှိ သမိုင်းအချက်အလက်များနှင့် နှိုင်းယှဉ်ကာ ကွယ်ပျောက်လုဆဲဖြစ်သော ယင်းတလဲတိုင်းရင်းသားတို့အကြောင်းကို ရေးသားပြုစုခဲ့ရခြင်းဖြစ်ပါသည်။ သို့စေကာမူ အပြည့်အစုံ မှန်ကန်လိမ့်မည်ဟု အာမခံနိုင်ခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် ယင်းတလဲလူမျိုး အများဆုံးနေထိုင်ရာဖြစ်သော ဘောလခဲ၊ ကယားပိုင်း၊ စလဲလုံနှင့် ဝမ်အောင်းတို့တွင်ပင် တစ်နေရာနှင့်တစ်နေရာ လေယူလေသိမ်း၊ အသုံးအနှုန်းအချို့ ကွဲပြားနေကြသည်။ ထို့အတူ တံခွန်တိုင်ပွဲပြုလုပ်ခြင်း၊ ကောက်ညှင်းထုပ်ပွဲပြုလုပ်ခြင်းမှစကာ အချို့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများမှာ တစ်နေရာနှင့်တစ်နေရာ ကွဲပြားနေခြင်းများလည်း ရှိသည်။ ထို့ကြောင့် အချို့သော အချက်အလက်များမှာ ဒေသတစ်ခုအတွက် ကွဲပြားနေသည်လည်း ဖြစ်နိုင်ကောင်းပါသည်။ လိုအပ်သည်ထက် ပိုမိုကွဲလွဲခဲ့သည်ဆိုပါက စာရေးသူ၏လေ့လာမှုအားနည်းချက်ကြောင့်လည်းကောင်း၊ အမှတ်အသားချို့ယွင်းမှုတို့ကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ထို့ပြင် တွေ့ဆုံမေးမြန်းရန် ကျန်ရစ်ခဲ့သူများ၊ မှတ်တမ်းတင်ဖော်ပြရန် အကြောင်းအရာ၊ လူပုဂ္ဂိုလ်၊ အဖြစ်အပျက်တို့ ကျန်ရစ်နေခြင်း

များလည်း ရှိကောင်းရှိနိုင်ပါသည်။ ရှိခဲ့လျှင်လည်း စာရေးသူ၏ လိုအပ်ချက်သာဖြစ်ပြီး နောက်ဆက်တွဲဖြင့် ထပ်မံဖြည့်စွက်ဖော်ပြသွားမည်ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာချက်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ ယင်းတလဲလူမျိုးတို့အကြောင်းကို စာနယ်ဇင်းများတွင် ခရီးသွားဟန်လွှဲဆောင်းပါးရေးသားခြင်းအချို့ရှိသော်လည်း စာတစ်တန်၊ ပေတစ်ဖွဲ့ဖြင့် မှတ်တမ်းတင်ရေးသားခြင်းမျိုးမရှိခဲ့ဟု ဆိုကြပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအများစုတွင် စာပေနှင့်ယဉ်ကျေးမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေကြသော်လည်း စာပေမရှိသဖြင့် စာပေနှင့်ယဉ်ကျေးမှုကော်မတီမရှိသော တိုင်းရင်းသားတို့တွင် ယင်းတလဲတိုင်းရင်းသားတို့လည်း ပါဝင်ပါသည်။

လူဦးရေအားဖြင့် အလွန်နည်းပါးနေပြီဖြစ်ကာ ကွယ်ပျောက်လုဆဲဖြစ်နေသော ယင်းတလဲလူမျိုးတို့အကြောင်းကို တတ်စွမ်းသမျှမှတ်တမ်း ပြုစုရေးသားနိုင်ခြင်းကို ပီတိဖြစ်မိပါသည်။ ဤစာမူမှစကာ ပိုမို ကောင်းမွန်သည့်မှတ်တမ်းနှင့် လေ့လာမှုများပြုလုပ်နိုင်မည်ဆိုပါလျှင် ကွယ်ပျောက်လု တိုင်းရင်းသားများအတွက်လည်းကောင်း၊ ကယားတိုင်းရင်းသားမျိုးနွယ်စုများအတွက်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက်လည်းကောင်း များစွာအကျိုးရှိမည်ဟု မှတ်ထင်မိပါသည်။

ဤစာမူသည် တိုင်းရင်းသားများအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှသော မှတ်တမ်းတစ်စောင်ဖြစ်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

◆◆◆

## ကွယ်ပျောက်လုဆဲ ယင်းတလဲစာအုပ်အတွက် ဂုဏ်ပြုစကားလက်ဆောင်

ကျွန်တော်ရှိရာ တည်းခိုဆောင်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်နှင့်အတူ စာရေးဆရာ ဇော်လွင်ဦး (ဟသ်ာတ)ဆိုသူ ရောက်ရှိခဲ့ပါသည်။ သူက စတင်မိတ်ဆက်သဖြင့် ယင်းတလဲအကြောင်း သုတေသနပြုရေးသားနေသည်ကို သိခဲ့ရပါသည်။ သူ သိလိုသည်တို့ကို ပြောကြားပေးပါရန်ပြောသဖြင့် ယင်းတလဲအကြောင်း ပြောပြဖြစ်ခဲ့ပါသည်။

ထိုသို့ပြောပြနေရင်း ယင်းတလဲလူမျိုးတို့အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်မေးမြန်းခဲ့သည်။ ဦးဇော်လွင်ဦးက မေးမြန်းရင်းပင် သူလေ့လာထားသည့် အကြောင်းများကိုပါ ပြောပြသည့်အခါ အံ့သြဘနန်းဖြစ်ရသည်။ အမှန်ပြောရလျှင် သာမန် ယင်းတလဲတစ်ယောက်သည်ပင် သူ့လောက်မသိထားပါဟု ဝန်ခံရပါမည်။ ယင်းတလဲအကြောင်း သာမက ကယားမျိုးနွယ်စုများအကြောင်းကိုပါ ဆက်စပ်တင်ပြထားသည်မှာ ကျေနပ်အားရလှပါသည်။ တကယ်တော့ ယင်းတလဲတို့သည် အမေ့ခံ လူနည်းစုဖြစ်ပါသည်။ ယင်းတလဲတို့တွင် ဘာသာဗေဒအားဖြင့် နိုင်မာသောပြောစကားရှိသော်လည်း ယနေ့အထိ အရေးစာပေမရှိပါ။ ထိုသို့မရှိခြင်းကြောင့်လည်း မိမိတို့သမိုင်းကြောင်းကို သေသေချာချာ

မှတ်တမ်းတင်မထားနိုင်ပါ။ ယင်းတလဲတို့တွင် စာပေယဉ်ကျေးမှု ကော်မတီပင် မရှိသေးပါ။

ဦးဇော်လွင်ဦး၏စာမူတွင် ယင်းတလဲတိုင်းရင်းသားများ မပျောက်ကွယ်ရေး၊ ထပ်မံတိုးပွားရေးတို့အတွက် စေတနာဖြင့် လမ်းညွှန်ထားသည်တို့မှာ ကျေးဇူးတင်စရာကောင်းလှပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများစွာထဲတွင် ယင်းတလဲတို့နှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာမရှိပါ။ ယခု ဦးဇော်လွင်ဦး၏ ကွယ်ပျောက်လုဆဲ ယင်းတလဲစာမူသည် ယင်းတလဲသမိုင်းမှတ်တမ်းဟုပင် ဆိုနိုင်ပါသည်။ ယင်းတလဲမဟုတ်သော ပြည်ထောင်စုဖွားတိုင်းရင်းသားတစ်ယောက်က ယင်းတလဲအကြောင်းကို သေသေချာချာလေ့လာကာ ရေရေရာရာ တင်ပြထားသည်တို့မှာ အလွန်ပင် ဝမ်းသာစရာကောင်းလှပါသည်။ အထူးသဖြင့် ယင်းတလဲလူမျိုးများကိုယ်စား ဝမ်းသာကျေနပ်မိပါကြောင်း ဖော်ပြလိုပါသည်။

ဦးလှမောင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)

# အကြံပြုချက်

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုပေါင်းမှီတင်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများစွာတို့သည် ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အသီးသီးဖြင့် ပြည်ထောင်စုအတွင်း ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်စွာဖြင့် စုပေါင်းနေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

မိမိတို့တိုင်းရင်းသားများအနေဖြင့် တစ်အူထုံ့ဆင်း သွေးချင်းမောင်နှမများဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ထိုထဲတွင် မိမိတို့မြန်မာနိုင်ငံတော်အတွင်း ရှေးပဝေသဏီကပင် နေထိုင်လာခဲ့ပြီး ယခုအခါ ပျောက်ကွယ်လုနီးပါး လူမျိုးစုတစ်မျိုးဖြစ်သော ကျွန်တော်နေထိုင်ရာဒေသ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲဒေသရှိ ၁၃၅ မျိုးဝင် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့် ယင်းတလဲလူမျိုး၏ ရိုးရာယဉ်ကျေးမှုစာပေစကားဆိုင်ရာနှင့် လူမှုရေးရာကိစ္စအဝဝများကို ရှာဖွေဖော်ထုတ်ပြသနိုင်ဖို့ရန် ကြိုးစားပမ်းစား ဆောင်ရွက်ပေးခဲ့သည့် စာရေးဆရာ ဦးဇော်လွင်ဦးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ မိမိတို့ယင်းတလဲလူမျိုးစုကိုယ်စား တကယ့်ကို လှိုက်လှိုက်လှဲလှဲနှင့် ကျေးဇူးတင်ပြီး ကျေးဇူးကြီးမားလှပါကြောင်းကိုလည်း ရေးသားတင်ပြလိုပါသည်။

တကယ်တမ်း ကျွန်တော်တို့ ယင်းတလဲလူမျိုးစုများအနေဖြင့် အင်မတန်မှ အေးချမ်းစွာနေထိုင်လိုသည့် လူမျိုးဖြစ်သည့်အားလျော်စွာ ရှေးယင်းတလဲလူမျိုးစုတို့၏ နောင်အနာဂတ် အမြော်အမြင်နည်းပါးမှု၊ အသိပညာနည်းပါးမှုတို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ အခြားသော ညီအစ်ကို တိုင်းရင်းသားလူမျိုးတို့အလယ်တွင် မတွေ့ရမမြင်ရသလောက် ဖြစ်ခဲ့ရပါသည်။ ဤသို့ဆိုခြင်းအားဖြင့် ရှေးယင်းတလဲလူကြီးမိဘများကို စော်ကားချင်သည့်စိတ်ဖြင့် ရေးသားပြောဆိုခြင်းမဟုတ်ပါ။ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကိုအရှိအတိုင်း ရေးသားဖော်ပြခြင်းသာဖြစ်ပါသည်။

ယနေ့ မိမိတို့ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အသွင်ကူးပြောင်းရေး ကာလတစ်ခုကို ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်၊ နိုင်ငံသား၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏အားထားရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းပါရှိသည့် ပေးအပ်ထားသော ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များကို တိုင်းရင်းသားအားလုံး အေးအတူပူအမျှ အတူတကွ ခံစား၊ စံစားကြရမည့်အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဤသည်မှာ တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စာပေစကားများကို အပြန်အလှန် ထိန်းကျောင်းစေခြင်း၊ ထိန်းသိမ်းစေခြင်းများ ဆောင်ရွက်ခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးညီညွတ်ကာ ပြည်ထောင်စုအတွင်း ကမ္ဘာတည်သရွေ့ အစဉ်လက်တွဲကာ ပူးပေါင်းနေထိုင်ကြပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲမည်ဟု ယုံကြည်လျက် အကြံပြုချက်များ ရေးသားလိုက်ရပါသည်။

ဦးအေးမောင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဘောလခဲမဲဆန္ဒနယ်

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုး စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံကြီးဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသော တိုင်းရင်းသားလူမျိုးစုကြီး (၈) မျိုးမှ စိတ်ဖြာလာသော မျိုးနွယ်ငယ်ပေါင်း (၁၃၅) မျိုး ရှိပါသည်။ ယင်းတို့ကို လူမျိုးစုအလိုက် ဖော်ပြရပါလျှင်

(က) ကချင်လူမျိုးစုတွင်

ကချင်၊ တရုန်း၊ ဒလောင်၊ ဂျန်းဖော၊ ဂေါ်ရီ၊ ခခု၊ ဒူးလန်း၊ မရူ (လော်ဝေါ်)၊ ရဝမ်၊ လရှီ၊ အဇီး၊ လီဆူး ဟူသော မျိုးနွယ်စု (၁၂) စု ပါဝင်ပါသည်။

(ခ) ကယားလူမျိုးစုတွင်

ကယား၊ ကယန်း၊ ကယော၊ ဇယိမ်း၊ ဂေခို၊ ဂေဘား၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော ဟူသော မျိုးနွယ်စု (၉) စု ပါဝင်ပါသည်။

(ဂ) ကရင်လူမျိုးစုတွင်

ကရင်၊ ကရင်ဖြူ၊ ပလေကီး၊ မွန်ကရင်၊ စကော၊ တလေ့ပွား၊ ပကူး၊ ဘွဲ၊ မောနေပွား၊ မိုးပွား၊ ပိုး ဟူသော မျိုးနွယ်စု (၁၁) စု ပါဝင်သည်။

(ဃ) ချင်းလူမျိုးစုတွင်

ချင်း၊ မယ်ထိုင်၊ ဆလိုင်း၊ ကလင်ကော၊ ခမီ၊ အောင်ခမီ၊ ခေါနီး၊ ခေါင်စို၊ ခေါင်ဆိုင်၊ ခွာဆင်းမ်၊ ခွန်လီ၊ ဂန်တဲ့၊ ဂွေးတဲ၊ ငွန်း၊ ဆီစာန်၊ ဆင်တန်၊ ဆိုင်းတန်၊ ဇာဘောင်၊ ဇိုတုံး၊ ဇိုဖေ၊ ဇို၊ ဇန်ညှပ်၊ တပေါင်၊ တီးတိန်၊ တေဇန်၊ တိုင်ချွန်း၊ တာ့ဒိုး၊ တောရ်၊ ဒင်မ်၊ ဒိုင်၊ နာဂ၊ တန်ခူး၊ မာရင်၊ ပနန်း၊ မကန်း၊ မတူ၊ မီရမ်၊ မိအဲ၊ မွင်း၊ လူရှိုင်း၊ လေးမြို၊ လင်တဲ၊ လောက်ကု၊ လိုင်၊ လိုင်ဇို၊ ပါကင်းမ်၊ ဟွာလ်ငို၊ အနူး၊ အနန်၊ အုပု၊ လျင်းကု၊ အရှို၊ ရောင်ကု ဟူသော မျိုးနွယ်စု (၅၃) စု ပါဝင်ပါသည်။

(င) ဗမာလူမျိုးစုတွင်

ဗမာ၊ ထားဝယ်၊ မြိတ်၊ ဆော၊ ရဘိန်း၊ ကဒူး၊ ဂဏန်း၊ ဆလုံ၊ ဖုန်း ဟူသော မျိုးနွယ်စု (၉) စု ပါဝင်ပါသည်။

(စ) မွန်လူမျိုးစုတွင်

မွန် မျိုးနွယ်စု တစ်စုတည်းသား ပါဝင်ပါသည်။

(ဆ) ရခိုင်လူမျိုးစုတွင်

ရခိုင်၊ ကမန်၊ ခမွီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် ဟူသော မျိုးနွယ်စု (၇) စု ပါဝင်ပါသည်။

(ဇ) ရှမ်းလူမျိုးစုတွင်

ရှမ်း၊ ယွန်း၊ ကွီ၊ ဖျင်၊ သအို၊ ဇော၊ ပလေး၊ အင်၊ စုံ၊ ခမူ၊ ကော်၊ ကိုးကန့်၊ ခန္တီးရှမ်း၊ ဂုံ၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ မြောင်ဇီး၊ ယင်းကြား၊ ယင်းနက်၊ ရှမ်းကလေး၊ ရှမ်းကြီး၊ လားဟူ၊ အင်းသား၊

အိုက်ဆွယ်၊ ပအိုဝ်း၊ တိုင်းလွယ်၊ တိုင်းလျမ်၊ တိုင်းလုံ၊ တိုင်းလေ့၊ မိုင်းသာ၊ မောရှမ်း၊ ဝ ဟူသော မျိုးနွယ်စု (၃၃) စု ပါဝင်ပါသည်။

ယင်းတို့အနက် မျိုးနွယ်စု (၉) စုရှိသော ကယားတိုင်းရင်းသားတို့တွင် ပါဝင်သည့် ယင်းတလဲတိုင်းရင်းသားများအကြောင်းကို တင်ပြရန် ရည်ရွယ်ပါသည်။ ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်နှစ်ခု ပါဝင်ပြီး မြို့နယ်များအနေဖြင့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များနှင့် ရွာသစ်မြို့နယ်ခွဲတို့ ပါဝင်သည်။ ယင်းတလဲတိုင်းရင်းသားများသည် ဘောလခဲခရိုင်တွင်သာ အများဆုံးနေထိုင်ကြသည်။ ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်၊ ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာအုပ်စု စလဲလုံကျေးရွာ၊ ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာအုပ်စု ဝမ်အောင်း (ကယား) ရွာတို့တွင် အများဆုံး နေထိုင်ကြသည်။ အနီးအနားရှိရွာများတွင်လည်း အနည်းငယ်နေထိုင်ကြသည်။

ယင်းတလဲတိုင်းရင်းသားတို့သည် ခန့်မှန်းခြေစာရင်းအရ လူဦးရေ ၁၀၀၀ မပြည့်တော့ဟု ဆိုရပါမည်။ သို့သော် တိတိကျကျ လိုက်လံစာရင်းကောက်ယူမည်ဆိုပါလျှင် ယင်းခန့်မှန်းခြေ၏ တစ်ဝက်မျှပင် မရှိတော့ဟု ဆိုနိုင်ပါသည်။ ဘောလခဲမြို့၊ ကယားပိုင်းရပ်ကွက်တွင် အိမ်ထောင်စု ၁၂၂ စု၊ လူဦးရေ ၅၈၄ ဦးရှိသည့်အနက် ယင်းတလဲလူမျိုး ၃၀၀ ခန့်ရှိမည်ဟု ကယားပိုင်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး ခေါ် နရိုင်းက ပြောပြပါသည်။ သို့သော် ယင်းတလဲမိဘနှစ်ပါးမှ မွေးဖွားလာသော ယင်းတလဲလူမျိုးအစစ်မှာ (၄၀) ဦးသာ ရှိကြောင်း ဘောလခဲမြို့နယ်၊ ပြည်ခိုင်ဖြိုးပါတီကော်မတီဝင် ဦးဟန်ထူး ခေါ် ဘန့်ရိုင်းက တွက်ပြပါသည်။

ထို့ကြောင့် ယင်းတလဲတိုင်းရင်းသားအစစ် အရေအတွက်မှာ ခန့်မှန်းသည်ထက် ပိုမို နည်းပါးမည်မှာ သေချာလှပါသည်။ စင်စစ် အားဖြင့် ယင်းတလဲတိုင်းရင်းသားတို့သည် မူလအစက ကယားလူမျိုး ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယင်းတလဲအကြောင်းကို လေ့လာ လျှင် ကယားလူမျိုးစုအကြောင်းကို ဦးစွာလေ့လာမှသာလျှင် ပိုမို ပြည့်စုံမည်ဖြစ်ပါသည်။ သို့အတွက် ကယားလူမျိုးတို့၏ မူလအခြေ တည်ရာနှင့် ရွှေ့ပြောင်းရောက်ရှိလာပုံ၊ လောကကို ထင်မြင်ယူဆပုံ တို့ကိုလည်း မဖြစ်မနေ ထင်ပြရမည်ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာချက်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ ယင်းတလဲတိုင်းရင်းသားတို့သည် လွန်စွာရိုးသားအေးဆေးကာ ရောင့်ရဲ နိုင်စွမ်းမြင့်မားကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုသို့ အေးအေး လူလူ နေထိုင်ခဲ့ကြခြင်းကပင်လျှင် သူတို့၏အချို့သော ရိုးရာယဉ်ကျေးမှု များကို တစ်စတစ်စမေ့မှိန်လာလေသလားဟု တွေးထင်ရပါသည်။ မူလကပင် စကားသာရှိပြီး စာပေမရှိခဲ့ခြင်းကြောင့် အစဉ်အဆက် စကားလက်ဆင့်ကမ်းကာ မှတ်သားထားခဲ့သည်များကလည်း နှစ်ပေါင်း များစွာကြာမြင့်လာသည့်အချိန်တွင် တိကျနိုင်မှုမှု အားနည်းလာခဲ့သည် ဟု ယူဆရပါသည်။ တစ်ဖန် ပြောင်းလဲလာသော ခေတ်အခြေအနေ များအရ ရှေးယခင်အချိန်ကာလများကဲ့သို့ သက်ကြီးစကား သက်ငယ် ကြား ပြောဆိုမှုများနည်းပါးလာခြင်း၊ စုပေါင်းနေထိုင်သော အလေ့အထ များထက် စားဝတ်နေရေးအတွက် တစ်မိသားစုချင်း ကြိုးပမ်းကြခြင်း၊ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်း စသည်တို့ကြောင့်လည်း မိရိုး ဖလာထုံးတမ်းစဉ်လာများ လျော့ပါးလာခဲ့သည်ဟု ထင်မြင်ပါသည်။

သည့်ထက် ပိုမိုအချိန်နှောင်းခဲ့ပါလျှင် လက်ရှိ ရှိနေသော ရှေ့မီ နောက်မီလူကြီးများ ပိုမိုနည်းပါးသွားခြင်း၊ အမှတ်အသား အားနည်းခြင်း နှင့် လူမျိုးအချင်းချင်း သွေးနှောမှုပိုမိုများပြားလာခြင်းတို့ကြောင့် ယင်းတလဲတို့၏ သမိုင်းစဉ်နှင့် ရိုးရာယဉ်ကျေးမှုများမှာ ပိုမိုလျော့နည်း သွားနိုင်သည်ဖြစ်ရာ ယင်းတလဲတို့၏ သမိုင်းအစဉ်အဆက်နှင့် ဓလေ့ ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများကို သုတေသနပြု ရေးသားအပ် ပါသည်။

◆◆◆

အခန်း (၁)

# ဒေသန္တရပထဝီဝင်

**တည်နေရာနှင့်အကျယ်အဝန်း**

ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အကြား တွင် တည်ရှိသည်။ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ကရင်ပြည်နယ်တို့ တည်ရှိသည်။ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် ၁၉ ဒီဂရီ ၅၅ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၀ မိနစ်နှင့် ၉၇ ဒီဂရီ ၅၀ မိနစ်အတွင်း တည်ရှိပါသည်။ အကျယ်အဝန်း ဧရိယာ စတုရန်းမိုင်ပေါင်း (၄၅၂၉ ဒသမ ၅၆) မိုင် ရှိပါသည်။ ပြည်နယ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များနှင့် ရွာသစ်မြို့နယ်ခွဲတို့ပါဝင်ပြီး လွိုင်ကော်နှင့် ဘောလခဲ ခရိုင်နှစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်း (၇၉) ခု၊ ကျေးရွာခွဲပေါင်း (၆၂၀) ရှိပါသည်။ ယင်းတလဲ တိုင်းရင်းသားတို့သည် ဘောလခဲမြို့နယ်၊ ဘောလခဲမြို့၊ ကယားပိုင်း ရပ်ကွက်၊ စလဲလုံကျေးရွာနှင့် ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းကျေးရွာ

တို့တွင် အများဆုံး အခြေချနေထိုင်သည်။ ဘောလခဲမြို့နယ်အတွင်းရှိ စောလုံ၊ ရွာသစ်မြို့ခွဲအတွင်းရှိ ဝမ်လ၊ လွယ်ဝိန်း ကျေးရွာတို့၌လည်း အနည်းငယ် ပျံ့နှံ့နေထိုင်လျက်ရှိသည်။

**မြေမျက်နှာသွင်ပြင်**


ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်သည် အရှေ့ဘက်ကုန်းမြင့်ဒေသကြီးတွင် ပါဝင်သည်ဖြစ်ရာ ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်နေသော ကုန်းမြင့်ဒေသဖြစ်သည်။ ကယားကုန်းမြင့်သည် မြောက်ဘက်တွင် ပေ ၃၀၀၀ ခန့်မြင့်ပြီး တောင်ဘက်သို့ နိမ့်ဆင်းလာသည်။ လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့ပတ်ဝန်းကျင်တွင် လွင်ပြင်အနည်းငယ်ရှိသည်မှအပ ကျန်ဒေသများသည် တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်၊ ချောက်ကမ်းပါးများဖြစ်သည်။ ယေဘုယျအားဖြင့် ကယားပြည်နယ်၏ အနောက်ဘက်ရှိတောင်တန်းများသည် အရှေ့ဘက်ရှိတောင်တန်းများထက် ပိုမိုမြင့်မားသည်။ အနောက်ဘက်ရှိတောင်တန်းများသည် ပေ (၄၀၀၀) ကျော် (၅၀၀၀) နီးပါး ရှိကြသည်။ အမြင့်ဆုံးတောင်ထိပ်များကို လွိုင်လောင် (Lailong) တောင်တန်းများတွင် တွေ့ရသည်။

သံလွင်မြစ်၏အနောက်ဘက်ပိုင်းတွင် တောင်မှမြောက်သို့သွားသော် လွိုင်ဟိုထားတောင်ထိပ်သည် (၅,၅၂၂) ပေ မြင့်သည်။ ဆီဆိုးတောင်ထိပ် (၅,၁၂၉) ပေ၊ ဆကလိဆိုးတောင်ထိပ် (၅,၁၅၀) ပေ အသီးသီးမြင့်ကြသည်။ သံလွင်မြစ်၏အရှေ့ဘက်ရှိ တောင်တန်းများသည် များသောအားဖြင့် ပေ ၃၀၀၀ ကျော်၊ ၄၀၀၀ နီးပါးမြင့်ကြသည်။ သို့သော် အရှေ့တောင်ဘက်စွန်းတွင်တည်ရှိသော တောင်တိုး

ကြီးတောင်မှာ အမြင့် ပေ (၄,၂၄၆) မြင့်ပြီး ကယားပြည်နယ် နယ်နိမိတ် အရှေ့မြောက်ထောင့်တွင်ရှိသော လွိုင်ဆင်မောင်တောင်မှာ (၅,၁၈၀) ပေအထိ မြင့်မားသည်။ ထိုတောင်များသည် ပြည်နယ်၏အနောက် ဘက်တွင် အနောက်မြောက်မှ အရှေ့မြောက်သို့ သွယ်တန်းနေပြီး အရှေ့ဘက်တွင်မူ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည်။

တောင်တန်းများကြားတွင် လျှိုမြောင်၊ ချောက်ကမ်းပါးများနှင့် အတူ သဘာဝလိုဏ်ဂူများလည်း ရှိသည်။ လွိုင်ကော်မြို့အရှေ့ဘက် ကိုးမိုင်အကွာရှိတောင်တန်းတွင် ကျတ်ဂူဟုခေါ်ကြသော သဘာဝ လိုဏ်ဂူကြီးတစ်ခု ရှိသည်။ အလွန်ရှည်လျား၍ အစမှအဆုံးထိ ရောက် ဖူးသူ မရှိသေးပါ။ အင်္ဂလိပ်လူမျိုး မစ္စတာနေပီယန်ဆိုသူသည် အတွင်း သို့ နှစ်မိုင်ခန့်အထိ ဝင်သွားပြီး ခရီးမဆုံးသဖြင့် ပြန်လာခဲ့သည်။ အမေရိကန်သံရုံးမှ သံအရာရှိတစ်ဦးလည်း ဂူတွင်းသို့ (၅) ဖာလုံခန့် အထိ ရောက်အောင်သွားခဲ့ဖူးသည်။ လိုဏ်ခေါင်းတစ်လျှောက်တွင် ကျဉ်းလိုက်၊ ကျယ်လိုက်ရှိသဖြင့် အချို့နေရာမှာ တွားသွားရသည်။ ယခင်က လိုဏ်ဂူအတွင်း လင်းနို့များ ခိုအောင်းနေသဖြင့် လင်းနို့ချေး အမြောက်အမြား ထုတ်ယူနိုင်ခဲ့သည်။ လင်းနို့ချေးမှ ယမ်းချက်လုပ် နိုင်သဖြင့် ကယားတို့က ယာစုကုဂူဟုလည်း ခေါ်ကြသည်။ ထူးခြား ချက်မှာ လိုဏ်ဂူအတွင်းတွင် အလွန်ကြီးမားရှည်လျားသော အံဖုံးဖြင့် ပြုလုပ်ထားသည့် ကျွန်းသားခေါင်းကြီးများကို ကျောက်တိုင်ကမူများ ပေါ်တွင် အလေးချိန်မျှတစွာတင်ထားသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ မည်သည့်အချိန်ကတည်းက ရှိနေခဲ့သည်ကို မည်သူမျှမသိနိုင်ပေ။

လွိုင်ကော်မြို့နယ်အတွင်းမှာပင် လွိုင်ကော်-ဆီဆိုင် ကားလမ်း ဘေး၌ အောင်သပြေ ထုံးကျောက်ဂူရှိသည်။ ထုံးကျောက်ဂူအတွင်း




ယင်းတလဲတိုင်းရင်းသားများ နေထိုင်ရာဒေသများ

သဘာဝအတိုင်း မပျက်မယွင်းသေးသော ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ကျောက်စက်တိုင်များ လှပစွာရှိပါသည်။

ထို့အတူ ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းကျေးရွာအရှေ့ဘက် ခုနစ်မိုင်ခန့်အကွာရှိ ပန်းသေးတောင်တန်း၏တောင်ဘက်အစွန်းပိုင်းတွင် လင်းနို့များခိုအောင်းရာ သဘာဝလိုဏ်ဂူကြီးတစ်ခုရှိသည်။ နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်နေ့တိုင်း လင်းနို့ချေးများ သွားရောက်သယ်ယူလေ့ရှိကြသည်။ တစ်နှစ်လျှင် လင်းနို့ချေးအိတ်ပေါင်း ၂၅၀၀ ခန့်အထိ ရရှိသည်ဟု ဆိုကြသည်။ ယင်း လိုဏ်ဂူကြီးအတွင်းသို့လည်း အဆုံးအထိ မည်သူမျှမရောက်ဖူးကြဟု ဆိုပါသည်။

တောင်တန်းများကြားတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေကန်များလည်း ရှိသည်။ ကယားလူမျိုးတို့သည် မိမိတို့ကိုယ်မိမိတို့ ကိန္နရာမှဆင်းသက်လာသည်ဟုလည်း ယုံကြည်ကြသောကြောင့် ဒဏ္ဍာရီလာ ဒွေးမယ်နော် ညီအစ်မခုနစ်ဖော် ရေကစားခဲ့သည်ဟု ဆိုကြသော ကန်ခုနစ်ဆင့်ဟု အမည်ရသည့်ကန်များ ဒီးမော့ဆို မြို့နယ်အတွင်း တည်ရှိသည်။ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်မြို့ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ဒေါကလော်ဒူကျေးရွာအုပ်စုအတွင်းရှိ တနီးလာလဲကျေးရွာအနီးတွင် ကျောက်တောင်ကြီးနောက်ခံဖြင့် သဘာဝအလျောက် ထက်အောက်တည်ရှိသောရေကန် (၁၄) ကန် ရှိပါသည်။

**ရေဆင်း**

ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်ကို ဖြတ်သန်းစီးဆင်းသော မြစ်၊ ချောင်းအများစုသည် မြောက်မှတောင်သို့ စီးဆင်းကြသည်။ သံလွင်မြစ်သည် အထင်ရှားဆုံးမြစ် ဖြစ်သည်။

သံလွင်မြစ်နှင့်အပြိုင် မြောက်မှတောင်သို့စီးဆင်းသော သံလွင်မြစ်၏ မြစ်လက်တက်မှာ ပွန်ချောင်းဟုခေါ်ကြသော နမ့်ပွန်မြစ်ဖြစ်သည်။ ဘီလူးချောင်း၊ နန့်တန်ဖချောင်း၊ ထူးချောင်း၊ မယ်ပါချောင်းနှင့် အခြား ချောင်းငယ်များသည် နမ့်ပွန်မြစ်အတွင်း စီးဝင်ကြသည်။ သံလွင်မြစ် သည် ကယားပြည်နယ်အရှေ့ပိုင်း၊ ရှားတော၊ ဘောလခဲနှင့် ဖားဆောင်းမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းသည်။ ပွန်ချောင်းသည် ရှမ်းပြည်နယ်တွင် မြစ်ဖျားခံ၍ လွိုင်ကော်မြို့နယ်ကို ဖြတ်သန်းစီးဆင်း ကာ လွိုင်ကော်မြို့တောင်ဘက် (၁၈) မိုင်အကွာတွင် ဂူထဲငုပ်ကာ စီးဆင်းပါသည်။ ထူးချောင်းသည် ကယားပြည်နယ်အနောက်ပိုင်းမှ ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းပြီး ဖားဆောင်းမြို့ အနီးတွင် ပွန်ချောင်းနှင့်လာရောက်ပေါင်းဆုံကာ သံလွင်မြစ်ထဲသို့ စီးဝင်သည်။ မယ်ပါချောင်းသည် ထိုင်းနိုင်ငံတွင် မြစ်ဖျားခံ၍ ကယား ပြည်နယ်အရှေ့ပိုင်း ဘောလခဲမြို့နယ်ကို ဖြတ်သန်းစီးဆင်း၍ ရွာသစ် မြို့နယ်ခွဲအနီးတွင် သံလွင်မြစ်ထဲသို့ စီးဝင်သည်။ နန့်တန်ဖချောင်းသည် ရှမ်းပြည်နယ်တွင် မြစ်ဖျားခံ၍ လွိုင်ကော်မြို့နယ်မြောက်ပိုင်း ရှမ်း ပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်တစ်လျှောက်တွင် စီးဆင်းပြီး ပွန်ချောင်းထဲသို့ စီးဝင်သည်။

ရှားတောမြို့နယ်တွင် အရှေ့ဘက်မှ သံလွင်မြစ်ထဲသို့ စီးဝင်လာ သော ချောင်းငယ်များမှာ နန်းကျိုင်း၊ ဟွေလုံ၊ တင်လွယ်၊ နန့်ပင်းလင်း ဆေးကိုလဲ၊ ပဲပိုလဲနှင့် ဆေးနေလဲချောင်းတို့ဖြစ်ကြသည်။

ဖားဆောင်းမြို့နယ် အနောက်ဘက်မှ သံလွင်မြစ်ထဲသို့ စီးဝင်လာ သော ချောင်းငယ်များမှာ ခဲမဖြူချောင်း၊ ဖားချောင်း၊ ငါးချောင်း၊ ပါဟလိုချောင်းတို့ဖြစ်ကြသည်။ အရှေ့ဘက်မှ သံလွင်မြစ်ထဲသို့ စီးဝင်



ပွန်ချောင်းအလှ



ပွန်ချောင်းအလှ

လာသော ချောင်းငယ်များမှာ မယ်စွဲ၊ မယ်ဖတ်၊ ဟွေဆာဖောချောင်း တို့ဖြစ်ကြသည်။

ဒီးမော့ဆိုမြို့နယ်တွင် ဖြတ်သန်းစီးဆင်းသော ချောင်းငယ်များမှာ ငွေတောင်ချောင်း၊ နန့်စံဖူး၊ နန်းမယ်ခုံ၊ နန့်ဆောင်က တို့ဖြစ်ကြပြီး ဘီလူးချောင်းထဲသို့ စီးဝင်ကြသည်။

ဖရူဆိုမြို့နယ်တွင် ဖြတ်သန်းစီးဆင်းသောချောင်းများမှာ လက်ချောင်း၊ ပီအီချောင်း၊ နန်းဖဲချောင်း၊ ထီးဖလော်ချောင်း တို့ဖြစ်ကြပြီး ထူးချောင်းထဲသို့ စီးဝင်ကြသည်။

ကယားပြည်နယ်သည် တောတောင်ထူထပ်သဖြင့် မြစ်၊ ချောင်းများပေါများသည်။ မြစ်ချောင်းများသည် တောင်ကုန်းထူထပ်သော ဒေသကိုဖြတ်သန်းစီးဆင်းရသဖြင့် ရေစီးသန်ပြီး စီးဆင်းရာတစ်လျှောက်တွင် ရေတံခွန်များ၊ ရေမော်များကို ဖြစ်စေသည်။ ထင်ရှားသော ရေတံခွန်များမှာ လွိုင်ကော်မြို့နယ်အတွင်းရှိ ဘီလူးချောင်း လောပိတရေတံခွန်၊ ဘီလူးချောင်း မထောခူရေတံခွန်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ်ရှိ နန့်တန်ဖချောင်း ထီးစဲခါးရေတံခွန်နှင့် ဖားဆောင်းမြို့နယ်အတွင်းရှိ ပွန်ချောင်းနှင့် ထူးချောင်းဆုံရာတွင် ဖြစ်ပေါ်နေသော ရေမော်တို့ဖြစ်ပါသည်။

## အောက်ခံကျောက်နှင့် တွင်းထွက်ပစ္စည်း

ယင်းတလဲတိုင်းရင်းသားတို့ နေထိုင်ရာ ကယားပြည်နယ်သည် သက်ရင့်နှင့် သက်လတ်ကျောက်များ၊ အသွင်ပြောင်းကျောက်များဖြင့် တည်ဆောက်ထားသည်။ ဖားဆောင်းမြို့နယ်အတွင်းရှိ မော်ချီးသတ္တုတွင်းတွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက်ရောသတ္တုများ ထွက်ရှိသည်။ လွိုင်ကော်အနီးနှင့် တောင်ဘက်တွင် စကျင်ကျောက်တောင်များရှိ

သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ မာလယ်ကျောက်နှင့် ခနောက်စိမ်းများ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

**ရာသီဥတု**

ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်၏ ကုန်းမြင့်ပိုင်းများသည် အပူလျော့ပိုင်း စိုစွတ်ရာသီဥတုရရှိပြီး ပိုနိမ့်သောအပိုင်းများတွင် အပူပိုင်း ဆားဗားနားရာသီဥတုနှင့် အပူပိုင်းမုတ်သုံရာသီဥတု ရရှိသည်။ ကုန်းမြင့်ပိုင်းများတွင် ဆောင်းဥတု၏ အပူချိန် ၄၀ ဒီဂရီဖာရင်ဟိုက်(၄ ဒသမ ၄ ဒီဂရီစင်တီဂရိတ်) အောက်သို့ ကျဆင်းတတ်သည်။ လွိုင်ကော်မြို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၆၂ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်(၁၇ ဒီဂရီ စင်တီဂရိတ်) ဖြစ်၍ အနိမ့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီဖာရင်ဟိုက် (၄ ဒသမ ၄ ဒီဂရီ စင်တီဂရိတ်) ဖြစ်သည်။ အပူဆုံးလဖြစ်သော မေလတွင် ပျမ်းမျှ အပူချိန်မှာ ၇၇ ဒသမ ၄ ဒီဂရီဖာရင်ဟိုက် (၂၅ ဒီဂရီ စင်တီဂရိတ်)ဖြစ်သည်။

လွိုင်ကော်မြို့၏ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ ၄၆ လက်မ ဖြစ်သည်။ ကုန်းမြင့်ပိုင်းများတွင် အပူချိန်ပို၍လျော့နည်းပြီး မိုးရေချိန်ပိုများသည်။ အနောက်ဘက်တောင်မြင့်များပေါ်၌ မိုးရေချိန်လက်မ ၁၀၀ ကျော်ရှိသည်။ မြောက်ဘက် လွိုင်ကော်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၅၀ ပေ မြင့်သော်လည်း တောင်ဘက် ဘောလခဲမြို့သည် ၄၀၃ ပေသာမြင့်သဖြင့် ရာသီဥတု ကွာခြားသည်။

**မြေဆီလွှာ**

ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်တွင် တောင်မြင့်မြေနီများကို အများဆုံးတွေ့ရသည်။ ဘီလူးချောင်းစီးဆင်းရာ

လှိုင်ကော်လွင်ပြင်တွင် မြေဩဇာကောင်းမွန်သော လယ်မြေများ တွေ့ရသည်။

**သဘာဝပေါက်ပင်**

ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကယားပြည်နယ်တွင် ပေ ၃၀၀၀ အောက်နိမ့်သော လှိုင်ကော်လွင်ပြင်ဒေသ၌ ရွက်ပြတ်ရော တောများရှိ၍ ကျွန်းပင်များစွာပေါက်သည်။ ပေ ၃၀၀၀ အထက်တွင် တောင်ပေါ်တောများ ပေါက်သည်။ သံလွင်မြစ်ဝှမ်းတစ်လျှောက်တွင် အမြဲစိမ်းတောများ ပေါက်သည်။ ကယားပြည်နယ်အနှံ့တွင် ဝါးများ လည်း ပေါက်သည်။

**မြို့များ**

ရှေးအခါက ကယားပြည်နယ်တွင် ထင်ရှားကျော်ကြားသည့် မြို့ရွာများမှာ အောက်ပါတို့ဖြစ်ကြပါသည်၊

**လှိုင်ကော်မြို့**

လှိုင်ကော်မြို့ကို ကယားလူမျိုးတို့က ဆိရိဒေါဟု ခေါ်သည်။ ဆိရိဒေါသည် ဆိရိရွာဟု အဓိပ္ပာယ်ရသကဲ့သို့ ကြက်ရိုးထိုး၍ အောင်မြင်သည်ဟူ၍လည်း အဓိပ္ပာယ်ရပါသည်။

ဆိရိဒေါဟု ခေါ်ဆိုရခြင်းမှာ ရှေးနှစ်ပေါင်းများစွာက လှိုင်ကော် မြို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘီလူးချောင်းအရှေ့ဘက် ကုန်းမြင့်နေရာတွင် ကယားအမျိုးသားလေးဦးတို့က တောကိုခုတ်ထွင် ရှင်းလင်းပြီး ကြက်ရိုးထိုးကာ မင်္ဂလာရှိသည်ယူဆသောကြောင့် ရွာကို တည်ထောင်ခဲ့သည်။ နောင်အခါ ဘီလူးချောင်းတစ်လျှောက်တွင် ကူးသန်းရောင်းဝယ်မှုဖြင့် သွားလာသည့် ရှမ်းအမျိုးသား လုံးဆိရိသည်

ကယားတို့နှစ်သက်သော ကွမ်းသီး၊ ကွမ်းရွက်၊ ဆေး၊ ဆား အစရှိသော ပစ္စည်းများကို လာရောက်ရောင်းချရင်း အဆိုပါ ကယားရွာငယ်တွင် ဆိုင်တစ်ဆိုင်ကို လာရောက်ဖွင့်လှစ်ခဲ့သည်။ ထိုအခါက အ. လ. က (၁) နေရာတွင် ဒေါ်တမရွာ၊ သီးသန့် ရဲစခန်းတွင် ဒေါ်ဥဒူရွာ၊ ဒေါ်နိုးကူးနှင့် ဒေသပါတီရုံးအနီးတွင် ဒေါ်ဆွီးဗွီးရွာတို့ရှိသည်။ လုံးဆိရိသည် အရှေ့ကရင်နီစောဖျာဖဖော်ကြီးထံ ဝင်ရောက်ခစားပြီး အဆိုပါကယားရွာငယ်တွင် မြို့တည်ရန် ခွင့်တောင်းခဲ့ရာ ဖဖော်ကြီးက မြို့တည်ခွင့်ပြုခဲ့ပါသည်။

လုံးဆိရိသည် မြို့ကိုတည်ရန် လူနေအိမ်ကွက်များကို စနစ်တကျအကွက်ချထားခဲ့သည်။ မြို့ကို တည်သည့်ရက်ကိုရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း နှစ်မှာ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ ကဆုန်လ၊ သောကြာနေ့ ဖြစ်ပါသည်။ မြို့နံမှာ သောကြာဖြစ်သည့်အတွက် ထိုအချိန်မှစ၍ နှစ်စဉ် ကဆုန်လပြည့်၊ သောကြာနေ့ ကျရောက်သည့်အခါ မြို့တည်သည့် အထိမ်းအမှတ်အဖြစ် ဆွမ်းလောင်းပွဲကျင်းပလေ့ရှိပါသည်။

မြို့ကို တည်ပြီးနောက် မြို့နံစေတီကုန်းထိပ်တွင် ငါးရက်တစ်ဈေးကို ဖွင့်လှစ်ပြီး ဈေးဆိုင်ဆောက်လုပ်ခဲ့သည်။ ဘီလူးချောင်းတစ်လျှောက်ရှိ ကုန်သည်တို့သည် ဆိရိဒေါ်သို့လှေများဖြင့် လာရောက်ရောင်းဝယ်ခဲ့သည်။ ထို့အပြင် ဆီဆိုင်၊ နောင်မွန်တို့ဘက်မှ ကုန်သည်များသည်လည်း နွားလှည်းနှင့် နွားဝန်တင်တို့ဖြင့် လာရောက်ရောင်းဝယ်ခဲ့ကြသည်။ ဤသို့ လာရောက်ရောင်းဝယ်သည့် ကုန်သည်များကို အနှောင့်အယှက်မပြုလုပ်ရန် စောဖျာက လှေတစ်စီးလျှင် လှံတစ်ချောင်းပေးထားပြီး ကရင်နီနယ်သို့ ဝင်ရောက်လာလျှင် လှေဦးတွင် တပ်ဆင်ထားပါက မည်သူမျှအနှောင့်အယှက်မပြုဝံ့ပါ။ အလားတူ

ကုန်းလမ်းဖြင့် လာရောက်ကြသော ကုန်သည်များကို ခမောက်ဆောင်းပြီးဝင်လာရန် အထိမ်းအမှတ်ပေးထားပါသည်။

ဤကဲ့သို့ အခြားမြို့ရွာများနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းဖြင့် ဆိရိဒေါသည် တစ်စတစ်စ စည်ကားလာပါသည်။ မြို့ကိုတိုးချဲ့ရန် ရွှေကျောင်းတောင်ဘက်တွင် ရှမ်းလူမျိုးများကို နေရာချထားပြီး ဘီလူးချောင်းအနောက်ဘက်ကမ်းတွင် အင်းလေးမှပြောင်းရွှေ့လာသူများကို နေရာချထားပေးခဲ့သည်။

ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းကို အကြောင်းပြု၍ ရှမ်းလူမျိုးအမြောက်အမြား လာရောက်နေထိုင်ခဲ့သည်။ ရှမ်းတို့သည် ဘီလူးချောင်း အနောက်ဘက်ကမ်းရှိ တသီးတခြားစီရှိနေသော ရွှေတောင်နှင့် မင်္ဂလာသီရိတောင်တော်ကို အကြောင်းပြု၍ လွိုင်ခေါ်ဟုခေါ်ခဲ့သည်။ လွိုင်= တောင်၊ ခေါ်=တသီးတခြား ရှိသည်။ လွိုင်ခေါ်သည် တသီးတခြားရှိသောတောင်ဟု အဓိပ္ပာယ်ရပါသည်။ ကာလကြာရွေ့လျားလာသည့်အခါ လွိုင်ခေါ်မှ လွယ်ကော်ဟူ၍လည်းကောင်း၊ လွယ်ကော်မှ လွိုင်ကော်ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဆိုခဲ့သည်။ ကယားအမျိုးသားတို့သည် ပွိုင်ကော်ကို ဆိရိဒေါဟူ၍ပင် ယနေ့ထိခေါ်ဆိုလျက်ပင်ရှိပါသည်။

ယနေ့ခေတ်တွင် လွိုင်ကော်မြို့သည် ကယားပြည်နယ်၏မြို့တော်ဖြစ်ပါသည်။

**ဘောလခဲမြို့**

ဘောလခဲဟူသောစကားမှာ ယင်းတလဲလူမျိုး ဘာသာစကားဖြစ်သော တဘော့လျာနှင့် တခဲ့လျာမှ ဆင်းသက်လာပါသည်။ တဘော့လျာနှင့် တခဲ့လျာသည် ချောင်းနှစ်ချောင်းအမည် ဖြစ်ပါသည်။



ဘောလခဲမြို့ဦးစေတီ



တဘော့လျှာချောင်း

တဘော့လျှာမှာ အမိချောင်း၊ တခဲ့လျှာမှာ အဘချောင်းဟု အဓိပ္ပာယ်ရပါသည်။

ချောင်းနှစ်ချောင်းအကြားတွင် မြို့ကို တည်ထားသဖြင့် မြို့အမည်ကို တဘော့တခဲဟု စတင်ခေါ် ဆိုခဲ့သည်။ ကာလရွေ့လျားလာသော အခါ တဘော့တခဲမှ ဘောလခဲဟူ၍ ပြောင်းလဲခေါ် ဆိုခဲ့သည်။ ဘောလခဲမြို့ကို တည်ထောင်သူမှာ ဖဘန့်မင်းဖြစ်ပါသည်။

ယခုအခါ ဘောလခဲမြို့သည် ခရိုင်မြို့ဖြစ်နေပြီ ဖြစ်သည်။

**စောလုံမြို့**

စောလုံမြို့ကိုတည်သူမှာ မောင်ဖုန်း ခေါ် ဖဖော်ကြီးဖြစ်ပါသည်။ မောင်ဖုန်းသည် ခရစ်သက္ကရာဇ် ၁၈၁၀ ပြည့်နှစ်တွင် ပွန်ချောင်းအရှေ့ဘက်ကမ်းဒေသကို ဖဘန့်ထံမှ အုပ်စိုးခွင့်ရရှိသောကြောင့် ပွန်ချောင်းအရှေ့ဘက်ကမ်းရှိ နန့်ဟူးကန့်ရေထွက်ပေါက်အရှေ့ဘက်၊ လွိုင်မောက် ပန်းဆေးတောင်ခြေရှိ တောင်ကုန်းပေါ်တွင် မြို့တည်ခဲ့သည်။ မြို့အမည်ကို ဘုတ်ဖောဒေါ ဟုခေါ် ဆိုခဲ့သည်။ ဘုတ်= စပါး၊ ဖော= အဖူး အပွင့်၊ အနှံ၊ ဒေါ= ရွာ၊ ဘုတ်ဖောဒေါသည် စပါးနှံရွာဟု အဓိပ္ပာယ်ရသည်။

မောင်ဖုန်းသည် ဘုတ်ဖောဒေါမြို့ကိုတည်ပြီး ယင်းမြို့တွင် ဟော်နန်းစိုက်ထူခဲ့သည်။ ဘုတ်ဖောဒေါမြို့ကို ရှမ်းတို့က ဝမ်စပ်လုမ်ဟု ခေါ်ပါသည်။ မြန်မာတို့က စောလုံမြို့ဟု ခေါ်ပါသည်။

**ရွာသစ်**

ရွာသစ်ကို ရှမ်းတို့က ဝမ်မောင်ဟုခေါ်ကြသည်။ ရွာသစ်သည် ဘောလခဲမြို့ အရှေ့ဘက် (၂၂) မိုင်အကွာတွင် တည်ရှိသည်။ ရွာသစ်ကို မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်ခန့်တွင် တည်ထားသည်ဟု ယူဆရ

ပါသည်။ ရွာသစ်ကို ကယားတို့က ဖအုဒေါဟု ခေါ်ဆိုကြသည်။ အဓိပ္ပာယ်မှာ ပအိုဝ်းရွာ ဖြစ်ပါသည်။

ရှေးအခါက ရွာသစ်သည် အတန်စည်ကားသောမြို့ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ကူးသန်းရောင်းဝယ်ကြသော ကုန်သည်များ စခန်းချတည်းခိုရန် အလျား (၈၁) ပေ၊ အနံ (၁၈) ပေ ရှိသော ပျဉ်ခင်းသာလာယံဇရပ်ကြီး (၁၃) ဆောင်ကို စောဖျာက ဆောက်လုပ်ပေးခဲ့သည်။ စောလုံစောဖျာကြီးသည် ဖအုဒေါသို့ သွားရောက်အုပ်ချုပ်ခြင်းကို အကြောင်းပြု၍ ရွာသစ်ဟုခေါ်သည်။

ဘုံဘေဘားမားသစ်ကုမ္ပဏီသည် ကျွန်းသစ်များကို သံလွင်မြစ်အတိုင်း မော်လမြိုင်မြို့အထိ မျှောချထုတ်ယူခဲ့သည်။ ထိုစဉ်က ရွာသစ်ကျေးရွာတွင် သစ်လုပ်ငန်းအတွက် ဆင်အကောင်ပေါင်း (၃၀၀) ခန့် အသုံးပြုခဲ့ပြီး သစ်လုပ်ငန်းအကြောင်းပြု၍ ရွာသစ်သည် အတော်ပင်စည်ကားခဲ့သည်ဟု ဆို၏။

ယနေ့အချိန်တွင် ရွာသစ်သည် မြို့နယ်ခွဲအဆင့် မြို့တစ်မြို့ဖြစ်ပါသည်။

**ကေးလျား**

ကေးလျားသည် ကြယ်ဖိုးကြီးနယ် စောဖျာ၏ပော်နန်းစိုက်ထူရာ ရွာဖြစ်ပါသည်။ ကေး= နယ်၊ နိုင်ငံ၊ လျား= ကျယ်ဝန်းသည်၊ ကေးလျား= ကျယ်ပြန့်သောနယ်ဟု အဓိပ္ပာယ်ရပါသည်။ ကြယ်ဖိုးကြီးနယ်ကို စတင်တည်ထောင်သည့် ကေဘိုးဒူးသည် ကေးလျားတွင် ပော်နန်းစိုက်ထူခဲ့သည်။ ကေဘိုးဒူးကို အကြောင်းပြု၍ မြန်မာတို့က ကေးလျားနယ်ကို ကြယ်ဖိုးကြီးနယ်ဟု ခေါ်ဆိုခဲ့သည်။

ယနေ့အချိန်တွင် ကေးလျားသည် ဖရူဆိုမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုအဆင့်ရှိ ရွာတစ်ရွာဖြစ်ပါသည်။

**ဖရူဆိုမြို့**

ဖရူဆိုမြို့ဟုခေါ်တွင်ရခြင်းမှာ မြို့၏အနောက်မြောက်ဘက် တောင်ကမ်းပါးယံနှင့် ဂူပေါက်ရှိသောတောင်ကို အကြောင်းပြု၍ ဖရူဆိုဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကယားဘာသာအားဖြင့် ဖရိုဆိုဟု ခေါ်သည်။ ဖရို= ဘုန်းတန်ခိုးရှိသူ၊ ဆို= တောင်၊ ဖရိုဆိုသည် ဘုန်းတန်ခိုးရှိသူနေထိုင်သည့်တောင်ဟု အဓိပ္ပာယ်ရပါသည်။


ရှေးယခင်က စောဖျာရုံးစိုက်ရာမြို့မှာ ကေးလျားဖြစ်ပါသည်။ ထိုစဉ်က ဖရူဆိုမြို့၏ကားလမ်းဘေးတွင်ရှိသော ညောင်ပင်တန်းကို အကြောင်းပြု၍ ညောင်ဇင်ရွာဟု ခေါ်ဆိုခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသဖြင့် ၁၉၃၄ ခုနှစ်ခန့်တွင် စောဖျာ၏ ရုံးစိုက်ရာမြို့ကို ကေးလျားမှ ညောင်ဇင်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ထိုအချိန်မှစ၍ ညောင်ဇင်သည် ကြယ်ဖိုးကြီးနယ်၏မြို့တော် ဖြစ်လာခဲ့ပါသည်။

ယနေ့ ဖရူဆိုမြို့သည် လွိုင်ကော်ခရိုင်အတွင်းမှ မြို့နယ်အဆင့် ရုံးစိုက်ရာမြို့တစ်မြို့ ဖြစ်ပါသည်။

**ဖားဆောင်းမြို့**

ဖားဆောင်းမြို့ကိုတည်သူမှာ ထိုင်းနိုင်ငံမှ ခဲမဖြူသို့ ပြောင်းရွှေ့နေထိုင်သူ လုံးခမ်းဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၈၉၆ ခုနှစ်တွင် တည်ခဲ့သည်ဟု ဆို၏။

လုံးခမ်းသည် တန်နီးလောဇာတိဖြစ်၍ ကရင်လူမျိုးတစ်ဦးဖြစ်ကြောင်း၊ သံလွင်နှင့် ပွန်ချောင်းတို့ဆုံရာ အထက်ဘက်တွင် အလွန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်က စောင်းထောင်လျက်ရှိသည်ကို အစွဲပြု၍ လုံးခမ်းက ဖာဆောင်းဟုခေါ်ခဲ့ကြောင်း၊ ဖာဆောင်းမှာ ရှမ်းဘာသာစကားဖြစ်ပါသည်။ ဖာ= ကျောက်ဖျာ၊ ကျောက်နံရံ



ဤကျောက်ဖျာကြီးကြောင့် ဖားဆောင်းဟု ခေါ်ခဲ့သည်။



ပွန်းချောင်းနှင့် ထူးချောင်းဆုံရာ

ဖြစ်သည်။ ယင်းကျောက်ဖျာတဆောင်းရှိသည်ကို အကြောင်းပြု၍ ဖားဆောင်းဟု ခေါ်ဆိုခဲ့သည်။

ယနေ့ ဖားဆောင်းမြို့သည် ဘောလခဲခရိုင်အတွင်းမှ မြို့နယ် အဆင့်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပါသည်။

**ရှားတောမြို့**

ရှားတောမြို့ကို ဖရေရယ် ဟုခေါ်သည့် ကယားအမျိုးသား တစ်ဦးက စတင်တည်ခဲ့သည်။ ဆီတို ဟုခေါ်သည့် ချောင်းအမည်နှင့် ရွာတည်သူ ဖရေရယ်အမည်နှစ်ခုကို ယှဉ်တွဲ၍ ရှားတောမြို့ကို ဖရေဆီ တိုဒေါ ဟု ကယားတို့က ခေါ်ဆိုခဲ့သည်။

ဖရေဆီတိုဒေါတွင် နေထိုင်ကြသည့် ကယားလူမျိုးတို့သည် ရှားစေးချက်လုပ်ငန်းကို လုပ်ကိုင်သူများဖြစ်ပါသည်။ ထိုစဉ် ရှမ်းပြည် နယ်မှ ရှမ်းလူမျိုးများသည် ရှားတောသို့ လာရောက်နေထိုင်ကြပြီး ရှားစေးချက်လုပ်ငန်းကို လာရောက်လုပ်ကိုင်ကြသဖြင့် ရွာကြီးတစ်ရွာ ဖြစ်လာခဲ့သည်။

ယနေ့ ရှားတောမြို့သည် လွိုင်ကော်ခရိုင်အတွင်းမှ မြို့နယ်အဆင့် ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပါသည်။

**ငွေတောင်မြို့**

ငွေတောင်မြို့သည် ရှေးယခင်က အလွန်စည်ကားသော မြို့တစ် မြို့ဖြစ်သည်။ ငွေတောင်မြို့ကို ရှမ်းတို့က လွိုင်ငီမ်း ဟုခေါ်သည်။ လွိုင်= တောင်၊ ငီမ်း= ငွေ၊ လွိုင်ငီမ်းသည် ငွေတောင်ဟု အဓိပ္ပာယ် ရပါသည်။ ကယားလူမျိုးတို့က ငွေတောင်ကို (ဖရေလာဗယ်) ဟု ခေါ် ပါသည်။ ဖရေ= ရှမ်း၊ လာဗယ်= မောင်းပြန်လာသည်။ ဖရေလာဗယ်= ရှမ်းလူမျိုးကိုမောင်း၍ နေရာချထားသည်ဟု အဓိပ္ပာယ်ရပါသည်။

ကယားလူမျိုး၏အဆိုအရ ရှေးယခင်က ကယားလူမျိုးအင်အားကြီးထွားစဉ်က အိမ်နီးချင်းရှမ်းပြည်ရှိ ဆီဆိုင်၊ ညောင်ရွှေ မိုးနဲအထိ သွားရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ သွားရောက်တိုက်ခိုက်စဉ် ရှမ်းလူမျိုးအချို့ကိုခေါ်လာပြီး ငွေတောင်တွင် နေရာချထားခဲ့ကြောင်း၊ ရှမ်းလူမျိုးများကို လူမျိုးခြားများက ဝင်ရောက်အနှောင့်အယှက်မပြုနိုင်ရန် ငွေတောင်၏တောင်ဘက်နှင့် မြောက်ဘက်တွင် ထီးဗျားတလဲဒေါဒူနှင့် ထီးဗျားတလဲဒေါဖု ဟုခေါ်သည့် ကင်းစောင့်ပေးသည့်ရွာများကို တည်ထားခဲ့သည်ဟု ဆို၏။

ငွေတောင်နယ်၏အကျယ်အဝန်းမှာ တောင်ဘက်လားသော်ရေဖြူရွာ၊ အရှေ့ဘက်လားသော် ဒွေးမယ်နော်သစ္စာကန်၊ မြောက်ဘက်လားသော် လွိုင်ကော်မြို့အထက် လေးမိုင်၊ အနောက်ဘက်လားသော်လွိုင်နန်းဖတောင်အထိ ဖြစ်သည်ဟုဆို၏။

ရှေးလူကြီးစကားအရ ငွေတောင်မြို့သည် ကြက်ပျံမကျစည်ကားလှကြောင်း၊ ငွေတောင်၏နောက်ဆုံးစိုးစံသော ထီးဆက်နန်းဆက်ပြတ်သွားခဲ့ကြောင်း၊ ငွေတောင်မြို့သည် ပထမကမ္ဘာစစ်တွင် တစ်ကြိမ်၊ ဒုတိယကမ္ဘာစစ်တွင်တစ်ကြိမ်၊ ပြည်တွင်းစစ်ကာလတွင်တစ်ကြိမ်၊ မီးသုံးကြိမ် လောင်ကျွမ်းပျက်စီးသွားခဲ့သည်ဟု ဆို၏။

ယနေ့ ငွေတောင်သည် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုအဆင့် ရွာကြီးတစ်ရွာဖြစ်ပါသည်။

**ဒီးမော့ဆိုမြို့**

၁၉၅၂ ခုနှစ် မတိုင်မီက ဒီးမော့ဆိုမြို့ မရှိသေးချေ။ ၁၉၅၁ ခုနှစ် နောက်ပိုင်းတွင် ကယားပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအေမြလေး (ထိုစဉ်အခါက ခရိုင်ဝန်)သည် ဒီးမော့ဆိုမြို့နေရာတွင် တိရစ္ဆာန်

မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရင်း အိမ်တစ်ဆောင်နှင့် မွေးမြူရေးခြံကို ဆောက်လုပ်ခဲ့ရာမှ နောင်တွင် မြို့တစ်မြို့အဖြစ် စည်ပင်လာခြင်း ဖြစ်ပါသည်။

ယနေ့ ဒီးမော့ဆိုမြို့သည် လွိုင်ကော်ခရိုင်အတွင်းမှ မြို့နယ်အဆင့် ရုံးစိုက်ရာမြို့တစ်မြို့ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

ယနေ့ ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်း မွန်သော ပြည်နယ်တစ်ခုဖြစ်ပါသည်။ မြို့တော် လွိုင်ကော်သို့ မြန်မာပြည်အရပ်ရပ်မှ လေကြောင်းလမ်း၊ ကားလမ်း၊ ရထားလမ်းတို့ဖြင့် ရောက်ရှိနိုင်သည်။

ရန်ကုန်မှ လွိုင်ကော်သို့ တစ်ပတ်လျှင် ငါးရက် လေယာဉ်ခရီးစဉ် ရှိသည်။ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် ကားလမ်း၊ နေပြည်တော်- ပင်လောင်းလမ်း၊ ဟိုပုံး-လွိုင်ကော်လမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း၊ တောင်ငူ-ဒီးမော့ဆို-ဖရူဆို-ဘောလခဲ- ဖားဆောင်းလမ်း၊ ဖားဆောင်း-မော်ချီး-တောင်ငူလမ်း၊ ဘောလခဲ-ရွာသစ်-စွပ်ပိုင်လမ်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်းတို့သည် ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်ကြပြီး လမ်းများပေါ်ရှိ မြစ်၊ ချောင်းများကို ဖြတ်ကျော်သော တံတားကြီးငယ်များကိုလည်း တည်ဆောက်ထားပြီး ဖြစ်သည်။

ရထားလမ်းဖြင့် အောင်ပန်း-လွိုင်ကော်ရထားလမ်းကို ၁၉၉၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

* * *

အခန်း (၂)

## ပျံ့နှံ့နေထိုင်ရာဒေသ

ယင်းတလဲတိုင်းရင်းသားတို့အကြောင်းကို လေ့လာမည်ဆိုပါ ကယားတိုင်းရင်းသားမျိုးနွယ်တို့အကြောင်းကို ဦးစွာသိရှိရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတလဲအပါအဝင် ကယားတိုင်းရင်းသားတို့သည် မူရင်းဒေသတစ်ခုတည်းမှ အတူတကွထွက်ခွာလာကြပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေထိုင်စဉ် ကာလတွင် အားလုံးမှာ တစ်စုတစ်ဝေးတည်းဟု ယူဆရပါသည်။ ယခု ကယားပြည်နယ်ဖြစ်လာမည့် အရပ်ဒေသသို့ ဝင်ရောက်လာပြီးနောက်တွင်မှ နေရာဒေသများကွဲပြားသွားကာ ဘာသာစကား၊ ဝတ်စားဆင်ယင်ပုံ၊ ဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ စသည်တို့ အနည်းငယ်စီကွဲပြားသွားသည်ဟု မှတ်တမ်းများနှင့် ရှေးစကားပောင်းများတွင် ဖော်ပြကြပါသည်။ ထို့ကြောင့် ယင်းတလဲတိုင်းရင်းသားတို့အကြောင်းကို မဖော်ပြမီ ကယားတိုင်းရင်းသားလူမျိုးစုများအကြောင်းကို အကျဉ်းမျှ ဦးစွာ ဖော်ပြမည်ဖြစ်ပါသည်။

**လူမျိုးအမည်ခေါ်ဝေါ်ပုံ**

ကယားပြည်နယ်ရှိ ကယားတိုင်းရင်းသားလူမျိုးစုများကို ယခင်က -

(၁) ကရင်နီ

(၂) ပဒေါင်

(၃) ပရဲ့

(၄) ယင်းဘော်

(၅) မနုမနော

(၆) ဂေခို

(၇) ဂေပါး

(၈) ယင်းတလဲ

(၉) ဇယိမ်းဟု ခေါ်ဆိုခဲ့ကြပါသည်။

ယင်းသို့ခေါ်ဆိုခြင်းသည် မှတ်တမ်းများ၊ စာပေများတွင် ကယားတိုင်းရင်းသားမဟုတ်သူတို့က ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ သို့သော် ကယားလူမျိုးတို့ကမူ -

(၁) ကယား

(၂) ကယော သို့မဟုတ် ကော်ယော်

(၃) ကော်ယော်

(၄) ကယန်း

(၅) တလိုင် ဟုသာ ခေါ်ဆိုခဲ့ကြပါသည်။

ယခင်က ကရင်နီဟုခေါ်ကြသော ကယားလူမျိုးစုတို့က သူတို့ကိုယ် သူတို့ ကယားဟုခေါ်ကြသည်။ ပရဲ့လူမျိုးစုတို့က သူတို့ကိုယ်သူတို့ ကယောဟု ခေါ်ကြသည်။ မနုမနော လူမျိုးစုတို့က သူတို့ကိုယ်သူတို့ ကော်ယော်ဟု ခေါ်ကြသည်။ ပဒေါင်၊ ဂေခို၊ ဂေဘား၊ ယင်းဘော်၊ ခေါင်းတို လူမျိုးစုတို့က သူတို့ကိုယ်သူတို့ ကယန်းဟု

ခေါ်ကြသည်။ ယင်းတလဲလူမျိုးစုတို့က သူတို့ကိုယ်သူတို့ တလိုင်ဟု ခေါ်ဆိုကြသည်။

လက်ရှိအခြေအနေတွင်မူ ကယားလူမျိုးတို့သည် မိမိတို့လူမျိုးစု အမည်များကို -

(၁) ကယား (ကရင်နီ)
(၂) ကယန်းကဲခေါင်း (ပဒေါင်)
(၃) ကယန်းကဲဒွေ့ (ဂေခို)
(၄) ကယန်းလထာ (ခေါင်းတို)
(၅) ကယန်းကငန် (ယင်းဘော်)
(၆) မိုနူ (မနုမနော)
(၇) ကယော (ပရဲ့)
(၈) ကယန်းကဲဘာ (ဂေပါး)
(၉) တလိုင် (ယင်းတလဲ) ဟု ခေါ်ဆိုကြပါသည်။

**ကယားလူမျိုးစုများ စိတ်ခြာပုံ**

ကယားတိုင်းရင်းသားတို့သည် ယင်းတို့၏လူမျိုးအမည်ကို ကယား၊ ကယော၊ ကယန်း စသည်ဖြင့် ခေါ်ဆိုကြသော်လည်း အချင်းချင်းတွင်မူ ကယားလူမျိုး၊ ကယန်းလူမျိုး၊ ကယောလူမျိုး ဟူ၍ ခေါ်ဝေါ်လေ့ မရှိကြပေ။ နေထိုင်ရာအရပ်ဒေသကို အစွဲပြု၍သာ ခေါ်ဆိုလေ့ရှိကြသည်။ ဥပမာအားဖြင့် အရှေ့ဘက်အရပ်တွင်နေထိုင်သော ကယားလူမျိုးကို နေထွက်ရာအရပ်ဟု အဓိပ္ပာယ်ရသော မိထေ ဟု ခေါ်သည်။ အနောက်ဘက်အရပ်တွင် နေထိုင်သောသူကို နေဝင်ရာ အရပ်ဟု အဓိပ္ပာယ်ရသော မိနို၊ မို့နူ ဟုခေါ်ကြသည်။ တောင်ဘက် အရပ်တွင် နေထိုင်သောသူကို မြစ်အောက်ဘက်အရပ် (မြစ်ကြေ)ဟု

အဓိပ္ပာယ်ရသော လော်ကျ ဟုခေါ်ကြသည်။ မြောက်ဘက်တွင် နေထိုင်သောသူကို မြစ်ညာအရပ်ဟု အဓိပ္ပာယ်ရသော လော်ခီး ဟုခေါ်ကြသည်။

ကယားတိုင်းရင်းသားတို့သည် မူလအစတွင် လူမျိုးတစ်စုတည်း ဖြစ်ကြသည်။ သို့သော် တောတောင်ထူထပ်ပေါများရာအရပ်ဒေသ တွင် နေထိုင်ကြသည်ဖြစ်ရာ အချင်းချင်းထိတွေ့မှု၊ ပေါင်းသင်းဆက်ဆံမှု နည်းပါးကြသည်။ ထိုသို့နေထိုင်ရင်း နှစ်ပေါင်းများစွာ ကြာမြင့်လာသည့်အခါတွင် ပြောဆိုကြသော ဘာသာစကား၊ လေယူလေသိမ်း၊ အသံအနိမ့်အမြင့်နှင့် ဝတ်စားဆင်ယင်မှုတို့ ကွဲပြားသွားကြခြင်းဖြစ်သည်။ သို့စေကာမူ ကယားလူမျိုးတို့၏ လိုက်နာကျင့်သုံးကြသည့် ဓလေ့ထုံးစံများမှာ များသောအားဖြင့် တူညီသည်ဟု ဆိုနိုင်ပါသည်။

ကယားလူမျိုးစုတွင် မျိုးနွယ် ကိုးမျိုးရှိသည်ဟု ဆိုကြသော်လည်း နေထိုင်ရာဒေသကိုလိုက်ကာ ကယန်းလူမျိုးစုများတွင် လူမျိုးစု အစုငယ်များ ထပ်မံကွဲပြားသည်လည်း ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ကယန်းလူမျိုးစုသည် မိသားစုနှစ်စုကို အစွဲပြု၍ -

ကယားပြည်နယ်ရှိ ကယားတိုင်းရင်းသားလူမျိုးစုများကို ယခင်က -

(က) လဝီ

(ခ) လထာ ဟူသော လူမျိုးစုငယ် နှစ်မျိုး ခွဲခြားထားပါသည်။

လထာလူမျိုးစုတွင်

(၁) ကထာဒူ (ဆံတို)

(၂) လထာကသို (ဆံရှည်)

(၃) လကူး (ကယော)ဟူ၍ လူမျိုးစုငယ် သုံးစုခွဲခြားထားသည်။

လဝီမိသားစုငယ်တွင်

(၁) ရီစူ (ယင်းဘော်)

(၂) ရီလုံ (ယင်းဘော်)
(၃) ရီကံ (ပဒေါင်)
(၄) ရီနွဲ့ (ပဒေါင်)
(၅) ရီစိ (ဂေခို) ဟူ၍ နောက်ထပ်လူမျိုးစုငယ်များ ငါးစု ထပ်မံခွဲခြားထားပါသည်။

ကယန်းလူမျိုးစုသည် အစုလိုက်နေထိုင်ရာဒေသများကို သတ်မှတ်ထားကြပါသည်။ ရီစူအစုသည် ကယားပြည်နယ်အတွင်းရှိ မြေပြန့်ဒေသတွင် သွားရောက်နေထိုင်ကြ၍ ၎င်းအစုကို ကယန်းကင်န်ဟု ခေါ်ပါသည်။ ကယန်းကင်န်သည် ကယန်းလွင်ပြင်ဟု အဓိပ္ပာယ်ရပါသည်။ အခြားလူမျိုးတို့က ကယန်းကင်န် မိသားစုတို့ကို ယင်းဘော်လူမျိုးဟု ခေါ်ဆိုပါသည်။

ရီလုံ၊ ရီနွဲ့နှင့် ရီကံမိသားစုသည် ကယားပြည်နယ်အနောက်ပိုင်း တောတောင်ထူထပ်ပေါများသည့် ဒေသတွင်နေထိုင်ကြသည်။ ထိုဒေသကို အစွဲပြု၍ ကယန်းကဲဒေါင့်ဟု ခေါ်ပါသည်။ ကယန်းကဲဒေါင့်သည် တောတောင်ထူထပ်ရာကုန်းမြင့်အရပ်တွင် နေထိုင်သူဟု အဓိပ္ပာယ်ရပါသည်။ အခြားလူမျိုးတို့က ကယန်းကဲဒေါင့်အစုကို ပဒေါင်ဟုခေါ်ပါသည်။

ထို့အတူ ကယားပြည်နယ် အနောက်ဘက်တောင်တန်းဒေသတွင် နေထိုင်ကြသည့် ရီစိလူမျိုးစုကိုလည်း ကယန်းကဲဒေါင့်ဟုခေါ်သည်။ အခြားလူမျိုးတို့က ရီစိ ကယန်းကဲဒေါင့်လူမျိုးစုကို ဂေခိုဟု ခေါ်သည်။

ကယန်းလူမျိုးစုတွင် ပါဝင်ကြသော ပဒေါင်၊ ယင်းဘော်၊ ဂေခို နှင့် ခေါင်းတိုတို့သည် ဝတ်စားဆင်ယင်မှု ကွဲပြားခြားနားသော်လည်း ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများမှာ အတူတူပင် ဖြစ်ကြသည်။

**လူမျိုးအမည်ကွဲပြားပုံ**

တိုင်းရင်းသားကယားလူမျိုးသည် မိမိကိုယ်ကို ကယား၊ ကယော၊ ကယန်း စသည်ဖြင့် ခေါ်ဆိုကြသည်။ သို့သော် အခြားလူမျိုးတို့က ကယားလူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံနှင့် လူပုံပန်းသဏ္ဌာန်ကို အကြောင်းပြု၍ ၎င်းတို့အမြင်ဖြင့် ခေါ်ဆိုကြရာမှ မျိုးနွယ်စုများအဖြစ် ကွဲပြားသွားသည်ဟု ဆိုကြပါသည်။ ခေါ်ဝေါ်ပုံများကို လေ့လာကြည့်လျှင် ကယားလူမျိုးတို့ကို တရုတ်လူမျိုးတို့က ယန် ဟုလည်းကောင်း၊ ရှမ်းနှင့်ယိုးဒယားတို့က ယန်း ဟုလည်းကောင်း၊ ကရင်လူမျိုးတို့က ဘွဲ ဟုလည်းကောင်း၊ ဗမာလူမျိုးတို့က ကရင်နီ ဟုလည်းကောင်း၊ ခေါ်ဆိုကြပါသည်။ ထိုသို့ ခွဲခြားခေါ်ဆိုမှုများကြောင့် ကယား တိုင်းရင်းသားလူမျိုးစာရင်းတွင် -

(၁) ကယား (ယခင်ကရင်နီ)
(၂) ပဒေါင်
(၃) ပရဲ့
(၄) ယင်းဘော်
(၅) ယင်းတလဲ
(၆) မနုမနော
(၇) ဂေခို
(၈) ဂေပါး
(၉) ခေါင်းတို တို့ဖြစ်လာကြသည်ဟု ဆိုပါသည်။

လူမျိုးအမည်ဖြစ်ပေါ်လာခြင်းကို လေ့လာကြည့်သောအခါ ကယားလူမျိုးတို့၏ နေထိုင်ဝတ်စားဆင်ယင်မှုနှင့်လည်း ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။ ကယားဒေသသို့ ပထမဦးဆုံး လာရောက်နေထိုင်သူများမှာ ရှမ်းလူမျိုးများဖြစ်ကြပါသည်။ ရှမ်းလူမျိုးတို့က ကယား

လူမျိုးတို့၏ ဝတ်စားဆင်ယင်မှုကို အကြောင်းပြု၍ ကယားလူမျိုးအမည် အဖြစ် စတင်ခေါ်ဆိုခဲ့သည်ဟု ယူဆကြပါသည်။

(၁) ရှမ်းလူမျိုးသည် အနီရောင်အဝတ်အစားကို ဝတ်ဆင်သော ကယားတို့ကို ယန်းလျံ ဟုခေါ်ဆိုပါသည်။ ရှမ်းစကားတွင် ယန်းသည် ကယားဖြစ်ပြီး လျံ မှာ နီသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ယန်းလျံဆိုသည်မှာ အနီရောင်ဝတ်ဆင်သော ကယား၊ ကယားအနီရောင်ဖြစ်ပါသည်။ ကယားအနီမှ ကာလရွှေ့လျောလာသည့်အခါ ကရင်နီ ဟူ၍ ခေါ်ဆိုခဲ့ပါသည်။ ကရင်နီလူမျိုးတို့ကမူ မိမိကိုယ်ကို ကယား ဟုသာ ခေါ်ဆိုခဲ့ကြပါသည်။

(၂) ရှမ်းလူမျိုးတို့သည် လည်ပင်း၊ ခြေသလုံးနှင့် လက်မောင်းတို့တွင် ကြေးချောင်းကို ရစ်ပတ်ကာ ဝတ်ဆင်သော ကယားတို့ကို ယန်းပတ်တောင်း ဟုခေါ်ဆိုကြပါသည်။ ယန်းသည် ကယားဖြစ်ပြီး ပတ်တောင်းဆိုသည်မှာ ကြေးပတ်ထားသည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ယန်းပတ်တောင်းဆိုသည်မှာ ကြေးပတ်ထားသည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ယန်းပတ်တောင်းဆိုသည်မှာ ကြေးပတ်ထားသော ကယားဟု အဓိပ္ပာယ်ရပါသည်။ ပတ်တောင်းမှ ပတ်တောင်၊ ပတောင်၊ ပဒေါင် ဟုရွေ့လျားလာသည်ဟု ယူဆရပါသည်။ ပဒေါင်လူမျိုးတို့ကမူ သူတို့ကိုယ်သူတို့ ကယန်းဟု ခေါ်ဆိုကြပါသည်။

(၃) ဂေပါးတိုင်းရင်းသားစကားတွင် အထက်အရပ်ကို ဂေခို ဟု ခေါ်ပါသည်။ ဂေ သည် နိုင်ငံ၊ ပြည်နယ်၊ ဒေသဟု အဓိပ္ပာယ်ရပြီး၊ ခို ဆိုသည်မှာ အထက်အရပ်ဟု အဓိပ္ပာယ်

ရပါသည်။ ထို့ကြောင့် ဂေခို ဆိုသည်မှာ ဂေပါးစကားဖြင့် အထက်ဘက်ပြည်နယ်၊ အထက်အရပ်ဒေသဟု အဓိပ္ပာယ် ရပါသည်။ ဂေပါးလူမျိုးတို့က ယင်းတို့၏အထက်ဘက် ဒေသတွင်နေထိုင်သော ကယန်းလူမျိုးတို့ကို ဂေခို ဟု ခေါ် ဆိုပါသည်။ ဂေခိုလူမျိုးတို့ကမူ မိမိတို့လူမျိုးအမည်ကို ကယန်းဟု ခေါ်ဆိုကြပါသည်။

(၄) ကယားလူမျိုးများ ဝင်ရောက်နေထိုင်ရာအရပ်ဒေသသို့ နောက်ကျမှဝင်ရောက်လာသော ကယားလူမျိုးစုတို့ကို ကယားစကားဖြင့် ဂေဘာ ဟု ခေါ်ဆိုကြပါသည်။ ဂေဘာ မှာ ပြန်လာသည်ဟု အဓိပ္ပာယ်ရပါသည်။ တစ်နည်းအား ဖြင့် နောက်ကျမှဝင်ရောက်လာသော ကယားလူမျိုးဖြစ်ပါ သည်။ ကာလကြာညောင်းလာသည့်အခါ ဂေဘာမှ ဂေပါး ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

(၅) ရှမ်းလူမျိုးတို့က ဆံပင်ကိုအရှည်မထားဘဲ အမြဲရိတ်လျက် ခေါင်းတုံး တုံးထားလေ့ရှိသော ကယားလူမျိုးတို့ကို ယန်းဟိုထာ ဟု ခေါ်ဆိုကြပါသည်။ ရှမ်းစကားတွင် ယန်း ဆိုသည်မှာ ကယားဟု အဓိပ္ပာယ်ရပြီး၊ ဟိုထာဆိုသည်မှာ ဆံတိုဖြစ်ပါသည်။ ထို့ကြောင့် ကယားလူမျိုးစုကို ခေါင်းတို ဟူ၍ ခေါ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ခေါင်းတိုလူမျိုးကမူ မိမိ တို့လူမျိုးစုကို ကယန်းဟုသာ ခေါ်ဆိုကြပါသည်။

(၆) ဆံပင်ကို သေသပ်စွာဖြီးလိမ်းထားခြင်းမရှိဘဲ ဖရိုဖရဲထား လေ့ရှိသော ကယားလူမျိုးတစ်ခုကို အခြားကယားတို့က ပရဲ့တရဲ ဟုခေါ်ဆိုကြပါသည်။ ပရဲ့ ဆိုသည်မှာ လူဖြစ်ပြီး တရဲက စုတ်ဖွာသည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့်

ပရဲ့တရဲ ဆိုသည်မှာ ဆံပင်စုတ်ဖွားလူဟု အဓိပ္ပာယ်ရပါသည်။ ပရဲ့တရဲမှ ကာလကြာမြင့်သည့်အခါ ပရဲ့ ဟူ၍ ဖြစ်လာပါသည်။ ပရဲ့ လူမျိုးတို့သည် မိမိလူမျိုးကို ကယော ဟု ခေါ်ကြပါသည်။

(၇) ကယားတိုင်းရင်းသားအချင်းချင်းတို့သည် နေထိုင်ရာ ဒေသကို အကြောင်းပြု၍ အရှေ့ဘက်အရပ်တွင် နေထိုင်သူကို မိထေ၊ အနောက်ဘက်အရပ်တွင်နေထိုင်သူကို မိနူ၊ မိုနူ စသည်ဖြင့်ခေါ်ဆိုရာမှ အနောက်ဘက်တွင်နေထိုင်သော ကယားတို့ကို မနုမနောဟူ၍ ခေါ်ဆိုခဲ့ကြပါသည်။ မနု မနောလူမျိုးတို့ကမူ မိမိတို့လူမျိုးကို ကော်ယော်၊ မိုနု စသည်ဖြင့် ခေါ်ဆိုပါသည်။

(၈) ရှမ်းတို့က မိမိကိုယ်ကို တလိုင် ဟုခေါ်ဆိုသော ကယား လူမျိုးကို ယန်းတလိုင်း ဟုခေါ်ဆိုကြသည်။ အဓိပ္ပာယ်မှာ ကယားတလိုင်းဖြစ်ပါသည်။ တလိုင်း ဆိုသည်မှာ ယင်းတလဲဘာသာစကားဖြင့် မူရင်းဒေသဟု အဓိပ္ပာယ် ရသဖြင့် ကယားတလိုင်းဆိုသည်မှာ မူရင်းကယားလူမျိုးဟု ဆိုရပါမည်။ ယန်းတလိုင်းမှ ယင်းတလဲဟု ပြောင်းလဲလာခြင်းဖြစ်ပါသည်။

(၉) ရှမ်းလူမျိုးတို့က လည်ပင်းတွင် ငွေပြား၊ ဘော်ပြားများကို လည်ဆွဲတန်ဆာအဖြစ် ဆင်ယင်ကြသော ကယားလူမျိုး တို့ကို ယန်းဘော် ဟု ခေါ်ဆိုပါသည်။ ယန်း ဆိုသည်မှာ ကယား၊ ဘော်ဆိုသည်မှာ ငွေဖြစ်သည်။ ထို့ကြောင့် ယန်းဘော်ဆိုသည်မှာ ငွေကယားဟု အဓိပ္ပာယ်ရပါသည်။

ကာလကြာမြင့်သောအခါ ယန်းဘော်မှ ယင်းဘော်သို့ ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ ယင်းဘော်လူမျိုးသည် မိမိကိုယ်ကို ကယန်းကငန် ဟုခေါ်ပါသည်။

**ပျံ့နှံ့နေထိုင်ရာဒေသများနှင့် လူဦးရေ**

လက်ရှိအချိန်တွင် ယင်းတလဲတိုင်းရင်းသားတို့သည် ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်၊ ဘောလခဲမြို့နယ် နန်းဖဲကျေးရွာအုပ်စု စလဲလုံကျေးရွာနှင့် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာအုပ်စု၊ ဝမ်အောင်း (ကယား)ကျေးရွာတို့တွင် အများဆုံးစုစည်းနေထိုင်ကြသည်။ ယခင်က ထူးချောင်းအဖျားရှိ နတ်တောင်ခြေဝမ်စလို့ ဟုခေါ်သော ရွာတွင် တစ်စုတစ်စည်းတည်း နေထိုင်ခဲ့ကြဖူးသည်ဟု ဆိုသည်။ ထိုရွာပျက်သွားပြီးနောက် ဘောလခဲ၊ စလဲလုံ၊ ဝမ်အောင်းတို့သို့ တကွဲတပြားစီ ရောက်ရှိသွားကြသည်ဟု ဆိုပါသည်။ ယနေ့အထိ ဝမ်စလို့ရွာဟောင်းတွင် တံခွန်တိုင်အဟောင်းများ ကျန်ရှိနေသေးသည်။

ဝမ်အောင်းကျေးရွာသည် နတ်တောင်ခြေမှ ပြောင်းရွှေ့လာခဲ့ပြီးနောက် လက်ရှိနေရာတွင် မနေထိုင်ကြမီ အရှေ့ဘက်ရှိ တောင်ပေါ်တွင် နေထိုင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တွင် ထိုနေရာမှ ပြောင်းရွှေ့ခဲ့ကြပြီး ယခုနေရာတွင် ရွာတည်ခြင်းဖြစ်ကာ ရွာသက်တန်း နှစ် (၆၀) ကျော်ပြီဟု သိရသည်။ ဝမ်အောင်းရွာနေရာတွင် အလောင်းမင်းတရား ယိုးဒယားသို့ စစ်ချီစဉ်က တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းကြောင့် ရန်အောင်ရွာဟု သမုတ်ခဲ့ကြောင်း၊ ရန်အောင်မှ ဝမ်အောင်းဟု ပြောင်းလဲလာခြင်းကြောင်း ဝမ်အောင်းရွာသား အငြိမ်းစားအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးလှမောင်က ပြောကြားသည်ကို မှတ်သားခဲ့ရပါသည်။




ဘောလခဲမြို့




ကယားပိုင်းရပ်ကွက်



သံလွင်မြစ်ကမ်းဘေးမှ ဝမ်အောင်းရွာ



ဝမ်အောင်းရွာ ဆိပ်ကမ်း




စလဲလုံရွာသို့



စလဲလုံရွာလမ်း



စလဲလုံရွာလယ်ကို ဖြတ်သန်းစီးဆင်းနေသည့် နန်းဖဲချောင်း

စလဲလုံကျေးရွာသည်လည်း ယခင်က တောင်ပေါ်တွင်ရှိခဲ့ရာမှ စစ်ဘေးစစ်ဒဏ်ခံရခြင်း၊ ရေရှားပါးခြင်းတို့ကြောင့် နန်းဖဲချောင်း နံဘေးသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ နန်းဖဲကျေးရွာနှင့် အနီး အနားရွာများ၊ နန်းဖဲချောင်းတစ်လျှောက်ရှိ ရွာငယ်များတွင်လည်း ယင်းတလဲတိုင်းရင်းသားများ နေထိုင်လျက်ရှိသည်။

ထို့အတူ ဘောလခဲမြို့နယ်အတွင်းရှိ စောလုံ၊ ဟော်ခမ်း၊ လွယ်ဝိုင်း၊ စောင်းလော့၊ ချီးကွဲ့၊ ဝမ်ချယ်၊ မိန်းထန်း ကျေးရွာများ၊ ရွာသစ်မြို့နယ်ခွဲအတွင်းရှိ ဝမ်ပလ၊ တာဆန်လဲကျေးရွာများ၊ မယ်စဲ့ မြို့နယ် နန်းပင်လိန်၊ မယ်ဆည်နန်း၊ နန်းဟူး၊ နန့်မန်းကျေးရွာများ စသည်တို့တွင်လည်း ယင်းတလဲအနွယ်များ နေထိုင်ကြသည်။

သို့သော် ယင်းတလဲ တိုင်းရင်းသားအများစုသည် အခြားကယား မျိုးနွယ်စုများဖြစ်သည့် ကယား၊ ကယန်း၊ မနုမနောတို့နှင့်လည်းကောင်း၊ ဗမာ၊ ရှမ်းတို့နှင့်လည်းကောင်း သွေးနှောနေကြပြီဖြစ်သည်။ အထူး သဖြင့် ဝမ်ပလ၊ တာဆန်လဲ၊ စောင်းလော့၊ ချီးကွဲ့၊ ဝမ်ချယ်၊ မိန်းထန်း၊ လွယ်ဝိုင်း စသည်တို့မှ ယင်းတလဲတိုင်းရင်းသားတို့သည် ရှမ်းတို့နှင့် များစွာ သွေးနှောခဲ့ပြီဖြစ်ပြီး ယင်းတလဲစကားကို အနည်းငယ်ပြောဆို နိုင်ကြသေးသည့်တိုင် သူတို့ကိုယ်သူတို့ ယင်းတလဲဟု မသတ်မှတ် ကြတော့ဘဲ ရှမ်းဟုသာ သတ်မှတ်ထားကြတော့သည်။

ကယားလူမျိုးစုသမိုင်းတွင် ဖော်ပြပါရှိသော မှတ်တမ်းအရ ယင်းတလဲတိုင်းရင်းသားတို့သည် ကယားမျိုးနွယ်စုများတွင် လူဦးရေ အနည်းဆုံးဖြစ်ပြီး ၃၁၀ ဦးသာ ကျန်ရှိတော့သည်ဟု ဆိုပါသည်။ သို့သော် ကွင်းဆင်းလေ့လာချက်များအရဆိုလျှင်မူ ထိုမျှမက များပြား နိုင်ပါသည်။ ယင်းတလဲ မိဘနှစ်ပါးမှ မွေးဖွားသော သွေးမနှောသေး သည့် ယင်းတလဲတိုင်းရင်းသားစစ်စစ်ဆိုလျှင်မူ ထိုမျှသာရှိနိုင်မည်ဟု

ယူဆရပါသည်။ တွေ့ဆုံမေးမြန်းသည့်နေရာများတွင် စတင်မေးမြန်းလိုက်သည်နှင့် ယင်းတလဲတိုင်းရင်းသားအစစ်ဖြစ်ကြောင်းသာ ပြောလေ့ရှိကြသည်။ စေ့စေ့ငုငု မေးမြန်းလိုက်သောအခါတွင်မှ အခြားတိုင်းရင်းသားတစ်မျိုးမျိုးဖြင့် သွေးနှောနေကြောင်း သိရှိရသည်ကများသည်။ ယင်းတလဲအစစ်များပင်လျှင် သူတို့၏မျိုးဆက်သည် အခြားတိုင်းရင်းသားနှင့် သွေးနှောနေသည်က များသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် လက်ရှိအခြေအနေတိုင်းသာဆိုပါလျှင် ယင်းတလဲလူမျိုးအစစ်များ ယခုထက်ပို၍ နည်းပါးလာနိုင်သည်ဟု ယူဆပါသည်။

လက်ရှိအခြေအနေတွင် ယင်းတလဲတိုင်းရင်းသားများ အများဆုံးနေထိုင်သော ဝမ်အောင်း (ကယား) ကျေးရွာတွင် အိမ်ထောင်စု (၉၉) စုတွင် လူဦးရေ ၅၆၄ ဦးရှိပြီး ယင်းတလဲမဟုတ်သူ ခုနစ်ဦးသာရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဝမ်အောင်းတွင် ယင်းတလဲ (၅၅၇) ဦး ရှိသည်ဟု မှတ်ယူရပါသည်။ စလဲလုံကျေးရွာတွင် (၂၃၉) ဦး၊ ကယားပိုင်းရပ်ကွက်တွင် လူဦးရေ (၅၄၈) ဦးအနက် (၃၀၀) ခန့်မှာ ယင်းတလဲတိုင်းရင်းသားများဟု ဆိုပါသည်။ ထို့ကြောင့် ခန့်မှန်းခြေအားဖြင့် ယင်းသုံးနေရာတွင် ယင်းတလဲတိုင်းရင်းသားတစ်ထောင်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ အခြားကျေးရွာများရှိ ယင်းတလဲတိုင်းရင်းသားများကို အနည်းငယ်စီ ခန့်မှန်းလျှင်ပင် ၂၀၀၀ မကျော်နိုင်ပါ။

ဘောလခဲ ကယားပိုင်းရပ်ကွက်မှ ဦးဟန်ထူးခေါ် ဘန့်ရိုင်း၏ အသေးစိတ်စာရင်းအရ ကယားပိုင်းတွင် ယင်းတလဲတိုင်းရင်းသား (၃၀၀) ခန့် ရှိသည်ဟုဆိုသော်လည်း သွေးမနှောသည့် ယင်းတလဲအစစ်မှာ (၄၀) ဦးသာ ရှိသည်ဟု ဆိုပါသည်။ ယင်းတလဲ တိုင်းရင်းသား

အစစ်သည် ၁၃ ရာခိုင်နှုန်းမျှသာရှိသည့် သဘောဖြစ်ပါသည်။ ဤသို့ ဆိုလျှင် ကယားလူမျိုးစုသမိုင်းပါ ၁၉၉၈ ခုနှစ်စာရင်းအရ ယင်းတလဲ ၃၁၀ ဦးသည် မှားယွင်းသည်ဟု မဆိုနိုင်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ယင်းတလဲ တိုင်းရင်းသားတို့သည် လူဦးရေ အလွန်နည်းပါးလှကာ ပျောက်ကွယ်လုနီးပါးဖြစ်နေပြီဆိုသည်ကိုဖြင့် အငြင်းပွားစရာမရှိချေ။

* * *

အခန်း (၃)

# လောကကို ထင်မြင်သုံးသပ်ပုံ

**လူကြီးသူမတို့၏စကား**

ရှေးယခင်က ကယားတိုင်းရင်းသားတို့တွင် ကိုယ်ပိုင်စာပေ မရှိပေ။ ထို့ကြောင့် အစဉ်အဆက် ကယားလူမျိုးတို့သည် မိမိလူမျိုး၏ သမိုင်းကို စာပေအက္ခရာဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့ခြင်းမရှိပါ။ သို့သော် မိမိလူမျိုး၏သမိုင်းကို တေး၊ ကဗျာ၊ လင်္ကာတို့ဖြင့် မှတ်သားထားပါသည်။ ၎င်းတို့ကို အဆင့်ဆင့် နှုတ်တိုက်အာဂုံဆောင်ကာ ကယားတိုင်းရင်းသားတို့၏သမိုင်းကို မေ့ပျောက်ခြင်းမရှိအောင် ရှေးယခင်ကတည်းက ဂရုတစိုက် မှတ်သားစေခဲ့ပါသည်။

ရှေးလူကြီးသူတို့၏စကားများကို နောင်လာနောက်သားများ အစဉ်အဆက် မှတ်သားနိုင်စေရန် သက်ကြီးရွယ်အိုတို့က ပွဲလမ်းသဘင်ကျင်းပသည့် အခမ်းအနားများတွင်လည်းကောင်း၊ အားလပ်သည့် အချိန်များတွင်လည်းကောင်း လူငယ်များကိုစုစည်းစေပြီး ထိုသမိုင်းကြောင်းဆိုင်ရာ တေး၊ ကဗျာ၊ လင်္ကာများကို သီဆိုပြောပြလေ့ရှိပါသည်။

တစ်ခါတစ်ရံ သက်ကြီးရွယ်အိုများစုဝေးကာ သမိုင်းကြောင်းဆိုင်ရာ တေး၊ ကဗျာ၊ လင်္ကာများကို ဆွေးနွေးဖလှယ်မှုများ ပြုလုပ်လေ့ရှိပါသည်။ သက်ကြီးရွယ်အိုတို့က ကြီးမှူးကာ ကျေးရွာများကို တစ်ရွာနှင့်တစ်ရွာ တေးဆိုပြိုင်ပွဲ၊ လင်္ကာရွတ်ဆိုပြိုင်ပွဲ၊ သမိုင်းပုံပြင်ပြောပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးသည်လည်း ရှိပါသည်။ ကယားလူမျိုးတို့သည် ရှေးလူကြီးသူမတို့၏ စကားအဆိုအမိန့်များကို အထူးအလေးထားပြီး လေ့လာကျင့်သုံးကြသည်။ ရှေးလူကြီးစကား၊ အဆိုအမိန့်များကို သွေဖည်၍ကျင့်သုံးမိသော အကြီးအကဲကို ရာထူးမှဖြုတ်ချပိုင်ခွင့်ပင် ရှိသည်။

သို့သော် ကယားလူမျိုးတို့ မူရင်းဒေသမှ မည်သည့်အချိန်ကာလတွင် ထွက်ခွာလာပြီး မည်သည့်အချိန်ကာလတွင် ဤကယားပြည်နယ်သို့ ဝင်ရောက်နေထိုင်ခဲ့သည်ဟူသော တိကျခိုင်မာသည့် သက္ကရာဇ်အမှတ်အသားများကမူ မရှိပါ။

**စကြဝဠာဖြစ်ပေါ်လာပုံ**

ကယားတိုင်းရင်းသားတို့၏ တေးသီချင်းများအရ ရှေးလူကြီးများ၏ လောကကိုထင်မြင်သုံးသပ်ပုံ၊ ကမ္ဘာ၊ မိုးကောင်းကင်၊ ကြယ်နက္ခတ်တာရာနှင့် စကြဝဠာတစ်ခွင်လုံး ဖြစ်ပေါ်လာပုံကို လေ့လာသိရပါသည်။

ကယားလူမျိုး၏အဆိုအရ မူလအစ စကြဝဠာတစ်ခွင်လုံးတွင် မည်သည့်အရာမျှ တည်ရှိခြင်းမရှိဘဲ အမှောင်အတိ ဖုံးလွှမ်းနေသည်ဟုဆိုပါသည်။ ဤကာလကို ကယားတို့က ပစို့ပလွီး ဟု ခေါ်သည်။

ထိုပစို့ပလွီးကာလ အမှောင်ထုထဲတွင် တကလူမို နှင့် တကလုဖဲ ခေါ် အအေးဖိုနှင့် အအေးမ၊ တပိမို၊ တပါဖဲ ခေါ် မသိဖိုနှင့် မသိမတို့

တည်းဟူသော ဆန့်ကျင်ဘက်ဓာတ်များ ထိတွေ့ကြရာမှစ၍ ကာမဆန္ဒစိတ်များ ဖြစ်ပေါ်လာပြီး လေပွေတိုက်သကဲ့သို့ တစ်နေရာမှ တစ်နေရာသို့ ထွေးလုံးရစ်ပတ်လှုပ်ရှားမှုများ ဖြစ်ပွားခဲ့သည်။ ထိုသို့ ထွေးလုံးရစ်ပတ် လှုပ်ရှားမှုများ ဖြစ်ပွားစဉ်အတွင်း တပလော်စီစေ့ တမေ့စီလူ ဟုခေါ်သော ပိုးစာအိမ်ကဲ့သို့ ပိုးအိမ်လုံးတစ်လုံးဖြစ်လာသည်။ ထိုပိုးစာအိမ်ထဲ၌ အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော ဖိသလု ခေါ် ဘုရားသခင်ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

ဖိသလုသည် ပိုးစာလုံးအိမ်၌ နေထိုင်ရသည်မှာ ကျဉ်းကျပ်လာသဖြင့် ခေါင်းအထက်ကို လက်သည်းဖြင့် ကုတ်ခြစ်လိုက်ရာတွင် ပိုးစာအိမ်ပေါက်သွားပြီး ထိုအပေါက်မှ အပြင်သို့ထွက်လာသည်။ ဖိသလုသည် အပြင်သို့ရောက်သောအခါ အရပ်ရပ်သို့ကြည့်လိုက်ရာတွင် အရာခပ်သိမ်းကင်းမဲ့သော ဟင်းလင်းပြင်၌ မိမိတစ်ကိုယ်တည်းရှိကြောင်း သိရှိလေသည်။ ဟင်းလင်းပြင်တွင် ခြေချရန်နေရာပင်မရှိသဖြင့် ကမ္ဘာနှင့်မိုးကောင်းကင်တို့ကို တည်ဆောက်ရန် ကြံရွယ်တော်မူသည်။

ဖိသလုသည် ကမ္ဘာနှင့်မိုးကောင်းကင်တို့ကို မဖန်ဆင်းမီ ရှေးဦးစွာ သိကြားမင်းခြောက်ပါးကို ဖန်ဆင်းကာ တစ်ဦးစီတာဝန်သတ်မှတ်ပေးတော်မူသည်။ ထိုသိကြားမင်းခြောက်ပါးတို့မှာ -

(၁) ဖရယ်ခယ်ထူး

(၂) သကေးထူချာ

(၃) အေးဖဲ

(၄) နာအော်မို့

(၅) ဖရယ်လော်သကဲ့

(၆) ဖရယ်လော်ခရဲ့ဖူ တို့ဖြစ်ကြသည်။

ဖိသလုသည် သိကြားမင်းတို့ကို တာဝန်အသီးသီးပေးအပ်တော်မူရာတွင် ဖရယ်ခယ်ထူးနှင့် သကေးထူချာသည် လူသားတို့ကို သွန်သင်ဆုံးမရန်၊ အေးဖဲသည် လူသားတို့ကို စောင့်ရှောက်ရန်၊ နာအော်မို့သည် လူသား၏အိမ်ထောင်တာဝန်ကို စောင့်ရှောက်ရန်၊ ဖရယ်လော်သကဲ့နှင့် ဖရယ်လော်ခရဲ့ဖုတို့ကို အခြားတာဝန်ထမ်းဆောင်ရန် ခွဲခြားတာဝန်ပေးအပ်တော်မူသည်။

ဖိသလုသည် မိုးကောင်ကင်နိုင်ငံတော်ကို ဦးစွာဖန်ဆင်းရန် ကြံရွယ်တော်မူသည်။ မိုးကောင်းကင်နိုင်ငံတော်ကို တည်ဆောက်ရန်အတွက်လည်း သိကြားမင်း ခုနစ်ပါးနှင့် သိကြားမင်းသမီး ခြောက်ပါးတို့ကို ထပ်မံဖန်ဆင်းတော်မူသည်။ ထိုသိကြားမင်းနှင့် သိကြားမင်းသမီးတို့မှာ -

(၁) နာဟိမိုနှင့် နာဟိဖဲ
(၂) နာကြွိမိုနှင့် နာကြွိဖဲ
(၃) နဆဲမိုနှင့်နာဆဲဖဲ
(၄) နာထုမိုနှင့်နာထုဖဲ
(၅) နာရာမိုနှင့်နာရာဖဲ
(၆) တက္ကူမိုနှင့် တကူဖဲ
(၇) ဖရယ်ကျားလာဒေး တို့ဖြစ်ကြသည်။

ဖိသလု သည် မိုးကောင်းကင်နိုင်ငံတော်ကို တည်ဆောက်ရန် သိကြားမင်း နာဟိဖဲနှင့်နာဟိမို တို့ကို ချည်မျှင်ကဲ့သို့ အမျှင်ထုတ်ရန် ဗိုင်းငင်စေတော်မူသည်။ ထိုအမျှင်များကို ပင့်ကူအမျှင်ဆွဲသကဲ့သို့ သကြားမင်း နာကြွိဖဲနှင့် နာကြွိမို တို့ကို ဆွဲစေတော်မူသည်။ ထို့နောက် အမျှင်များကို အထည်ကဲ့သို့ တစ်ချပ်တည်းဖြစ်လာစေရန် သိကြားမင်း နာဆဲဖဲနှင့်နာဆဲမို တို့ကို ချုပ်လုပ်စေတော်မူသည်။

ဖိသလုသည် မိုးကောင်းကင်နိုင်ငံတော်၏ မျက်နှာပြင် မညီညာဖြစ်နေသည်ကိုတွေ့ရ၍ သိကြားမင်း နာထုဖဲနှင့် နာထုမိုတို့ကို ညှိစေတော်မူသည်။ ထို့နောက် ကောင်းကင်နိုင်ငံ၏ ဘေးပတ်လည်တွင်သပ်ရပ်မှုရှိစေရန်အတွက် သိကြားမင်း နာရာဖဲနှင့်နာရာမိုတို့ကိုထုစေတော်မူသည်။ နောက်ဆုံးတွင် သိကြားမင်းတို့တည်ဆောက်သော မိုးကောင်းကင်နိုင်ငံ၏ အစွန်အဖျားအရပ်များ၌ သေသပ်မှုရှိ မရှိ နှင့် လှပတင့်တယ်မှု ရှိ မရှိ ကို သိကြားမင်း ဖရယ်ကျားလားဒေးကို စေလွှတ်ပြီး လိုက်လံကြည့်ရှုစေတော်မူသည်။ ဖိသလုကိုယ်တိုင်ကမူ ကောင်းကင်နိုင်ငံတော်၏အလယ်တွင်ရှိသော သိလူဘော အမည်ရှိ နန်းတော်တွင် စံမြန်းတော်မူသည်။

ဖိသလုသည် မိုးကောင်းကင်နိုင်ငံတော်ကို ဖန်ဆင်းတော်မူရာတွင် (၁၅) ရက် ကြာမြင့်သည်။ မိုးကောင်းကင်နိုင်ငံတော်ကို ဖန်ဆင်းသည့်လုပ်ငန်းအားလုံး ပြီးဆုံးအောင်မြင်သွားသည့်အခါ သိကြားမင်းတို့ကိုခေါ်တော်မူ၍ "အသင်သိကြားမင်းတို့ကို ပေးအပ်သည့် လုပ်ငန်းတာဝန်များ အသီးသီး ကျေပွန်စွာထမ်းဆောင်ပြီးဖြစ်သဖြင့်ကောင်းကင်နိုင်ငံတော်၌ ကျွန်ုပ်နှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ နေကြကုန်လော့"ဟု မိန့်ကြားတော်မူခဲ့သည်။

**ကမ္ဘာမြေကြီးဖြစ်ပေါ်လာပုံ**

ဖိသလု သည် မိုးကောင်းကင်နိုင်ငံတော်ကို ဖန်ဆင်းတော်မူပြီးနောက် မိုးကောင်းကင်နိုင်ငံတော်ကို လှည့်လည်ကြည့်ရှုရင်း မိုးကောင်းကင်၏အစွန်အဖျားနေရာသို့ရောက်တော်မူသည်။ ထိုနေရာမှအောက်အရပ်သို့ ကြည့်လိုက်သည့်အခါတွင် မည်သည့်အရာကိုမျှ

မတွေ့ရဘဲ ဟာလာဟင်းလင်းဖြစ်နေသဖြင့် မိုးကောင်းကင်နိုင်ငံတော်၏ အောက်တည့်တည့်အရပ်တွင် ကမ္ဘာမြေကြီးတစ်ခုကို ဖန်ဆင်းရန် ကြံရွယ်တော်မူသည်။

ဖိသလုသည် ကမ္ဘာမြေကြီးကို ဖန်ဆင်းရန်အတွက် မြေကြီးချိန်တွယ်ရန် ချိန်ခွင်တစ်ခုကို ဦးစွာဖန်ဆင်းတော်မူသည်။ ထို့နောက် မြေကြီးကို သယ်ပေးရန် ပျားကိုဖန်ဆင်းတော်မူသည်။ ဖိသလုသည် ကမ္ဘာကို မြေနီ (၄၀) ကျပ်သား၊ မြေနက် (၂၀) ကျပ်သား၊ မြေဖြူ (၁၀) ကျပ်သား၊ မြေဝါ (၁၂) ကျပ်သား၊ ရေ (၃၀) ကျပ်သားနှင့်လေ (၅) ပိဿာဖြင့် ဖန်ဆင်းစေတော်မူသည်။

ဖိသလုသည် ကောင်းကင်နိုင်ငံကို ဖန်ဆင်းစဉ်က စေခိုင်းတော်မူသော သိကြားမင်းများကိုခေါ်၍ ကမ္ဘာမြေကြီးကိုလည်း ဖန်ဆင်းတော်မူသည်။ ကောင်းကင်နိုင်ငံ၏အောက်တည့်တည့်အရပ်တွင် ကမ္ဘာကို ဖန်ဆင်းရန် မိုးကောင်းကင်၏ထောင့်လေးထောင့်မှ အောက်အရပ်သို့ မော့ဘူးရှာလျာ ခေါ် မိုးကောင်းကင်တိုင်လေးလုံးကို ချစေတော်မူသည်။ ထို့နောက် ဖိသလု စံမြန်းရာ သိလူဘောနန်းတော် အောက်တည့်တည့်တွင် မော့ဒူဒီးဘိုး ခေါ် မိုးကောင်းကင်၏ ချက်ကြိုးတိုင်ကို ချစေတော်မူသည်။

မိုးကောင်းကင်မှ အောက်အရပ်သို့ တိုင်ငါးလုံးကိုချတော်မူပြီးနောက် သိကြားမင်း နာဟိဖဲ နှင့် နာဟိမို တို့ကို အမျှင်များထုတ်ရန် ဗိုင်းငင်စေတော်မူသည်။ ထိုအမျှင်များဖြင့် တိုင်ငါးလုံးကို တစ်လုံးနှင့် တစ်လုံး ဆက်စပ်မိအောင် သိကြားမင်း နာကြွိဖဲနှင့် နာကြွိမိုတို့ ဆွဲစေတော်မူသည်။ ထိုအမျှင်များတစ်ချပ်တည်းဖြစ်အောင် သိကြားမင်း နာဆဲဖဲနှင့် နာဆဲမိုတို့ကို ချုပ်စေတော်မူသည်။ မြောက်ဘက်တွင် ချည်ဖြူ

ဖြင့်လည်းကောင်း၊ တောင်ဘက်တွင် ချည်ဝါဖြင့်လည်းကောင်း၊ အရှေ့ဘက်တွင် ချည်နီဖြင့်လည်းကောင်း၊ အနောက်ဘက်တွင် ချည်နက်ဖြင့်လည်းကောင်း အသီးသီးချုပ်စေတော်မူသည်။ မြောက်ဘက်မိုးကောင်းကင်တိုင်တွင် မြေဖြူ (၁၀) ကျပ်သားကို လည်းကောင်း၊ တောင်ဘက်တိုင်တွင် မြေဝါ (၅) ကျပ်သားကို လည်းကောင်း၊ အရှေ့ဘက်တိုင်တွင် မြေနီကို လည်းကောင်း၊ အနောက်ဘက်တွင် မြေမဲကိုလည်းကောင်း လောင်းချစေတော်မူသည်။

ထို့နောက် ကမ္ဘာမြေကြီး မြေမျက်နှာပြင် သိပ်သည်းကျစ်လျစ်ရန် သိကြားမင်း နာတုဖဲနှင့် နာတုမိုတို့ကို ထုစေတော်မူသည်။ ကမ္ဘာမြေကြီး၏ အကျယ်အဝန်းညီမျှစေရန် မိုးကောင်းကင်၏ချက်ကြိုးကို ဆွဲ၍ အကျဉ်းအကျယ်ကို ညှိစေတော်မူသည်။ ထိုသို့ဆွဲစေရာမှ ကမ္ဘာမြေကြီးတွင် တောင်ကုန်းများ၊ လျှိုမြောင်များ ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

ဖိသလုသည် သူ ဖန်ဆင်းစေသော ကမ္ဘာမြေကြီး လှပတင့်တယ်မှု ရှိ၊ မရှိ စစ်ဆေးပြီးနောက် ပေးအပ်သောတာဝန် အသီးသီးကို ကျေပွန်စွာထမ်းဆောင်ကြသည့် သိကြားမင်းတို့ကို စုရုံးခေါ်ယူတော်မူပြီး သိကြားမင်း နာဆဲဖဲနှင့် နာဆဲမိုတို့ကို တီကောင်ဘဝသို့လည်းကောင်း၊ နာကြို့ဖဲနှင့် နာကြို့မိုတို့ကို ပင့်ကူဘဝသို့လည်းကောင်း၊ နာတုဖဲနှင့် နာတုမိုတို့ကို ဆောင်းရာသီတွင် တွေ့ရသော ထူဒီဖဲလျှား ခေါ်ငှက်အဖြစ်သို့လည်းကောင်း၊ ဖရယ်ကျားလားဒေးကို ပျံလွှားငှက်အဖြစ်သို့လည်းကောင်း အသီးသီးဘဝပြောင်းစေတော်မူလိုက်သည်။

**သက်ရှိသက်မဲ့တို့ ဖြစ်ပေါ်လာပုံ**

ဖိသလုသည် ကမ္ဘာမြေကြီးကိုစောင့်ရှောက်ရန် ဖရယ်ခယ်ထူးကို အာဏာအပ်နှင်းတော်မူလိုက်သည်။ ဖရယ်ခယ်ထူးကို တစ်နည်းအား

ဖြင့် စောပရာဟုလည်း ခေါ်သည်။ ဖိသလုသည် ဖရယ်ခယ်ထူးကို ကမ္ဘာ့ခုနစ်ထပ်၊ မြေခုနစ်လွှာကို စောင့်ရှောက်စေသည်။ ဖိသလု၏ တာဝန်ပေးအပ်မှုကြောင့် ဖရယ်ခယ်ထူးသည် ကမ္ဘာသို့ဆင်းကာ အရပ်ရပ်ကို လှည့်လည်ကြည့်ရှုတော်မူသည်။ ထို့နောက် ပြုပြင်စရာများကို ဖိသလုထံသို့ ပြန်လည်တင်ပြလျှောက်ထားတော်မူသည်။ ထိုသို့ တင်ပြရာတွင် ဖရယ်ခယ်ထူးသည် ကမ္ဘာပေါ်၌ သစ်ပင်များနှင့်သတ္တဝါများမရှိ၍ လှပတင့်တယ်ခြင်းမရှိသောကြောင့် ထပ်မံဖန်ဆင်းပေးတော်မူပါရန် လျှောက်ထားတော်မူသည်။

ထိုအခါ ဖိသလုသည် ဆံပင်စုတ်ဖွားကိုဖြတ်၍ ပစ်ချတော်မူရာ မြေစာမြက်ပင်များဖြစ်သွားသည်။ ချိုင်းမွေးကိုဖြတ်၍ ပစ်ချတော်မူရာ မြက်ပင်ဖြစ်သွားသည်။ ကိုယ်အမွေးကိုဖြတ်၍ပစ်ချတော်မူရာ သက်ငယ်ပင် ဖြစ်သွားသည်။ တောင်ဝှေးကို စိုက်ချတော်မူလိုက်ရာ ဝါးပင်ဖြစ်သွားသည်။ သူ၏ငွေတောင်ဝှေးကို စိုက်ချတော်မူရာတွင် သပြေပင်နှင့်ကျွန်း၊ အင်၊ သစ်ပင်ကြီးများအဖြစ် ပေါက်ရောက်စေတော်မူသည်။

ဖိသလုသည် ကမ္ဘာကို ဖန်ဆင်းစဉ်က ပိုနေသောမြေနက်၊ မြေဝါ၊ မြေနီ၊ မြေဖြူတို့ဖြင့် ဆင်၊ ကျွဲ၊ နွား၊ မြင်း၊ ဝက်၊ ကြက်နှင့် အခြားတိရစ္ဆာန်များကို ဖန်ဆင်းတော်မူသည်။ ထို့နောက် တံတွေးကိုထွေးချတော်မူ၍ ရေဖြစ်စေတော်မူသည်။ ရေတွင်နေထိုင်မည့် ရေသတ္တဝါများနှင့် ကမ္ဘာပေါ်ရှိသတ္တဝါများ စားသုံးရန် သစ်သီးဝလံပင်များကို ဖြစ်ထွန်းပေါက်ရောက်စေတော်မူသည်။

**လူသားစတင်ဖြစ်ပေါ်လာပုံ**

ဖိသလုသည် ကမ္ဘာပေါ်ရှိ သစ်ပင်၊ ဝါးပင်နှင့်တိရစ္ဆာန်များကို ဖန်ဆင်းပြီး နောက်ဆုံးတွင် လူသားကိုဖန်ဆင်းတော်မူသည်။ ဖိသလု

သည် အေးဖဲ အမည်ရှိသော လူယောက်ျားတစ်ဦးကို ဦးစွာ ဖန်ဆင်းတော်မူသည်။ ယင်းလူယောက်ျားနှင့်အတူ နေထိုင်ရန် -

(၁) မို့ဒန်း
(၂) မို့ဒူး
(၃) မို့ဆင့်

အမည်ရှိသော လူမိန်းမသုံးဦးကို ဖန်ဆင်းတော်မူသည်။ ဖိသလုသည် အေးဖဲနှင့် မို့ဒန်းကို အကြင်လင်မယားအဖြစ် ပေါင်းသင်းစေတော်မူသည်။

**ကမ္ဘာပေါ်သို့ သက်ရှိသတ္တဝါများ ဆင်းသက်ခြင်း**

ဖိသလုသည် ကမ္ဘာပေါ်တွင် သစ်ပင်၊ ရေ၊ စားသုံးရန် သစ်သီးဝလံပင်များကို ပေါက်ရောက်စေတော်မူပြီး တိရစ္ဆာန်များနှင့်လူသားတို့ကို ဆင်းသက်စေတော်မူသည်။ ဖိသလုသည် လူသားတို့ကို ကမ္ဘာပေါ်သို့ မဆင်းသက်မီ လူသားတို့ လိုက်နာကျင့်သုံးရမည့်တာဝန်များကို မှာကြားတော်မူသည်။

ဖိသလုသည် ကမ္ဘာကိုစောင့်ရှောက်ရန် သိကြားမင်း ဖရယ်ခယ်ထူးကို တာဝန်ပေးအပ်တော်မူသည်။ လူသားများကို စောင့်ရှောက်ရန် တယ်နေးဖဲလော် ခေါ် လူစောင့်သိကြားမင်းနှင့် ရေမြေတောတောင်ကို ကြည့်ရှုစောင့်ရှောက်ရန် တော်တနေ့ ခေါ် တောတောင်ရေမြေစောင့် သိကြားမင်းတို့ကို တာဝန်ပေးအပ်တော်မူသည်။

ထို့နောက် ဖိသလုသည် လူသားတို့ကို ခေါ်တော်မူ၍ လိုက်နာကျင့်သုံးကြရမည့် မှတ်သားစရာများကို မိန့်တော်မူသည်။

"အသင်လူသားတို့သည် ဖရယ်ချာထူး၏သွန်သင်ချက်ကို မများမယွင်းလိုက်နာကျင့်သုံးကြပါ။ သူ၏သွန်သင်ချက်ကို သင်တို့အားလုံး

ကျင့်သုံးပြီး ရိုးသားသောကိုယ်ကျင့်တရားများကို ဆောင်ကြ၍ သင်တို့ သေဆုံးသောတစ်နေ့တွင် သို့မဟုတ် လူ့ဘဝကိုစွန့်ပြီး ကမ္ဘာမှထွက် သွားသောနေ့တွင် သင်တို့ ယခုနေထိုင်ရာ ဒေါမော့ခူ မိုးကောင်းကင် နိုင်ငံတော်သို့ တယ်နေးဖဲလော် ခေါ် လူစောင့်သိကြားမင်းက ဆောင် ယူလာရန် တာဝန်ချထားသည်။ မကောင်းသောစရိုက်များ၊ မကောင်း သော ကိုယ်ကျင့်တရားများကို ကျင့်သုံးပါမူ မိုကောင်းကင်နိုင်ငံသို့ မရောက်ဘဲ မောရီယာပေါ်ထျာဒူ ခေါ် ဒုက္ခဘုံသို့ သင်တို့ ဆင်းသက် ကြရလိမ့်မည်။ ကမ္ဘာပေါ်တွင် သင်တို့လူသားနေထိုင်စားသောက် အသုံးပြုရန် အစစအရာရာ လိုလေသေးမရှိအောင် ငါဘုရား စီမံတော် မူပြီး ဖြစ်သည်။ ဖရယ်ခယ်ထူး၏ သွန်သင်ဆုံးမချက်ခံယူပြီး ကမ္ဘာပေါ် သို့ ဆင်းသက်ကြကုန်လော့" ဟု မိန့်ကြားတော်မူခဲ့သည်။

**ဖရယ်ခယ်ထူး၏သွန်သင်ချက်**

ဖရယ်ခယ်ထူးသည် လူသားတို့ကောင်းကင်ဘုံတွင် နေထိုင်စဉ် ဘီလူးဘိုး ခေါ် ပူဇော်ပွဲတော်ကို ပြုလုပ်စေတော်မူသည်။ ဖိသလု မြတ်စွာဘုရား၏ ရွှေနန်းတော်ကိုလည်း တည်ဆောက်စေတော်မူ၏။ ထို့နောက် ဖရယ်ခယ်ထူးသည် လူသားတို့ကမ္ဘာပေါ်သို့ ဆင်းသက် သည့်အခါ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကိုလည်း သတ်မှတ် ပေးတော်မူသည်။ ထိုတာဝန်များမှာ -

(၁) ကမ္ဘာပေါ်သို့ဆင်းသက်၍ အခြေချနေထိုင်သောအခါ ပထမဦးစွာ ကေ့ ခေါ် နိုင်ငံတော်၏ပူဇော်ပွဲကို ကျင်းပ ပြုလုပ်ပြီး ကတိသစ္စာဆိုကြကုန်လော့။

(၂) ကေ့တျား ခေါ် နိုင်ငံတော်ပူဇော်ပွဲကို သုံးနှစ်တိုင်တိုင် ကျင်းပကြကုန်လော့။

(၃) ကေ့တျားပွဲတော်ကို ကျင်းပပြီးစီးပါက ကေ့ထိုးဘိုး ခေါ် တံခွန်တိုင်စိုက်ထူ၍ မြတ်စွာဘုရားသခင် ဖိသလုကို ပူဇော်ခြင်းအမှုကို ပြုကြကုန်လော့။

(၄) မော့ဒူဒီးဘိုးခေါ် မိုးကောင်းကင် ချက်ကြိုးတိုင်သည် မြတ်စွာဘုရားသခင် ဖိသလု၏ သိလူဘော နန်းတော်နှင့် တိုက်ရိုက် ဆက်ထားတော်မူခြင်းကြောင့် ယင်းတိုင်တွင် သင်တို့၏ တောင်းလျှောက်သံကို မြတ်စွာဘုရားက လက်ခံတော်မူလိမ့်မည်။

(၅) ကေ့ထိုးဘိုးတိုင် စိုက်ထူနိုင်သောနေ့သည် အောင်လံလွှင့်၍ ဝင့်ကြွားနိုင်ကြသည့်နေ့ တစ်နည်းအားဖြင့် ဘုရားသခင်၏ ပညတ်တော်ကိုနာခံတော်မူ၍ ကျင့်ဝတ်များကို ပြည့်စုံစွာ ဆောင်ရွက်ခြင်းသို့ရောက်ရှိကြောင်း အောင်ပွဲခံသော နေ့ထူးဖြစ်သည်။

(၆) လူသားအချင်းချင်း ချစ်ခင်ကြလော့၊ ဖောက်ပြန်ခြင်း သဘောလုပ်ရပ်များကို ရှောင်ကြဉ်ကြလော့။

(၇) သီးနှံပင်စိုက်ပျိုးပြီးသောကာလတွင် ကေ့ထိုးဘိုးပလျားကို စိုက်ထူ၍ ပူဇော်ပွဲကျင်းပကာ မြတ်စွာဘုရားအား ဆုတောင်းကြလော့။

(၈) လူသားဦးရေတိုးပွားရန်နှင့် အသုံးပြုသောတိရစ္ဆာန်တို့ တိုးပွားရန် တောတီ ခေါ် တိုင်တော်ကို စိုက်ထူပြီး မြတ်စွာ ဘုရားကို ပူဇော်၍ ဆုတောင်းခြင်းအမှုကို ပြုကြကုန်လော့။

(၉) လူသားအချင်းချင်းအုပ်ချုပ်ရာတွင် စည်းစည်းလုံးလုံးရှိနိုင် ရန် ကေ့ထီ ခေါ် နိုင်ငံတော်တိုင်ကို စိုက်ထူပြီး မြတ်စွာ

ဘုရားကို ပူဇော်ပွဲကျင်းပ၍ ဆုတောင်းခြင်းပြုကြလော့။

(၁၀) သားသမီးအချင်းချင်း ချစ်ခင်စည်းလုံးကြရန် ကေ့ထိုးဘိုး ဖူးသယ် တိုင်ကိုစိုက်ထူ၍ မြတ်စွာဘုရားထံ ပူဇော် ဆုတောင်းပွဲကျင်းပကြကုန်လော့။

(၁၁) မိုးခေါင်ရေရှားခြင်းမှ လွတ်ကင်းနိုင်ရန် ဟိုးထော ကို တည်ဆောက်၍ မြတ်စွာဘုရားထံ ဆုတောင်းပွဲ ကျင်းပ ကြကုန်လော့။

(၁၂) ကေ့ ခေါ် ရွာနံ့ပူဇော်ပွဲကို အနောက်ဘက်အရပ်တွင် ကျင်းပကြလော့။

(၁၃) ကေ့ထိုးဘိုး ခေါ် တံခွန်တိုင်ပွဲကို အရှေ့ဘက်အရပ်တွင် ကျင်းပကြလာ့။

(၁၄) အေးဖဲသည် လူသားတွင် အကြီးဆုံးဖြစ်၍ ၎င်း၏စကားကို နားထောင်ကြလော့။

ဖရယ်ခယ်ထူးသည် လူသားတို့ ကျင့်ဆောင်ရန်အချက်များကို သွန်သင်ပြီးနောက် လူသတ္တဝါများကို ကမ္ဘာသို့ဆင်းသက်စေသည်။ ပထမဦးစွာ ပျံတတ်သောငှက်များကို စေလွှတ်လိုက်သည်။ ငှက်တို့ သည် မြေပေါ်သို့ ခြေမချဝံ့ဘဲ သစ်ပင်ပေါ်တွင် နားနေကြသည်။ ကြိုးကြာငှက်သည် ကမ္ဘာမြေပေါ်သို့ ပထမဦးဆုံးခြေချသည့် သတ္တဝါ ဖြစ်သည်။ ကြိုးကြာငှက်သည် အတောင်မရှိသောသတ္တဝါများ ကမ္ဘာသို့ ဆင်းနိုင်ရန်အတွက် လှေကားထိုးချပေးရန် လျှောက်ထားလေသည်။ ထိုလှေကားဖြင့် သက်ရှိသတ္တဝါများ ဆင်းလာကြ၏။

မိုးကောင်းကင်မှနေ၍ ကမ္ဘာမြေကြီးသို့ ဆင်းလာကြသော လူနှင့် တိရစ္ဆာန်တို့သည် စီခါမော့ကလော ခေါ် မိုးကုပ်စက်ဝိုင်းအပြင်ဘက်

နှင့် ဆင်းလာကြခြင်းဖြစ်သည်။ မိုးကောင်းကင်ကွယ်ရာအရပ် ဖြစ်သဖြင့် ကြယ်ရောင်မျှသော အလင်းသာရှိသည်။ ကမ္ဘာအတွင်းပိုင်းသို့ ဝင်ရောက်ရန်အတွက် ရှေ့တွင် ကျောက်နံရံကြီးကာခံနေသည်။ ထို့ကြောင့် စီခါမော့ကလော့တွင် နှစ်ပေါင်းများစွာ နေထိုင်ကြရသည်။ ထိုဒေသတွင် နေထိုင်စဉ် ကေ့ထိုးဘိုးပွဲ ကျင်းပကြသည်။ ကေ့ထိုးဘိုးပွဲတွင် ဗုံမရှိသဖြင့် ရင်ဘတ်ကိုထုကြရသည်။ ပလွေမရှိသဖြင့် လက်ကို မှုတ်ကြရသည်။ လင်းကွင်းမရှိသဖြင့် လက်ခုပ်တီးကြရသည်။ သစ်သီး၊ သစ်ဉ၊ သစ်ဖု တို့ကိုသာ စားကြရသည်။

တစ်နေ့တွင် ကမ္ဘာအတွင်းပိုင်းသို့ဝင်နိုင်သော အပေါက်တစ်ပေါက်ကို ပျားက တွေ့လေသည်။ ထိုအခါ ကျောက်တုံးကို ပျားပိတုန်းအား ဖောက်စေသည်။ အပေါက်အနည်းငယ်ကျယ်သွားသောအခါ ကြွက်နှင့်သင်းခွေချပ်တို့ကို ဖောက်စေသည်။ သင်းခွေချပ်သည် ကျောက်သားကိုကိုက်ဖြတ်ကာ ပင်ပန်းကြီးစွာ အပေါက်ဖောက်ရသဖြင့် သွားအားလုံးကျိုးသွားသည်ဟု ဆိုသည်။ ကျောက်နံရံကြီးကို ဖွင့်နိုင်ရန်အတွက် ဝက်ဝံက မီးဖုတ်ရသည်။ မီး၏အပူရှိန်ကြောင့် ဝက်ဝံတစ်ကိုယ်လုံး မည်းသွားတော့သည်။ ထို့နောက် အားလုံးဝိုင်းရံ၍ ကျောက်တံခါးကိုထုကြရာ တံခါးပွင့်သွားတော့သည်။ ထိုတံခါးပေါက်မှ လူသတ္တဝါများ လူ၍တိုးဝင်လာကြပြီး ကမ္ဘာအတွင်းပိုင်းသို့ ရောက်ရှိလာကြတော့သည်ဟု ဆိုပါသည်။

သက်ရှိသတ္တဝါများသည် တာဝန်ကိုယ်စီဖြင့် ကမ္ဘာပေါ်သို့ ဝင်လာကြသည်။ ကမ္ဘာအတွင်းပိုင်းသို့ ဝင်လာသောသတ္တဝါဖြစ်သည့် ချေငယ်သည် ကေ့ ခေါ် နယ်ပယ်အစာကျွေးရန်အတွက် ဝင်လာခြင်းဖြစ်သည်။ အလားတူ ဝက်သည် ရေစာကျွေးရန်အတွက် ဝင်လာခြင်း

ဖြစ်ပြီး အခြားသတ္တဝါများလည်း မိမိတို့တာဝန်ယူမည့်ကိစ္စအသီးသီးဖြင့် ဝင်လာကြသည်။

**နေနှင့်လဖြစ်ပေါ်လာပုံ**

မိုးကုပ်စက်ဝိုင်းအတွင်းပိုင်းဖြစ်သည့် စီစာမော့ခူ သို့ ရောက်ကြသည့်အခါတွင် ပို၍မှောင်မည်းနေသည်။ တောင်ယာပဲခင်းလုပ်ကိုင်စားသောက်ရန် မဖြစ်နိုင်သေးမီ ဒီးမော့ဆိုတောင်သို့သွား၍ မိုးကောင်းကင်၏အမြစ်ကို တူးစားကြသည်။

ကမ္ဘာမြေကြီးအလင်းရရှိစေရန်အတွက် ဖရယ်လော်တကဲ့ နှင့် ဖရယ်လော်ခရဲ့ဖု ညီအစ်ကိုနှစ်ဦးသည် လူသူမမြင်သော မော့ဘူးကများ ဟုခေါ်သည့်နေရာသို့သွား၍ အလင်းရောင်တောက်ပသော ကျောက်မီးနှစ်လုံးကို အဖိုနှင့်အမအဖြစ်ဖန်တီးပြီး လေဟာပြင်သို့ လွှတ်တင်လိုက်ရာ အလင်းရောင်ရလာသည်။ အလင်းရောင်နှင့်အတူ အပူရှိန်ပါ ထွက်ပေါ်လာသဖြင့် လူသတ္တဝါတို့ မခံနိုင်ကြတော့ချေ။ ထို့ကြောင့် အပူရှိန်လျော့သွားစေရန် နည်းလမ်းများကို ရှာကြံရာမှ ထိုကျောက်မီးသွေးကို ဒူးလေးဖြင့် ပစ်ခတ်ရာ အဖိုတစ်လုံးကို ထိမှန်သွားသဖြင့် အလင်းရောင်ပျောက်ပြီး အမှောင်အတိပြန်ဖြစ်သွားပြန်သည်။ ရွေ့လျားသွားလာခြင်းလည်းမရှိဘဲ ရပ်တန့်သွားသဖြင့် လူသတ္တဝါတို့ ဒုက္ခရောက်ကြကုန်သည်။

လူတို့သည် အလင်းရောင်ပြန်လည်ရရှိရေးအတွက် မည်သို့ဆောင်ရွက်သင့်ကြောင်း တိုင်ပင်ဆွေးနွေးကြ၏။ ထိုသို့ဆွေးနွေးကြရာတွင် မြေဝပ်ငှက်သည် အအိပ်ကြီးသောသတ္တဝါဖြစ်၍ ညတစ်နှစ်၊ နေ့တစ်လသာ သတ်မှတ်ရန် အဆိုတင်သွင်းသည်။ အခြားသူများအတွက် မစဉ်းစားဘဲ သူ့အတွက်သာရည်စူးပြီး အဆိုတင်သွင်းခြင်း

ဖြစ်သောကြောင့် သူ၏ပါးစပ်ကို ဓားဖြင့်ဝိုင်းလှီးကြရာ ယနေ့အထိ ပါးစပ်ကျယ်နေသည်ဟု အဆိုရှိသည်။

ကြွက်ငယ်ကမူ ကျောက်မီးအမဖြစ်သော မော့ ခေါ် နေကို နေ့တိုင်း ကောင်းကင်သို့ထွက်စေပြီး ညအခါတွင် ကျောက်မီးဖိုဖြစ်သော လေ့ ခေါ် လကိုထွက်စေရန်နှင့် လခြမ်းငယ်မှ လပြည့်အထိ ၁၅ ရက်သတ်မှတ်ပြီး တဖြည်းဖြည်းငယ်သွားကာ လုံးဝပျောက်သည်အထိ ၁၅ ရက် သတ်မှတ်သည်။ ထိုကာလကို တစ်လဟု သတ်မှတ်၍ ၁၂ လကို တစ်နှစ်ဟု သတ်မှတ်ရန်နှင့် ကျောက်မီး အဖိုနှင့်အမသည်လည်း တစ်ပြိုင်တည်းမထွက်စေဘဲ တစ်လှည့်စီထွက်ရန် အဆိုပြုသည်။ ကြွက်ငယ်၏အဆိုပြုချက်ကို အားလုံးသောသတ္တဝါတို့က သဘောတူကြသဖြင့် ကျောက်မီးပူဇော်ပသပွဲကို ပြုလုပ်ကြပြီး အသနားခံတောင်းပန်ခဲ့ရာ ကျောက်မီးအဖို ပြန်လည်ထွက်ပေါ်လာသော်လည်း မြားထိမှန်ခဲ့သဖြင့် အအေးဓာတ်သာရှိပြီး မိမိကိုယ်ပိုင်အလင်း မရှိတော့ချေ။ ယင်းကို စကားဖြင့် လေ့ ဟု ခေါ်သည်။ လေ့ဆိုသည်မှာ ကန်းသည်ဟုအဓိပ္ပာယ်ရသည်။ ကျန်ကျောက်မီးတစ်လုံးမှာ အမဖြစ်၍ ယခင်အတိုင်း အလင်းရှိပြီး အပူဓာတ်လည်းရှိသည်။ ထိုအချိန်မှစ၍ ကျောက်မီးအဖိုသည် လအဖြစ်နှင့် ကျောက်မီးအမသည် နေအဖြစ် ဖြစ်ပေါ်လာ၍ နေ့နှင့်ညဟူ၍လည်းကောင်း၊ လပြည့်လကွယ်ဟူ၍လည်းကောင်း၊ နေထွက်ရာအရပ်ကို အရှေ့၊ နေဝင်ရာအရပ်ကို အနောက်ဟူ၍လည်းကောင်း စတင်ဖြစ်ပေါ်လာပါတော့သည်။

**လူသားပေါက်ဖွားလာပုံ**

လူသားတို့သည် မိုးကုပ်စက်ဝိုင်းအတွင်းပိုင်းသို့ဝင်လာပြီး မိုးကောင်းကင်၏အလယ်တည့်တည့်နေရာတွင် နေထိုင်ကြသည်။

ထိုအရပ်ကို ပရာမို့လာ ဟုခေါ်သည်။ ပရာမို့လာအရပ်သည် ပျော်ရွှင်ဖွယ်ရာအတိ ပြည့်စုံသောဒေသဖြစ်သည်။

ကမ္ဘာလူသားတို့၏ဖခင် အေးဖဲသည် အမျိုးသမီးသုံးဦးအနက် မို့ဒန့်နှင့် အကြင်လင်မယားဖြစ် ပေါင်းသင်းရာမှ သားသုံးဦးမွေးဖွားလာသည်။ ထိုသားသုံးဦးတို့မှာ -

(၁) သာတုတ် (သားဦး)
(၂) သာရေး (ဒုတိယသား)
(၃) လေးမာ (တတိယသား)

တို့ဖြစ်ကြသည်။

ထိုသားသုံးဦးတို့ အရွယ်ရောက်လာသည့်အခါ ကမ္ဘာလူသားတို့၏ မိခင်များဖြစ်ကြသော မို့ဒူ၊ မို့ဆင့်တို့နှင့် ပေါင်းသင်းကြသည်။ သားဦး သာတုတ်သည် မို့ဒူနှင့်လည်းကောင်း၊ ဒုတိယသား သာရေးသည် မို့ဆင့် နှင့်လည်းကောင်း အကြင်လင်မယားအဖြစ် ပေါင်းသင်းကြသည်။ တတိယသား လေးမာတွင် ပေါင်းသင်းရန် မိန်းမ မရှိ၍ အစ်ကိုကြီး သာတုတ်နှင့် မို့ဒူတို့မှ မွေးဖွားလာသည့် သမီး မို့ဆင်နှင့် ပေါင်းသင်းကြသည်။ ထိုမိသားစုများမှ ကမ္ဘာလူသားများပေါက်ဖွားလာကြသည်။

(၁) သာတုတ်သည် တရုတ်လူမျိုးတို့၏ဖခင်ဖြစ်သည်။
(၂) သာရေးသည် ကယားလူမျိုးတို့၏ဖခင်ဖြစ်သည်။
(၃) လေးမာသည် ကုလားလူမျိုးတို့၏ဖခင်ဖြစ်သည်။

**ကမ္ဘာရေလွှမ်းမိုးခြင်း**

လူသားတို့သည် စားဝတ်နေရေးအတွက် တောင်ယာခုတ်ကြရသည်။ တစ်နေ့တွင် လူပျိုတစ်ယောက်သည် တောင်ယာခုတ်ရာတွင်

ပြီးစီးအောင်မခုတ်ဘဲ နောက်နေ့မှ ဆက်လက်ခုတ်ရန် ချန်ထားခဲ့သည်။ နောက်တစ်နေ့ တောင်ယာခင်းသို့သွားသည့်အခါ ခုတ်ပြီးသား သစ်ပင်များ ပြန်ထလာသည်ကို တွေ့ရပါသည်။ ထိုလူပျင်းသည် ယနေ့က ကဲ့သို့ပင် ဆက်ခုတ်ပြန်၏။ နောက်တစ်နေ့တွင်လည်း ယခင်နေ့က ကဲ့သို့ပင် သစ်ပင်များအားလုံးပြန်ထနေသည်ကို တွေ့ရပြန်သည်။ ထို အဖြစ်အပျက်ကို ဇနီးကိုပြောပြသောအခါ ခေါင်းအုံးကိုချန်ထားခဲ့ရန် မှာကြားလိုက်သည်။ နောက်တစ်နေ့ တောင်ယာခင်းသို့သွားသည့် အခါတွင် ခေါင်းမူးပြီး အိပ်ပျော်နေသော တူပလဲ ခေါ် ကင်းလိပ်ကို တွေ့ရသည်။ လူပျင်းက မိမိခုတ်ထားခဲ့သော တောင်ယာခင်းတွင် သစ်ပင်များ ပြန်ထလာအောင် ပြုလုပ်သည့်တူပလဲကို တွေ့သည့်အခါ ဒေါသအမျက်ထွက်ပြီး ကြိမ်းဝါးသတ်ဖြတ်မည်ပြုရာ တူပလဲက တောင်းပန်သော်လည်း မလွှတ်သဖြင့် ချိုင်းအောက်မှ ထော်လီဖရာခေ ခေါ် ဗုံငယ်တစ်လုံးကို ပေးလိုက်ရသည်။ ထိုဗုံကို တီးပြီးတောင်းပါက လိုတရ နိုင်သည့် ထူးဆန်းသည့်ဗုံငယ်ဖြစ်ပါသည်။

လူပျင်းသည် ထိုဗုံငယ်ကို ဖာတစ်လုံးထဲတွင်ထည့်ထားပြီး မည်သူမျှမတီးရဟု တားမြစ်ထားသည်။ တစ်နေ့တွင် မိဘများမရှိစဉ် သူ၏သားသမီးများက ထမင်းဆာလာသည်နှင့် ဗုံငယ်ကလေးကိုတီး လိုက်ရာ ထမင်းများ အိမ်အပြည့်ရောက်လာလေသည်။ မစားနိုင်သဖြင့် ဝက်၊ ကြက်များကိုကျွေးသော်လည်း မကုန်နိုင်ချေ။ နောက်ဆုံးတွင် ရေဖြင့်ဆေးရန် ဗုံငယ်ကို တီးပြီးရေခေါ်လိုက်ရာ အိမ်ပေါ်အထိ ရေတက်လာပြီး ကမ္ဘာမြေပြင်တစ်ဝန်းလုံး ရေလွှမ်းမိုးသွားတော့သည်။

ထိုအချိန်တွင် အဖွားဖြစ်သူကပြေးလာပြီး စဥ့်အိုးတစ်လုံး၏ နှုတ်ခမ်းကိုဓားဖြင့်ခွဲကာ ဗုံငယ်၊ မြေးတစ်ယောက်၊ ခွေးတစ်ကောင်၊

ကြောင်တစ်ကောင်၊ ခိုတစ်ကောင်နှင့်အတူ အထဲတွင် ဝင်နေလိုက်သည်။ ခုနစ်ရက်၊ ခုနစ်ည ရေတက်လာသဖြင့် ကမ္ဘာကြီးတစ်ခုလုံးကို ရေလွှမ်းမိုးပြီး အရာခပ်သိမ်းတို့ သေကျေပျက်စီးကုန်သည်။ စဉ့်အိုးထဲတွင်ဝင်နေသည့်အဖွား၊ မြေးနှင့် ထိုသတ္တဝါတို့သာ မသေဘဲကျန်ရှိသည်။

ရေတဖြည်းဖြည်းတက်လာစဉ်တွင် အဖွားသည် ဓားဖြင့် ဗုံငယ်၏နှုတ်ခမ်းကိုဖွဲ့ယူပြီး ရေထဲပစ်ချရာ ရေလျော့ကျလာသည်ကို တွေ့ရသည်။ ခိုကိုလွှတ်၍ မြေကြီးပေါ်နေသည့်နေရာကို ရှာစေ၏။ မြောက်ဘက်အရပ် မော့ဒကဆော့တွင် နေရာတစ်နေရာမြေကြီးပေါ်နေကြောင်းသိရသဖြင့် ထိုအရပ်သို့သွားကာ ခြေချကြသည်။ နောက်ဆုံးတွင် ဗုံငယ်တစ်လုံး,လုံးကို ရေထဲပစ်ချလိုက်ရာတွင် ရုတ်ခြည်းရေခန်းခြောက်သွားတော့သည်။ ရေခန်းသွားသဖြင့် မူလအနေအထားသို့ ပြန်လည်ရောက်ရှိသွားသည့်အခါတွင် အဖွား၊ မြေးနှင့် သတ္တဝါတို့သည် စဉ့်အိုးမှထွက်လာကြသည်။

အဖွားနှင့်မြေးတို့သည် နေ့စဉ်တောင်ယာသို့ သွားကြသည်။ တစ်နေ့သ၌ တောင်ယာခင်းဘေးတွင် ခွေးဟောင်သံကြားရသဖြင့် သွားကြည့်ရာတွင် ဥသုံးလုံးကို တွေ့ရပါသည်။ ထိုဥသုံးလုံးကို တောင်၊ ငုံး၊ ရစ်၊ လင်းတ၊ ဇီးကွက်တို့ကို ဝပ်ခိုင်းပါသည်။ သို့သော်လည်း ဥမပေါက်ချေ။ တစ်နေ့သ၌ အိပ်ပျော်နေစဉ် ဥတစ်လုံးပေါက်ပြီး ရေထဲကျ၍ မိကျောင်းဖြစ်သွားပါသည်။ တစ်လုံးမှာ ပေါက်လာပြီး မိုးကြိုးဖြစ်သွားပါသည်။ ကျန်တစ်လုံးမှာ ပေါက်လာပြီး ကျွဲဖြူမတစ်ကောင်ဖြစ်သွားပါသည်။ မြေးဖြစ်သူသည် ကျွဲဖြူမကို လိုက်ဖမ်းပြီး နွယ်ဖြင့်တုတ်နှောင်ကာ အိမ်သို့ဆွဲလာသည်။

မြေးဖြစ်သူသည် အရွယ်ရောက်လာသောအခါ ဖိုမဆက်ဆံရေး စိတ် ပေါက်လာသဖြင့် အဘွားဖြစ်သူကို ပြောပြသည်။ အဘွားက နို့ကိုက်လျှင် လက်နာတတ်သည်။ ပေါင်ထိလျှင် ခြေနာတတ်သည်ဟု ဆိုကာ ကျွဲဖြူမနှင့်ဆက်ဆံရန် ပြောပြသည်။ မြေးငယ်သည် ကျွဲဖြူမ နှင့်ဆက်ဆံ၍ ကျွဲဖြူမသည် သုံးနှစ်သန္ဓေလွယ်ပြီးနောက် ဘူးစေ့ သုံးစေ့ မွေးဖွားလာပါသည်။

အဘွားနှင့်မြေးတို့သည် ဘူးသုံးစေ့ကို မြေမှာချပြီး စိုက်ထား သည်။ ထိုဘူးစေ့မှ ဘူးပင်သုံးပင်ပေါက်လာပြီး တောင်ခုနစ်လုံး၊ ကုန်း ခုနစ်ကုန်း၊ တောခုနစ်တောကို နွယ်သွားပါသည်။ အနောက်ဘက်သို့ နွယ်သွားသောအပင်သည် လ၏အလင်းရောင်ကြောင့် သေသွား သည်။ အရှေ့ဘက်သို့ နွယ်သွားသောအပင်သည် နေ၏အပူရှိန် ကြောင့် သေသွားသည်။ တောင်ဘက်သို့ နွယ်သွားသောအပင်က အပွင့်ခုနစ်ပွင့် ပွင့်သည်။ ထိုအပွင့် ခုနစ်ပွင့်အနက် လိပ်ပြာငှက်တို့ ထိုးဆိတ်မှုကြောင့် ခြောက်ပွင့်ပျက်စီးသွားပြီး ကျောက်ကြားထဲတွင် ပွင့်သောအပွင့်တစ်ပွင့်သာ ကျန်ရှိသည်။ ထိုအပွင့်မှ အသီးတစ်လုံး သီးလာသည်။ တစ်နေ့တွင် အဘွားနှင့်မြေးတို့ တောင်ယာခင်းသို့ သွားကြရာတွင် လူသံကြားသဖြင့် သွားကြည့်သောအခါ ဘူးသီးတစ်လုံး ကို တွေ့ရှိရသည်။ ဘူးသီးကို ကျောက်ကြားမှဆွဲနုတ်ပြီး ခွဲရန်ဓားဖြင့် ရွယ်လိုက်သောအခါ အထဲမှ လူအော်သံကြားရ၍ မခွဲဖြစ်တော့ပေ။ ထို့ကြောင့် ခွဲရန်နေရာကို တစ်နေရာပြီးတစ်နေရာရွေးရာ လူအ တစ်ယောက်နေသည့်နေရာတွင် အတွင်းမှ လူသံမကြားရသဖြင့် ဓားဖြင့်ခွဲချလိုက်ရာ လူကိုထိပြီး သေဆုံးသွားသည်။ ထိုဘူးသီး အတွင်းမှ-

(၁) မို့ဘန်း
(၂) မို့ဘူး
(၃) မို့ဘင်း ဟူသော အမျိုးသမီးသုံးဦး ထွက်ပေါ်လာပါသည်။ ထိုအမျိုးသမီးများသည် ယနေ့ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်လျက်ရှိသော လူသားတို့၏မိခင်ကြီးများဖြစ်သည်ဟု ဆိုပါသည်။

* * *

အခန်း (၄)

# မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်း

ယင်းတလဲတိုင်းရင်းသားများအပါအဝင် ကယားမျိုးနွယ်စုများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းအခန်းတွင် ရှေးကယား လူကြီးသူမများ၏ အစဉ်အဆက် မှတ်တမ်းများဖြစ်သည့် သီချင်းကြီး များ၊ သားစဉ်မြေးမြစ် လက်ဆင့်ကမ်းလာခဲ့သော ရှေးစကားများအရ ဖော်ပြချက်များအပြင် မနုဿဗေဒသဘောအရ ယူဆချက်များကို ဖော်ပြလိုပါသည်။ လက်ရှိနယ်ပယ်များအတိုင်း ကယားဒေသနှင့် ကယားတိုင်းရင်းသားများ နေထိုင်နေကြသည်မှာ ပုဂံခေတ်မတိုင်မီက ဖြစ်ပါသည်။ ထို့ကြောင့် ထို့ထက် ရှေးကျသောအချိန်ကာလများမှ မှန်းဆချက်များ၊ မှတ်တမ်းများ၊ တစ်ဆင့်စကားများနှင့် ဒဏ္ဍာရီများကို ကိုးကားဖော်ပြပါမည်။

**ရှေးစကားများအရ ကယားတို့၏မူရင်းဒေသ**

ရှေးကယားတိုင်းရင်းသားလူကြီးသူမတို့၏စကားတို့တွင် ကယား လူမျိုးတို့ မည်သည့်နေရာမှ စတင်ပေါ်ထွက်ပေါက်ဖွားလာသည်ကို တိကျသေချာစွာ ဖော်ပြပါရှိခြင်း မရှိပါ။ သို့သော် ကယားလူမျိုးတို့

စတင်ပေါက်ဖွားရာဒေသအမည်မှာ မို့ဟိုင်ရှာ ဟုခေါ်ကြောင်းကိုမူ ဖော်ပြပါရှိပါသည်။ မို့ဟိုင်ရှာသည် ကမ္ဘာအပိုင်းသုံးပိုင်း ဆုံစည်းရာ နေရာတွင် ရှိသည်ဟု ဆိုကြသည်။

ကယားလူမျိုးတို့ မို့ဟိုင်ရှာတွင်နေထိုင်စဉ်က ဖူးကဖလိ အမည်ရှိသော အကြီးအကဲကအုပ်စိုးသည်။ ထိုအကြီးအကဲသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံကြောင်း၊ သူကိုင်စွဲသောလှံတော်ဖြင့် မြေကြီးကိုခြစ်ဆွဲလျှင် မြစ်၊ ချောင်း၊ ရေမြောင်းများဖြစ်သွားကြောင်း၊ သူစွဲကိုင်သော လေးတော်ဖြင့် မိုးကောင်းကင်သို့ ပစ်ခွင်းလျှင် မိုးကြိုးကျလာကြောင်း ဆိုကြသည်။

မို့ဟိုင်ရှာတွင်နေစဉ် လူဦးရေတဖြည်းဖြည်း တိုးပွားလာသဖြင့် အစားအစာရှားပါးလာသည်။ ထိုအချိန်တွင် ရောဂါဆိုး ကပ်ဆိုက်သဖြင့် လူအများအပြားသေဆုံးကုန်ကြသည်။ ထိုအခါ ဖူးကဖလိက ဆုတောင်း ပူဇော်ပွဲကျင်းပသဖြင့် လူတို့ ပြန်လည်ကျန်းမာလာပြီး ရောဂါဘယ ကင်းဝေးသွားသည်ဟု ဆိုသည်။

တစ်နေ့တွင် ဖူးကဖလိသည် ဘုရားသခင်နေထိုင်ရာ မိုးကောင်းကင်ထိမြင့်မားသော ဖူထို ခေါ် စင်ကြီးတစ်ခုကို တည်ဆောက်စေသည်။ ထိုစင်ကြီးကို နှစ်ပေါင်းအတန်ကြာ တည်ဆောက်ကြရသည်။ တစ်နေ့တွင် ကောင်းကင်မှ ငှက်ကြီးတစ်ကောင်ပျံဝဲလာပြီး စင်ကြီးကို တည်ဆောက်ခြင်းမှ ရပ်ဆိုင်းရန်နှင့် စင်ကြီးကိုဆက်လက် တည်ဆောက်လျှင် ကိုးရက်ပြည့်မြောက်သောနေ့၌ စင်ကြီးပြိုကျသွားလိမ့်မည်ဟု လာရောက်သတိပေးသွားသည်။ ထိုငှက်ကြီး လာရောက်သတိပေးသည့်စကားကို ဖူးကဖလိက လိုက်နာခြင်းမရှိဘဲ စင်ကြီးကို ဆက်လက်တည်ဆောက်စေသည်။ ဖူးကဖလိသည် စင်ပေါ်သို့တက်၍

လေးဖြင့် မိုးကောင်းကင်သို့ တစ်နေ့လျှင်သုံးကြိမ် ပစ်လွှတ်သည်။ ထိုသို့ ပစ်လွှတ်ရာ စင်ကြီး လှုပ်ခါသွားသည်ဟု ဆိုသည်။ ငှက်ကြီး လာရောက်သတိပေးသည့်အတိုင်း ကိုးရက်ပြည့်မြောက်သောနေ့တွင် စင်ကြီးပြိုကျသွားသည်။ လူတို့သည် စင်ကြီးပြိုကျရာမှ ထွက်ပေါ်လာသော ထုံးမှုန့်၊ ကျောက်မှုန့်၊ မြေမှုန့်များကို ရှူရှိုက်မိရာမှ တစ်ဦး၏ စကားကို တစ်ဦးက နားမလည်တော့ဘဲ ခိုက်ရန်ဖြစ်ပွားကြသည်။

ထိုသို့ အချင်းချင်းခိုက်ရန်ဖြစ်ပွားကြသည်ကို ဖူးကဖလိ တွေ့မြင်သောအခါ သူစွဲကိုင်သော လှံတော်ဖြင့် ကမ္ဘာမြေကြီးကို သုံးပိုင်းခွဲလိုက်သည်။ လူတို့ကိုလည်း သုံးစုခွဲလိုက်ပြီး တစ်စုကိုတစ်နေရာစီ သွားရောက်နေထိုင်စေသည်။

ကယားလူမျိုးတို့သည် မိသားစုကိုစုစည်းပြီး မို့ဟိုင်ရှာမှ ထွက်ခွာသွားကြသည်။ သူတို့သည် မို့ဟိုင်ရှာမှ အရှေ့ဘက်စူးစူး နေထွက်ရာ အရပ်သို့ ဦးတည်ပြီးထွက်ခွာလာကြသည်။ သူတို့ကို ဦးဆောင်ပြီး ခေါ်ဆောင်သွားသည့်အကြီးအကဲမှာ လဝီ ဖြစ်သည်။ လဝီသည် ကယားလူမျိုးတို့ကို ဦးဆောင်၍ အရှေ့ဘက်သို့ ဦးတည်ခေါ်ဆောင် သွားပါသည်။ လမ်းခုလတ်တွင် စခန်းတစ်ခုပြီးတစ်ခု စခန်းချပြီး ထွက်သွားကြသည်။ လမ်းခုလတ် စခန်းတစ်နေရာတွင် နေထိုင်ကြစဉ် မိုးပေါ်မှ မီးလုံးကျလာ၍ ကယားလူမျိုးအမြောက်အမြား သေဆုံးသွားကြသည်။ ထိုမီးလုံးကျလာသည့်နေရာတွင် ရေအိုင်ကြီးတစ်အိုင် ဖြစ်သွားသည်ဟု ဆိုသည်။

လဝီကွယ်လွန်ပြီးနောက် အယ်ဖာက ဦးဆောင်ပြီး ကယားလူမျိုးတို့ကို ဆက်လက်ခေါ်ဆောင်သွားသည်။ ခေါင်းဆောင်များ တစ်ဦးပြီး တစ်ဦး ဦးဆောင်ခေါ်ဆောင်သွားကြရင်း (၁၂) ဦးမြောက် ခေါင်းဆောင် ဖြစ်သော ကိုဗိုးဇွန်ကို လက်ထက်တွင် ကယားလူမျိုးတို့သည် မို့မာကို့

အမည်ရှိသောဒေသသို့ ရောက်ရှိသွားကြသည်။ မို့ဟိုင်ရှာမှ မို့မာကို့သို့ ရောက်ရှိသည်အထိ ကယားလူမျိုးတို့ကို ဦးဆောင်ခေါ်လာသည့် အကြီးအကဲတို့မှာ -

(၁) လဝီ
(၂) အယ်ဖာ
(၃) ဖာကီ
(၄) ဆုပွဖာ
(၅) မစ်ဆစ်
(၆) ဒါစွဲကလယ်
(၇) ယိုးဒွတ်ကိုး
(၈) သီလောတလို
(၉) သမူသဆား
(၁၀) ဘလိုသက်ကို
(၁၁) ကဲဖော်ဘယ်
(၁၂) ကိုဒိုးဇွန်ဇို တို့ဖြစ်ကြသည်။

**မို့မာကို့မှ ပြောင်းရွှေ့**

ရှေးကယားလူကြီးတို့၏ ဆိုစကားများအရ ကယားတို့သည် မို့မာကို့တွင် နှစ်ပေါင်းခုနစ်ရာကျော် နေထိုင်ခဲ့ကြသည်ဟု ဆိုသည်။ လူဦးရေ တဖြည်းဖြည်းတိုးပွားလာခြင်း၊ အစာရေစာရှားပါးလာခြင်း၊ အစာရေစာရှားပါးမှုကြောင့် အချင်းချင်း လုယက်ကြခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း စသည်တို့ဖြစ်ပွားခဲ့ကြသည်။ ကယားတို့သည် လယော်အမည်ရှိသော အစ်ကိုမိသားစုတို့နှင့် ခိုက်ရန်ဖြစ်ပွားကြသည်။ ထိုကဲ့သို့ ခိုက်ရန်ဖြစ်ပွားကြသဖြင့် ကယားတို့သည် မို့မာကို့မှ ထွက်ခွာလာကြပြီး

ရေကြည်ရာမြက်နုရာ စားကျက်ရှာဖွေရန်အတွက် တောင်ဘက်သို့ ဆင်းသွားကြသည်။ ၎င်းတို့ ထွက်ခွာရာလမ်းကြောင်းတစ်လျှောက်တွင် နောက်မှ လိုက်ပါလာမည့် မိသားစုများသိနိုင်ရန် သစ်ရွက်များဖြင့် လမ်းခင်းသွားကြသည်။ တောင်ဘက်သို့ တဖြည်းဖြည်း ဆင်းသွားပြီးနောက် စိကိ အမည်ရှိသောဒေသတွင် လာရောက်နေထိုင်ကြသည်ဟု ဆိုသည်။

ကယားတို့၏အဆိုအရ စိကိဒေသသည် တောတောင် အလွန်ထူထပ်သည်။ တောင်ယာပဲခင်းလုပ်ကိုင်စားသောက်ကြရသည်။ ထိုဒေသတွင် နေထိုင်ကြစဉ် မိုးရွာသွန်းမှုကြောင့် တောင်ပြိုကျလာပြီး တောင်ယာပဲခင်းများ ပျက်စီးကုန်သည်။ တောင်ယာပဲခင်းများ ပျက်စီးသွားသဖြင့် ကယားတို့ ငတ်မွတ်ခေါင်းပါးမှု ကပ်ဆိုက်ကြရပြန်သည်။ ထိုဘေးအန္တရာယ်မှ လွတ်ကင်းရန် စိကိမှ ထွက်သွားကြရသည်ဟု ဆို၏။

ကယားတို့ စိကိမှ ထွက်သွားတော့မည့်အခါတွင် အကြီးအကဲတစ်ဦးကို ရွေးချယ်ကြသည်။ ထိုသို့ ရွေးချယ်ရာတွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် တောင်ဖ အမည်ရှိသော ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ကြသည်။ ရွေးချယ်သည့် ထိုအကြီးအကဲကို ဒေသတွင် ဓောင်ကိုးလုံးရှိပြီး ဓောင်ကိုးလုံးအလယ်တွင် ရေကန်သုံးကန် ဗိုခုံလောက်သဏ္ဍာန်တည်ရှိသည့် ဒေသဖြစ်သည်။ တောင်ဖသည် အစွယ်သုံးဆုပ်ရှိသော ဝက်ကြီးကို ဖမ်းပြီးသတ်ဖြတ်နိုင်သော သူရဲကောင်းဖြစ်သည်ဟု ဆိုသည်။

တောင်ဖသည် ကယားလူမျိုးကိုဦးဆောင်ပြီး တောင်ဘက်သို့ ဆင်းသက်သွားသည်။ တရွေ့ရွေ့ပြောင်းရွှေ့သွားလာရင်း မို့တန်ဖ အမည်ရှိသောနေရာတွင် သွားရောက်နေထိုင်ကြသည်။ ထိုနေရာတွင်

ကယားတို့သည် ပုံအန်ကော အမည်ရှိသောမြို့ကို တည်ထောင်ပြီး နေထိုင်ကြသည်။ ကယားတို့စကားအရ ထိုဒေသတွင် ဘီလူးအလွန် ပေါများသည်ဟု ဆိုသည်။ မို့တန်ဖတွင် ကယားတို့သည် တောင်ယာ ပဲခင်းလုပ်ကိုင်ကြသည့်အပြင် ကျွဲ၊ နွားများကိုလည်း မွေးမြူကြကာ လယ်ယာလုပ်ငန်းတွင်လည်းကောင်း၊ ဝန်တင်ရာတွင်လည်းကောင်း အသုံးပြုကြသည်။

ကယားတို့၏ ပုံအန်ကောမြို့ကို ရန်သူများလာရောက်ပြီး အနှောင့်အယှက်မပြုနိုင်ရန် မြို့ပတ်လည်တွင် ကျုံးများကို တူးထား သည်။ ကျုံးထဲတွင် ဆူးငြောင့်ခလုတ်များ ထောင်ထားကြသည်။ ထိုသို့ ဆောင်ရွက်ထားခြင်းမှာ ရန်သူများဖြစ်သော တရုတ်လူမျိုး၏ ရန်ကို ကာကွယ်ရန်အတွက် ဖြစ်သည်ဟုဆို၏။ သို့သော် ထိုကဲ့သို့ အကာအကွယ်များ ပြုလုပ်ထားရှိသော်လည်း တရုတ်တို့၏ရန်ကို မတားဆီးနိုင်ခဲ့ကြပေ။ တရုတ်တို့သည် မြို့ကိုဖျက်ဆီးပြီး ကယားတို့ကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ဥစ္စာပစ္စည်းများ ကိုလည်း လုယက်သိမ်းဆည်းသွားကြသည်။ ကယားတို့၏အဆိုအရ ကယားတို့သည် အဖိုးတန်ပစ္စည်းများကို ဆံပင်ကြားတွင် ဝှက်ထားခဲ့ ကြပြီး တရုတ်တို့၏ ရန်မှ လွတ်ကင်းရန် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရ သည်ဟု ဆိုသည်။

ကယားတို့သည် တောင်ဘက်အရပ်သို့ ဆင်းသွားကြသည်။ နောက်မှလိုက်လာမည့်သူတို့ကို လမ်းပြသည့်အနေဖြင့် လမ်းခရီး တစ်လျှောက်တွင် သစ်ပင်များကိုချိုးပြီး ခင်းသွားကြသည်။ မို့တန်ဖမှ ထွက်သွားကြရာတွင် သံလွင် အမည်ရှိသော ချောင်းအတိုင်း ဆင်းသက်လာကြသည်။ နောက်မှလိုက်လာသူတို့ လမ်းသိနိုင်ရန် ငှက်ပျောပင်တို့ကိုခုတ်ပြီး သွားကြသည်။

ကယားတို့သည် သံလွင်ချောင်းအတိုင်းဆင်းလာပြီး မို့ကန်တုတ် အမည်ရှိသောအရပ်တွင် ဝင်ရောက်နေထိုင်ကြသည်။ မို့ကန်တုတ် အရပ်သည် တောတောင်အလွန်ထူထပ်သည်ဟု ဆိုသည်။ ကယားတို့ ပြောင်းရွှေ့သွားလာရာတွင် နွားများကို ဝန်တင်အဖြစ် အသုံးပြုကြ သည်ဟု ဆိုသည်။

ကယားတို့သည် မို့ကန်တုတ်တွင် နှစ်ပေါင်းအတန်ကြာနေထိုင် ပြီးနောက် တောင်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြသည်။ တောင်စွယ်တောင်တန်းများကို ဖြတ်ကျော်ကာ မို့ပိုင်း ဟု အမည် ရှိသောအရပ်တွင် သွားရောက်နေထိုင်ကြသည်။ မို့ပိုင်းတွင် နေထိုင် ကြစဉ် အစ်ကိုတော်စပ်သူ လယော် မိသားစုတို့က ညီဖြစ်သူ ကယား လူမျိုးကို ဖားစည်တီးပြီး တောကြိုတောင်ကြားအနှံ့ လိုက်လံရှာဖွေရာ မို့ပိုင်းတွင် ပြန်လည်တွေ့ဆုံကြသည်။ အစ်ကိုဖြစ်သူက ညီဖြစ်သူကို တရုတ်ပြည်သို့ပြန်လာပြီး အတူတကွ ပြန်လည်နေထိုင်ရန် တောင်းပန် သည်။ ညီဖြစ်သူ ကယားတို့သည် ပြန်လိုသည့်ဆန္ဒမရှိသည့်အတွက် အစ်ကိုက ဖားစည်တစ်လုံးပေးအပ်ကာ ပြန်သွားသည်ဟု ဆိုသည်။

ကယားတို့သည် မို့ပိုင်းတွင် နေထိုင်ကြစဉ်တွင် ကျောက်ပုတီး၊ ပယင်းများကိုသွေး၍ လည်ဆွဲတန်ဆာအဖြစ် အသုံးပြုကြသည်။ ကယားလူမျိုးတို့သည် ရှမ်းလူမျိုးတို့နှင့် မို့ပိုင်းတွင် တွေ့ဆုံကြသည်ဟု ဆိုသည်။ မို့ပိုင်းသို့ရောက်လာသည်အထိ ကယားတို့သည် ဝက်သား စားသုံးခြင်းမရှိဟု သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် ဝက်သားစား ပါက ဘုန်းတန်ခိုးများ ကွယ်ပျောက်ပြီး ရောဂါဘယများ စွဲကပ်တတ် သည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ရှမ်းလူမျိုးတို့သည် ကယားလူမျိုးတို့ကို ဝက်သားအတင်းစားစေသည်ဟု ဆိုသည်။

**မြန်မာပြည်သို့ ဝင်ရောက်လာပုံ**

ရှမ်းလူမျိုးတို့၏ ဩဇာလွှမ်းမိုးမှုဒဏ်ကို ကယားတို့မခံနိုင်သဖြင့် မို့ပိုင်းမှ ထွက်ခွာသွားကြသည်။ ကယားတို့သည် တောင်ဘက်သို့ ဆင်းသွား၍ မြန်မာပြည်တွင်းသို့ ဝင်လာကြသည်။ ထို့နောက် မြန်မာနိုင်ငံ အထက်ပိုင်းတစ်နေရာတွင် သွားရောက်နေထိုင်ကြသည်။ ထိုနေရာကို ကယားတို့က ဟိုထဲလယ် ဟု ခေါ်သည်။

မို့မာကို့မှ ဟိုထဲလယ်သို့ရောက်ရှိသည်အထိ ထွက်ခွာလာရာ ခရီးလမ်းတစ်လျှောက်တွင် အကြီးအကဲများ၊ ဘိုးဘွားဘီဘင်များ၊ ဆွေမျိုးမိသားစုများ သေဆုံးခဲ့ကြသည်။ ဟိုထဲလယ်တွင် ဝင်ရောက်နေထိုင်သည့်အခါ တိုင်းပြည်အေးချမ်းသာယာသဖြင့် ရှေးအခါက ကျင်းပခဲ့ကြသော ကူထိုးဘိုးကို စိုက်ထူကာ ပူဇော်ဆုတောင်းပွဲများ ကျင်းပကြသည်။ ကွယ်လွန်သွားခဲ့သော ပုဂ္ဂိုလ်များအတွက် ရည်စူးပြီး ပူဇော်ပွဲများကိုလည်း ကျင်းပကြသည်။

ဟိုထဲလယ်တွင် နေထိုင်ကြစဉ် တိုင်းပြည်အေးချမ်းသာယာလှသဖြင့် ကယားတို့သည် ရွှေနန်းတော်ကို တည်ဆောက်ကြသည်။ ထိုဒေသတွင် နှစ်ပေါင်းများစွာ နေထိုင်လာသည့်အခါ ရှမ်းလူမျိုးတို့၏ ဝင်ရောက်အနှောင့်အယှက်ပြုခြင်းခံရသည်။ ထို့ကြောင့် ရှမ်းနှင့်ကယားတို့ စစ်မက်ဖြစ်ပွားကြသည်။ ထိုစစ်ပွဲတွင် ရှမ်းတို့က သံတုတ်၊ သံဓားတို့ကို အသုံးပြုကြသည်။ ကယားတို့သည် လက်နက်အဖြစ် ကြိမ်လုံးကိုသာ အသုံးပြုကြသည်။ ကယားတို့သည် သစ်ပင်၊ ဝါးပင်တို့ကို အကာအကွယ်ယူပြီး ရှမ်းတို့ကို ကြိမ်လုံးဖြင့်ရိုက်သည်။ ထိုစစ်ပွဲတွင် လက်နက်ချင်းမမျှသဖြင့် ကယားတို့ အရေးနိမ့်သွားကာ ဟိုထဲလယ်မှ ထွက်ခွာသွားကြရသည်။

ကယားတို့သည် ဟိုထဲလယ်မှထွက်ခွာ၍ တောင်ဘက်သို့ဆင်း သွားကြသည်။ စကုစကန့် အမည်ရှိသောအရပ်တွင် သွားရောက် နေထိုင်ကြသည်။ ထိုအရပ်တွင် ကယားတို့သည် မြေအိုးမြေခွက်များကို ပြုလုပ်သုံးစွဲခဲ့ကြသည်ဟု ဆိုသည်။ ကယားတို့သည် စကုစကန့်တွင် နှစ်ပေါင်းများစွာနေထိုင်ပြီးနောက် တောင်ဘက်သို့ ဆက်လက်ထွက်ခွာ သွားကြသည်။ ထိုသို့ဆင်းလာရင်း ပင်လယ်ကမ်းစပ်တစ်နေရာသို့ ရောက်ရှိသွားခဲ့ကြသည်။ ထိုနေရာရောက်သောအခါတွင်မှ ကယား တို့သည် ငါးကြီးနှင့်မိကျောင်းတို့ကို တွေ့ရသည်ဟု ဆိုသည်။

ကယားတို့သည် ပင်လယ်ကမ်းစပ်တွင် နှစ်ပေါင်းများစွာ နေထိုင် ကြသည်။ ထိုအရပ်ကို မို့တကုတ် ဟုခေါ်သည်။ မို့တကုတ်တွင် နေထိုင်ကြစဉ် ကယားတို့သည် တောလိုက်ရာမှ တောထဲတွင် ရွှေ မြစ်ပင်ကို တွေ့ရှိခဲ့ကြသည်။ ထိုရွှေမြစ်အကြောင်း အခြားလူမျိုးများ ကို မပြောပြရန် တားမြစ်ထားသည်။ တစ်နေ့တွင် ကယားတို့ တော ကောင်လိုက်ရာမှ ရလာသောအသားများကို အညီအမျှပေးဝေကြစဉ် မုဆိုးမတစ်ဦးကို ဝေပုံပေးရန် မေ့ခဲ့သည်။ ထိုမုဆိုးမသည် စိတ်ဆိုးပြီး ရွှေမြစ်အကြောင်း ဗမာလူမျိုးကို ပြောပြခဲ့သည်။ ရွှေမြစ်ပိုင်ဆိုင်ခြင်း နှင့်ပတ်သက်၍ ဗမာတို့နှင့် ခိုက်ရန်ဖြစ်ပွားပြီး စစ်တိုက်ကြသည်။ ထိုစစ်ပွဲတွင် ကယားတို့အရေးနိမ့်သွားသဖြင့် မို့တကုတ်မှ ထွက်ခွာသွား ကြပြီး ပလယ်တာအမည်ရှိသော အရပ်ဒေသသို့ သွားရောက်နေထိုင် ကြသည်။ ပလယ်တာတွင် နေထိုင်ကြစဉ် လွန်ခဲ့သောနှစ်ပေါင်း များစွာက ကွဲကွာသွားခဲ့သည့် ပအိုဝ်းလူမျိုးတို့နှင့် သထုံဟူသောအရပ် တွင် ပြန်လည်တွေ့ဆုံကြသည်။ နှစ်ဦးနှစ်ဖက်စလုံးက ဝမ်းမြောက် ဝမ်းသာကြသဖြင့် ခုနစ်ရက်ခုနစ်ည ပွဲကျင်းပကြသည်ဟုဆိုသည်။

ကယားတို့သည် ပအိုဝ်းတို့နှင့်အတူ နှစ်ပေါင်းများစွာ နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ သို့သော် ဗမာလူမျိုးတို့၏ရန်ကြောင့် ထိုဒေသမှ ထွက်ခွာသွားကြရပြန်သည်။ ကယားတို့သည် မြစ်ကြီးတစ်ခုကို ကျော်ဖြတ်ရန် တံတားထိုးကြသည်။ မြစ်အရှေ့ဘက်သို့ အချို့ကူးသွားနိုင်ကြသော်လည်း တံတားပြိုကျသွားသဖြင့် မြစ်အနောက်ဘက်တွင် အချို့ကျန်ရစ်ကြသည်ဟု ဆိုသည်။

**ကရင်နီတောင်တန်းသို့ ဝင်ရောက်လာခြင်း**

ကယားနှင့် ပအိုဝ်းတို့သည် ဗမာလူမျိုးတို့၏ရန်ကြောင့် သထုံမှ ထွက်ခွာသွားပြီး မြောက်ဘက်သို့ ဆန်တက်ကြသည်။ သုံးလကြာသည့်အခါ တာအူ သို့ရောက်လာကြသည်။ ကယားတို့သည် တာအူတွင် နှစ်ပေါင်းများစွာ နေထိုင်ကြသည်။ တာအူတွင် လယ်ယာကို လုပ်ကိုင်စားသောက်ကြသည်ဟု ဆိုသည်။ တာအူတွင် နေထိုင်ကြစဉ် ရှမ်းလူမျိုးတို့က ဝင်လာပြီး အနှောင့်အယှက်ပြုကြသည်။ ရှမ်းတို့သည် ကယားလူမျိုးတို့ကို ဖမ်းဆီးပြီး ရေကန်များကို တူးဖော်စေသည်။ ရေကန်များတူးဖော်ရာတွင် ကယားတို့၏ကလေးများ စတေးခြင်းခံရသည်။ ထိုဘေးရန်ကြောင့် ကယားလူမျိုးသည် တာအူမှ ထွက်ခွာပြီး ငထွန်သ အမည်ရှိသောဒေသသို့ သွားရောက်နေထိုင်ကြသည်။

ကယားတို့သည် ငထွန်သတွင် ကြာရှည်စွာမနေနိုင်ဘဲ တောင်စွယ်တောင်တန်းဒေသသို့ သွားရောက်နေထိုင်ကြရန် ကြံရွယ်ကြသည်။ ထို့ကြောင့် လူစုနှစ်စုခွဲပြီး တစ်စုက အရှေ့ဘက်၊ ကျန်တစ်စုက မြောက်ဘက်သို့ သွားကြသည်။ အရှေ့ဘက်လမ်းကြောင်းအတိုင်း သွားသောလူမျိုးစုများသည် တောင်တန်းများကို ဖြတ်ကျော်လာရင်း သဲလဲမို့ကွန် အမည်ရှိသောအရပ်သို့ ရောက်လာကြသည်။ သဲလဲမို့ကွန်

သည် ဖားဆောင်းမြို့ တောင်ဘက် ခဲမဖြူအရပ်တွင်ရှိသည်ဟု ဆိုသည်။

ထိုအရပ်မှနေ၍ ထူးချောင်းနှင့်ပွန်ချောင်းအကြားရှိ လမ်းကြောင်းအတိုင်း အထက်သို့ ဆန်တက်ကြသည်။ ကယားလူစုသည် ကေးလျား အထိ ဆန်တက်ကြသည်။ ကယောနှင့်မိုနုတို့သည် ထူးချောင်းမြစ်ဖျား ဘက်သို့ ဆန်တက်ကြသည်။ ယင်းတလဲတို့သည် ဖားဆောင်းတွင် ကျေးရွာတည်ထောင်ပြီး နေထိုင်ကြသည်။ ကယား၊ ကယန်းနှင့် ပအိုဝ်း တို့သည် ပွန်ချောင်းအတိုင်း မြောက်ဘက် ငွေတောင်လွင်ပြင်သို့ ဆက်လက်ဆန်တက်သွားကြသည်။

မြောက်ဘက်လမ်းကြောင်းတွင်ပါဝင်သော အစုတို့သည် လုံဒူဟော၊ ငါဒူဟော၊ ခဲခေါ၊ မော်တာ စသော အရပ်တွင် ဝင်ရောက်လာပြီး နောက်ဆုံးတွင် နောင်ပုလဲနယ်သို့ ဝင်ရောက်နေထိုင်ကြသည်။

**ဒီးမော့ဆိုတောင်တော်**

ကယားတို့သည် ငွေတောင်လွင်ပြင်သို့ရောက်ကြသည့်အခါ ဒီးမော့ဆိုတောင်ကို တွေ့မြင်ကြသည်။ ဤတောင်သည် ရှေးလူကြီးတို့၏ဆိုစကားအရ မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးတို့ ချက်ကြိုးဖြင့် ဆက်သွယ်သော တောင်တော်ဖြစ်သည်ဟု ယူဆကြသည်။ ဤအရပ်ဒေသတွင် အေးချမ်းသာယာမည့် တိုင်းပြည်တည်ထောင်နိုင်ပြီဟု ယုံကြည်ကြသည်။ သေဆုံးသောသူတို့၏ဝိညာဉ်တို့သည်လည်း ဤတောင်တော်တွင် ရောက်ရှိစုရုံးကြသည်ဟု ယုံကြည်ကြသည်။

ဒီးမော့ဆို ဆိုသည်မှာ ဒီး= ချက်၊ မော့= မိုးကောင်းကင်၊ ဆို= တောင် ဖြစ်သည်။ ဒီးမော့ဆိုတောင်တော်ကို ရှမ်းတို့က လွိုင်ငိန်းဟုခေါ်သည်။ လွိုင်= တောင်၊ ငိန်း= ငွေ ဖြစ်သဖြင့် ငွေတောင်ဖြစ်ပါသည်။

**ကယားနှင့်ပအိုဝ်းခွဲခွာသွားပုံ**

ကယားနှင့်ပအိုဝ်းတို့သည် ငွေတောင်လွင်ပြင်ပတ်ဝန်းကျင်တွင် အတူတကွနေထိုင်ခဲ့ကြဖူးသည်ဟု ဆိုသည်။ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တောကောင်များကို လိုက်ကြသည်။ တစ်နေ့သ၌ ပအိုဝ်းတို့ တောလိုက်ရာတွင် ဆင်တစ်ကောင်ကိုရသည်။ ဆင် အသားကို ညီတူညီမျှခွဲဝေကြသည်။ နောက်တစ်နေ့တွင် ကယားတို့ တောလိုက်ရာ ဖြူတစ်ကောင်ကို ရလာသည်။ ဖြူသားကိုလည်း ညီတူညီမျှ ခွဲဝေကြသည်။ သို့သော် ပအိုဝ်းတို့ ကယားတို့အပေါ် မကျေမနပ်ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဖြူအမွေးနှင့် ဆင်အမွေးမှာ အဆမတန် ကွာသည်။ ဖြူ၏အမွေးတုတ်သော်လည်း အကောင်သေးသည်ကို ပအိုဝ်းတို့ မသိသဖြင့် ပအိုဝ်းတို့ စိတ်ထဲတွင် ကယားတို့က ၎င်းတို့ကို မျှမျှတတခွဲဝေပေးခြင်းမဟုတ်ဟု ယူဆကြသည်။ ဤဖြူသား ခွဲဝေပေးမှုကြောင့် ပအိုဝ်းတို့သည် ကယားတို့နှင့် ခွဲခွာသွားခဲ့သည်။

ကယားတို့သည် ပအိုဝ်းတို့ ထွက်မသွားရန် အမျိုးမျိုးတောင်းပန်ကြသည်။ သို့သော် ပအိုဝ်းတို့က မကျေနပ်ဘဲ ထွက်ခွာသွားကြသည်။ လယ်ယာလုပ်ငန်းတွင်အသုံးပြုသော ဓား၊ ပေါက်ပြား၊ ထယ်သွားတို့ကို ပအိုဝ်းတို့က နှစ်စဉ်ပြုလုပ်ပေးသည်။ ထို့ကြောင့် ကယားတို့က ပအိုဝ်းတို့ ထေးလံသည့်အရပ်သို့မသွားကြရန် တောင်းပန်ကြသည်။ ပအိုဝ်း တို့က ကယားတို့ အသုံးပြုသည့် ဓား၊ ပေါက်ပြား၊ ထယ်သွားများကို တစ်နှစ်တစ်ခါလာပြီး ပြုလုပ်ပေးပါမည်ဟု ကတိပေးခဲ့သည်။ ကယား တို့သည် ပအိုဝ်းတို့ကို ကောင်းအီး အမည်ရှိသော အရပ်အထိ လိုက်ပို့ခဲ့ကြသည်ဟု ဆိုသည်။

ကယားလူမျိုးတို့သည် လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၃၀၀ ကျော်ခန့်က လက်ရှိ ကယားပြည်နယ်ဒေသို့ ဝင်ရောက်လာခဲ့ကြသည်။ ကရင်နီလူမျိုးစုသည် ပွန်ချောင်းနှင့်ထူးချောင်းအကြားရှိ လမ်းကြောင်းအတိုင်းဆန်တက်ကြပြီး ပန်ကွဲ၊ နန်းဖဲတို့မှတစ်ဆင့် ကေးလျားသို့ဝင်လာသည်။ မနုမနောနှင့် ပရဲလူမျိုးစုသည် ထူးချောင်းအတိုင်းဆန်တက်ကြသည်။ ပရဲလူမျိုးစုသည် ထူးချောင်းအထက်ပိုင်းဒေသတွင်လည်းကောင်း၊ မနုမနောလူမျိုးစုသည် ထူးချောင်းအောက်ပိုင်းဒေသတွင်လည်းကောင်း အသီးသီးသွားရောက်နေထိုင်ကြသည်။ ယင်းတလဲလူမျိုးစုသည် အထက်သို့ မဆန်တော့ဘဲ ပွန်ချောင်းအတိုင်း ဆန်တက်ကြပြီး ဘောလခဲပတ်ဝန်းကျင်ဒေသတွင် သွားရောက်နေထိုင်ကြသည်။

ဤလူမျိုးစုများအနက် ကရင်နီလူမျိုးစုသည် အင်အားအများဆုံးဖြစ်သည်။ ကရင်နီလူမျိုးစုသည် လူဦးရေတဖြည်းဖြည်းများလာသည့်အခါ ကေးလျားပတ်ဝန်းကျင်ဒေသနှင့် ငွေတောင်လွင်ပြင်များသို့ ပျံ့နှံ့နေထိုင်ကြသည်။ ထိုမှတစ်ဆင့် နောင်ပုလဲ၊ နန်းမယ်ခုံ၊ ဖယ်ခုံ၊ လွိုင်ကော်နှင့် ရှားတော စသောဒေသများသို့ ပျံ့နှံ့နေထိုင်ကြသည်။

ကယန်းလူမျိုးစုဟုခေါ်သော ပဒေါင်ခေါင်းတို၊ ယင်းဘော်နှင့်ဂေခိုလူမျိုးစုတို့သည် ရီလုံ၊ ရီကံ၊ ရီခွဲ့၊ ရီစူနှင့် ရီစိဟုခေါ်သောအိမ်ထောင်မိသားစု ငါးစုသတ်မှတ်ပြီး ကယားပြည်နယ်သို့ ဝင်ရောက်လာကြသည်။ ရီစူမိသားစုမှ ပေါက်ပွားလာသောလူမျိုးကို ကယန်းကငန် ဟူ၍လည်းကောင်း၊ ရီစိမိသားစုမှပေါက်ပွားလာသောလူမျိုးကိုဂေခို ဟူ၍လည်းကောင်း၊ ရီလုံ၊ ရီကံနှင့် ရီခွဲ့မိသားစုတို့မှ ပေါက်ပွားလာသောလူမျိုးကို ကယန်းကခေါင်း ဟူ၍လည်းကောင်း၊ လထာမိသားစုမှပေါက်ပွားလာသောလူမျိုးကို ခေါင်းတိုဟူ၍လည်းကောင်းသတ်မှတ်ထားပါသည်။

ရိလုံ၊ ရိကုံ၊ ရိန္ဒဲ့နှင့် လထာမိသားစုဝင်တို့သည် မြောက်ဘက်သို့ ဆန်တက်ကြပြီး နောင်ပုလဲနယ်သို့ ဝင်ရောက်နေထိုင်ကြသည်။ နောင်ပုလဲဒေသတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး နှစ်ပေါင်းများစွာ နေထိုင်ကြသည်။ ထိုမျိုးစုတို့ နောင်ပုလဲတွင်နေထိုင်ကြစဉ် ရှမ်းလူမျိုးတို့၏ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံရသည်။ ရှမ်းလူမျိုးနှင့် စစ်ဖြစ်ကြပြီးနောက် စစ်ဘေးမှကင်းလွတ်ရန် နောင်ပုလဲဒေသ အနောက်ဘက် တောင်တန်းဒေသသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ လူဦးရေတိုးပွားလာသည့်အခါ ဖယ်ခုံ၊ ပင်လောင်း စသည့်ဒေသသို့ သွားရောက်နေထိုင်ကြသည်။

ရိစိ မိသားစုဝင် ဂေခိုလူမျိုးစုသည် သောက်ရေခပ်ချောင်းအတိုင်း ဆန်တက်ကြပြီး ထိုချောင်းသို့စီးဝင်လာသော ချောင်းငယ်များဒေသတွင် နေထိုင်ကြသည်။ ၎င်းတို့နေထိုင်သည့်ဒေသကို တောင်တန်းသုံးသွယ်၊ ကယ့် အမည်ရှိသော ချောင်းခုနစ်ချောင်း၊ မိုဝ့် အမည်ရှိသော ချောင်းခုနစ်ချောင်းတို့ တည်ရှိရာဒေသတွင် သတ်မှတ်သည်။

တောင်တန်း (၃) သွယ်မှာ -

(၁) လခုတ်တောင်တန်း

(၂) ကလိုက်တောင်တန်း

(၃) ဘကာစွန်တောင်တန်း တို့ဖြစ်ကြသည်။

ကယ့် အမည်ရှိသော ချောင်း (၇) သွယ်မှာ -

(၁) ကယ့်ချော

(၂) ကယ့်ကလိုး

(၃) ကယ့်ဆု

(၄) ကယ့်ထေး

(၅) ကယ့်ဆန်း
(၆) ကယ့်ဆူး
(၇) ကယ့်စော တို့ဖြစ်ကြသည်။
မိုင့် အမည်ရှိသော ချောင်း (၇) သွယ်မှာ
(၁) မိုင့်လမေ့
(၂) မိုင့်လဖား
(၃) မိုင့်သလိန်
(၄) မိုင့်သလိုင်း
(၅) မိုင့်ကူ
(၆) မိုင့်လာ
(၇) မိုင့်လကွာ တို့ဖြစ်ကြသည်။

ဂေခို တို့သည် ၎င်းလူမျိုးစုကို လဟွယ်၊ ရှူးသောင်း နှင့် မူထယ်-သခေါင်း ဟူ၍ မိသားစုသုံးစုခွဲပြီး နေထိုင်ကြသည်။ နောင်အခါတွင် လူဦးရေတိုးပွားလာ၍ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီးမော့ဆို စသော ဒေသများသို့ သွားရောက်နေထိုင်ကြသည်။

**ကယားလူမျိုးနှင့် မှတ်တမ်းများ**

ကယားတိုင်းရင်းသားလူမျိုးတို့တွင် ကိုယ်ပိုင်စာပေအရေးအသား မရှိပါ။ ယင်းလူမျိုးအကြောင်းကို မိမိကိုယ်တိုင် လူမျိုးခြားစာပေဖြင့် ရေးမှတ်ထားခြင်းလည်းမရှိပါ။ လူမျိုးခြားတို့က ၎င်းတို့၏စာပေဖြင့် ကယားလူမျိုးအကြောင်း မှတ်တမ်းတင်ထားရှိသည်ကိုသာ တွေ့ရှိရပါသည်။ ယခင်က ကယားလူမျိုးကိုလည်း သီးခြားမဟုတ်ဘဲ ကရင်လူမျိုးစာရင်းတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ကယားသမိုင်းကို လေ့လာရာတွင် ကရင်သမိုင်းကို ပယ်ထားပါက မပြည့်စုံသကဲ့သို့ ကရင်သမိုင်းကို လေ့လာရာတွင်လည်း ကယားသမိုင်းကို ပယ်ထားပါက ပြီးပြည့်စုံမည်မဟုတ်ပါ။

၁၉၁၁ ခုနှစ်၊ မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင် ကရင်လူမျိုးများကို

(၁) စကော

(၂) ပိုး

(၃) ဘွဲ့ ဟူ၍ (၃) မျိုးရှိကြောင်း ဖော်ပြထားပါသည်။

၁၉၂၁ ခုနှစ်၊ သန်းခေါင်စာရင်းတွင် ကရင်လူမျိုး (၆) မျိုးစာရင်း၌ ကယားလူမျိုးဖြစ်သော

(၁) ပဒေါင်

(၂) ကရင်နီ

(၃) ဇယိမ်း (ခေါင်းတို) တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ထိုကာလနောက်ပိုင်း သန်းခေါင်စာရင်းတွင် ကရင်လူမျိုး (၁၇) မျိုး စာရင်း၌ ကယားလူမျိုးဖြစ်ကြသော

(၁) ကရင်နီ

(၂) ပဒေါင်

(၃) ယင်းဘော်

(၄) ဂေခို

(၅) ဂေပါး

(၆) ယင်းတလဲ

(၇) ပရဲ့

(၈) ဇယိမ်း (ခေါင်းတို) တို့ကို ဖော်ပြထားပါသည်။

ထိုကယားလူမျိုးစု (၈) မျိုးသည် ကယားတိုင်းရင်းသားလူမျိုး ဖြစ်ကြသည်။ ထိုလူမျိုးနှင့်ပတ်သက်၍ သုတေသီတို့က ရှုထောင့် အမျိုးမျိုးမှ မိမိ၏ထင်မြင်ယူဆချက်များကို တင်ပြထားကြသည်။

မစ္စတာတေလာအမည်ရှိသော သုတေသီသည် ကရင်လူမျိုးကို-

(၁) လွင်ပြင်ကရင်

(၂) တောင်ပေါ်ကရင်ဟူ၍ (၂) စု ခွဲခြားထားပြီး တောင်ပေါ် ကရင်အစုကို

(၁) ပရဲ့အစုငယ်

(၂) ပဒေါင်အစုငယ်

(၃) ကရင်အစုငယ် ဟူ၍ (၃) စုခွဲပြီး လေ့လာခဲ့သည်။

အဆိုပါ တောင်ပေါ်ကရင်အစုဝင်တို့သည် လွင်ပြင်ကရင်အစု များဖြစ်သော ပိုး၊ စကောတို့နှင့် အသွင်မတူဘဲ မွန်ခမာအနွယ်ဝင် ပလောင်၊ ဝ တို့နှင့် နီးစပ်သည်ဟု တင်ပြထားပါသည်။

မေဂျာဂရင်းဟုဆိုသောပုဂ္ဂိုလ်က တောင်ပေါ်ကရင်ဟု သတ်မှတ် သော ကရင်နီလူမျိုးသည် ဝ လူမျိုးမှ ဆင်းသက်လာသည်ဟု ယူဆရ သော ယန်းလံ၊ ယန်းဆတ်၊ (ယင်းကြား၊ ယင်းနက်) တို့နှင့် အနွယ်တူ သည်ဟု တင်ပြထားပါသည်။

ဗိုလ်မှူးဘရှင်က ကရင်လူမျိုးတို့သည် နောက်မှဝင်လာသော မွန်ဂို၏အနွယ်ဝင်များနှင့် နီးစပ်အသွင်တူ၍ တောင်ပေါ်ကရင်တို့မှာ ရှေးကျလှသော ဩစတြစ်အနွယ်ဝင်စကားကိုပြောဆိုသော မွန်ဂို မဟုတ်သောလူမျိုးများနှင့် နီးစပ်ကြောင်း၊ တောင်ပေါ်ကရင်ဟုဆိုကြ သော ကရင်နီခေါ် ကယားလူမျိုးသည် လွင်ပြင်ကရင်နှင့် အသွင်အား ဖြင့် မတူညီသော ပြည်ထောင်စုသားဖြစ်သည်ဟု ဖော်ပြထားပါသည်။

အမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာပြု ဒေါက်တာဖရန်းစစ်မေဆန်က ကရင်လူမျိုးများသည် ဟီဘရူး (Hebrew) လူမျိုးနှင့် ဆက်နွှယ်ပြီး ပျောက်ဆုံးနေသော ဟီဘရူးအနွယ်ဝင်ဖြစ်သည်ဟု တင်ပြထားသည်။ မေဆန်ကပင် ကရင်ဘာသာစကားတွင် အရင်းအမြစ်ကျသော စကား (၈၈)လုံးကိုလေ့လာရာ၌ (၁၆) လုံးမှာ ထိုင်း၊ (၁၁) လုံး မှာ တရုတ်၊ (၁၁) လုံးမှာ မြန်မာ၊ (၃) လုံးမှာ ဘိုးသျှန်း၊ (၃) လုံးမှာ ဆင်ဘူး၊ (၃) လုံးမှာ အင်ဒိုဥရောပနှင့်နီးစပ်သည်။ ကရင်ဘာသာစကားသည် ထိုင်း၊ တရုတ်စကားနှင့် နီးစပ်တူညီအားကောင်းခြင်းကြောင့် ကရင်လူမျိုးသည် တရုတ်လူမျိုး၏ အကိုင်းအခက်တစ်ခုဖြစ်သည်ဟု တင်ပြထားသည်။

၁၉၁၆ ခုနှစ် မြန်မာနိုင်ငံ ရှေးဟောင်းကျောက်စာသုတေသနအစီရင်ခံစာတွင် ကရင်လူမျိုးများကို မြန်မာ့သမိုင်းတွင် ဖော်ပြထားသော ကမ်းယံလူမျိုးနှင့်လည်းကောင်း၊ ယူနန်နယ်ရှိ ယောင် (Yao) နှင့် မိယော (Miao) နှင့်လည်းကောင်း မျိုးနွယ်တူကြောင်း ဖော်ပြထားပါသည်။

မစ္စတာကရော့ဆိုသည့် သာသနာပြုပုဂ္ဂိုလ်က ကယားတို့သည် မုတ္တမကျွေ့တွင် နေထိုင်သော မူလတိုင်းရင်းသားများ ဖြစ်သည်ဟု တင်ပြထားပါသည်။

ကရင်ဟူသောအမည်သည် မြန်မာတို့က ကရင် တိုင်းရင်းသားလူမျိုးကိုခြုံ၍ခေါ်သောအမည်ဖြစ်သည်။ ရှေးအခါက မြန်မာပြည်သို့ဝင်ရောက်နေထိုင်ခဲ့သော ပျူ ကမ်းယံ၊ သက် ဟူသော လူမျိုးသုံးမျိုးတွင် ကမ်းယံဟုဆိုသော လူမျိုးအမည်မှ ကရင်ဟူသောအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်ဟု ဆာအာသာဖယ်ယာက တင်ပြပါသည်။

အချို့သုတေသီများသည် ဘော်နီယိုကျွန်း ဆာရာဝပ်နယ်ရှိ ကယန်းလူမျိုးသည် ကရင်အနွယ်ဝင်ဖြစ်သည်ဟု ဆို၏။

ကရင်လူမျိုးတို့နှင့်စပ်လျဉ်း၍ နေမိဘုံခန်းပျို့တွင် -

**"ပုဏ္ဏစကြာ၊ စွမ်ခွံပတီ၊ ဇော်ဂျီကြန်ဘန်၊ သုတ်တန်ပင်ကာ၊ ကျဉ်းဥဟာနှင့် ဩအင်စုံခင်၊ ကရင်၊ ကသည်း၊ မျက်နှာမည်းသို့၊ သက်ကျဉ်းစည်တိုင်၊ သူရှိသူတဲ့၊ နားပဲ့သူလောင်၊ ပလောင်လဝ၊ မန္တပ္ပနှင့် မကွရာသီ၊ ဝေနရီတို့၊ ဇော်ဂီသထုံ၊ ပြူပြုံလမြင်၊ ကရင်၊ မနေ၊ လဟုဘက်ရွာ၊ သက်သာ၊ ကမ်းယံ"** ဟူ၍လည်းကောင်း၊ **"ထားဝယ် ဇော်ဂီ၊ ပတပသီနှင့်၊ ရှထဲရှိန်းတူ၊ တရုတ်ဖြူကာ၊ မတူမသာ၊ ဗျာပါစင်ကျုံ၊ ကျုံထံပြောကျွန်း၊ ကယမ်ဖြူမြို့၊ သထုံတလိုင်း၊ စည်းတိုင်းသက်သာ"** ဟူ၍လည်းကောင်း၊ **"ဦးပြည်းဦးသက်၊ ဗြဟ္မာလက်နှင့်၊ လဟက်မနေ၊ တဟု၊ ကရင်၊ ထမြင်သူဘယ်၊ နားငယ်နားကြီး၊ တသီးဩအာ၊ မယ်သံပံတွဲ၊ အင်းတဲ့သူဘ၊ ပလောင်စကား"**ဟူ၍လည်းကောင်း စပ်ဆိုထားခဲ့သည်။

မုံရွေးဆရာတော်၏ရေးမှတ်တမ်းတွင် **"ဗြဟ္မာသက်၊ ရခိုင် ထားဝယ်၊ ပရယ်တောင်သူ၊ မြုံသက်နှင့် ကမ်းယံ"** ဟူ၍လည်းကောင်း၊ ဘားရွှေတောင်ဝန်ကြီး မင်းမဟာမင်းထင်ရာ မှတ်တမ်းတွင် **"မြန်မာသက်၊ ရခိုင်ထားဝယ်၊ ပြော့တောင်သူပျူသက်၊ ကမ်းယံ"** ဟူ၍လည်းကောင်း၊ မဟာမင်းလှသင်္ခယာ၏မှတ်တမ်းတွင် **"မြန်မာကြီးမြန်မာငယ်၊ ပရယ်၊ တောင်သူ၊ ပြုမ်းသက်၊ ကမ်းယံ"** ဟူ၍လည်းကောင်း အသီးသီးဖော်ပြထားကြသည်။

တရုတ်လူမျိုးတို့က ကရင်လူမျိုးကို ယန် ဟုခေါ်သည်။ တရုတ်နိုင်ငံအနောက်ပိုင်း ကိုကိုနောရေအိုင်တစ်ပိုက်တွင် မြစ်ဖျားခံပြီး ပစိဖိတ်

သမုဒ္ဒရာသို့ စီးဝင်သောမြစ်ကို တရုတ်တို့က ယန်စီကျန်မြစ်ဟုခေါ်သည်။ ယန်စီ= ကရင်၊ ကျန်= မြစ်၊ ကရင်မြစ်ဟု အဓိပ္ပာယ်ရပါသည်။ ယန်စီကျန်မြစ်ဟူ၍ ခေါ်ဆိုရခြင်းမှာ ကရင်လူမျိုးတို့နေထိုင်ရာဒေသမှ မြစ်ဖျားခံ၍ စီးဆင်းလာသဖြင့် ယန်စီကျန်မြစ် သို့မဟုတ် ကရင်မြစ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုဒေသတွင်နေထိုင်သောလူမျိုးများ၏ ဝတ်စားဆင်ယင်ပုံမှာ ကရင်လူမျိုးနှင့်တူကြောင်း၊ ထိုလူမျိုးတို့ကို ယူနန်ဘာသာဖြင့် တေ၊ တိတ် ဟုခေါ်သည်ဟု သိမှတ်ဖွယ်ရာ ကရင်ရိုးရာစာအုပ်တွင် ဖော်ပြထားသည်။

**သုံးသပ်ဝေဖန်ချက်များ**

တိုင်းရင်းသားကယားနှင့် ကရင်လူမျိုးတို့၏ပြောဆိုသော ဘာသာစကားတွင် အသံအနိမ့်အမြင့်၊ လေယူလေသိမ်း ကွဲပြားခြားနားကြသော်လည်း စကားတွင် နီးစပ်တူညီကြပါသည်။ ဝတ်စားဆင်ယင်ပုံ တွင် ကွဲပြားခြားနားကြသော်လည်း လူမျိုးဇာစ်မြစ်တွင် အတူတူပင်ဖြစ်ကြသည်။ ထို့အတူ ပလောင်၊ ဝ တို့မှဆင်းသက်လာသည်ဟု ယူဆရသော ယန်းလံ၊ ယန်းဆ (ယင်းကြား၊ ယင်းနက်) တို့နှင့် ဘာသာစကားဇာစ်မြစ်တွင် တူညီကြသည်။

ကယားလူကြီးသူမတို့၏ရှေးစကားနှင့် သမိုင်းပုံပြင်များအရ တရုတ်လူမျိုးနှင့် ကယားလူမျိုးတို့သည် ဆက်နွယ်မှုရှိသည်ဟု ဆိုကြသည်။ တရုတ်လူမျိုးတို့သည် ကယားလူမျိုးတို့၏ အစ်ကိုအကြီးဆုံးဖြစ်သည်ဟု ဆိုသည်။ ပုံပြင်အရ တရုတ်နှင့်ကယားတို့သည် ဘူးသီးထဲမှ အတူထွက်လာကြသောလူမျိုးများဖြစ်ကြပါသည်။ တရုတ်လူမျိုးနှင့် ကယားလူမျိုးတို့၏ ဘာသာစကားဝါကျဖွဲ့စည်းပုံမှာ အတူတူပင်ဖြစ်သည်။

ကယားလူမျိုးတို့သည် ဖားစည်ဟုခေါ်သော တူရိယာပစ္စည်းကို အထူးအမြတ်ထားသည်။ ဖားစည်ကို စစ်ချီရာတွင်လည်း အသုံးပြုပါသည်။ တရုတ်ပြည်ရှိ လူမျိုးစုများအနက် ယောင် (Yao) ဟုခေါ်သော လူမျိုးစုသည် ဖားစည်ကိုစစ်ချီရာတွင် အသုံးပြုပါသည်။ ထိုယောင် (Yao) လူမျိုးသည် မြန်မာနိုင်ငံတွင် ဖားစည်ကို အထူးအမြတ်ထားကြသော တိုင်းရင်းသားများဖြစ်ကြသည့် ကရင်၊ ကယား၊ ပလောင်တို့နှင့် လူမျိုးချင်းဆက်နွယ်မှု ရှိနိုင်မည်ဟု ယူဆရပါသည်။

ကယားတို့သည် မိမိလူမျိုးအမည်ကို ကယား၊ ကယန်း၊ ကယော ဟူ၍ ခေါ်ဆိုကြသည်။ ကရင်လူမျိုးကို ပွာကညော ဟုခေါ်သည်။ ဤဝေါဟာရများသည် မြန်မာနိုင်ငံကိုဝင်ရောက်လာသည့် ပျူ၊ ကမ်းယံ၊ သက် ဟူသော လူမျိုးသုံးမျိုးအနက် ကမ်းယံဟူသော စကားမှ ပြောင်းလဲလာသည်ဟု ယူဆရပါသည်။ ကယားလူမျိုးသည် မြန်မာပြည်ထဲသို့ မည်သည့်ကာလမှစ၍ ဝင်ရောက်လာသည်ကို ရှေးလူကြီးစကားတွင် မပါရှိသော်လည်း မြန်မာသမိုင်းမှတ်တမ်းများအရ ဒုတိယ တကောင်းခေတ် ပြည်ကြီး (၇) ပြည်တွင် ကမ်းယံပြည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကယားဟူသော အမည်သည် ကမ်းယံမှရွေ့လျားလာသည်ဟု ယူဆရသဖြင့် ကမ်းယံပြည်သည် ကယားတို့၏ပြည်ဖြစ်သည်။ ကယားတို့သည် ဒုတိယတကောင်းခေတ် မတိုင်မီက ဝင်လာသည်ဟု ယူဆရပါသည်။

မလေးရှားနိုင်ငံ၊ ဘော်နီယိုကျွန်း၊ ဆာရာဝပ်နယ်တွင် နေထိုင်သော ဒတ်ယ (Dayah) နှင့် ကယန်း (Kayan) လူမျိုးတို့သည် မြန်မာနိုင်ငံမှ ကယား၊ ကရင်တိုင်းရင်းသားတို့နှင့် အနွယ်တူသည်ဟု ယူဆရသည်။ ထိုလူမျိုးသည် လူမျိုးအမည်ကို ကယန်းဟုခေါ်ဆိုထားမှုမှာ တိုင်းရင်းသားကယားလူမျိုးဖြစ်သော ပဒေါင်၊ ယင်းဘော်၊ ဂေခိုနှင့်

ခေါင်းတိုလူမျိုးတို့၏ လူမျိုးအမည်နှင့်တူပါသည်။ ထို့အပြင် ဘော်နီယို ကျွန်းရှိ ကယန်းလူမျိုး၏ကျင့်သုံးသော ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများတို့သည် ကယားလူမျိုးနှင့်ဆင်တူရိုးမှား ဖြစ်နေပါသည်။

ထိုလူမျိုးတို့နေထိုင်သော နေအိမ်မှာတစ်လုံးနှင့်တစ်လုံး ဆက်စပ်တည်ဆောက်ထားသည့် အိမ်တန်းလျားအရှည်ဖြစ်သည်။ အိမ်ထောင်မပြုရသေးသောလူပျိုများနှင့် ဧည့်သည်များသည် နေအိမ်တွင် မအိပ်ရဘဲ သီးခြားသတ်မှတ်ထားသောနေအိမ်တွင်သာ အိပ်ကြရသည်။ ထိုလူမျိုးတို့၏ အမျိုးသမီးများလက်တွင် ကြေးခွေများစွပ်ထားကြသည်။ ဝက်ကိုသတ်ပြီး ဝက်သည်းခြေကိုကြည့်ကာ မင်္ဂလာရှိ မရှိ နိမိတ်ဖတ်ကြသည်။

ယဉ်း၏ဓလေ့ထုံးစံနှင့် ဝတ်စားဆင်ယင်မှု၊ လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သော ပလိုင်း၊ လှံ၊ စပါးကြိတ်ဆုံ၊ စကော အစရှိသည်တို့သည် တိုင်းရင်းသား ကယားလူမျိုးများဖြစ်သော ကယန်းလူမျိုးဟု မိမိကိုယ်ကို ခေါ်ဆိုသော ပဒေါင်နှင့် ခေါင်းတိုလူမျိုးတို့၏ဓလေ့ထုံးစံနှင့် တူညီပါသည်။

ပဒေါင်နှင့်ခေါင်းတိုလူမျိုးတို့သည် အိမ်တန်းလျားရှည်တွင် ယနေ့အထိ နေထိုင်ပါသည်။ အိမ်ထောင်မကျသေးသော လူပျိုနှင့် ဧည့်သည်တို့မှာ (Hu) ဟုခေါ်သော သီးခြားအိမ်တွင် အိပ်ကြရပါသည်။ ခေါင်းတိုလူမျိုး အမျိုးသမီး၏ လက်နှစ်ဖက်စလုံးသည် ကြေးခွေများဖြင့် ရစ်ပတ် ဝတ်ဆင်ထားပါသည်။ မင်္ဂလာမဆောင်မီ နိမိတ်ဖတ်ရာတွင်လည်း ဝက်ကိုသတ်၍ ဝက်သည်းခြေကိုကြည့်သည်မှာ ယနေ့ထိ ကျင့်သုံးလျက်ပင် ရှိပါသည်။ ဘော်နီယိုကျွန်းရှိ ကယန်းလူမျိုးသည် ဒိုင်းနှင့်လှံကို အဓိကလက်နက်အဖြစ် အသုံးပြုသကဲ့သို့ ကယားလူမျိုး

ဖြစ်သည့် ကယန်း၊ ဂေခို၊ ခေါင်းတိုတို့သည်လည်း ဒိုင်းနှင့်လှံကို လက်နက်အဖြစ် အသုံးပြုကြပါသည်။ ဒိုင်း၊ လှံနှင့်ပတ်သက်သည့် ပညာကိုလည်း သင်ကြားလေ့ကျင့်ကြသည်။

ရှေးဟောင်း တရုတ်ရာဇဝင်မှတ်တမ်းများအရ ချီအင် ဟုခေါ်သော လူမျိုးတို့သည် ကိုကိုနောရေအိုင်တစ်ဝိုက်မှ အရှေ့ဘက် ကန်စုနယ်အထိ၊ မြောက်ဘက် မာချယ်မြစ်ကြီးနားမှ တောင်ဘက် စိချွမ်နယ်အထိ ပျံ့နှံ့စွာ နေထိုင်ကြဟု ဆိုပါသည်။ ချီအင်ဟူသော ဝေါဟာရမှာ လူဟု အနက်အဓိပ္ပာယ်ရပါသည်။ သူတို့ကို တိတ်၊ တေ ဟုလည်း ခေါ်ဆိုသည်။ တရုတ်လူမျိုးက ချီအင်လူမျိုးကို ဘီစီ ၁၃၂၄-၁၂၆၀ အတွင်း အကြီးအကျယ် သွားရောက်တိုက်ခိုက်ခဲ့သည်ဟု ဦးဘိုးလတ်၏ မြန်မာအစ စာအုပ်တွင် ဖော်ပြထားပါသည်။

ကယားတိုင်းရင်းသားတို့သည် မိမိတို့လူမျိုးအမည်ကို ဖရယ်ကယား၊ ပရာကယော၊ ပရာကယန်း၊ ပွာကော်ယော်ဟုခေါ်ကြသည်။ အဓိပ္ပာယ်မှာ လူ ဖြစ်သည်။ ချီအင်နှင့် ကယားလူမျိုးတို့သည် ယင်းတို့၏ လူမျိုးအမည်ကို လူဟု အဓိပ္ပာယ်ဆောင်ရအောင် ခေါ်ဆိုကြသည်မှာ တူညီနေပါသည်။ ကယားလူမျိုး၏ရှေးစကားများအရလည်း ကယားလူမျိုးသည် တရုတ်ပြည်တွင် နေထိုင်ခဲ့ကြသည်။ ကျွဲ၊ နွား စသောတိရစ္ဆာန်ကိုမွေးမြူပြီး နွားဝန်တင်ကို အသုံးပြုခဲ့ကြသည်။ ထိုဒေသတွင် နေထိုင်စဉ်က တရုတ်လူမျိုးက ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် မြန်မာပြည်သို့ ဆင်းသက်လာခဲ့ကြရသည်ဟု ဆိုထားပါသည်။ ထို့ကြောင့် ချီအင်လူမျိုးနှင့် ယောင်၊ မိယောင်၊ တေ၊ တိတ် ဟုခေါ်သော လူမျိုးတို့သည် ကယားလူမျိုးနှင့်ဆက်နွှယ်မည်ဟု ယူဆရပါသည်။

ရှေးကယားလူကြီးတို့၏ ဆိုစကားအရ ကယားတို့သည် မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာပြီးနောက် ဟိုထဲလယ်အမည်ရှိသော

အရပ်ဒေသတွင် နေထိုင်ခဲ့သည်ဟု ဆိုပါသည်။ ဟိုထဲလယ်မှာ ရွှေနန်းတော်ဟု အဓိပ္ပာယ်ရပါသည်။ ကယားလူမျိုးတို့သည် အထက်မြန်မာပြည်တစ်နေရာတွင် ဟော်နန်းစိုက်ထူပြီး ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသည်ဟု ယူဆရပါသည်။ အထက်မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့များဖြစ်သော ဟန်လင်းမြို့သည် ကယားလူမျိုးတို့၏ ဟိုထဲလယ်မြို့ဖြစ်မည်ဟု ယူဆရပါသည်။ ဒေါက်တာထင်အောင်ရေးသည့် (A History of Burma) စာအုပ်တွင် ဖော်ပြချက်အရ တရုတ်လူမျိုးသမိုင်းတွင် ဟန်လင်း ကို လင်းယန်း (Lin Yang) ဟုခေါ်ပါသည်။ တရုတ်လူမျိုးတို့သည် ရွှေကို လင်း ဟုခေါ်ပြီး ကယားလူမျိုးကို ယန်း ဟုခေါ်ဆိုပါသည်။ လင်းယန်းသည် ရွှေကယားဟု အဓိပ္ပာယ်ရသဖြင့် ကယားလူမျိုးတို့၏ရှေးစကားဖြစ်သည့် ဟိုထဲလယ် (ရွှေနန်းတော်)နှင့် နီးစပ်လှပါသည်။ ထို့ကြောင့် ဟန်လင်းမြို့ဟောင်းသည် ကယားလူမျိုးတို့၏ ရှေးမြို့ဟောင်းတစ်မြို့ဖြစ်သည်ဟု ယူဆရပါသည်။

**မနုဿဗေဒအမြင်**

အသားဝါမျိုးဖြစ်သော မွန်ဂိုလူမျိုးတို့၏မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းရှိ တာရင့်မြစ်ဝှမ်းအရပ်များဖြစ်ပါသည်။ ထိုမွန်ဂိုအမျိုးအနွယ်တို့မှာ မိမိတို့၏နေရင်းဒေသများ၌ လူဦးရေ တိုးပွားလာခြင်း၊ မိုးလေဝသ မမှန်ကန်သဖြင့် အစာရေစာရှားပါးလာခြင်း၊ အင်အားကြီးသူတို့က အင်အားနည်းပါးသူတို့အပေါ် အနိုင်ကျင့်ကြခြင်း စသည်တို့ကြောင့် ရေကြည်ရာမြက်နုရာအရပ်ဒေသများသို့ တဖြည်းဖြည်းရွှေ့ပြောင်းနေထိုင်ကြရင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

မနုဿဗေဒသဘောအရ ယင်းတလဲအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးသည် မွန်ဂိုလွိုက်လူမျိုးနွယ် (Mongolaid Stocl) မှ ပေါက်ဖွားလာသော အာရှတိုက်အလယ်ပိုင်းရှိ မွန်ဂိုကုန်းပြင်မြင့်တွင် နေထိုင်ခဲ့ကြသည့် မွန်ဂိုမျိုးနွယ်မှ ဆင်းသက်လာကြခြင်းဖြစ်သည်။ နောင်တွင်မှ ရေမြေသဘာဝ ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်မှုအနေအထားများကြောင့် တစ်စုနှင့်တစ်စု အဆက်အသွယ်ပြတ်ကာ ရောက်ရာဒေသ၌ ကိုယ့်အစုအဝေးနှင့်ကိုယ် နေထိုင်ကြခြင်း၊ ရာသီဥတု၊ ပတ်ဝန်းကျင်အနေအထား၊ ရေမြေသဘာဝ ပထဝီအနေအထားတို့ကိုလိုက်၍ အပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်ပုံ၊ အမူအရာ၊ ဓလေ့ထုံးစံတို့ ကွဲပြားသွားကြခြင်းဖြစ်သည်။

ထို့ကြောင့် ယင်းတလဲတို့သည်လည်း အခြားသော မြန်မာတိုင်းရင်းသားတို့ကဲ့သို့ပင် အာရှတိုက်အလယ်ပိုင်းမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် မွန်ဂိုလွိုက်လူမျိုးနွယ်စုများဟု ဆိုရပါမည်။ ဤသို့ဆိုလျှင် ယင်းတလဲအပါအဝင် ကယားလူမျိုးနွယ်စုတို့၏ ရှေးလူကြီးသူမ စကားများ၊ အစဉ်အဆက် မှတ်သားလာခဲ့ကြသည့် ကဗျာ၊ လင်္ကာ၊ သီချင်းများပါ အချက်အလက်များနှင့် မနုဿဗေဒဆိုင်ရာ အချက်အလက်များသည် ထူးခြားစွာ ကွဲပြားလှခြင်းမရှိဟု ဆိုရမည်ဖြစ်ပါသည်။

* * *

အခန်း (၅)

# အုပ်ချုပ်ရေး

**ကျေးရွာတည်ထောင်ခြင်း**

ယင်းတလဲတိုင်းရင်းသားများအပါအဝင် ကယားလူမျိုးတို့သည် ယနေ့ ကယားပြည်နယ်ဒေသသို့ ခရစ်သက္ကရာဇ် ၁၃၀၀ ကျော်ခန့်လောက်မှစ၍ ဝင်ရောက်လာခဲ့သည်ဟု ယူဆရသည်။ ဝင်ရောက်လာပြီးနောက် ကေးလျား၊ နောင်ပုလဲ၊ ထူးချောင်းနှင့် ပွန်ချောင်း ဝဲယာ တစ်ဖက်တစ်ချက်များတွင် စတင်နေထိုင်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် လူဦးရေများ တိုးပွားလာသည့်အခါတွင် ထိုဒေသမှတစ်ဆင့် အခြားဒေသများသို့ ပျံ့နှံ့နေထိုင်ခဲ့ကြသည်။

ကယားတိုင်းရင်းသားတို့သည် ထိုဒေသများသို့ စတင်ဝင်ရောက်နေထိုင်ကြစဉ်အခါက နယ်မြေပိုင်းခြားသတ်မှတ်ထားကြခြင်းမရှိပါ။ ဆွေမျိုးစုအလိုက် စုပေါင်းနေထိုင်ကြခြင်းဖြစ်ပြီး ဆွေမျိုးစုအလိုက် ကျေးရွာများ တည်ထောင်ကြခြင်းဖြစ်သည်။ ကျေးရွာများကိုစုစည်းပြီး နယ်အဖြစ်ဖွဲ့စည်းခြင်းလည်း မရှိသေးပါ။

ကယားတိုင်းရင်းသားတို့သည် ကျေးရွာကို စီမံခန့်ခွဲရန် လူကြီးသုံးဦးကိုရွေးချယ်တင်မြှောက်လေ့ရှိကြသည်။ ထိုရာထူးများသည် သားစဉ်မြေးဆက် ဆက်ခံပိုင်ခွင့်ရှိသော ရာထူးများမဟုတ်ပါ။ ထို့အပြင် ရွေးချယ်ထားသော ရွာလူကြီးများကို အများဆန္ဒအရ ဖြုတ်ချပိုင်ခွင့်လည်းရှိသည်။ ကျေးရွာကို စီမံခန့်ခွဲသော လူကြီးသုံးဦးတို့မှာ -

(၁) ဖရယ်ဖရို ခေါ် သူရဲကောင်း

(၂) ကာဘို ခေါ် နတ်ဆရာ

(၃) ဒေါစက်ပိုကား ခေါ် ရွာသူကြီး တို့ဖြစ်သည်။

ထိုသုံးဦးတွင် ဖရယ်ဖရိုသည် အရေးပါဆုံးဖြစ်သည်။ ကျေးရွာကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းစသော စစ်ရေးဆိုင်ရာတာဝန်များကို ဖရယ်ဖရိုက တာဝန်ယူဆောင်ရွက်ရသည်။ ကာဘိုမှာ ဆုတောင်းပွဲကျင်းပခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဥပုသ်စောင့်ပေးခြင်း စသောယုံကြည်မှုဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရသည်။ ဒေါစက်ပိုကားမှာ ကျေးရွာအတွင်းဖြစ်ပွားသော အမှုအခင်းများကို စစ်ဆေးဆုံးဖြတ်ရန် တာဝန်ယူရသည်။

အစဦးတွင် ကယားတို့၏ လူအဖွဲ့အစည်းမှာ ကျေးရွာကိုအခြေခံသည်။ အင်အားကြီးသောကျေးရွာများသည် ပတ်ဝန်းကျင်ရှိကျေးရွာများအပေါ်သို့ ဩဇာအာဏာများ သက်ရောက်ရာမှစ၍ ရွာများကို စုပေါင်းပြီး နယ်အဖြစ်စတင်ဖွဲ့စည်းလာသည်။ ခရစ်သက္ကရာဇ် ၁၆၅၀ ပြည့်နှစ်ခန့် ရောက်သည့်အခါ စောဖျာဟုခေါ်သော စော်ဘွားများ ပေါ်ပေါက်လာပါသည်။ ထိုစောဖျာများနှင့်အတူ နယ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က နယ်များကိုစုစည်းပြီး ပြည်နယ်ဟူ၍ ဖွဲ့စည်းခြင်း မရှိသေးချေ။

ခရစ်သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ကယားလူမျိုးတို့ နေထိုင်သောဒေသ၌ နယ်များပေါ်ပေါက်လာသည်။ ဤဒေသတွင် ပေါ်ပေါက်ခဲ့သောနယ်များမှာ

(၁) ဘောလခဲနယ်
(၂) ကြယ်ဖိုးကြီးနယ်
(၃) ကန္တရဝတီနယ်
(၄) နောင်ပုလဲနယ်
(၅) နန်းမယ်ခုံနယ်
(၆) မိုးဗြဲနယ်
(၇) ငွေတောင်
(၈) ဂေခိုဒိုင်နယ် (သံတောင်နှင့်ပျဉ်းမနားအရှေ့ဘက် တောင်တန်းဒေသ)
(၉) လွယ်လုံနယ် စသောနယ်များဖြစ်ကြသည်။

ကယားစော်ဘွားတို့သည် မြန်မာဘုရင်ထံ ဝင်ရောက်ခစားပြီး လက်ဆောင်ဘဏ္ဍာတော်များ သွားရောက်ဆက်သလေ့ရှိသည်။ မြန်မာဘုရင်တို့ကလည်း ကယားစော်ဘွားမင်းများကို ဘွဲ့တံဆိပ်တော်များ ပြန်လည်ချီးမြှင့်လေ့ရှိပါသည်။ မြန်မာဘုရင်ထံမှ ကယားစော်ဘွားမင်းတို့ ရရှိခဲ့သော ဘွဲ့တော်အမည်များမှာ

| | |
|---|---|
| (၁) ပဗ္ဗတသေလာဝတီ | - ဘောလခဲနယ် |
| (၂) ပဗ္ဗတဒေဝရာဇာ | - ကြယ်ဖိုးကြီးနယ် |
| (၃) ပဗ္ဗတသီဟရာဇာ | - ကန္တရဝတီနယ် |
| (၄) ပဗ္ဗတသီဟကျော်စွာ | - နန်းမယ်ခုံနယ် |
| (၅) ပဗ္ဗတတေဇရန်အောင် | - မိုးဗြဲနယ် |
| (၆) ပဗ္ဗတရာဇာကျော်ခေါင် | - နောင်ပုလဲနယ် |

(၇) ပဗ္ဗတသိုဟန်ဘွား - ဝေခိုဗိုင်နယ်
(၈) ပဗ္ဗတကျော်ထင်နော်ရထာ - သံတောင်နယ်
(၉) ကမ္ဘောဇမဟာဇေယဝံသသီဟမွေရာဇာ - လွယ်လုံနယ်
တို့ဖြစ်ကြသည်။

**ဘောလခဲနယ်နှင့် ဘိုးဖြူလှမင်းဆက်**

ကယားတိုင်းရင်းသားတို့၏ မင်းစဉ်မင်းဆက်များအကြောင်းကို စတင်ဖော်ပြလျှင် ခရစ်သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်မှ စတင်ပါသည်။ ယင်းသည် ကယားတိုင်းရင်းသားတို့၏ ခိုင်ခိုင်မာမာ မှတ်တမ်းတင်သော သမိုင်းအစဟု ဆိုလျှင်လည်း မမှားနိုင်ပါ။ ကယားတိုင်းရင်းသားတို့၏ အုပ်ချုပ်မှုဆိုင်ရာသမိုင်းအစကို စတင်သည်မှာ ယင်းတလဲလူမျိုးတို့ဖြစ်သည်။

ဘောလခဲနယ်ကို စတင်တည်ထောင်ပြီး ကယားလူမျိုးတို့ကို အုပ်စိုးသူမှာ ဘိုးဖြူလှမင်းခေါ် ဘိုးပြားမင်းဖြစ်သည်။ ဘိုးဖြူလှမင်းသည် ယင်းတလဲလူမျိုးဖြစ်သည်။ ရှေးလူကြီးသူမတို့၏စကားအရ ယင်းတလဲလူမျိုးသည် လေမျိုးနွယ်မှဆင်းသက်လာသော လူမျိုးဖြစ်သည်။ ယင်းတလဲလူမျိုးတို့သည် တောင်ဘက်သထုံ၊ ကျိုက္ကမီတို့ဘက်မှ ဆန်တက်လာသည်ဟုဆိုသည်။

ပထမဘိုးဖြူလှမင်းသည် ခရစ်သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်ခန့်တွင် ဘော်လခဲနယ်ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ စတုတ္ထဘိုးဖြူလှမင်းခေါ် ဆောင်ရီဒူးမင်းသည် ၁၇၆၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၇၈၁ ခုနှစ်တွင် တစ်ကြိမ်၊ မြန်မာဘုရင် အလောင်းမင်းတရား ယိုးဒယားသို့ စစ်ချီရာတွင် ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆိုပါသည်။

ဆောင်ရီဒူးမင်းသည် ဖားဆောင်းမြို့ကိုတည်ထောင်ပြီး ဟော်နန်းစိုက်ထူခဲ့သည်။ ဖားဆောင်းတွင် နှစ်ပေါင်းအတော်ကြာ နေထိုင်ပြီးနောက် ပွန်ချောင်းအတိုင်း ဆန်တက်သွားပြီး ဒုတ်ရော်သို့ ပြောင်းရွှေ့ ဟော်နန်းစိုက်ထူသည်။

၁၈၁၀ ပြည့်နှစ်၊ ပဠမဘိုးဖြူလှမင်း (ဖုဘာန့်မင်း) လက်ထက်တွင် မွန်မင်းမျိုးမင်းနွယ်ဆိုသူ မောင်ဖုန်းသည် ဘောလခဲနယ်သို့ ဝင်ရောက်ခိုလှုံလာသည်။ တစ်နေ့တခြား အင်အားကြီးထွားလာ၍ တစ်နယ်တည်းတွင် မင်းနှစ်ပါးမရှိစကောင်းဟု ဖုဘာန့်မင်းက သဘောရ၍ မောင်ဖုန်းကို ပွန်ချောင်းအရှေ့ဘက်ကမ်းရှိ ဒေသကို အုပ်စိုးရန် ခွဲဝေပေးခဲ့သည်။ မောင်ဖုန်းသည် ပွန်ချောင်းအရှေ့ဘက်ကမ်းရှိ နယ်မြေဒေသကို စတင်အုပ်စိုးချိန်မှစ၍ အရှေ့ကရင်နီနယ်ဟူ၍ ပေါ်ပေါက်လာသည်။

ပဠမဘိုးဖြူလှမင်း ၁၈၇၂ ခုနှစ်တွင် ဘောလခဲနယ်ကို ဖွားစားဆက်ခံပြီးနောက် ဒုတ်နော်မှပြောင်းရွှေ့၍ ပွန်ချောင်းအနောက်ဘက်ကမ်း တဘောလျာ နှင့် တခဲလျာ ချောင်းနှစ်ချောင်းအကြားတွင် မြို့အသစ်တည်ဆောက်ပြီး ဟော်နန်းစိုက်ထူခဲ့သည်။ ချောင်းနှစ်ချောင်းအမည်ကို အစွဲပြု၍ တဘောတခဲ ဟုခေါ်သည်။ တဘောတခဲမှ ဘောလခဲဟူ၍ ပြောင်းလဲခေါ်ဆိုခြင်းဖြစ်သည်။

ပဠမမြောက် ဘိုးဖြူလှမင်း ကွယ်လွန်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် ဖဘာန့်မင်းက ဖွားစားဆက်ခံသည်။ ဖဘာန့်မင်းလက်ထက်တွင် မော်ချီးမိုင်းသတ္တုတူးဖော်ရန် ဗြိတိသျှကုမ္ပဏီနှင့် ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် နှစ်ပေါင်း (၃၀) တူးဖော်ယူခွင့် စာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။

ဖဘာန့်မင်း ကွယ်လွန်ပြီးနောက် ခရစ်သက္ကရာဇ် ၁၉၁၄ ခုနှစ်တွင် စဝ်ခွန်ငယ်က ဖွားစားဆက်ခံသည်။ စောဖျာစဝ်ခွန်ငယ်လက်ထက်တွင်

မော်ချီးမိုင်းသတ္တုကို ဆက်လက်တူးဖော်ရန် ဗြိတိသျှကုမ္ပဏီနှင့် ၁၉၃၉ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဒုတိယအကြိမ်စာချုပ်ချုပ်ဆိုကြသည်။ ၁၉၄၂ ခုနှစ်တွင် စောဖျာစပ်ခွန်ငယ် မကျန်းမမာဖြစ်၍ ဆေးဝါးကုသမှု ခံယူစဉ်တွင် ညီတော်စဝ်ခွန်ဖျကု ယာယီအုပ်ချုပ်ခဲ့သည်။ စောဖျာ စဝ်ခွန်ဖျသည် အာဏာအလွဲသုံးစားပြုလုပ်သဖြင့် ၁၉၄၂ ခုနှစ်၊ မတ်လ ၁၁ ရက်မှစ၍ တောင်ကြီးမြို့တွင် အကျယ်ချုပ်ချထားခြင်းခံရသည်။

ဘောလခဲစောဖျာစဝ်ခွန်ငယ်၏သား စဝ်ငယ်ဒူးသည် အရွယ် မရောက်သေး၍ ရင်ခွင်ပိုက်အဖွဲ့က အုပ်စိုးရသည်။ ရင်ခွင်ပိုက်အဖွဲ့ တွင် ဦးဘိုးရှင်၊ ဦးထွန်း၊ ဦးစိန်တို့ ပါဝင်သည်။ သို့သော် ဒုတိယ ကမ္ဘာစစ်အတွင်းတွင် ဦးဘိုးရှင်တစ်ဦးတည်းက အုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် စပ်ကူးမတ်ကူးကာလတွင် မြို့အုပ် ဦးကိုဘီတူရီက အုပ်ချုပ်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ဘောလခဲစောဖျာ ရာထူး ကို စဝပ်ခွန်ငယ်၏သား စပ်ငယ်ဒူးက ဖွားစားဆက်ခံသည်။ စောဖျာ စပ်ငယ်ဒူးသည် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် စောဖျာ များ အာဏာစွန့်သည့်အထိ ဘောလခဲနယ်ကို အုပ်စိုးခဲ့ပါသည်။ ယင်းတလဲတို့၏ နောက်ဆုံးစောဖျာဟု ဆိုရပါမည်။

**ကယားပြည်နယ်ကို ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသူများ**

လက်ရှိကယားပြည်နယ်အစိုးရအဖွဲ့က ပြုစုထားသော မှတ်တမ်း အရ ကယားပြည်နယ်ကို ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့ကြသူများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။ ဖဘန့်မင်း ဘောလခဲနယ်စောဖျာ ၁၈၇၂ မှ ၁၉၁၃

၂။ စဝ်ခွန်ငယ် ဘောလခဲနယ်စောဖျာ ၁၉၁၄ မှ ၁၉၄၁

| | | |
|---|---|---|
| ၃။ မဟာသရေ စည်သူ စဝ်ငယ်ဒူး | ဘောလခဲနယ်စောဖျာ | ၁၉၄၂ မှ ၁၉၅၉ |
| ၄။ ဝန်ကြီး စဝ်ဝဏ္ဏ | ဥက္ကဋ္ဌ၊ ကရင်နီ | ၁၉၄၈ မှ ၁၉၅၂ |
| | ပြည်နယ်ကောင်စီ | ၁၉၅၆ မှ ၁၉၆၀ |
| ၅။ ဦးကျော်ဇင် | ဥက္ကဋ္ဌ၊ ကရင်နီ ပြည်နယ်ကောင်စီ | ၁၉၇၄ မှ ၁၉၈၈ |
| ၆။ စောဖျာစဝ်လဝီ | ကန္တရဝတီစောဖျာ | ၁၈၈၉ မှ ၁၉၀၇ |
| ၇။ စောဖျာစဝ်ခွန်လီ | ကန္တရဝတီစောဖျာ | ၁၉၁၀ မှ ၁၉၃၀ |
| ၈။ စောဖျာစဝ်လဝီ | ကန္တရဝတီစောဖျာ | ၁၉၃၀ မှ ၁၉၅၉ |
| ၉။ မဟာသရေ စည်သူ ဦးစိန် | ကယားပြည်နယ် ပါလီမန်အတွင်းဝန် | ၁၉၄၈ မှ ၁၉၆၀ |
| ၁၀။ ခွန်းကြားရယ် စောရွှေ | ကြယ်ဖိုးကြီးနယ် စောဖျာ | ၁၉၄၃ မှ ၁၉၅၆ |

အထက်ပါစာရင်းအရ သမိုင်းမှတ်တမ်းများ မှတ်မှတ်ထင်ထင် ရှိချိန်တွင်လည်း ပထမဆုံး ကယားပြည်နယ်ဒေသကို စတင်အုပ်ချုပ်သူမှာ ယင်းတလဲတိုင်းရင်းသား ဖဘန့်မင်းဖြစ်ကြောင်း သိနိုင်ပါသည်။ ထို့အတူ ကယားပြည်နယ်အတွင်းတွင် နယ်မြေတစ်ခုကို စုစည်းကာ ပထမဆုံး စီမံအုပ်ချုပ်နိုင်သူမှာလည်း ယင်းတလဲတိုင်းရင်းသား ဖဘန့်မင်းပင် ဖြစ်ပါသည်။ သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်ခန့်တွင် ဘောလခဲနယ်ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဘိုးဖြူလှမင်းသည်လည်း ယင်းတလဲတိုင်းရင်းသားပင် ဖြစ်ပါသည်။ ဤသည်တို့ကို ထောက်လျှင် ယင်းတလဲ အပါအဝင် ကယားတိုင်းရင်းသားတို့ အစဉ်အဆက် မှတ်သားခဲ့ကြသော စကားများအတိုင်း ယင်းတလဲတို့သည် မူရင်းဒေသသားများ ဖြစ်ကြသည်။ ပထမဦးစွာ ကယားပြည်နယ်ကို ဝင်ရောက်အခြေချ

## ကယားပြည်နယ်ကို ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသူများ

| | | |
|---|---|---|
| ◆ စောနိုင်၊ | ဘော်လခဲနယ်စားများ | ၁၈၇၂ မှ ၁၉၁၃ |
| ◆ စံဖွန်ဖေယ် | ဘော်လခဲနယ်စားများ | ၁၉၁၃ မှ ၁၉၄၁ |
| ◆ ပထာသသရေစည်သူစံဖွယ်ဗျ၊ | ဘော်လခဲနယ်စားများ | ၁၉၄၂ မှ ၁၉၄၈ |
| ◆ ဝန်ကြီး စံဝရှာ | ဥက္ကဋ္ဌ ကရင်နီပြည်နယ်ကောင်စီ | (၁၉၄၈ မှ ၁၉၅၂) |
| | | (၁၉၅၆ မှ ၁၉၆၀) |
| ◆ ဦးဖောချာခင် | ဥက္ကဋ္ဌ၊ ကယားပြည်နယ်ပြည်သူ့ကောင်စီ | (၁၉၇၄ မှ ၁၉၈၈) |
| ◆ စောချာဝံလေး | ကန္တရဝတီစော်ဘွား | ၁၈၈၉ မှ ၁၉၀၇ |
| ◆ စောချာ-စံပွန်လိ | ကန္တရဝတီစော်ဘွား | ၁၉၁၀ မှ ၁၉၃၀ |
| ◆ စောချာ-စံလဝီ | ကန္တရဝတီစော်ဘွား | ၁၉၃၀ မှ ၁၉၄၈ |
| ◆ ပထာသသရေစည်သူဦးမိန် | ကယားပြည်နယ်ပါလီမန်အတွင်းဝန် | ၁၉၄၈ မှ ၁၉၆၀ |
| ◆ နိုကြေးရယ်စောရွှေ | ကျေးဘိုကြီးနယ်စားများ | ၁၉၅၃ မှ ၁၉၅၆ |

| | | |
|---|---|---|
| ◆ ဦးဖဲ ကျေးဘိုကြီးနယ် | မြို့ပိုင် | ၁၉၅၇ မှ ၁၉၆၀ |
| ◆ သိန်းရုံ့ ဦးစောမြစေလေ၊ | ဝန်ထောက်၊ ကယားပြည်နယ်ဦးစီးအဖွဲ့ | ၁၉၆၂ မှ ၁၉၇၄ |

| | | |
|---|---|---|
| ◆ ဗိုလ်မှူးချုပ်အောင်ကြည် | ဥက္ကဋ္ဌ၊ ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | (၁၉၈၈ မှ ၁၈-၄-၁၉၉၆) |
| ◆ ဗိုလ်မှူးချုပ်ကျော်ဝင်း၊ | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၂၃-၄-၁၉၉၆ မှ ၁၈-၄-၁၉၉၈) |
| ◆ ဗိုလ်မှူးကြီးလှသောင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၁၉-၄-၁၉၉၈ မှ ၁၇-၁၂-၁၉၉၈ |
| ◆ ဗိုလ်မှူးချုပ်မြင့်သိန်း၊ | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၁၇-၁၂-၁၉၉၈ မှ ၂၃-၈-၁၉၉၉) |
| ◆ ဗိုလ်မှူးချုပ်ညွန့်လှိုင် | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၂၃-၈-၁၉၉၉ မှ ၁၄-၆-၂၀၀၂) |
| ◆ ဗိုလ်မှူးကြီးသိန်းဇော | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၁၅-၆-၂၀၀၂ မှ ၃၀-၉-၂၀၀၃) |
| ◆ ဗိုလ်မှူးကြီးမြင့်ဦး၊ | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၁-၁၀-၂၀၀၃ မှ ၁၃-၉-၂၀၀၄) |
| ◆ ဗိုလ်မှူးချုပ် လှမြင့်ရွှေ | ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၈-၅-၂၀၀၅ မှ ၁၈-၈-၂၀၀၆ ) |
| ◆ ဗိုလ်မှူးချုပ် ညွန့်တင် | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၁၈-၈-၂၀၀၆ မှ ၂၂-၆-၂၀၀၈) |
| ◆ ဗိုလ်မှူးချုပ်ခင်မြင့် | ဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | (၂၃-၆-၂၀၀၈ မှ ၃၁-၃-၂၀၁၁) |

ကယားပြည်နယ်ကို ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသူများ

သူများ ဖြစ်ကြသည်ဆိုသော အမှတ်အသားကို မှားယွင်းသည်ဟု မဆို နိုင်ပါပေ။

**အုပ်ချုပ်ရေးအဆင့်ဆင့်**

ယင်းတလဲ တိုင်းရင်းသားတို့၏ ရှေးခေတ်အုပ်ချုပ်ရေးသည် စောဖျာအုပ်ချုပ်ရေးပင်ဖြစ်သည်။ စောဖျာ၏လက်အောက်တွင် ကျမိုင်း အခွန်ဝန်၊ တရားရေးရာအမတ်ကြီး၊ ရွာသူကြီး စသည့်သူများက အုပ်ချုပ်ကြ၏။ အုပ်ချုပ်သူများသည် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ရှိစေရန် ဆောင်ရွက်ခြင်း၊ ကျေးလက်တောရွာရှိ အခွန်များကို ကောက်ခံပေး ရခြင်း စသည်တို့ကို လုပ်ဆောင်ကြသည်။

ထိုအချိန်အခါက အခွန်အကောက်အနေဖြင့် တစ်အိမ်လျှင် တစ်မတ်ခန့်သာ ပေးဆောင်ကြရလေသည်။ စောဖျာများမှာ အခွင့်ထူး များရရှိပြီး ဩဇာအာဏာအလွန်ရှိသည်။ ကောက်ခံရရှိသော အခွန်တော်ငွေထဲမှ ဆယ်ပုံတစ်ပုံကို စောဖျာက သူကြီးကိုပေးသည်။ ယခုအခါတွင် ကယားပြည်နယ်ကို အခြားပြည်နယ်များနည်းတူ ပြည်ထောင်စုအစိုးရက တစ်ပြေးတည်းသော အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်လျက်ရှိသည်။ စောဖျာစနစ်မှာလည်း မရှိတော့ပြီဖြစ်သည်။

ယနေ့ခေတ်တွင် ယင်းတလဲတိုင်းရင်းသားတို့ အများဆုံးနေထိုင် သည့် ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်၊ ဘောလခဲမြို့နယ်၊ နန်းဖဲ ကျေးရွာအုပ်စု၊ စလဲလုံကျေးရွာ၊ ဖားဆောင်းမြို့နယ်၊ ဝမ်အောင်း ကျေးရွာအုပ်စု၊ ဝမ်းအောင်း (ကယား)ရွာတို့တွင် အများကတင်မြှောက် သော ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အုပ်ချုပ်သည်။ ဝမ်အောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းရင် ခေါ် ထူးရိုင်း

နှင့် ကယားပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး ခေါ် နရိုင်း တို့သည် ယင်းတလဲတိုင်းရင်းသားများ ဖြစ်သည်။

ထို့အပြင် အများပြည်သူက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အဖြစ်လည်း ယင်းတလဲတိုင်းရင်းသားများ ပါဝင်ကြသည်။ ယင်းတလဲ တိုင်းရင်းသားများဖြစ်ကြသော ဘောလခဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၊ ကယားပြည်နယ် အမှတ် (၂) နယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင်တို့သည် ယင်းတလဲ တိုင်းရင်းသားများအပါအဝင် ကယားပြည်သူများက ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုမဏ္ဍိုင်မှ ကိုယ်စားလှယ် များ ဖြစ်ပါသည်။

**ကရင်နီနယ်ဓလေ့ဥပဒေ**

ယင်းတလဲတိုင်းရင်းသားတို့သည် ယနေ့အချိန်တွင် လူဦးရေ အလွန်နည်းပါးနေပြီဖြစ်ပြီး ကိုယ်ပိုင်စာပေလည်း မရှိသေးချေ။ ယင်း တလဲတိုင်းရင်းသားတို့တွင် ပညာတတ်လည်း လွန်စွာနည်းပါးလှသည်။ အများစုနေထိုင်သည်မှာလည်း မြို့ကြီးပြကြီးတွင် မဟုတ်ပေ။ သို့သော် ခေတ်မီသည့် အတွေးအခေါ်မရှိဟုတွေးလျှင်ဖြင့် မှားလိမ့်မည် ဖြစ်သည်။ ယင်းတလဲတို့နေထိုင်ရာ ဘောလခဲနယ်ကို စတင် တည်ထောင်ကတည်းက စနစ်ကျသောဥပဒေဖြင့် စီမံအုပ်ချုပ် ခဲ့ကြောင်းကို ကရင်နီနယ်ဓလေ့ဥပဒေဖြင့် သက်သေပြနိုင်ပါသည်။

ယင်းတလဲအပါအဝင် ကယားလူမျိုးတို့ အမှုအခင်းဖြစ်ပွားသော အခါ နယ်ရှင်များက ဘိုးစဉ်ဘောင်ဆက် ကျင့်သုံးလာခဲ့သော ထုံးဓလေ့

ကို အမှီပြု၍ အမှုအခင်းများကို စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ယင်းကို ကရင်နီနယ်ဓလေ့ဥပဒေဟု ခေါ်သည်။ သို့သော် ပုံနှိပ်ထားသော ဥပဒေစာအုပ်ဟူ၍ မရှိချေ။ နယ်ရှင်များသည် မိမိနယ်တွင် ဖြစ်ပွားသော အမှုအခင်းများကို မိမိနယ်၏ဓလေ့ထုံးစံအရ စီရင်ဆုံးဖြတ်ကြသည်။ သို့ရာတွင် တစ်နယ်နှင့်တစ်နယ် ဓလေ့ထုံးစံများ ကွာခြားခြင်း မရှိချေ။

အင်္ဂလိပ်အစိုးရက ရှမ်းပြည်နယ်သို့ ဝင်ရောက်အုပ်ချုပ်စဉ်တွင်လည်း ကယားပြည်နယ်တွင်ဖြစ်ပွားသော အမှုအခင်းများကို နယ်ရှင်များက ကရင်နီနယ်ဓလေ့ဥပဒေအတိုင်း စီရင်ဆုံးဖြတ်သည်။ ဤသို့စီရင်သည်ကို အင်္ဂလိပ်အစိုးရက နှောင့်ယှက်ခြင်းမပြုချေ။ သို့ရာတွင် ကယားပြည်နယ်အတွင်းသို့ လူမျိုးခြားများ ဝင်ရောက်နေထိုင်သည့်အခါ ယင်းလူမျိုးခြားများအချင်းချင်း အမှုအခင်းဖြစ်ပွားရာတွင် ကရင်နီနယ် ဓလေ့ဥပဒေအရ စီရင်ဆုံးဖြတ်ရန်မသက်ဆိုင်ဟု ဆိုကာ အင်္ဂလိပ်အစိုးရက နယ်ရှင်များနှင့်တရားသူကြီးများကို ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေအရ ကျင့်သုံးရန် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း တရားသူကြီးဟူ၍ အမိန့်အာဏာပေးထားခဲ့သည်။

အင်္ဂလိပ်အစိုးရက ကယားပြည်နယ်တွင် နယ်ရှင်များနှင့် တရားသူကြီးများ စီရင်ဆုံးဖြတ်သော အမှုအခင်းများကို အမှုတွဲဖွင့်၍ အင်္ဂလိပ်အစိုးရထံ ပေးပို့ရမည်ဟု သိသောအခါ နယ်ရှင်များနှင့် တရားသူကြီးများသည် အများအားဖြင့် စာပေမတတ်သူများဖြစ်ကြသဖြင့် အခက်ကြုံရသည်။ ထို့ပြင် ကရင်နီနယ်ဓလေ့ ဥပဒေအရ စီရင်ဆုံးဖြတ်ခဲ့သော အမှုအခင်းများကို ရေးသားမှတ်တမ်းတင်ထားခဲ့ခြင်း မရှိသဖြင့်လည်း အခက်အခဲနှင့် တွေ့ကြုံရပါသည်။

ဤအခက်အခဲမှ လွတ်မြောက်စေရန် ဘောလခဲနယ် စောဖျာ စဝ်ခွန်ငယ်က ၁၉၂၃ ခုနှစ်တွင် ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံး ကိုခ ဥပဒေကို ကိုးကားသော ကရင်နီနယ်ဓလေ့ဥပဒေဟူ၍ စီမံရေးသား ခဲ့ပါသည်။ ထိုအချိန်မှစ၍ ယင်းတလဲတို့၏ ဘောလခဲနယ်တွင် ရာဇဝတ်မှုများကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခဲ့ကြပါသည်။

**(က) ကရင်နီနယ်ဓလေ့ထုံးစံ ဓလေ့ဥပဒေ**

**အပိုဒ် (၁) ။ ။ တိရစ္ဆာန်ခိုးမှု**

ကျွဲ၊ နွားတစ်ကောင်ခိုးလျှင် ခိုးရာပါ တိရစ္ဆာန်တစ်ကောင်ကို လျော်ကြေးတိရစ္ဆာန် လေးကောင်၊ ခိုးရင်းတိရစ္ဆာန်တစ်ကောင်နှင့် လျော်ကြေးပေးရသော တိရစ္ဆာန်လေးကောင်ပါ ပေါင်း ငါးကောင်ကို ခိုးသူတရားခံက ပေးလျော်စေသည်။ ၎င်းလျော်ကြေးတိရစ္ဆာန်ငါးကောင် အနက် နယ်ရှင်က ခိုင် အတွက် နုတ်ယူရသည်။ တိရစ္ဆာန်အမျိုးအစား မှာ တစ်ကောင်လျှင် မည်မျှအဖိုးတန်သည်ကို ကရင်နီလူမျိုးများက စုံညီဖြတ်ဆိုသော တိရစ္ဆာန်တစ်ကောင်၏တန်ဖိုးကို ပြစ်မှုကျူးလွန်သူ တရားခံကပေးလျော်ရသည်။ လျော်ကြေးမပေးနိုင်က တရားခံကို သင့်လျော်သော အပြစ်ဒဏ်များ ပေးစေသည်။

ကျွဲ၊ နွား၊ မြင်း တိရစ္ဆာန်များထက် အဖိုးထိုက်တန်သော ဆင်ခိုးမှု များတွင် တစ်ကောင် ငါးကောင်ကျမဟုတ်ဘဲ တရားခံကိုဖမ်းဆီးရမိ၍ စစ်ဆေးမေးမြန်းရာတွင် တရားခံထွက်ဆိုချက်အရ ဆင်ကို ခိုးယူရန် တိုက်တွန်းအားပေးသောသူ၊ ၎င်းအပြင် ခိုးမှုကျူးလွန်သော တရားခံ နှစ်ယောက် သို့မဟုတ် သုံးယောက်နှင့် အားပေးကူညီသောသူများ ကိုပါ သက်သေထင်ရှားအောင် စစ်ဆေးပြီး အားပေးတိုက်တွန်းသူများ နှင့် တရားခံများပါ ဆင်၏တန်ဖိုး ထိုက်သင့်သမျှ ဝေမျှ၍ ပေးလျော်

စေသည်။ ၎င်းဆင်တန်ဖိုးငွေကို မလျော်နိုင်လျှင် တရားခံတို့၏ ရှိရင်းသက်ရှိသက်မဲ့ ပစ္စည်းများကို နယ်ရှင်က သိမ်းယူ၍ ပိုင်ရှင်သို့ အဖိုးထားပြီး ပေးလျော်ရသည်။ တရားခံများတွင် ပစ္စည်းမရှိက ထိုက်သင့်သော ထောင်ဒဏ်ကျခံစေရမည်။

**အပိုဒ် (၂) ။ ။ ဝက်နှင့်ကြွက် တိရစ္ဆာန်ခိုးမှု**

ဝက်တစ်ကောင်လျှင် အတိုင်းအထွာထားသည်မှာ လက်တစ်ဆုပ်လျှင် မည်ရွေ့မည်မျှဟု ကရင်နီလူကြီးများက ဖြတ်ဆိုရာ ဖိုးထားကို တရားခံကပေးလျော်ရသည်။ ကြွက်တစ်ကောင်လျှင် တရားခံ၏ အကျင့်စာရိတ္တကိုထောက်၍ ငွေ ၃၀/ အထိ ပေးလျော်ရမည်။

**အပိုဒ် (၃) ။ ။ ပစ္စည်းခိုးမှု**

ခိုးရာပါပစ္စည်းကို ပြန်ရက တရားခံကို သင့်တော်သော အပြစ်ဒဏ်များကို ပေး၍ ခိုးရာပါပစ္စည်းမှာ ပိုင်ရှင်သို့ ပြန်ချပေးသည်။ ပစ္စည်းပြန်မရလျှင် တရားခံကို ပစ္စည်းတန်ဖိုး ပိုင်ရှင်သို့ ပေးလျော်စေရသည်။ မလျော်နိုင်လျှင် တရားခံကို သင့်လျော်သော ထောင်ဒဏ် အပြစ်ဒဏ်များ ကျခံစေရမည်။

**အပိုဒ် (၄) ။ ။ တိရစ္ဆာန်ခြေရာကျမှု**

ပျောက်ဆုံးသောတိရစ္ဆာန်များသည် ခြေရာဆုံးရာရွာက ရှေ့ဆက်လက်သွားသော ခြေရာများကို ထုတ်ဖော်ပြနိုင်ရမည်။ ခြေရာ မထုတ်ဖော်နိုင်လျှင် ခြေရာဆုံးသည့်ရွာက အပိုဒ် (၁) နည်းတူ ပျောက်ဆုံးရင်း တိရစ္ဆာန်တစ်ကောင်ပါ ငါးကောင် ပေးလျော်စေရမည်။ တစ်ကောင်ကို နယ်ရှင်က ဘဏ္ဍာတော်အဖြစ် နုတ်ယူရသည်။

**အပိုဒ် (၅) ။ ။ လူသတ်မှု**

သေသူအသက်ဖိုးအတွက် တရားခံက သေသူ၏ဆွေမျိုးများကို အသက်ဖိုးငွေ ၃၀ဝိ/- တိတိ ပေးလျော်ရမည့်အပြင် နယ်ရှင်တရားခံ အပေါ် ဒဏ်ငွေများလည်း ရိုက်စေသည်။ ထို့အပြင် သေသူ၏ သားမယားဆွေမျိုးများကို ဘာသာဓလေ့ထုံးစံအတိုင်း နွား၊ ကြက်၊ ဝက် တို့ဖြင့် ခေါင်ရည်တိုက်ကျွေး၍ ကောင်းသောမင်္ဂလာပြုလုပ်ပြီး နတ်များကို ပူဇော်ပသပေးရမည်။

**အပိုဒ် (၆) ။ ။ အပြင်းအထန်နာကျင်စေမှု**

ဒဏ်ရာကြီးလျှင် ကြီးသည့်အလိုက် ဘာသာထုံးစံအတိုင်း ကုသ ကုန်ကျရသော စားစရိတ်များအပြင် လျော်ကြေးငွေ ၅ဝိ/- မှ ၁၀ဝိ/- အထိ နာကျင်ခံရသူ၏ဒဏ်ရာကို ချင့်ချိန်ပြီး တရားခံက နာကျင်သူ တို့ကို ပေးလျော်ရမည်။

**အပိုဒ် (၇) ။ ။ အလိုအလျောက်နာကျင်စေမှု**

အသေးအဖွဲ့များမှာ ငွေ ၅ဝိ/- မှ ၃ဝိ/- အထိ လျော်ကြေး ငွေများကို တရားခံက ပေးလျော်ရသည့်အပြင် နာကျင်ခံရသူတို့၏ ကိုးကွယ်သောနတ်များကိုလည်း ထိုက်သင့်သလောက်သာ တရားခံက နာကျင်သူတို့ ကိုးကွယ်ပသရန် ပေးရမည်။

**အပိုဒ် (၈) ။ ။ ဆဲရေးမှု၊ ခြိမ်းခြောက်မှု၊ ဂုဏ်သရေပျက်စီး လောက်အောင် စော်ကားကျူးလွန်မှု**

ဂုဏ်သရေရှိသူတို့တွင် စော်ကားခံရသူ တရားလိုကျေနပ်အောင် လူကြီးများ ဖြတ်ဆိုပေးရာတွင် တရားခံက ပူဇော်ကန်တော့ရသည်။

အခြားသူမှာ နတ်များကို ငွေ ၁/- ငှဲ နှင့် ကြက်တစ်ကောင်၊ ခေါင်ရည် တစ်အိုးတို့အပြင် ငွေ ၅/- ကြက်တစ်ကောင်၊ ခေါင်ရည်တစ်အိုး စသည်ဖြင့် အနိမ့်အမြင့် အမျိုးအစားထား၍ ကန်တော့စေရသည်။

**အပိုဒ် (၉) ။ ။ စုန်းယိုးမှု**

စုန်းဟု ယိုးစွပ်သောအခါ စုန်းမဟုတ် မထင်ရှားဘဲ မှားယွင်း စွပ်စွဲမိလျှင် တရားခံက စုန်းအယိုးခံသူတို့ကို ငွေ ၁၅ဝ/- ၂ဝဝ/- ၂၅ဝ/- ပေးလျော်ရသည်။ စုန်းဖြစ်ကြောင်းထင်ရှားက သတ်ပစ်လိုက် ရမည့် ထုံးစံဓလေ့ရှိသည်။ သို့ရာတွင် အစိုးရမင်းလက်ထက်တော် တိုင် ရောက်သည့်အခါ ထိုကဲ့သို့ သတ်ပစ်ခြင်းထုံးစံကို ပယ်ဖျက်၍ စုန်းဖြစ်ကြောင်း ထင်ရှားသူ၏အိမ်သားတစ်စုကို တစ်ရွာမှ တစ်ရွာသို့ နှင်ထုတ်စေသည်။

**အပိုဒ် (၁ဝ) ။ ။ ဓားပြတိုက်မှု**

တစ်ရွာနှင့်တစ်ရွာ ကရင်နီအချင်းချင်းဖြစ်လျှင် တိုက်ဖျက်သော အခြေအနေကို ကြည့်ရှုချင့်ချိန်၍ ဓားပြဖြစ်သောရွာသားများက အတိုက်ခံရသော ရွာသားများကို ငွေ ၅ဝဝ/- ဖြစ်စေ၊ ငွေ ၁ဝဝ/- ဖြစ်စေ လျော်ကြေးပေးရသည့်အပြင် နယ်ရှင်က တော်သင့်သော ဒဏ်ငွေများကိုလည်း ဒဏ်ရိုက်ရသည်။ သို့သော် ယခုအစိုးရမင်း လက်ထက်မှာ ရာဇသတ်ဥပဒေကို ပုဒ်မ မတပ်ဘဲ ကရင်နီနယ်ဓလေ့ ထုံးစံအရဆိုပြီး အပြစ်ပေးစီရင်ရသည်။ ဓားပြတိုက်သူလက်ရှိ လက်နက်များနှင့်ပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းယူ ရသည်။

**(ဂ) ရာဇဝတ်မှု ကရင်နီခလေ့ထုံးစံဥပဒေ**

**အပိုဒ် (၁) ။ ။ ငြိမ်သက်ခြင်းကျူးလွန်မှု**

(က) လူ ငါးယောက်ဖြစ်စေ၊ ငါးယောက်ထက်ပို၍ဖြစ်စေ စုဝေးပြီး ခိုးမည်တိုက်မည်ဟု စည်းဝေးလျှင် ငြိမ်သက်မှုကို ကျူးလွန်မှုအတွက် ၎င်းကျူးလွန်သူအပေါ် လူတစ်ယောက်ကို ဒဏ်ငွေ ၂၀ဝိ/- အထိ၊ ဒဏ်ငွေ ၂၀ဝိ/- မဆောင်နိုင်လျှင် ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

(ခ) လူငါးယောက်ထက်ပို၍ဖြစ်စေ၊ တစ်ယောက်ဖြစ်စေ ပွဲသဘင်၌သော်လည်းကောင်း၊ အစိုးရလမ်းမကြီး၌သော် လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားဆူပူအော်ဟစ် ဆဲဆိုခြင်းပြုသော် တစ်ယောက်အတွက် ဒဏ်ငွေ ၅ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လအထိ ကျခံနိုင်စေနိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံရနိုင်သည်။ ပြေငြိမ်းခွင့် မရ။ မည်သည့်ရာဇဝတ်တရားသူကြီးမင်းမဆို စီရင် နိုင်သည်။

**အပိုဒ် (၂) ။ ။ အမှုတော်ထမ်းတို့ လာဘ်စားမှု**

မည်သည့်အရာရှိကြီးငယ်မဆို၊ ပုလိပ်မဆို အမှုနှင့်ပတ်သက်၍ တံစိုးလက်ဆောင်များစားခြင်း ပြုလုပ်လျှင် ပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်- အာမခံခွင့်ရနိုင်သည်။ အမှုပြေငြိမ်းခွင့် မရ။ ထောင်ဒဏ် နှစ်နှစ်အထိ အာဏာရတရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၃) ။ ။ အမိန့်မရှိသေမှု**

မည်သူမဆို ရုံးတော်ကထုတ်သောဆင့်စာ၊ နို့တစ်စာ၊ ကြော်ငြာစာ၊ ဝရန်းစာများကပ်ထားရာ ဆုတ်ခွာဖျက်သိမ်းခြင်း၊ ၎င်းစာများချအပ်သောအခါ လက်မခံခြင်း၊ ပယ်ခြင်း၊ ၎င်းစာများ လက်ခံရရှိပါလျက် ရုံးဆိုင်နေ့ရက်ကို မလာရောက်ခြင်း၊ ပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၁၀၀/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်လေးလအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့် မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရသောတရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၄) ။ ။ ငွေလိမ်မှု**

ပြည်သူပိုင်အစိုးရတို့ သွန်းလုပ်သော ငွေဒင်္ဂါးဖြစ်စေ၊ ငွေစက္ကူများဖြစ်စေ အတုပြုလုပ်ခြင်း၊ မမှန်ကြောင်းသိလျက်နှင့် ၎င်းငွေများကို လက်ခံပြုလုပ်သုံးစွဲခြင်း၊ ပြုလုပ်ကျူးလွန်လျှင် တစ်ယောက်အတွက် ဒဏ်ငွေ ၃၀၀/- အထိ၊ ဒဏ်ငွေမဆောင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်အထိ သို့မဟုတ် နှစ်ရပ်စလုံးဖြစ်စေ သို့မဟုတ် ထောင်ဒဏ် သက်သက်ဖြစ်စေ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့် မရ။ အမှုပြေငြိမ်းခွင့် မရ။ နယ်ရှင်မင်းကိုယ်တိုင် စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၅) ။ ။ မမှန်သော အလေး တင်းတောင်းများ အသုံးပြုမှု**

ဆိုင်ရာရုံးတော်က အသိအမှတ်ပြု၍ဖြစ်စေ၊ အရပ်က အသိအမှတ်အသုံးပြု၍ဖြစ်စေ၊ မဟုတ်သော မတရားသောအလေးများနှင့် ပြည်တောင်း၊ ခွဲတောင်းများတို့ကို အသုံးပြုလုပ်ရောင်းဝယ်လျှင် ငွေဒဏ် ၅၀/- အထိ၊ ငွေဒဏ်မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်လအထိ အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရ တရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၆) ။ ။ ကျန်းမာခြင်းကို ကန့်ကွက်မှု**

အဆိပ်များကိုဖြစ်စေ၊ ရောဂါဖြစ်စေတတ်သော အစားအစာများဖြစ်စေ၊ သူတစ်ပါးကို တိုက်ကျွေးခြင်း၊ မတရားသဖြင့်ရောင်းချခြင်း၊ မီးပေါက်ကွဲစေတတ်သည့် ဘေးအန္တရာယ်ကို ပေါ့ပေါ့ဆဆပြုလုပ်၍ မီးစွဲလောင်ပေါက်ကွဲခြင်း ပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၁၀၀/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရသော တရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၇) ။ ။ ဘာသာဖျက်ဆီးမှု**

(က) ကရင်တို့ အမြတ်တနိုးပြုလုပ်သော သင်္ချိုင်းဖြစ်စေ၊ ဗုဒ္ဓဘာသာမှစ၍ ဘာသာအသီးသီးတို့ အမြတ်တနိုးပြုသော စေတီဘုရားကျောင်းကန်များဖြစ်စေ ဖျက်ဆီးလျှင်

ဖျက်ဆီးသူအပေါ် အလုပ်ကြမ်းနှင့်ထောင်ဒဏ်တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

(ခ) ၎င်းစေတီဘုရားကျောင်းကန်များကို ကိုးကွယ်သူတို့ စိတ်နာကျင်လောက်အောင် မရိုမသေ မခန့်မညားပြုလုပ်ကျူးလွန်လျှင် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀၀/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ ပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရသော တရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၈) ။ ။ လူသတ်မှု**

(က) လူ့အသက်ကို သတ်စေရန်ဖြစ်စေ၊ လူကိုသတ်သည်ဖြစ်စေ၊ ပြုလုပ်ကျူးလွန်လျှင် အစိုးရက ကျွန်းပို့ ထောင်ဒဏ် ၁၅ နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အာမခံခွင့်မရ။ ပြေငြိမ်းခွင့်မရ။ နယ်ရှင်မင်းကိုယ်တိုင် စစ်ဆေးစီရင်နိုင်သည်။

(ခ) လူသတ်ရန်ကြံရွယ်အားထုတ်၍ အထမမြောက်ခင် သေရန်ကြံစည်မှုဖြစ်၍ ၎င်းကြံစည်သူကို ဒဏ်ငွေ ၂၀၀/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေး စီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အာမခံခွင့်မရ။ ပြေငြိမ်းခွင့် မရ။ နယ်ရှင်မင်းကိုယ်တိုင် စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၉) ။ ။ ကိုယ်ဝန်ဖျက်ဆီးမှု**

မိမိကိုယ်ဝန်ကလေးဖြစ်စေ၊ သူတစ်ပါးကိုယ်ဝန်ကလေး ဖျက်ဆီးသောသူဖြစ်စေ ပြုလုပ်ကျူးလွန်လျှင် ပြုလုပ်ကျူးလွန်မှုအပေါ် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမပေးဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့် မရ။ ထောင်ဒဏ် နှစ်နှစ်အထိ အာဏာရတရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၁၀) ။ ။ နာကျင်စေမှု**

(က) မည်သူမဆို တုံးတိသောလက်နက်နှင့် သူတစ်ပါးကို အပြင်းအထန် နာကျင်စေလျှင် ဒဏ်ငွေ ၁၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် လေးလအထိ အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- သမ္မန်ထုတ်။ အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ မည်သည့် တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

(ခ) ချွန်ထက်သော ဓားလက်နက်နှင့် အပြင်းအထန် နာကျင်စေခြင်းပြုလုပ်ကျူးလွန်လျှင် ဒဏ်ငွေ ၂၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အထက်ပါ (က)အတိုင်း စီရင်နိုင်သည်။

(ဂ) အလိုအလျောက် နာကျင်စေမှု (မည်သူမဆို သူတစ်ပါးကို အလိုအလျောက်နာကျင်စေလျှင်) ငွေဒဏ် ၅ဝိ/- အထိ၊

ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

(ဃ) အပြင်းအထန်နာကျင်စေရန် ကြံစည်အားထုတ်၍ အထ မမြောက်ခဲ့လျှင် အပြင်းအထန်နာကျင်စေမှုဖြစ်၍ ၎င်း တို့ကို ဒဏ်ငွေ ၅၀/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်လအထိကျခံစေရန် အပြစ် ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်။ အာမခံခွင့်ရသည်။ အမှုပြေငြိမ်း ခွင့်ရသည်။ မည်သည့်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

## အပိုဒ် (၁၁) ။ ။ လူကို မတရားဖမ်းဆီးချုပ်နှောင်မှု

နယ်အရာရှိ၊ ပုလိပ်အရာရှိမဟုတ်ဘဲ လူတစ်ဦးတစ်ယောက် မတရားသဖြင့် ချုပ်နှောင်ဖမ်းဆီးထားခြင်းပြုလုပ်လျှင် ၎င်းပြုလုပ် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၁၅၀/- အထိ၊ ဒဏ်ငွေမပေးဆောင် နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့် ရသည်။ ထောင်ဒဏ် နှစ်နှစ်အထိ အာဏာရ သော တရားသူကြီးက စီရင်နိုင်သည်။

## အပိုဒ် (၁၂) ။ ။ လူကို ခိုးယူမှု

အုပ်ထိန်းသူ အခွင့်မပြုဘဲနှင့်ဖြစ်စေ၊ သဘောမတူဘဲနှင့်ဖြစ်စေ လူတစ်ယောက်ကို အတင်းအဓမ္မခိုးယူလျှင် ၎င်းသူအပေါ် ဒဏ်ငွေ

၂၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်ပါသည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့် မရ။ ထောင်ဒဏ် နှစ်နှစ်အထိ အာဏာရ တရားသူကြီးက စီရင်နိုင်သည်။

**အပိုဒ် (၁၃) ။ ။ မုဒိမ်းမှု**

(က) အသက် (၁၂) နှစ်မပြည့်သော မိန်းကလေးကို သဘောတူသည်ဖြစ်စေ၊ အသက် (၂၀) အောက် အုပ်ထိန်းသူအခွင့်မရသော မိန်းကလေးက သဘောတူသည်ဖြစ်စေ၊ သဘောမတူသော မိန်းမဖြစ်စေ၊ မုဒိမ်းပြုကျင့် ကျူးလွန်လျှင် ၎င်းပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။ ယောကျ်ားအင်္ဂါနှင့် မိန်းမအင်္ဂါအတွင်း သွင်းဝင်မိမှကမှ အထမြောက်၍ အပြစ်ရသင့်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့် မရ။ နယ်တရားရာဇဝတ်သူကြီး စစ်ဆေးစီရင်နိုင်သည်။

(ခ) မုဒိမ်းပြုကျင့်ရန် အားထုတ်ကြံစည်၍ ယောကျ်ားနှင့်မိန်းမ အင်္ဂါသို့မသွင်းဝင်မိက ကြံစည်မှုသာဖြစ်သဖြင့် ကြံစည်ပြုလုပ်သူအပေါ် ဒဏ်ငွေ ၅ဝိ/- အထိ၊ ဒဏ်ငွေ မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်လ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ ထောင်ဒဏ် ခြောက်လအထိ အာဏာရတရားသူကြီးက စစ်ဆေးနိုင်သည်။

**အပိုဒ် (၁၄) ။ ။ တိရစ္ဆာန်ခိုးမှု**

(က) မည်သူမဆို တိရစ္ဆာန် ကျွဲ၊ နွား၊ မြင်း တို့ကို ခိုးယူကျူးလွန်လျှင် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၅၀ိ/- အထိ၊ ငွေဒဏ် မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိ သို့မဟုတ် နှစ်ရပ်စလုံး သို့မဟုတ် ထောင်ဒဏ်သက်သက် ကျခံစေရန် အပြစ်ပေး စီရင်နိုင်သည်။

(ခ) မည်သူမဆို ပစ္စည်းခိုးယူကျူးလွန်လျှင် ငွေဒဏ် ၂၀၀ိ/- အထိ၊ ငွေဒဏ်မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အပိုဒ် က-ခ အရ ပုလိပ်ဖမ်း- အာမခံမရ။ အမှုပြေငြိမ်းခွင့်မရ။ မည်သည့်တရားသူကြီးမင်းမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၁၅) ။ ။ ခြောက်လှန့်ပစ္စည်းတောင်းယူမှု**

လက်နက်တစ်စုံတစ်ရာနှင့်ခွဲကိုင်၍ ခြောက်လှန့်ပစ္စည်းတောင်းယူမှု ပြုလုပ်ကျူးလွန်လျှင် ၎င်းကျူးလွန်သူအပေါ် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိ ကျခံစေရန် သို့မဟုတ် ထောင်ဒဏ်သက်သက် နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်မရ။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရတရားသူကြီးက စစ်ဆေးနိုင်သည်။

**အပိုဒ် (၁၆) ။ ။ လုယက်မှုနှင့်ဓားပြတိုက်မှု**

(က) မည်သူမဆို ငါးယောက်အောက် သူတစ်ပါးပစ္စည်းကို အတင်းအဓမ္မလုယက်မှု ပြုလုပ်ကျူးလွန်လျှင် ဒဏ်ငွေ ၃၀ိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်အထိ အပြစ်ပေးစီရင်နိုင်သည်။

(ခ) လူ ငါးယောက်ဖြစ်စေ၊ ငါးယောက်ထက်ပို၍ဖြစ်စေ၊ ဓားပြ တိုက်မှုကျူးလွန်လျှင် ထိုကျူးလွန်သူအပေါ် ဒဏ်ငွေ ၅၀ိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ဒဏ်ငွေနှစ်ရပ်စလုံး သို့မဟုတ် ထောင်ဒဏ်သုံးနှစ်သက်သက် ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အပိုဒ် (က) (ခ) ပါတို့သည် အာမခံခွင့်မရ။ အမှုပြေငြိမ်းခွင့်မရ။ ပုလိပ်ဖမ်း။ မည်သည့် ရာဇဝတ်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၁၇) ။ ။ အလွဲသုံးစားမှု**

(က) သူတစ်ပါးဥစ္စာပစ္စည်းဖြစ်စေ၊ ရွှေငွေကျောက်များကိုဖြစ်စေ အလွဲသုံးစားပြုလုပ်ကျူးလွန်လျှင် ပြုလုပ်ကျူးလွန်သူ အပေါ် ဒဏ်ငွေ ၂၀ိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင်

အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

(ခ) မည်သည့်နေရာတွင်မဆို တောက်ရသောပစ္စည်းကို လွှဲပြောင်းပေါင်နှံခြင်းဖြစ်စေ၊ လျှို့ဝှက်သိမ်းပိုက်ထားခြင်း ဖြစ်စေ အလွဲသုံးစားမှုဖြစ်၍ အထက်အဆိုပါ (က) အတိုင်း ဆောင်ရွက်စီရင်ရန် ဖြစ်ပါသည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ် -အာမခံခွင့်ရသည်။ အမှုစွဲရာ ရုံးကခွင့်ပေးလျှင် ပြေငြိမ်းနိုင်သည်။ မည်သည့် ရာဇဝတ်တရားသူကြီးမဆို စစ်ဆေးစီရင် နိုင်သည်။

**အပိုဒ် (၁၈) ။ ။ အပ်နှံထားသောပစ္စည်းအလွဲသုံးစားမှု**

သူတစ်ပါးယုံကြည်၍ အပ်နှံထားသောပစ္စည်းများကို ဖောက်လွှဲဖောက်ပြန်ပြီး မတရားသဖြင့် အလွဲသုံးစားပြုလုပ်ကျူးလွန်လျှင် ၎င်းကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀၀/- အထိ၊ ဒဏ်ငွေ မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။ ပစ္စည်းတန်ဖိုးကို ချင့်ချိန်ပြီး တော်သင့်သော အပြစ်ဒဏ်ကိုပေးရန် ဖြစ်ပါသည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ အမှုဖျန်ဖြေခွင့် မရ။ ထောင်ဒဏ်ခြောက်လအထိ အာဏာ ရရှိသာ တရားသူကြီးမင်းက စစ်ဆေးစီရင် နိုင်သည်။

**အပိုဒ် (၁၉) ။ ။ ခိုးရာပါပစ္စည်းလက်ခံမှု**

(က) ခိုးရာပါပစ္စည်းဖြစ်စေ၊ လုယက်ရာ၊ ဓားပြတိုက်ရာမှရရှိသောပစ္စည်းဖြစ်စေ၊ သိလျက်နှင့်လက်ခံဝယ်ယူခြင်းသော်လည်းကောင်း၊ လက်ခံသိုဝှက်သိမ်းပိုက်ထားခြင်းသော်လည်းကောင်း ပြုလုပ်ကျူးလွန်လျှင် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်အထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး သို့မဟုတ် ထောင်ဒဏ်သက်သက်တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

(ခ) ၎င်းမတရားသောပစ္စည်းကို ရောင်းချရာ ပါဝင်ကူညီခြင်းပြုလုပ်လျှင် အထက်ဖော်ပြပါအပြစ်ဒဏ်အတိုင်း ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ အမှုဖျန်ဖြေခွင့်မရ။ ထောင်ဒဏ်ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၀) ။ ။ လိမ်လည်မှု**

သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားသဖြင့်လိမ်လည်ယူခြင်းဖြစ်စေ၊ ပစ္စည်းများကိုရယူနိုင်ရန် စာအုပ်စာတမ်းတစ်စုံတစ်ခုအပေါ်၌ မတရားသဖြင့် လိမ်လည်၍ လက်မှတ်ရေးစေခြင်းဖြစ်စေ ၎င်းပြုလုပ်ကျူးလွန်သူအပေါ်၌ ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ ထောင်ဒဏ်ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၁) ။ ။ ပစ္စည်းကို လျှို့ဝှက်လိမ်လည်ပြောင်းလဲမှု**

မည်သူမဆို အမိန့်ထား ဝရမ်းထုတ်ပြီးသောအခါ ကြွေးရှင်များ မရလေအောင် မိမိပိုင်ပစ္စည်းများကို လျှို့ဝှက်ပေါင်နှံရောင်းချခြင်း ဖြစ်စေ၊ ပြောင်းလဲခြင်းပြုလုပ်ကျူးလွန်လျှင် ၎င်းကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်-အာမခံခွင့်ရသည်။ အမှု ပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၂) ။ ။ အကျိုးဖျက်ဆီးမှု**

(က) မည်သူမဆို တိရစ္ဆာန် ကျွဲ၊ နွား၊ မြင်း သို့မဟုတ် မတရားသဖြင့် ရိုက်နှက်ခြင်း၊ အင်္ဂါချို့တဲ့အောင် ညှဉ်းပန်းပြုလုပ်လျှင် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၁၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် လေးလအထိ ကျခံစေရန်အပြစ်ပေး စီရင်နိုင်သည်။

(ခ) သူတစ်ပါး၏ အဖိုးတန်သောပစ္စည်းတစ်စုံတစ်ရာကို ဖျက်ဆီးကျူးလွန်လျှင် အထက်ပါအပြစ်ဒဏ်အတိုင်း ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်- အာမခံခွင့်ရသည်။ အမှု ပြေငြိမ်းခွင့်ရသည်။ မည်သည့်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၃) ။ ။ ကျော်နင်းမှု**

မည်သူမဆို သူတစ်ပါးကို အနာတရဖြစ်စေရန်ဖြစ်စေ၊ ပစ္စည်းရစေရန်ဖြစ်စေ တိုက်အိမ်တိုင် အဆောက်အဦအတွင်းသို့ ကျော်နင်းဝင်ရောက်ကျူးလွန်လျှင် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၁၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ်လေးလ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ မည်သည့်ရာဇဝတ် တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၄) ။ ။ တံဆိပ်လိမ်လည်မှု**

မည်သူမဆို သူတစ်ပါး၏တံဆိပ်ကိုသော်လည်းကောင်း၊ လက်မှတ်ကိုသော်လည်းကောင်း တုပလိမ်လည်အသုံးပြုခြင်း ပြုလုပ်လျှင် ပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်အထိ သို့မဟုတ် နှစ်ရပ်စလုံး သို့မဟုတ် ထောင်ဒဏ်သက်သက် နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်- အာမခံခွင့်ရသည်။ အမှု ပြေငြိမ်းခွင့်မရ။ ထောင်ဒဏ်နှစ်နှစ်အထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၅) ။ ။ ပဋိညာဉ်ဖျက်မှု**

မည်သူမဆို သူတစ်ပါးပစ္စည်းကိုပို့ဆောင်မည်ဟု အဖိုးအခယူပြီး မပို့ဘဲပျက်ကွက်၍ သူတစ်ပါးကို အကျိုးနစ်နာပျက်စီးဆုံးရှုံးသွားလျှင် ၎င်းပျက်ကွက်သူအပေါ် ဒဏ်ငွေ ၁၀၀/- အထိ၊ ဒဏ်ငွေ မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ်လေးလအထိ ကျခံစေရန် အပြစ်ပေး စီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ ထောင်ဒဏ် ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၆) ။ ။ မယားခိုးမှု**

မည်သူမဆို သူတစ်ပါး၏လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်သော ကာမပိုင်ရှိ မိန်းမကိုခိုးယူ၍ ကာမစပ်ယှက်ခြင်းဖြစ်စေ၊ လက်မထပ်ဘဲနှင့် တိတ်တခိုး ခိုးယူခြင်းဖြစ်စေ၊ ကာမပိုင်လင်ယောကျ်ားက ခွင့်မပြုဘဲ ကာမသံဝါသ ဆက်စပ်ခြင်းဖြစ်စေ ပြုလုပ်ကျူးလွန်လျှင် ၎င်းပြုလုပ်ကျူးလွန်သူက ထိုမိန်းမ၏လင်ယောကျ်ားသို့ လျော်ကြေးပေးရမည်။ ၎င်းလျော်ကြေးငွေကို ကာမပိုင်လင်ယောကျ်ား၏ဂုဏ်၊ အမျိုး၊ အယုတ်အလတ်အမြတ်ကို ချင့်ချိန်ပြီး လျော်ကြေးပေးစေရမည်။ လျော်ကြေးမပေးနိုင်လျှင် ထိုလျော်ကြေးငွေကို ချင့်ချိန်ပြီး ထောင်ဒဏ်နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။ မယားခိုးမှုမှာ ဘာသာထုံးစံအတိုင်း လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်ယူသော မိန်းမကို ကျူးလွန်မှသာ မယားခိုးမှုမြောက်သည်။

ငင်းပြင် လျော်ကြေးပေးပြီးရုံမျှနှင့် ငင်းမိန်းမကို ရယူနိုင်သည်ဟု မဆိုရချေ။ လင်ကြီးစွန့်ပစ်မှ ရယူနိုင်သည်။ မယားခိုးမှု၌ ကရင်နီနယ် ရုံးများနှင့် ကရင်နီနိုင်ငံရေးမှုဆိုင်ရာ ဝန်ထောက်တော်မင်းရုံးတွင်ပါ၊ မည်သည့်လူမျိုးမဆို၊ မည်သည့်အစိုးရ ကျေးကျွန်တိုင်းရင်းသားမဆို၊ လျော်ကြေးနှင့်သာ စီရင်ရန် အထက်တောင်ကြီးမြို့ဝန်မင်းကြီး (ဆပ်ကလင်) သခင်က အမိန့် ဆာကြျလာထုတ်ထားသည့်အတိုင်း ဆောင်ရွက်ကြရလေသည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်-အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်ရသည်။ ထောင်ဒဏ်နှစ်နှစ်အထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၇) ။ ။ အသရေဖျက်မှု**

သူတစ်ပါး၏ဂုဏ်သရေပျက်စေရန် စကားနှင့်အတိအလင်း ပြောဆိုခြင်းဖြစ်စေ၊ စာရေးခြင်းဖြစ်စေ၊ ဓာတ်ပုံရိုက်ခြင်းဖြစ်စေ ပြုလုပ်ကျူးလွန်လျှင် ဒဏ်ငွေ ၁၀ဝိ/- ဖြစ်စေ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်မရှိသော ထောင်ဒဏ်ခြောက်လအထိ အပြစ်ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းနိုင်သည်။ မည်သည့်ရာဇဝတ်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၈) ။ ။ စော်ကားမှု**

မြို့ရွာ ငြိမ်ဝပ်ခြင်းပျက်စီးစေရန် ကြံရွယ်၍ မခန့်မညား စော်ကားခြင်း ပြုလုပ်လျှင် ငင်းပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀ဝိ/-

အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခြောက်လအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်- အာမခံခွင့်ရသည်။ အမှုပြေငြိမ်းနိုင်သည်။ ထောင်ဒဏ်နှစ်နှစ်အထိ မည်သည့်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၂၉) ။ ။ စုန်းယိုးမှု**

မည်သူမဆို စုန်းမဟုတ်ဘဲ သူတစ်ပါးကို စုန်းဖြစ်သည်ဟူ၍ အတိအလင်းပြောဆိုစွပ်စွဲမှားယွင်းလျှင် စုန်းယိုးခံရသူကို ငွေ ၂၀ဝိ/- အထိ ပေးလျော်စေရမည်။ ငွေမလျော်နိုင်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။ အကယ်၍ စုန်းအယိုးခံရသူက ရေငုပ်မခံနိုင်ဘဲ စုန်းအမှတ်ဖြစ်ခဲ့ပါလျှင် တစ်အိမ်လုံးရွာမှအပြင်သို့ နှင်ထုတ်စေနိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်-အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ်ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၀) ။ ။ သတိပေါ့လျော့မှု**

(က) မည်သူမဆို မဆင်ခြင်ဘဲ သတိပေါ့လျော့စွာနှင့် ပြုလုပ်သူ အသက်ထိခိုက်သေဆုံးလျှင် ၎င်းပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၃၀ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ်နှစ်နှစ်အထိ ကျခံစေရန် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး သို့မဟုတ် ထောင်ဒဏ်သက်သက်နှစ်နှစ်အထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ အမှုပြေငြိမ်းခွင့်မရ။ နယ်ရှင်မင်းကိုယ်တိုင် စစ်ဆေးစီရင်နိုင်သည်။

(ခ) လူမသေလျှင် ၎င်းနစ်နာမှုကို နစ်နာကြေးအတွက် ငွေ ၁၀၀ိ/- အထိ ပေးလျော်စေ၍ ငွေမပေးဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် လေးလအထိ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ် နှစ်နှစ်အထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၁) ။ ။ မီးရှို့မှု**

မည်သူမဆို သူတစ်ပါးအိမ်ကို ကူးစက်သင့်လောက်အောင် မိမိအိမ်ကိုဖြစ်စေ၊ သူတစ်ပါးအိမ်ကိုဖြစ်စေ၊ မီးတိုက်ရှို့ ကျူးလွန်သူအပေါ် ငွေဒဏ် ၅၀ိ/- အထိ၊ ငွေဒဏ်မဆောင်နိုင်လျှင် ထောင်ဒဏ်သုံးနှစ်အထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ ထောင်ဒဏ်သက်သက်သုံးနှစ်ဖြစ်စေ ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း-အာမခံခွင့်မရ။ အမှု ပြေငြိမ်းခွင့်မရ။ ထောင်ဒဏ်နှစ်နှစ်အထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၂) ။ ။ ပုလိပ်ရုခံမှု**

ပုလိပ်အမှုထမ်းတို့ ဝတ္တရားအတိုင်းဆောင်ရွက်ရန် မတရားသဖြင့်ခုခံသည်ဖြစ်စေ၊ အလုပ်ဝတ္တရားပျက်ကွက်အောင် နှောင့်ယှက်

သည်ဖြစ်စေ ပြုလုပ်ကျူးလွန်သောသူကို ဒဏ်ငွေ ၁၅ဝိ/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ငါးလအထိ ကျခံစေရန်အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ဝရမ်းထုတ်-အာမခံခွင့်ရသည်။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ်ခြောက်လအထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၃) ။ ။ ပုလိပ်ပေါ့လျော့မှု**

(က) အမှုထမ်းတို့ တရားခံဖြစ်စေ၊ အကျဉ်းသားလွတ်ထွက်သွားစေခြင်း ပြုလုပ်ကျူးလွန်လျှင် ပြုလုပ်ကျူးလွန်သူအပေါ် ဒဏ်ငွေ ၇၅/- အထိ၊ ဒဏ်ငွေမဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် သုံးလအထိကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** သမ္မန်ထုတ်-အာမခံရနိုင်သည်။ အမှုပြေငြိမ်းခွင့်မရ။ မည်သည့်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

(ခ) တရားသူကြီးသည် မိမိရွာတွင် သူခိုး၊ ဓားပြ လူဆိုးများရှိ၍ ဆိုင်ရာအထက်ရုံးသို့ သတင်းတိုင်ကြားပေးသင့်လျက် မဆိုင်ဘဲ လွတ်လပ်နေခဲ့လျှင် ငွေဒဏ် ၅ဝိ/- အထိ၊ ငွေဒဏ်မဆောင်နိုင်လျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်လအထိ ကျခံစေနိုင်သည်။

**ကျင့်ဆောင်ရန်။ ။** အထက်ပါ (က)အတိုင်း ဆောင်ရွက်ရမည်။

**အပိုဒ် (၃၄) ။ ။ အရှိအသေပျက်မှု**

မည်သူမဆို နယ်ရှင်များကိုဖြစ်စေ၊ ပြည်ပိုင်အစိုးရမင်းများကို ဖြစ်စေ၊ အကြည်ညို မေတ္တာပျက်စေခြင်း ပြုလုပ်ပေါ့ပြောစေခြင်း ပြုလုပ်လျှင် ကျူးလွန်သူအပေါ် ဒဏ်ငွေ ၂၀ဝိ/- အထိ၊ ဒဏ်ငွေ မဆောင်နိုင်လျှင် ထောင်ဒဏ်တစ်နှစ်အထိ ကျခံစေရန် အပြစ်ပေး စီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်ရနိုင်သည်။ အမှုပြေငြိမ်းခွင့်မရ။ ထောင်ဒဏ်နှစ်နှစ်အထိ အာဏာရရှိသော တရားသူကြီးမင်းက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၅) ။ ။ အကျဉ်းထောင်မှထွက်ပြေးမှု**

မည်သူမဆို အကျဉ်းထောင်တွင်ချုပ်ထားရာဖြစ်စေ၊ လွတ်ထွက်ပြေးလျှင်ဖြစ်စေ မူလအပြစ်နှင့်ညီမျှသော ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ ၎င်းဒဏ်၏အချို့တစ်ဝက်ကိုသော်လည်းကောင်း ကျခံစေရန် အပြစ်ပေးစီရင်နိုင်သည်။

**ကျင့်ဆောင်ရန်။ ။** ပုလိပ်ဖမ်း- အာမခံခွင့်မရ။ အမှုပြေငြိမ်းခွင့်မရ။ မူလအပြစ်ပေးသောတရားသူကြီးက စစ်ဆေးစီရင်နိုင်သည်။

**အပိုဒ် (၃၆) ။ ။ တိရစ္ဆာန်ခြေရာကျမှု**

ကျွဲ၊ နွား၊ မြင်းတို့ ခြေရာကျမှုမှာ မူလပျောက်ဆုံးရင်း တိရစ္ဆာန် တစ်ကောင်လျှင် ခြေရာမထုတ်ပေးနိုင်သော် ရွာသားများက တိရစ္ဆာန် တစ်ကောင်နှင့် တရားလိုကုန်ကျသော စားစရိတ်များကိုလည်း ကျခံ စေရန် အပြစ်ပေးစီရင်နိုင်သည်။

ကျင့်ဆောင်ရန်။ ။ သမ္မန်ထုတ်- အာမခံခွင့်ရသည်။ အမှု ပြေငြိမ်းခွင့်မရ။ မည်သည့်ရာဇဝတ် တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

**(ဂ) ရာဇဝတ်ကင်းလွတ်ချက် ကရင်နီနယ်ဓလေ့ထုံးစံဥပဒေ**

အပိုဒ် (၁) - တရားသူကြီးတို့သည် ရိုးဖြောင့်သော သဘောနှင့် ဥပဒေအတိုင်း အထင်ရှိ၍ ပြုလုပ်လျှင် အပြစ်မရှိ။

အပိုဒ် (၂) - ရှုံးမင်းအမိန့်ရ မှတ်ချက်အတိုင်း ပြုလုပ်လျှင် မပြစ်မရှိ။

အပိုဒ် (၃) - တရားသောအရာကိုပြုနေရာတွင် ကံမကောင်းသောကြောင့် အကြောင်းတရားမသင့်၊ အမှတ်မဲ့ လွဲချော်ပြုလုပ်မိလျှင် အပြစ်မရှိ။

အပိုဒ် (၄) - ဘေးကြီးကို ကာကွယ်တားဆီးရန် အပြစ်ကလေးကို ရိုးဖြောင့်သောသဘာနှင့် ပြုလုပ်လျှင် အပြစ်မရှိ။

အပိုဒ် (၅) - အသက် ခုနစ်နှစ်အောက်ကလေး ပြုကျင့်သမျှ ရာဇဝတ်မဖြစ်။

အပိုဒ် (၆) - အသက် (၁၀) နှစ်အောက်တွင် သူငယ်များမှာ ဆင်ခြင်တုံတရား မရှိသေးလျှင် ရာဇဝတ်မှု ပြုလုပ်ကျူးလွန်သော် အပြစ်မရှိ။ သို့ရာတွင် မိမိ ပြုလုပ်ကျူးလွန်ပြီးသည့်နောက် အပြစ်ဖြစ်သည်ဟု သိတတ်သောသဘောရှိလျှင် အပြစ်မကင်းနိုင်ချေ။

အပိုဒ် (၇) - အရှုးပြုသောအရာများ ရာဇဝတ်မှုမဖြစ်။

အပိုဒ် (၈) - သူတစ်ပါးတိုက်၍ အလွန်အရက်မူးပြီး ပြုလုပ်ကျူးလွန်မိလျှင် အပြစ်မရှိ၊ သို့ရာတွင် မိမိကိုယ်တိုင် သဘောအတိုင်းသောက်၍ မူးယစ်လျှင် အပြစ်မကင်းနိုင်ချေ။

အပိုဒ် (၉) - သေစေရန် အကြံအစည်မရှိဘဲ ၎င်းသူအကျိုးငှာရိုးဖြောင့်သောသဘောနှင့်ပြုလုပ်လျှင် အပြစ်မရှိ။

အပိုဒ် (၁၀) - ရိုးဖြောင့်သောသဘောဖြင့် ပြောကြားခြင်းသည် အပြစ်မရောက်။

အပိုဒ် (၁၁) - ညာဉ်ရိုးနှင့်ဆင်ခြင်၍ အရေးမယူလောက်၊ သေးနုတ်သောအရာများကိုပြုမိလျှင် အပြစ်မရှိ။

အပိုဒ် (၁၂) - မိမိအသက်ကို သေလောက်အောင်ဖြစ်စေ၊ အပြင်းအထန်နာကျင်လောက်အောင်ဖြစ်စေရန်ရှာ၍သော်လည်းကောင်း၊ ပစ္စည်းကိုရယူရန်သော်လည်းကောင်း အတင်းအဓမ္မ ဝင်ရောက်ကျူးလွန်လျှင် ကာကွယ်ခုခံရန် အသက်သေဆုံးသည့်တိုင်အောင် အပြစ်မရှိ။

အပိုဒ် (၁၃) - နှစ်ဦးသဘောတူပြုလုပ်သောအရာကို အသက်သေဆုံးသည့်တိုင်အောင် အပြစ်မရှိ။

* * *

အခန်း (၆)

## စီးပွားရေးလုပ်ငန်းများ

**စိုက်ပျိုးရေး**

ယင်းတလဲလူမျိုးများသည် စိုက်ပျိုးရေးလုပ်ငန်းများကို မိသားစု စားဝတ်နေရေး ဖူလုံရုံမျှသာ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အကြီး အကျယ်စီးပွားဖြစ် လုပ်ကိုင်ခြင်း မပြုကြချေ။ ယင်းတလဲလူမျိုးများ အများဆုံး စုစည်းနေထိုင်သည်ဟု ဆိုနိုင်သော ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းကျေးရွာအုပ်စု၊ ဝမ်အောင်း ကယားရွာသည် သံလွင်မြစ် ကမ်းတွင် တည်ရှိသည်။ သို့သော် သံလွင်မြစ်ဝှမ်းသည် ဧရာဝတီမြစ် ဝှမ်းကဲ့သို့ နုန်းတင်မြေနုသဲသောင်များ၊ မြေနုကျွန်းများ မရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိပေ။ ရွာအရှေ့ဘက် ပန်းဆေးတောင်ခြေရင်းရှိ အတန်ငယ်ပြန့်ပြူးသောလွင်ပြင်တွင် တောင်ယာလုပ်ငန်း လုပ်ကိုင်နိုင်ကြသည်။ နှမ်းကို အဓိကထား စိုက်ပျိုး သည်ဆိုသော်လည်း ပဲ၊ ပြောင်းကောက် စသည်တို့ကိုလည်း စိုက်ပျိုး ကြသည်။ ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်ရှိ ယင်းတလဲလူမျိုးများ သည်လည်း မြို့မြောက်ဘက်ရှိ ယင်းတလဲဘာသာစကားဖြင့်

ပွဲဆောင်းတောင်ဟု ခေါ်ကြသော မယ့်စလောင်းတောင် အရှေ့ဘက် ဆင်ခြေလျှောလွင်ပြင်တွင် နှမ်း၊ ပဲ၊ ပြောင်းကောက် စသည်တို့ကို စိုက်ပျိုးကြသည်။ ထို့အတူ မယ့်စလောင်းတောင် အနောက်ဘက် တောင်ခြေရှိ စလဲလုံကျေးရွာတွင် နေထိုင်ကြသော ယင်းတလဲတို့မှာလည်း တောင်ယာလုပ်ငန်းကိုသာ မိရိုးဖလာအဖြစ် လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။

ယင်းတလဲလူမျိုးတို့ နေထိုင်ရာဒေသများသည် ကျောက်တောင်များ ဝန်းရံနေသောဒေသဖြစ်ခြင်း၊ သီးနှံစိုက်ပျိုးရန် မြေဆီဩဇာကောင်းမွန်သောဒေသ မဟုတ်ခြင်း စသည်တို့ကြောင့် စီးပွားဖြစ်ရောင်းချရန်ထက် စားသုံးနိုင်လောက်ရုံသာ စိုက်ပျိုးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ဘောလခဲမြို့အဝင်တွင် စိုက်ပျိုးမြေဧက ၁၀၀၀ ကို အကျိုးပြုနိုင်မည်ဟု ရည်ရွယ်သော ဒေါတချားရေလှောင်တမံကို ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော်လည်း စိုက်ပျိုးရေးအတွက် ထိရောက်စွာ အသုံးပြုနိုင်သည်ကို မတွေ့ရှိရပါ။ ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ဒေသများဖြစ်သော စလဲလုံရွာကို ဖြတ်သန်းလျက် နန်းဖဲချောင်း၊ ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်နှင့် ကပ်လျက် ပွန်ချောင်းခေါ် နမ့်ပွန်မြစ်၊ ဝမ်အောင်းရွာနံဘေးတွင် သံလွင်မြစ်တို့ စီးဆင်းနေသော်လည်း စိုက်ပျိုးရေးအတွက် ရေတင်စိုက်ပျိုးခြင်း၊ ရေသွယ်စိုက်ပျိုးခြင်းတို့ မရှိသည်ကို လေ့လာတွေ့ရှိရသည်။

**ရေလုပ်ငန်း**

ယင်းတလဲတိုင်းရင်းသားတို့ နေထိုင်ကြရာ ဝန်းကျင်တွင် မြစ်ချောင်းများရှိသည်ဖြစ်ရာ တစ်ပိုင်တစ်နိုင် ငါးဖမ်းဆီးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ယင်းတလဲတို့ အဆိုအရ အခြားဒေသထွက်

ငါးများထက် ပွန်ချောင်းငါးက အရသာပိုမိုကောင်းမွန်သည်။ ပွန်ချောင်းငါးထက် သံလွင်ငါးက ပိုမိုကောင်းမွန်သည်ဟု ဆိုကြသည်။ မိရိုးဖလာနည်းဖြင့် ငါးမျှားခြင်း၊ ငါးထောင်ခြင်း လုပ်ကိုင်ကြသော်လည်း ပွန်ချောင်းတွင် ငါးရှာသည်မှာ အခြားဒေသများနှင့် အနည်းငယ်ကွဲပြားသည်။ ပွန်ချောင်းသည် ရေစီးသန်ပြီး ကျောက်ဆောင်၊ ကျောက်တုံးများ ပေါများသည်ဖြစ်ရာ လှေများအသုံးပြုမှုကို မတွေ့ရသလောက်ဖြစ်သည်။ ထို့ကြောင့် ချောင်းအတွင်း ငါးရှာရန် ကားလေလုံးအပေါင်းကို လေဖြည့်ကာ ပီနံအိတ်ဖြင့် အောက်တစ်ဖက်ကို ပိတ်ချုပ်ထားသော ဘောကွင်းအတွင်းတွင် စီးနင်းလျက် ငါးရှာသည်ကို တွေ့ရသည်။ လေထိုးထားသော ရာဘာကွင်းက သာမန်ကျောက်စွန်းကျောက်ဆောင်များနှင့် ထိခိုက်မိခြင်းများအတွက် အဆင်ပြေသည်ကို တွေ့ရသည်။

**အမဲလိုက်ခြင်း**

ယင်းတလဲတိုင်းရင်းသားအများစု နေထိုင်ရာဒေသများဝန်းကျင်သည် လက်ရှိအခြေအနေအထိ တောတောင်များ ဝန်းရံလျက် လျှိုမြောင်၊ စိမ့်စမ်းနှင့် ချောင်းငယ်များရှိသည်ဖြစ်ရာ ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်၊ တောဆိတ်၊ ဝက်ဝံ စသည်တို့နှင့် သားကောင်ငယ်များ ပေါများသည်။ ထို့ကြောင့် အမဲလိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသူများ ယနေ့အထိ ရှိနေဆဲဖြစ်ပါသည်။ ယင်းတလဲတို့သည် အမဲလိုက်ခြင်း၊ အမဲပစ်ခြင်းတို့ကို ကျွမ်းကျင်ကြသည်။ ယင်းတလဲ ကျေးရွာများ တစ်ဝိုက်တွင် တူမီးသေနတ်ဖြင့် အမဲလိုက်ရာမှ ပြန်လာသော၊ အမဲလိုက်ထွက်လာသောသူများကို တွေ့မြင်နိုင်သည်။ ရှေးခေတ်ကကဲ့သို့ ဒူးလေး၊ မြားစသည်တို့ဖြင့် အမဲလိုက်ခြင်းကမူ များစွာရှားပါးသွားပြီ ဖြစ်ပါသည်။

**တိရစ္ဆာန်မွေးမြူရေး**

ယင်းတလဲအမျိုးသားတို့သည် များသောအားဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပေ။ တိရစ္ဆာန်များကို မိသားစုစားသုံးရန်၊ နတ်ပူဇော်ပသပွဲများပြုလုပ်သည့်အခါ အသုံးပြုရန်နှင့် ကျွေးမွေးရန်သာ ရည်ရွယ်မွေးမြူကြသည်ကို တွေ့ရသည်။ မွေးမြူသော တိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဘဲ၊ ဝက် တို့ဖြစ်သည်။ ယင်းတိရစ္ဆာန်များကို အိမ်ထောင်စုအလိုက် တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။

**လက်မှုပညာလုပ်ငန်းများ**

ယင်းတလဲတို့သည် တောင်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ တောလိုက်ခြင်း စသည်တို့အတွက် လိုအပ်သော တောင်း၊ ခြင်း၊ ပလိုင်း၊ ဆန်ကော၊ ဆန်ခါ၊ ဖျာ စသည့်အသုံးအဆောင်တို့ကို ကိုယ်တိုင်ရက်လုပ်သုံးစွဲကြသည်။ ယင်းတလဲတိုင်းရင်းသားတို့နေထိုင်သော အရပ်ဒေသပတ်ဝန်းကျင်တွင် ဝါးများ ပေါများစွာ ရရှိနိုင်ခြင်းကလည်း အိမ်တွင်းသုံးပစ္စည်းများကို ကိုယ်တိုင်ပြုလုပ်စေရန် အားပေးသကဲ့သို့ရှိသည်ဟု ဆိုရပါမည်။ သို့သော် ရောင်းဝယ်ဖောက်ကားမှုထွန်းကားနေပြီဖြစ်သောကြောင့် အချို့က အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုသဖွယ် တစ်ပိုင်တစ်နိုင်ပြုလုပ်ကာ မိမိတို့ထံ လာရောက်ဝယ်ယူသူများကို ရောင်းချပေးခြင်း၊ လာရောက်ဝယ်ယူသူမရှိပါက ဈေးဆိုင်များသို့ ပို့အပ်ရောင်းချခြင်းများလည်း ရှိသည်။

ရှေးအခါက ယင်းတလဲတိုင်းရင်းသားတို့သည် ကျေးရွာတည်ထောင်လျှင်ဖြစ်စေ၊ အိမ်ရာဆောက်လုပ်လျှင်ဖြစ်စေ အများက စုပေါင်းဆောက်လုပ်တည်ထောင်ပေးကြသည်။ ထို့ကြောင့် အိမ်ဆောက်မည်ဆိုလျှင် သီးသန့်အပ်နှံရခြင်းမရှိဘဲ စုပေါင်းဆောက်လုပ်လိုက်ကြသည်။



နန်းဖဲချောင်းနံဘေးတွင် အေးအေးချမ်းချမ်း
တောင်းရက်နေသော ယင်းတလဲ အဘိုးအို



သံလွင်မြစ် သဲသောင်ပြင်တွင် လှေတစ်စင်းတည်ဆောက်နေစဉ်

ယင်းတလဲအိမ်များတွင် ရှေးယခင်က သံကိုအသုံးမပြုဘဲ အားလုံး ဖောက်လျှို ဆောက်လုပ်လေ့ရှိရာ သစ်ကိုထွင်းခြင်း၊ ဖြတ်ခြင်း၊ ဖောက် ခြင်းလုပ်ငန်းများကို အလွယ်တကူ လုပ်ကိုင်တတ်ကြသည့်သဘော ဖြစ်ပါသည်။

ယင်းတလဲလူမျိုးအများဆုံးနေထိုင်သော ဖားဆောင်းမြို့နယ်၊ ဝမ်အောင်းကျေးရွာတွင်မူ ပရိဘောဂလုပ်ငန်း ထွန်းကားသည်။ ထိုဒေသသည် ကျွန်းသစ်ပေါများသဖြင့် အိမ်အသုံးအဆောင် ပရိ ဘောဂပစ္စည်းများ ပြုလုပ်ရောင်းချသည်ကို တွေ့ရှိရသည်။ ထို့ပြင် လှေတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ လှေများ ကို သံလွင်မြစ်ကမ်း သဲသောင်စပ်တွင်ပင် တည်ဆောက်ကြခြင်း ဖြစ်သည်။

* * *

## အခန်း (၇)

# လူမှုရေး

**ပညာရေး**

ယင်းတလဲအမျိုးသားတို့တွင် စာပေဟူ၍ မရှိခဲ့သဖြင့် ရှေးအခါက စာမဖတ်တတ်ကြချေ။ ရှေးအခါက ယင်းတလဲကျေးရွာများ၌ စာသင်ကျောင်းများ စနစ်တကျမရှိသောကြောင့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများသို့ အချို့ကလေးများကိုလွှတ်၍ မြန်မာစာသင်စေသည်။ များသောအားဖြင့် ကလေးများကို မိဘများက မိမိတို့နှင့်အတူ တောင်ယာသို့ခေါ်သွားပြီး တောင်ယာလုပ်ငန်းကိုပင် ဝိုင်းဝန်းကူညီလုပ်ကိုင်စေကြသည်။ ယင်းတလဲတို့သည် စာပေအရေးအသား တတ်ကျွမ်းမှုမရှိသဖြင့် တစ်ခုခုကို အမှတ်အသားပြုလုပ်လိုလျှင် ဝါးခြမ်းဖြင့်လည်းကောင်း၊ နှီးပြားကို အဆစ်ကလေးများချိုး၍လည်းကောင်း၊ မီးသွေးဖြင့် ခြစ်၍လည်းကောင်း မှတ်သားလေ့ရှိကြသည်။ ယခုအခါ အစိုးရက မူလတန်းကျောင်းများဖွင့်လှစ်ထားသဖြင့် ကလေးများကို ကျောင်းထားကြလေသည်။ ယင်းတလဲ တိုင်းရင်းသားတို့ အများဆုံးနေထိုင်ရာဖြစ်သော ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်၊ စလဲလုံနှင့် ဝမ်အောင်း

တို့တွင် မူလတန်းကျောင်းများရှိသည်။ ထို့ကြောင့် ၈၀ ရာခိုင်နှုန်း ခန့်မျှသော ကလေးများသည် မြန်မာစာ ရေးတတ်၊ ဖတ်တတ်လာကြသည်။ မူလတန်းအောင်လျှင် ဆက်လက်ထားရန် အနီးအနားတွင် ကျောင်းလည်းမရှိသည့်အပြင် ရှိသည့်မြို့ရွာများသို့ပို့ကာ ပညာသင်ကြားစေသည်မှာလည်း နည်းပါးသဖြင့် အထက်တန်းပညာတတ်သူ အလွန်နည်းပါးသည်ဟု ဆိုရပါမည်။

သုတေသနတွေ့ရှိချက်အရ အမိ၊ အဘ နှစ်ဦးစလုံး ယင်းတလဲမှ မွေးဖွားသူများတွင် ဘွဲ့ရဟူ၍ သုံးယောက်သာရှိသေးသည်ဟု ဆိုရပါမည်။ ဝမ်အောင်းကျေးရွာသားများဖြစ်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အငြိမ်းစား အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးလှမောင် ခေါ် ထုရိုင်းနှင့် ဝမ်အောင်းကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဖြစ်သော ဦးသန်းအေး ခေါ် ကလိရိုင်းတို့သည် B.A., B.Ed ဘွဲ့များ ရရှိခဲ့ကြပါသည်။ ကယားပိုင်းရပ်ကွက်မှ ဒေါ်အေးမြင့်သန်း ခေါ် စမိန်းသည် B.A ဘွဲ့ ရရှိအောင်မြင်ခဲ့ပါသည်။ ယင်းတလဲသွေး တစ်ဝက်နှောသူတို့အထဲတွင်မူ ဝမ်အောင်းတွင် လေးဦးနှင့် ကယားပိုင်းတွင် လေးဦးတို့ ဘွဲ့ရပြီးနှင့် တက္ကသိုလ်ပညာ သင်ယူဆဲဟု သိရပါသည်။ ဖားဆောင်းမြို့မြောက်ပိုင်း ရပ်ကွက်တွင်လည်း အချို့ရှိသည်ဟု သိရပါသည်။

**စာပေသမိုင်း**

ယခင်က ယင်းတလဲအပါအဝင် ကယားတိုင်းရင်းသား လူမျိုးစုတို့တွင် ကိုယ်ပိုင်စာပေဟူ၍ မရှိသေးပါ။ စာပေနှင့်ပတ်သက်၍ ရှေးကယားသက်ကြီးရွယ်အိုတို့၏စကားအရ ကယားလူမျိုးတို့အတွက်

ဘုရားသခင်ပေးအပ်တော်မူသောစာကို ခွေးစားသွားသဖြင့် ကယား လူမျိုးစုတို့တွင် စာပေမရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရှေးလူကြီးစကားအရ ဘုရားသခင်သည် ကယားလူမျိုးတို့ကို ရွှေစာတစ်စောင် ပေးအပ်တော်မူသည်။ ယင်းရွှေစာကို ကယားလူမျိုး တို့က မဖတ်တတ်သဖြင့် ညီအငယ်ဆုံးဖြစ်သူ လူဖြူထံမှ ငွေစာနှင့် လဲခဲ့သည်။ ထိုညီအငယ်ဆုံးသည် ရွှေစာကိုပိုက်ကာ နေဝင်ရာ အနောက်ဘက်သို့ ထွက်သွားသည်။

ကယားလူမျိုးသည် ငွေစာကိုရသော်လည်း မဖတ်တတ်သဖြင့် တရုတ်လူမျိုးထံမှ စက္ကူစာနှင့်လဲခဲ့သည်။ ယင်းစက္ကူစာကိုလည်း မဖတ် တတ်ပြန်သဖြင့် ရှမ်းလူမျိုးထံမှ သားရေစာနှင့်လဲခဲ့သည်ဟု ဆိုသည်။ ကယားတို့သည် သွားလေရာတွင် သားရေစာကို ပိုက်သွားသည်။ တစ်နေ့၌ တောင်ယာတွင်အလုပ်များနေသဖြင့် ထိုသားရေစာကို သစ်ငုတ်ပေါ်တွင် တင်ထားရာမှ ထိုသားရေစာကို ခွေးကတွေ့ရှိပြီး အစာထင်မှတ်ကာ စားသွားတော့သည်။

ရက်အတန်ကြာပြီး တောင်ယာလုပ်ငန်းပြီးစီးသည့်အခါ ထို သားရေစာ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေမေးမြန်းကြသည်။ ခွေးက ထိုသားရေကို အစာအောက်မေ့၍ စားသွားကြောင်း၊ စားသွား သည့် သားရေစာသည် မစင်စွန့်ရာတွင်ပါသွားပြီး ဝက်က စားသွား ကြောင်း၊ ဝက်ကိုမေးမြန်းရာတွင် ဝက်ကလည်း မစင်စွန့်ရာတွင်ပါသွား ပြီး ကြက်က စားသွားကြောင်း ပြောပြပါသည်။ တစ်ဖန် ကြက်ကို မေးမြန်းရာတွင် ယင်းစာသည် သူ၏ပေါင်ရိုးချဉ်ဆီထဲတွင်ရှိကြောင်း၊ အဖြစ်အပျက် အမှားအမှန်သိလိုပါက ၎င်း၏ပေါင်ရိုးကိုထုတ်ယူပြီး ကြက်ရိုးထိုးကြည့်ပါက သိနိုင်ကြောင်း ပြောပြပါသည်။ ထို့ကြောင့်

ကယားလူမျိုးစုတို့တွင် စာပေမရှိခြင်းဖြစ်ပြီး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး ခွဲခြားရာတွင်လည်းကောင်း၊ နေ့ကောင်းရက်မြတ် မင်္ဂလာယူရာတွင်လည်းကောင်း ကယားလူမျိုးစုသည် ကြက်ရိုး ထိုးကြည့်ပြီး အတိတ်နိမိတ်ဖတ်ယူရသည်ဟု ဆိုပါသည်။

သို့သော် ယနေ့အချိန်အခါတွင် ကယား၊ ကယော၊ ကယန်း၊ ယင်းဘော် စသော လူမျိုးစုတို့တွင် စာပေများတီထွင်ပြီးပြီဖြစ်သည်။ ယင်းတလဲတို့တွင်မူ စာပေဟူ၍ မရှိသေးချေ။ ယခုအခါ ဒီးမော့ဆိုမြို့တွင် ဖွင့်လှစ်ထားသော ဆယ်သဲ လေ့လာသင်ယူရေးဆုံရပ်ဟူသော စာသင်ကျောင်းငယ်တစ်ကျောင်းတွင် ကြယ်ဖိုးကြီး အက္ခရာကို အခြေခံကာ ယင်းတလဲစာပေ ထွက်ပေါ်လာရေးအတွက် ယင်းတလဲလူငယ် ခြောက်ဦးက ကြိုးစားလျက်ရှိသည်ဟု သိရသည်။ သို့သော် ယင်းသို့ လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ကယားပိုင်း၊ စလဲလုံနှင့် ဝမ်အောင်းတို့မှ ယင်းတလဲ လူကြီးများနှင့် ဆွေးနွေးမေးမြန်းကြည့်သောအခါတွင် တိုက်ဆိုင်လှစွာပင် အားလုံးက ကြယ်ဖိုးကြီးအက္ခရာကို အသုံးပြုကာ ယင်းတလဲ စာပေတီထွင်ခြင်းကို သဘောမကျကြောင်း ပြောကြသည်။

စလဲလုံကျေးရွာမှ ဦးရန်နိုင်ခေါ် စောက်မိန်းက "တို့တွေက မြန်မာနိုင်ငံထဲမှာနေကြတဲ့ တိုင်းရင်းသားတွေပဲ၊ အဲဒီတော့ စာပေဆိုတာ တီထွင်မယ်ဆိုရင် မြန်မာစာလုံးတွေကိုပဲ သုံးပြီး တီထွင်ရမှာ၊ အရင်က စာမရှိခဲ့လည်း တို့သုံးစရာ မြန်မာစာရှိသားပဲဆိုတဲ့ အတွေးရှိလို့ အရေးတကြီး မလုပ်ခဲ့ကြတာပါပဲ၊ ယခု ယင်းတလဲစာ လုပ်မယ်ဆိုရင်လည်း မြန်မာစာလုံးတွေနဲ့ပဲ လုပ်သင့်တယ်လို့ထင်တယ်၊ သူများစာလုံးတွေနဲ့လုပ်ဖို့ တိုင်ပင်လာရင် ကန့်ကွက်မယ်၊ မြန်မာစာလုံးက မျက်စိထဲမှာလည်း မြင်ယောင်နေပြီ ယင်းတလဲ အသံထွက်နဲ့တူအောင်

နည်းနည်းပြင်လိုက်ရင် ရတာပဲ" ဟု ပြောဆိုသည်ကို မှတ်သားခဲ့ရသည်။

ကယားပိုင်းရပ်ကွက်မှ ဦးဟန်ထူးခေါ် ဘန့်ရိုင်းကလည်း -

"ယင်းတလဲလူမျိုးက နည်းနည်းလေးရယ်၊ ယင်းတလဲစာပေဆိုတာ တီထွင်မယ်ဆိုရင် ယင်းတလဲအားလုံး သဘောတူတဲ့အက္ခရာမျိုးပဲ ဖြစ်သင့်တယ်၊ တစ်ဦး နှစ်ဦးသဘောနဲ့ တီထွင်တယ်ဆိုပြီး အကုန်လုံးက သဘောတူဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့ဖြစ်စေချင်တာကတော့ လက်ရှိသုံးနေတဲ့ မြန်မာဗျည်း၊ သရတွေကိုပဲ ယင်းတလဲအသံထွက်နဲ့ ကိုက်ညီအောင် လုပ်စေချင်တာ၊ ပြီးတော့ ဒါမျိုးဆိုတာကလည်း ဘာသာစကားပညာရှင်တွေနဲ့တိုင်ပင်ပြီး လုပ်မှရမှာပါ"ဟု ပြောပြသည်။

ဝမ်အောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းရင် ခေါ် ဦးထူးရိုင်းကလည်း -

"ကလေးတွေကအစ မြန်မာအက္ခရာတွေကိုပဲ ရင်းရင်းနှီးနှီး အသံထွက်နေကြတာလေ၊ နဂိုကမှ ကျွန်တော်တို့ ယင်းတလဲတွေက စာပေနဲ့ဝေးကြတာ၊ အခု အက္ခရာအသစ်တစ်မျိုး ထပ်သင်ဖို့ဆိုရင် ပိုဝေးတော့မှာပေါ့၊ ပြီးတော့ ရှေ့ဆက်ပြီးတော့လည်း ဒီနိုင်ငံထဲမှာ ပညာဆက်သင်၊ သွားကြလာကြလုပ်ကြဦးမှာ၊ မြန်မာစာလုံးတွေကပဲ ပိုကောင်းပါတယ်၊ ရှမ်းတို့၊ ကရင်တို့လည်း မြန်မာစာလုံးနဲ့ပဲ သူတို့အသံထွက်တွေရေးကြတာပဲ၊ မြန်မာစာလုံးတွေနဲ့က ပိုအဆင်ပြေမှာပါ၊ သူတို့ပြောနေတဲ့ ကြယ်ဖိုးကြီးစာဆိုရင် လူကြီးအများစုက အသစ်ပြန်လုပ်ရမှာ၊ ဘယ်လုပ်တော့မှာလဲ၊ အဲဒါဆို အဲဒီစာပေက တော်တော်နဲ့ လူသုံးတော့မှာ မဟုတ်ဘူး"

**ဘာသာစကား**

ယင်းတလဲအပါအဝင် ကယားတိုင်းရင်းသားတို့ ပြောဆိုသော ဘာသာစကားများသည် အသံနေအသံထား အနိမ့်အမြင့်၊ အတက် အကျ ခြားနားသည်မှအပ ဘာသာစကားဆိုင်ရာဇာစ်မြစ် တစ်ခုတည်း မှ ပေါက်ပွားလာခြင်းဖြစ်ဟန်တူသည်။ အသံတွင်သာမက ဝါကျ ဖွဲ့စည်းတည်ဆောက်ရာတွင်လည်း ကံ၊ ကတ္တား၊ ကြိယာတို့၏ အနေ အထားများသည် တစ်ခုနှင့်တစ်ခု သိသိသာသာ ကွဲပြားလှခြင်းမရှိချေ။ ကယားတိုင်းရင်းသားတို့ပြောဆိုသော ဝေါဟာရများမှာ များသော အားဖြင့် တူညီကြသော်လည်း အသံအတက်အကျ၊ အနိမ့်အမြင့်ချင်း မတူကြသဖြင့် တစ်ဦးပြောစကားကို အခြားတစ်ဦးက နားလည်ရန် ခဲယဉ်းသော်လည်း ဂရုစိုက်နားထောင်လျှင် နားလည်သဘောပေါက် နိုင်သည်။ ကယားတိုင်းရင်းသားတို့၏ သုံးစွဲပြောဆိုသော ဘာသာ စကား အများစုသည် ကရင်၊ ပအိုဝ်းလူမျိုးစုတို့ ပြောဆိုရေးသားသော ဘာသာစကားတည်ဆောက်ပုံနှင့် နီးစပ်သည်ဟု ဆိုကြသည်။

မြန်မာဘာသာစကားနှင့် ယင်းတလဲဘာသာစကားခြားနားရာ တွင် အဓိက ကွဲပြားချက်မှာ တက်ကျသံပင်ဖြစ်သည်။ မြန်မာဘာသာ စကားသည် ဘာသာဗေဒအလိုအားဖြင့် တက်ကျသံ ဘာသာစကား ဖြစ်သည်။ မြန်မာဘာသာစကား၏တက်ကျသံသည် သုံးသံသာရှိ သော်လည်း ယင်းတလဲစကားတွင် တက်ကျသံခြောက်သံအထိ ရှိသည် ဟု ဆိုပါသည်။ ထို့အတွက် ယင်းတလဲဘာသာစကားကို စာဖြင့်ဖော် ပြရန်မှာ ထင်သလောက်မလွယ်ကူပါဟု အလယ်တန်းကျောင်းအုပ် ဆရာကြီးလည်းဖြစ်ကာ ယင်းတလဲ စာပေပေါ်ပေါက်ရန် ကြိုးစား နေသူလည်းဖြစ်သော ယင်းတလဲလူမျိုး ဦးလှမောင်က ပြောကြားသည် ကို မှတ်သားရပါသည်။

ယင်းတလဲတိုင်းရင်းသားတို့ ပြောဆိုသော ဘာသာစကား၏ ဝါကျတည်ဆောက်ပုံသည် မြန်မာဘာသာစကားနှင့် ကွဲပြားခြားနားပါသည်။ မြန်မာဘာသာစကားသည် ကတ္တား၊ ကံ၊ ကြိယာ ဟူသော အစီအစဉ်ဖြင့် ဝါကျကို တည်ဆောက်ဖွဲ့စည်းထားသော်လည်း ယင်းတလဲဘာသာစကားသည် ကတ္တား၊ ကြိယာ၊ ကံ အစီအစဉ်ဖြင့် ဝါကျတည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပမာအားဖြင့် ကျွန်တော်သည် ထမင်းကိုစားသည်ဟူသော ဝါကျကို မြန်မာဘာသာဖြင့်ပြောဆိုမည်ဆိုပါက -

| | | |
|---|---|---|
| **ကတ္တား** | **ကံ** | **ကြိယာ** |
| ကျွန်တော်သည် | ထမင်းကို | စားသည်။ |

ဟု ရေးသားရမည်ဖြစ်ပါသည်။ သို့သော် ယင်းအဓိပ္ပာယ်ကိုပင် ယင်းတလဲဘာသာစကားဖြင့် ပြောမည်ဆိုပါက -

| | | |
|---|---|---|
| **ကတ္တား** | **ကြိယာ** | **ကံ** |
| ခွဲ့ | အန် | မိ |
| ကျွန်တော်သည် | စားသည် | ထမင်းကို |

ဟု ပြောရမည်ဖြစ်ပါသည်။

ယင်းတလဲတိုင်းရင်းသားတို့၏ ဘာသာစကားဝါကျတည်ဆောက်ပုံသည် တရုတ်လူမျိုး၊ ထိုင်းလူမျိုးတို့၏ ဘာသာစကားတည်ဆောက်ပုံနှင့် ဆင်တူသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ကရင်လူမျိုး၊ ရှမ်းလူမျိုး၊ မွန်လူမျိုး တို့နှင့်လည်း ဆင်တူပါသည်။

ဆရာကြီး ဦးဖေမောင်တင်ပြုစုသော ဘာသာလောကကျမ်းအရ မြန်မာနိုင်ငံတွင် ပြောဆိုနေကြသော ဘာသာစကားများသည် ဩစထရစ်မျိုးရိုးနှင့် တိဘက်တရုတ်မျိုးရိုးမှ ခွဲဖြာလာကြောင်း သိရှိ

နိုင်သည်။ ယင်းတလဲတိုင်းရင်းသားတို့ မူလထွက်ခွာလာသော ဒေသ သည်ပင် တိဘက်ကုန်းပြင်မြင့်ဟု မှန်းဆကြသောကြောင့် ယင်းတလဲ ဘာသာစကားသည် တိဘက်တရုတ် ဘာသာစကားမျိုးရိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ယင်းတလဲတို့၏အခြေခံစကားလုံးများကို လေ့လာကြည့်လျှင် -

**နာမ်များ**

| **မြန်မာ** | **ယင်းတလဲ** |
|---|---|
| အဖေ | ဖရိန်း |
| အမေ | ဖမိန်း |
| သား | ဖုခု |
| သမီး | ဖုမိန်း |
| အဘိုး | ဖောက် |
| အဘွား | ဖောက်ဖရိန်း |
| အဘီ | ဖောက်နဲဖောက် |
| မြေး | လိုက်ခု/လိုင်မိန်း |
| မြစ် | လိုခု/လိုမိန်း |
| တီ | လာခု/လာမိန်း |
| ခင်ပွန်း | တ္ဘာ |
| ဇနီး | မာ |
| သမက် | မာ့ |
| ချွေးမ | ဒိုင်း |
| ယောက္ခမ | မရခု/မရမိန်း |
| ယောက်ဖ | နိန့် |
| ခယ်မ/မရီး | ဒိ |

| မြန်မာ | ယင်းတလဲ |
| --- | --- |
| လူ | ပျှန် |
| ငှက် | ထူပု |
| သစ်ပင် | စိန်း |
| နွား | ပူ |
| ကျွဲ | ပနာ |
| ဝက် | ထော့ |
| နတ် | ခိတုန်နက် |
| ဘုရင် | ခွိ |
| ဘုရား | ကျောက်ပရာ |
| ဝိညာဉ် | ယန်ရော |
| လိပ်ပြာ | ယန်ကိ |
| စိတ်နှလုံး | ဆပ်ပလုံး |
| နေ | တမိန်း |
| လ | တလ |
| ကြယ် | လဆား |
| မြေကြီး | ဟန်းခု |
| အိမ် | ဆိ |
| ကျောင်း | ကျောင်း |
| ဇရပ် | ဇရော့ |
| နန်းတော် | ဟော့ |
| ရေ | ထိုက် |
| မြစ် | ထိုက်ချူး |
| ချောင်း | ထိုက်ဖု |

| **မြန်မာ** | **ယင်းတလဲ** |
|---|---|
| တောင် | ဆောင်း |
| ယာ | ခုကလ |
| နှမ်း | ဆိထိန် |
| ပြောင်းကောက် | ဒလု |
| စပါး | ဘောင့် |
| ဆန် | ပောင် |
| ထမင်း | မိ |
| ဟင်း | စိမ်လား |
| ငါး | တဖု |

**ကြိယာများ**

| **မြန်မာ** | **ယင်းတလဲ** |
|---|---|
| ထမင်းစားသည် | အန်မိ |
| စိုက်ပျိုးသည် | အလောင် |
| မီးလောင်သည် | မီးကိုင် |
| ရေကြီးသည် | ထိုက်ဒူး |
| မိုးရွာသည် | ကာဂျူး |
| မိုးကြိုးပစ်သည် | ကန်တဆိ |
| ဘုရားရှိခိုးသည် | တပကျောက်ပရာ |
| စပါးရိတ်သိမ်းသည် | ကပ်ဘောင့် |
| တောင်ယာခုတ်သည် | ကုဟုကလ |
| အမဲလိုက်သည် | လုံတာမီ |
| အိမ်ဆောက်သည် | မာဆီး |

| မြန်မာ | ယင်းတလဲ |
|---|---|
| မင်္ဂလာဆောင်သည် | ဆုထိုက်ကန့်ဆဲ |
| ကလေးမွေးသည် | ဖုအော့ |
| သရဲခြောက်သည် | မာနု |

**ကြိယာနာမ်များ**

| မြန်မာ | ယင်းတလဲ |
|---|---|
| ချစ်ခြင်း | ဆပလိုအော |
| မုန်းခြင်း | တခေါ့ |
| သနားခြင်း | ဆရယ် |
| ပျော်ရွှင်ခြင်း | တောင်မော် |
| စိတ်ညစ်ခြင်း | ဆပလ |
| ကြည်နူးခြင်း | တောင်ဆပ်လုံး |
| ကြောက်ရွံ့ခြင်း | ရှိဆန် |

**ဂဏာန်းနှင့် ရေတွက်ပုံ**

| မြန်မာ | ယင်းတလဲ |
|---|---|
| တစ် | တကူ |
| နှစ် | နဲကူ |
| သုံး | စူကူ |
| လေး | လေကူ |
| ငါး | ငိုင်ကူ |
| ခြောက် | ကူစုခု |
| ခုနစ် | စုစုကကူ |
| ရှစ် | လွေစု |

| မြန်မာ | ယင်းတလဲ |
|---|---|
| ကိုး | လွေစုတကူ |
| တစ်ဆယ် | တဆိုက်ခု |
| နှစ်ဆယ် | နဲဆိုက်ခု |
| တစ်ရာ | တရာ |
| တစ်ထောင် | တရီ |
| တစ်သိန်း | တစီ |

ယင်းတလဲတိုင်းရင်းသားတို့ စုစည်းနေထိုင်ရာ အရပ်ဒေသများသည် သာမန်အားဖြင့် အနည်းငယ်စီ အလှမ်းဝေးသည်ဟု ဆိုနိုင်ပါသည်။ ဘောလခဲ ကယားပိုင်းရပ်ကွက်နှင့် စလဲလုံကျေးရွာတို့သည် ပင်လျှင် မယ့်စလောင်းတောင်၏ ဟိုဘက်၊ သည်ဘက်တွင်ရှိပြီး သာမန်အားဖြင့် ကူးလူးဆက်ဆံရန် ခက်ခဲသည်ဟု ဆိုနိုင်ပါသည်။ ထို့အတူ ကယားပိုင်းရပ်ကွက်နှင့် ဝမ်အောင်းသည်လည်း သာမန်အားဖြင့် သွားလာရန်ခက်ခဲပြီး ကူးလူးဆက်ဆံမှု နည်းပါးသည်ဟု ဆိုရပါမည်။ ဘောလခဲမှ ဖားဆောင်းသို့ ၂၅ မိုင်ဝေးပြီး ခရီးသည်တင် မော်တော်ယာဉ်လိုင်းများရှိခြင်း၊ လမ်းကောင်းသဖြင့် ကိုယ်ပိုင်ဆိုင်ကယ်၊ ကားတို့ဖြင့် သွားလာနိုင်ခြင်းတို့ အားသာချက်ရှိသော်လည်း ဖားဆောင်းမှ ဝမ်အောင်းသို့ရောက်ရှိရန် သံလွင်မြစ်ကို တကူးတက ဆန်တက်သွားမှသာ ရောက်ရှိနိုင်သည့် အားနည်းချက်ကလည်း ရှိသေးသည်။ ထို့အတူ ဘောလခဲမြို့နယ်အတွင်းရှိ စောလုံ၊ ရွာသစ် မြို့နယ်ခွဲရှိ လွယ်ဝိန်း၊ ဝမ်ပလ ကျေးရွာတို့သည်လည်း ကူးလူးသွားလာရန် ခက်ခဲသော ဒေသများဖြစ်သည်။ နေရာဒေသ ကွဲပြားသည့်အတွက် အသံနေ အသံထား၊ စကားလုံးအသုံးအနှုန်း စသည်ဖြင့် အနည်းငယ် ကွဲပြားသည်ကို လေ့လာတွေ့ရှိရပါသည်။

**ပုံမှန်သဏ္ဍာန်နှင့် စိတ်နေသဘောထား**

ယင်းတလဲတိုင်းရင်းသားတို့သည် များသောအားဖြင့် အရပ်မမြင့်မားလှချေ။ ယင်းတလဲကျေးရွာများတွင် အရပ်အမောင်းကောင်းသော ယင်းတလဲအမျိုးသား၊ အမျိုးသမီး ရှားသည်။ မျက်နှာသွင်ပြင်မှာ မေးရိုးအနည်းငယ်ကားသည်။ နဖူးပြင် အနည်းငယ်ကျယ်သည်။ အသားအရောင်မှာ ညိုသည့်ဘက်သို့ မလုသော်လည်း တောင်ယာစသည်တို့တွင် အလုပ်လုပ်ကိုင်ကြသဖြင့် နေဒဏ်၊ လေဒဏ်ကြောင့် ညိုသည်ဘက်ကို တွေ့ရသည်။ သို့သော် ကလေးငယ်များ၊ အိမ်တွင်သာ အနေများသော အမျိုးသမီးများကမူ အသားမညိုပေ။

ယင်းတလဲတိုင်းရင်းသားတို့သည် များသောအားဖြင့် စိတ်နေသဘောထား နူးညံ့သိမ်မွေ့ကြသည်။ ဘာသာရေးနှင့် ရိုးရာဓလေ့ထုံးစံများကို ကိုင်းရှိုင်းကြသည်။ အစွန်းရောက်သော အတွေးအခေါ်များ မရှိသလောက်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ချစ်ကြိုက်ခြင်း၊ ထိမ်းမြားခြင်းတို့နှင့် ပတ်သက်၍ လွတ်လပ်စွာပင် ရွေးချယ်ခွင့်ရှိလေရာ ယင်းတလဲမျိုးနွယ်များ တဖြည်းဖြည်းတိမ်ကောလာလေခြင်းလောဟု တွေးဆဖွယ်ပင် ဖြစ်သည်။ ထို့ပြင် ယင်းတလဲတို့တွင် တပ်မတော် အပါအဝင် ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း ပါဝင်သူ အလွန်ပင်နည်းပါးလှသည်။ ယင်းတလဲကျေးရွာများတွင် စုံစမ်းသိရှိရသလောက် မရှိသလောက်ပင်ဖြစ်သည်။ ဤသည်ကပင် အေးချမ်းစွာနေထိုင်လိုသော သဘောထားကို ပေါ်လွင်စေသည်။ ယင်းတလဲ တိုင်းရင်းသားများသည် ရသလောက်နှင့်ပင် ရောင့်ရဲတင်းတိမ်တတ်သောသဘောကိုလည်း သူတို့နှင့် စကားပြောကြည့်လျှင် သိသာသည်။ လုပ်ကိုင်နေကြဖြစ်သော လုပ်ငန်းများကိုသာ မိရိုးဖလာအတိုင်း လုပ်ကိုင်ကြပြီး အေးချမ်းစွာ နေထိုင်လိုသော စိတ်သဘော

များမှ သူတို့ပြောစကားများနှင့် သူတို့၏မျက်နှာအမူအရာများတွင် ထင်ရှားစွာ တွေ့နိုင်ပါသည်။



ယင်းတလဲတိုင်းရင်းသားနှင့် တိုင်းရင်းသူ

**အပျိုလူပျိုဘဝ**

ရှေးယခင်က ယင်းတလဲလုလင်ပျိုတို့သည် အခြားအမျိုးသား နည်းတူ ရွာတွင်းရှိ မိန်းမပျိုကလေးများထဲမှ မိမိတို့ကြိုက်နှစ်သက်ရာ ကို ရွေးတတ်ကြသည်။ မိမိတို့ကြိုက်နှစ်သက်သော မိန်းမပျိုအိမ်သို့ ညဘက်တွင် လူပျိုလှည့်သွားကြသည်။ အချို့သော အပျိုလူပျိုတို့သည် မိုးလင်းအထိ စကားအချေအတင် ပြောဆိုကြခြင်းဖြင့်လည်းကောင်း၊ စကားထာဝှက်ခြင်းဖြင့်လည်းကောင်း၊ သီချင်းအချီအချဆိုခြင်းဖြင့် လည်းကောင်း ချစ်ရေးဆိုကြသည်။ ဤသို့အားဖြင့် ယောကျ်ားပျို တစ်ယောက်သည် မိန်းမပျို သုံးလေးယောက်ထံသို့ သွားလာလှည့်ပတ် ပြီး မိမိတို့နှစ်သက်ရာကို ရွေးချယ်သကဲ့သို့ မိန်းမပျိုကလည်း ယောကျ်ား ပျိုများကဲ့သို့ပင် နှစ်သက်ရာယောကျ်ားပျိုများကို ရွေးချယ်ကြသည်။ ယင်းတလဲအပျို လူပျိုများသည် လွတ်လပ်စွာ သွားလာလည်ပတ်နိုင် ခွင့်ရှိသည်။ ယင်းတို့တွင် အပျိုဂေဟာ၊ လူပျိုဂေဟာဟူ၍ ရွာထဲ၌ တည်ဆောက်ခြင်းမရှိချေ။ လူပျို၊ အပျိုများသည် လွတ်လပ်စွာ သွားလာ တွေ့ဆုံခွင့်ရကြသည်။ သို့သော် ယင်းတလဲအမျိုးသားများမှာ အလွန် သစ္စာကြီးသူများဖြစ်ကြသည့်အတိုင်း လက်မထပ်မီ မှားယွင်း မှုများ မရှိသလောက်ပင်ဖြစ်လေသည်။

အများအားဖြင့် မိမိတို့နှစ်သက်ရာကို ရွေးချယ်ပြီး မိဘများကို ဖွင့်ဟပြောဆို၍ မိဘများသဘောတူလျှင် လက်ထပ်ပေးကြသည်။ လူငယ်ချင်း သဘောကျနှစ်သက်ပြီးမှသာ မိဘများက လက်ထပ်ပေး သည်က များသည်။ မိဘသဘောတူ၍ ပေးစားသူလည်း တစ်ခါတစ်ရံ ရှိတတ်သည်။ လူငယ်ချင်း မချစ်မနှစ်သက်လျှင် ပေးစားလေ့မရှိချေ။ ရှေးအခါက လူငယ်များသည် မိဘများ သဘောတူသူကိုသာ အိမ်ထောင်ဖက် ရွေးချယ်လေ့ရှိကြသည်။ လူကြီးမိဘများက သဘော

မတူလျှင် သားသမီးများကလည်း ဇွတ်လက်ထပ်ခြင်း မပြုကြချေ။ ယင်းတလဲ လူပျို၊ အပျိုတို့သည် အကျင့်စာရိတ္တကောင်းမွန်ပြီး အလုပ်အကိုင် ကြိုးစားလုပ်ကိုင်သူ၊ မိမိတို့ကိုယ်တိုင် သဘောကျနှစ်သက်သူ၊ လူကြီးမိဘ သဘောကျနိုင်လောက်သူများကိုသာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လေ့ရှိကြသည်။

**စေ့စပ်ကြောင်းလမ်းခြင်း**

ယင်းတလဲ ယောက်ျားပျိုများသည် မိမိတို့ သဘောကျသော မိန်းမပျိုကိုတွေ့လျှင် မိဘတို့ကို ဖွင့်ပြောပြကြသည်။ မိဘများက သဘောတူလျှင် ရေရေလည်လည် ပြောတတ်သောသူကို အောင်သွယ်အဖြစ် စေလွှတ်၍ မိန်းကလေးမိဘများကို သွားရောက်ပြောဆိုစေသည်။ ဤကဲ့သို့ သွားရောက်ပြောဆိုရသောသူကို အခကြေးငွေ မပေးရချေ။ သို့သော် "တစ်ကောင်လည်းကြက်၊ တစ်ကောင်လည်းဝက်" လက်ဆောင်ဖြင့် သွားရောက်ပြောဆို နားဖောက်ရသည်။ အချို့လည်း ယောက်ျားလေး၏မိခင်နှင့် ရွာမှလူကြီးတစ်ယောက်ယောက်က မိန်းကလေး၏မိဘများထံသို့ သွားရောက် တောင်းရမ်းပြောဆိုရာတွင် မိန်းကလေး၏မိခင်ဖြစ်စေ၊ အဖွားဖြစ်စေ၊ အဒေါ်ဖြစ်စေ တစ်ယောက်ယောက်နှင့် ရွာထဲမှ အမျိုးသမီးကြီးတစ်ဦးဦးတို့က လက်ခံစကားပြောလေသည်။ လူကြီးများက နှစ်ဖက်သောမိဘများ သဘောတူ၊ မတူကို မေးမြန်းပြီးနောက် သဘောတူလျှင် လူငယ်နှစ်ဦးကိုခေါ်၍ မေးမြန်းရလေသည်။ လူငယ်ချင်းလည်း သဘောကျနှစ်သက်မှသာ မိန်းကလေးရှင်က စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံကြလေသည်။

ယောက်ျားလေးဘက်မှ တတ်နိုင်သလောက် ငွေနှင့်အခြားဥစ္စာပစ္စည်းများ၊ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက်၊ ပုတီး၊ ကွမ်းသီး၊ ကွမ်း၊

ဆေး၊ အဝတ်အထည်များကိုတင်၍ တောင်းလေ့ရှိသည်။ ဤသို့ တင်တောင်းခြင်းသည် မိန်းကလေး၏ဂုဏ်သိက္ခာကို မြှင့်တင်ရုံမျှမက ယောကျ်ားလေးအနေဖြင့်လည်း မည်မျှတတ်နိုင်ကြောင်းကို ဖော်ပြခြင်းဖြစ်၍ ဂုဏ်ယူလေ့ရှိကြသည်။ စေ့စပ်ပြီးနောက် လက်ထပ်မင်္ဂလာပြုရန် ကြက်ရိုးထိုးမေး၍ နေ့ကောင်းရက်သာကို ရွေးချယ်ကြသည်။ အချို့က ရက်ရွေးခြင်းကို ခေါင်ရည်ချက်ပြီး ကျွေးမွေးစရာများ ပြည့်စုံသော အချိန်မှ ၁၅ ရက်၊ ရက် ၂၀ ခွာ၍ ပြုလုပ်တတ်သည်။

စေ့စပ်ကြောင်းလမ်းခြင်းပြီးမှ အကြောင်းတစ်ခုခုကြောင့် သဘောကွဲလွဲခဲ့လျှင် စေ့စပ်မှုကို ဖျက်ပစ်ကြသည်။ ယောကျ်ားလေးက ဖောက်ပြန်၍ စေ့စပ်ပွဲဖျက်ရလျှင် ရှေးအခါက ယောကျ်ားလေးအိမ်တွင်ရှိသော ကြက်၊ နွား၊ ဝက်များကို မိန်းကလေးဘက်မှ ဆွေမျိုးများက သတ်စားနိုင်ခွင့်ရှိသည့်အပြင် ယောကျ်ားလေး၏အိမ်ကိုပင် ဖျက်ပစ်နိုင်လေသည်။ မိန်းကလေးက ဖောက်ပြန်လျှင်လည်း အထက်ပါနည်းအတိုင်း ပြုလုပ်နိုင်သည်။ ခေတ်စားသော တိရစ္ဆာန်များ၏တန်ဖိုးကို ဖောက်ပြန်သူက လျော်ရသည်။ ဤကဲ့သို့ လျော်ခြင်းကို အာဆိုက်အန်ဟူ၍ ယင်းတလဲတို့က ခေါ်ဝေါ်ကြသည်။ ယခုအချိန်အခါတွင်မူ လျော်ကြေးသာလျှင် ပေးကြရတော့သည်။

**လက်ထပ်ထိမ်းမြားခြင်း**

ယင်းတလဲ တိုင်းရင်းသားတို့သည် ထိမ်းမြားမင်္ဂလာ အခမ်းအနားအတွက် မင်္ဂလာပွဲမကျင်းပမီ ကျွေးမွေးဧည့်ခံမည့် စားသောက်ရန်ပစ္စည်းများကို ယောကျ်ားလေးဘက်မှ မိန်းကလေးအိမ်သို့ ပို့ထားရသည်။ လက်ထပ်ပွဲကို များသောအားဖြင့် မိန်းကလေးအိမ်တွင် ပြုလုပ်လေ့ရှိသည်။ ကုန်ကျစရိတ်ကို ယောကျ်ားလေးဘက်မှ အများဆုံး

အကုန်ကျခံရ၍ မိန်းကလေးဘက်မှလည်း ကြက်၊ ဝက်၊ ခေါင်ရည်အိုး စသည်ဖြင့် အကုန်အကျခံရသည်။ လက်ထပ်သည့်နေ့တွင် မိဘဆွေမျိုးများက သတို့သားအခြံအရံများနှင့်အတူ သတို့သားကို သတို့သမီး မိဘဆွေမျိုးများထံ အပ်နှံကြသည်။ ယောကျ်ားလေးဘက်မှ ဆွေမျိုးမိတ်ဆွေများက ငွေတစ်မတ်၊ ကြက်၊ ဝက်၊ ခေါင်ရည်အိုးတို့ကို သတို့သမီးကို အသိအမှတ်ပြုသည့်အနေဖြင့် လက်ဆောင်ပေးကြသည်။ ဧည့်ပရိသတ်တို့ကိုလည်း ထမင်းကျွေး၍ ခေါင်ရည်တိုက်ကြသည်။ အသက်အရွယ်ကြီးရင့်သော လူကြီးများကိုလည်း ကွမ်းဆေးများ ဝေငှပေးသည်။ ထိုက်ပန်ဟန်းလားခေါ် နှစ်ဦးနှစ်ဖက် အသိသက်သေလူကြီးများနှင့် ရပ်ရွာလူကြီးများရှေ့တွင် နောင်အခါ ယောကျ်ားလေးကဖြစ်စေ၊ မိန်းကလေးကဖြစ်စေ ဖောက်ပြန်ခဲ့သော် မည်ရွေ့မည်မျှလျော်ကြေးပေးရမည့်အကြောင်းကို နှုတ်ကတိများပေးကြရသည်။ ကတိများပေး၍ သစ္စာရည်အဖြစ် ခေါင်ရည်များသောက်ကြသည်။ ဤကဲ့သို့ ကတိပြုရခြင်းမှာ နောင်တွင် ပြဿနာပေါ်ပေါက်လာပါက ရှင်းပြရန်ပင်ဖြစ်သည်။ လက်ထပ်ပြီး ဇနီးမောင်နှံတို့သည် မည်သည့်ဘက်သို့ လိုက်နေရမည်ဟု ကန့်သတ်ထားခြင်း မရှိချေ။

**ကွာရှင်းပြတ်စဲခြင်း**

ယင်းတလဲ တိုင်းရင်းသားတို့၏ အိမ်ထောင်ရေးတွင် စိတ်သဘောချင်းမတိုက်ဆိုင်မှုကြောင့်သော်လည်းကောင်း၊ ဖောက်ပြန်မှုကြောင့်သော်လည်းကောင်း ကွာရှင်းလေ့ရှိကြသည်။ နှစ်ဦးနှစ်ဝ ကွာရှင်းလိုကြလျှင် ရပ်ရွာလူကြီးများရှေ့တွင် နှစ်ဦးနှစ်ဖက်ဆုံပြီး အကျိုးအကြောင်းမေးမြန်းပြောဆို၍ ကွာရှင်းပေးလေသည်။ ထိုလူကြီးများကိုလည်း သက်ဆိုင်သူများက ခေါင်ရည်ဖြင့် ဧည့်ခံရသည်။

စိတ်သဘောချင်းမတိုက်ဆိုင်သောအခါ စတင်၍ ကွာရှင်းခွင့်တောင်းသူက အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှဆင်းသွားရသည်။ ကျန်ရစ်သူက ယင်းတို့ပိုင် ပစ္စည်းအားလုံးကို ပိုင်ဆိုင်ခွင့်ရှိသည်။ ယောက်ျားက ဖောက်ပြား၍ မိန်းမက ကွာလိုလျှင် အရပ်လူကြီးများက သက်ဆိုင်သူ ယောက်ျားကိုခေါ်ကာ မေးမြန်းစစ်ဆေးလေသည်။ ထိုယောက်ျားက အမှန်ပင်မှားယွင်းမိကြောင်း ထုတ်ဖော်ဝန်ခံလျှင် သို့မဟုတ် ဖောက်ပြန်ကြောင်း ထင်ရှားလျှင် လူကြီးများက မယားကြီးကို ပြန်ပေါင်းသင်းနိုင်၊ မပေါင်းသင်းနိုင် မေးမြန်းသည်။ ယောက်ျားက တာဝန်ခံပြီး ပြန်ပေါင်းမည်ဆိုလျှင် ထုံးစံအရ ဝက်၊ ကြက်၊ ခေါင်ရည်များနှင့် အတူနေခဲ့သော အိမ်သားအားလုံးကို စုထားပြီး နတ်ဆရာက ကြက်တစ်ကောင်ကိုယူ၍ နှုတ်သီးကို နှီးပြားလေးနှင့် သွေးထွက်လာသည်အထိ ခွဲသည်။ ကြက်သွေးစွန်းသောနှီးကိုယူကာ မိန်းမ၏နဖူးမှာသုတ်သည်။ ကြက်မွေးဖြင့် သွေးတို့ကိုယူ၍ စတိအနေဖြင့် အိမ်သားများကို တို့ပေးသည်။ ထို့နောက် အခြေအနေပြန်လည်ကောင်းမွန်ကြောင်းအနေနှင့် ဆုတောင်းပေးသည်။ ကြက်ရိုးထိုးပြီး ဝက် သို့မဟုတ် ကြက်နှင့်ပြုပြင်ပေးသင့်ကြောင်းကို မေးသည်။ ကြက်ဆိုလျှင် ကြက်ကိုလည်းကောင်း၊ ဝက်ဆိုလျှင် ဝက်ကိုလည်းကောင်း သတ်၍ ကျွေးမွေးသည်။ အဆင်မပြေသောအိမ်ထောင်တွင် အဆင်ပြေအောင် ဆုတောင်းကာ စားသောက်ကြသည်။ ယနေ့တွင်ပင် ဖောက်ပြန်သောယောက်ျားက မိန်းမကို ပြန်လည်ပေါင်းသင်းလိုပါက နွားတစ်ကောင်နှင့် ဝက်ထီးကြီးတစ်ကောင်၊ စောင်တစ်ထည်၊ ခေါင်တစ်အိုးနှင့် ပြန်လည်ပြုပြင်ခွင့်တောင်းရသည်။

အထက်ပါအတိုင်း မလိုက်နာ၍ ဖောက်ပြန်သောယောက်ျားက ပထမမိန်းမကို မပေါင်းသင်းလိုဘဲ ပြစ်မှားလျှင် လူကြီးများ၏ ဆုံးဖြတ်

သည့်အတိုင်းဖြစ်စေ၊ မိန်းမက တောင်းသရွေ့ဖြစ်စေ လျော်ကြေးပေးရသည့်အပြင် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထိုယောကျ်ားသည် အိမ်ပေါ်မှဆင်းသွားရသည်။ ကျူးလွန်မှုကြီးလျှင် နွားများကိုပင် လျော်ကြေးအဖြစ်ပေးရသည်။ ရွာသူကြီးကလည်း ကျူးလွန်သူကို ယခင်က ငွေ ၅၀ ကျပ်မှ ၁၀၀ ကျပ်အထိ ဒဏ်ငွေတပ်နိုင်သည်။ မိန်းမဘက်က ကျူးလွန်ဖောက်ပြန်လျှင်လည်း ထိုနည်းတူ အပြစ်ဒဏ်ခံရသည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဖောက်ပြန်လျှင် လက်ထပ်စဉ်က ပေးထားသော လက်ဆောင်၏နှစ်ဆ လျော်ကြေးပေးရ၏။ သို့သော် ယင်းတလဲကျေးရွာများတွင် ဤအမှုမျိုး အလွန်နည်းပါးလေသည်။

ယင်းတလဲတို့၏ ဓလေ့ထုံးစံအရ ရွာကို သန့်ရှင်းစေရန် ပြန်လည်ပြုပြင်သည့်အနေနှင့် မှားယွင်းမိသော ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ရွာသားအားလုံးတို့ကိုခေါ်ပြီး ခေါင်ရည်၊ အရက်၊ ထမင်းနှင့်ကြက်၊ ဝက် စသည့်ဟင်းများကို ချက်ပြုတ်ကျွေးမွေးဧည့်ခံပြီး ရွာကိုပြစ်မှားမိသည့်အတွက် ပြုပြင်သောအနေဖြင့် ကျွေးမွေးကြောင်းကို လူအများရှေ့တွင် ရှင်းလင်းပြောပြရသည်။ အကယ်၍ နောက်အိမ်ထောင်နှင့် ဆက်လက်ပေါင်းသင်းနေလျှင်လည်း ရွာမှလူများက အသိအမှတ်ပြုကြသည်။ သို့သော် ထိုဇနီးမောင်နှံတို့သည် စည်းကမ်းချက်အတိုင်း ပထမမိန်းမကမွေးသော သားသမီး အစဉ်အဆက်တို့သည် နှစ်ဝမ်းကွဲတိုင်အောင် လက်ထပ်နိုင်ခွင့်မရှိပေ။ မိဘဆွေမျိုးများကလည်း ခွင့်မပြုကြချေ။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ သုံးကြိမ်ဖောက်ပြန်လျှင် ရွာသားများက မဆက်ဆံလိုကြတော့ဘဲ ဝိုင်းပယ်ခံကြရသည်။ ယင်းတလဲတိုင်းရင်းသားတို့သည် အကျင့်သိက္ခာကို တန်ဖိုးထားကြသည်။ မိဘနှစ်ဦး ကွာရှင်းလျှင် အများအားဖြင့် ကလေးများသည်

မိခင်နှင့်လိုက်၍နေသည်က များသည်။ ထိုကလေးများကို မိခင်နှင့် ပထွေးတို့က လုပ်ကိုင်ကျွေးမွေးသည်။

**ကင်ပွန်းတပ်အမည်ပေးခြင်း**

ယင်းတလဲအမျိုးသားများသည် မိမိတို့၏ကလေးများကို အမည်ပေးရာတွင် ကြက်ရိုးထိုးကြည့်ပြီး အဘိုး၊ အဘွားများ၏အမည်ကိုပင် ပေးလေ့ရှိသည်။ ဤသို့ ဘိုးဘွားများ၏အမည်ကို ရွေးပေးခြင်းသည် ထိုကလေးတို့၏ ဘိုးဘွားများနည်းတူ ကလေးများကျန်းမာ၍ အသက်ရှည်မည်ဟု အယူရှိကြသည်။ ပေးသောအမည်နှင့် မတည့်လျှင် ကလေးက အမြဲငိုနေတတ်သဖြင့် နာမည်အသစ်ပြောင်းပေးရသည်ဟု ဆိုကြသည်။ သမီး မိန်းကလေးများကို ခြောက်လသမီးအရွယ်ခန့်တွင် ပေးလေ့ရှိကြသည်။

အမည်ပေးရာတွင် ယောကျ်ားများ၌ ရိုင်း၊ မိန်းမများ၌ မိန်း ဟူသော စကားလုံးဖြင့်ဆုံးသည့်အမည်များပေးလေ့ရှိသည်။ ရိုင်း ဆိုသည်မှာ မောင်၊ ကို၊ ဦး ဟု အဓိပ္ပာယ်ရပြီး မိန်း ဆိုသည်မှာ မ၊ ဒေါ် ဟု အဓိပ္ပာယ်ရှိသည်ဟု ဆိုသည်။ ဥပမာ- ဘန့်ရိုင်း၊ စရိုင်း၊ ဘရိုင်း၊ ကော်ရိုင်း၊ နရိုင်း၊ စောက်ရိုင်း၊ ရီရိုင်း၊ ထူးရိုင်း၊ ကိမိန်း၊ လော်မိန်း၊ ရီမိန်း၊ မော့မိန်း၊ ဖော့မိန်း၊ စမိန်း၊ ထုမိန်း စသည်တို့ဖြစ်သည်။

စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ ယင်းတလဲရွာတစ်ရွာလျှင် စန့် ဟုအမည်ရှိသော အမျိုးသားတစ်ယောက်နှင့် လကန်ဟု အမည်ရှိသော အမျိုးသားတစ်ယောက်မဖြစ်မနေရှိရမည်ဖြစ်ပြီး မရှိလျှင် ယင်းတလဲ ပျောက်ကွယ်သွားမည်ဟု ယုံကြည်ကြခြင်းဖြစ်သည်။

သို့သော် လက်ရှိအခြေအနေတွင် ယင်းတလဲတိုင်းရင်းသားတို့ကို အမည်မေးပါက မြန်မာအမည်ကို ပြောလေ့ရှိသည်ကို တွေ့ရသည်။

အဘယ့်ကြောင့်ထိုသို့ပြောသည်ကို လေ့လာကြည့်သောအခါ ငယ်စဉ်ကျောင်းစတက်ချိန်က ကျောင်းမှ မြန်မာအမည်ကိုသာ ပြောခိုင်းသဖြင့် ကျောင်းဝင်အမည်ကို မြန်မာလိုပေးခဲ့ရသည်ဖြစ်ရာ ထိုအမည်သာ တွင်နေတော့ကြောင်း ယင်းတလဲတိုင်းရင်းသားတို့ နေထိုင်ရာ သုံးနေရာစလုံးက တညီတညွတ်တည်း ပြောဆိုကြသည်။ သူတို့တွင် မြန်မာအမည်အပြင် ကယားအမည်များလည်း ရှိနေတတ်သည်။ ဥပမာ- စရိုင်း ဟုအမည်ရှိသော ယင်းတလဲ တိုင်းရင်းသားတစ်ဦးကို အမည် မေးကြည့်ရာတွင် ဦးစံဖေ ဟုဆိုသည်။ ယင်းတလဲအမည်ကို သိလိုပါသည်ဟုဆိုသောအခါ စဲရယ် ဟုပြောသည်။ စဲရယ် ဆိုသည်မှာ ကယား အမည်ဖြစ်ကြောင်းပြောသောအခါတွင်မှ စရိုင်း ဟုပြောခြင်း ဖြစ်သည်။ ထိုကဲ့သို့အဖြစ်မျိုးကို ကယားပိုင်း၊ စလဲလုံနှင့် ဝမ်အောင်း သုံးနေရာစလုံးတွင် အခါများစွာကြုံတွေ့ရသည်။

**အမွေဆက်ခံရေး**

ယင်းတလဲအမျိုးသားတို့၏ ရိုးရာဓလေ့အရ အမွေခွဲဝေရာတွင် မိဘများကွယ်လွန်၍ ကျန်ရစ်ခဲ့သောပစ္စည်းများကို အကြီးဆုံးနှင့် အငယ်ဆုံးက ပို၍ရရှိကြသည်။ အကျင့်စာရိတ္တကောင်း၍ မိဘကို ဂရုစိုက်ကာ အနားမှ အစဉ်ပြုစုပေးတတ်သောသူကိုလည်း အခြား သူများထက် အမွေပို၍ပေးတတ်သည်။ သာမန်အားဖြင့်မူ သားနှင့် သမီးတို့ကို ညီတူညီမျှ ခွဲဝေပေးကြသည်။ မိဘစကား နားမထောင်ဘဲ ဆိုးမိုက်နေသော သားသမီးတို့ကို အမွေအနည်းဆုံးပေးကြသည်။ မွေးစားကလေးများကိုလည်း အမွေပေးကြ၍ သားရင်း၊ သမီးရင်း ကဲ့သို့ ချစ်ခင်စွာ ဆက်ဆံကြသည်။

**ဓလေ့ထုံးစံနှင့် တရားစီရင်ရေး** ○

ရှေးအခါက ယင်းတလဲတိုင်းရင်းသားတို့သည် မှုခင်းဖြစ်ပေါ်လာလျှင် စောဖျာက ဆုံးဖြတ်၍ပေးသည်။ ရာဇဝတ်မှုမှာ ရိုက်နှက်မှု၊ ထိုးခုတ်သတ်ဖြတ်မှုများဖြစ်၍ တရားမမှုမှာ အမွေလုမှု၊ ပစ္စည်းလုမှုများဖြစ်ကြသည်။ လင်ငယ်နေမှုသည် အပြစ်ကြီးလေး၍ ရာဇဝတ်မှုဖြစ်သည်။ စုန်းပြုစားသောအမှုသည်လည်း ရာဇဝတ်မှုပင်ဖြစ်၏။ စုန်းဟု မတရားစွပ်စွဲလျှင် အုန်းသီး၊ ငှက်ပျောသီးများဖြင့် ကန်တော့၍တောင်းပန်ရ၏။ အကယ်၍ စွပ်စွဲခံရသူမှာ စုန်းဖြစ်လျှင် ရွာမှ နှင်ထုတ်ပစ်ကြသည်။

တောင်ယာခင်းအတွင်းသို့ တိရစ္ဆာန်ဖြစ်စေ၊ ယာဉ်ဖြစ်စေဝင်ရောက်ခြင်းကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမည်ဆိုလျှင် ပထမအကြိမ်ဆိုလျှင် အသီးအနှံပျက်စီးသလောက် အလျော်ပေးကာ ကြက်ဖို၊ ကြက်မဖြင့် တောင်းပန်ရသည်။ ကာယကံရှင်ကလည်း ကျေအေးရသည်။ ဒုတိယအကြိမ်ဆိုလျှင် ကျူးလွန်သော တိရစ္ဆာန်ကို သတ်ခွင့်ရှိပြီး တစ်ယောက်တစ်ဝက် ခွဲဝေယူသည့် ရပ်ရွာတရားစီရင်ထုံးကိုလည်း လိုက်နာရသည်။

ယခင် စောဖျာများ အုပ်ချုပ်စဉ်က ခိုးမှုဖြစ်ပွား၍ လက်ပူးလက်ကြပ်မိလျှင် ပထမအကြိမ် သတိပေး၊ ဒုတိယအကြိမ် သတိပေးပြီးနောက်တစ်ကြိမ်ဆိုလျှင် သေဒဏ်ပေးလိုက်သည်။ ဓားပြမှုတွင်လည်းထို့အတူပင်ဖြစ်သည်။ ထို့ကြောင့် ရှေးအခါက ယင်းတလဲတိုင်းရင်းသားတို့နေရပ်တွင် သူခိုး၊ ဓားပြမှု နည်းပါးသည်ဟု ဆိုသည်။

ယင်းတလဲအမျိုးသားတို့နေထိုင်ရာ ကျေးရွာများ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်လျှင် ရှေးအခါက စောဖျာအုပ်ချုပ်ရေးပင်ဖြစ်သည်။

စောဖျာ၏လက်အောက်တွင် ကျမိုင်းအခွန်ဝန်၊ တရားရေးရာ အမတ်ကြီး၊ ရွာသူကြီး စသည့်အုပ်ချုပ်သူများက အုပ်ချုပ်ကြ၏။ အုပ်ချုပ်သူများသည် ရပ်ရွာငြိမ်ဝပ်ပိပြားရေးရရှိစေရန် ဆောင်ရွက်ရခြင်း၊ ကျေးလက်တောရွာရှိ အခွန်များကို ကောက်ခံပေးရခြင်း စသည်တို့ဖြစ်သည်။

ထိုအချိန်အခါက အခွန်အကောက်အနေဖြင့် တစ်အိမ်လျှင် တစ်မတ်လောက်သာ ပေးဆောင်ကြရလေသည်။ စောဖျာများမှာ အခွင့်ထူးများရရှိပြီး ဩဇာအာဏာအလွန်ရှိသည်။ ကောက်ခံရရှိသော အခွန်တော်ငွေထဲမှ ဆယ်ပုံတစ်ပုံကို စောဖျာက သူကြီးကိုပေးသည်။

**အိမ်ရာဆောက်လုပ်ခြင်း**

ယင်းတလဲတိုင်းရင်းသားတို့သည် အိမ်ခြေမြင့်များဖြင့် နေထိုင်လေ့ရှိသည်။ ယင်းတလဲတို့နေထိုင်ရာ ပတ်ဝန်းကျင်သည် သစ်ပေါ်များသည့် အရပ်ဒေသဖြစ်ရာ ဝါးဖြင့်ဆောက်လုပ်သော အိမ်မရှိသလောက်ပင် ဖြစ်သည်။ အိမ်များသည် များသောအားဖြင့် ခေါင်နှစ်ခုပါသော အိမ်များဖြစ်ပြီး လက်ဝဲဘက်အဆောင်၏ရှေ့တွင် လသာဆောင်တစ်ဆောင်ရှိသည်။ လှေကားသည် ထိုလသာဆောင်သို့ တက်သည်။ လသာဆောင်သည် ယခင်က အမိုးမရှိသော်လည်း နောက်ပိုင်းဆောက်လုပ်သောအိမ်များတွင် အမိုးမိုးထားသည်။ လသာဆောင်ထည့်သွင်းထားခြင်းသည် လာရောက်သောဧည့်သည်များကို ဧည့်ခံရန်နှင့် ပြောင်းကောက်၊ ပြောင်းဖူး၊ နှမ်း စသည့် တောင်ယာထွက်သီးနှံတို့ကို နေလှန်းရန်အတွက်ဟု ဆိုပါသည်။ ခေါင်နှစ်ခုအနက် ယာဘက်ခေါင်အောက်တွင်ရှိသော အခန်းသည် မီးဖိုခန်းဖြစ်သည်။ ထို့ကြောင့် အချို့အိမ်များတွင် ထိုမီးဖိုခန်းရှိရာ ခေါင်တွင် မီးခိုးထွက်ရန်

ရှေးယင်းတလဲအိမ်





သစ်ကို ထစ်၍မဆောက်ဘဲ ထပ်ကာဖောက်လျှိုဆောက်သည့်
ယင်းတလဲထုံးစံ



သက်ငယ်မိုး၊ ထရံကာ ယင်းတလဲအိမ်



သွပ်မိုး၊ ပျဉ်ထောင် ယင်းတလဲအိမ်

ခေါင်ဆင့်ကလေးတစ်ခုပါသည်ကို တွေ့ရသည်။ မီးဖိုခန်းတွင် ပြောင်းကောက်များကို ချိတ်တွဲအခြောက်ခံသကဲ့သို့ အမဲလိုက်ရာမှ ရရှိလာသော အသားများကိုလည်း ကျပ်တင်လေ့ရှိသည်။

ယခုကဲ့သို့ ခေါင်နှစ်ခုပါသော အိမ်များမဆောက်လုပ်မီက ယင်းတလဲအိမ်သည် ခေါင်တစ်ခုပါသော တန်းလျားရှည်ကြီးတစ်ခု ပုံသဏ္ဌာန်ရှိသည်ဟု ဆိုကြသည်။ အိမ်အလယ်တွင် မီးဖိုထားရှိသည်။ ချက်ပြုတ်ရန်နှင့် အေးချမ်းသောဆောင်းကာလတွင် မီးလှုံရန်အတွက် ဟုဆိုသည်။ ယနေ့တွင်မူ ထိုအိမ်ပုံစံမျိုးမကျန်ရှိတော့ချေ။ ရှေးယခင်က ယင်းတလဲအိမ်များ ဆောက်လုပ်ရာတွင် သစ်ကိုထွင်းဖောက်ပြီး လျှို ထည့်ကာ ဆောက်လုပ်ကြသည်။ သံကို အသုံးပြုလေ့မရှိ ဟုဆိုသည်။ ယနေ့ခေတ်တွင်မူ ထိုဓလေ့ကွယ်ပျောက်သွားပြီဖြစ်ပါသည်။

**အိမ်သစ်တက်ပွဲ**

ယင်းတလဲတိုင်းရင်းသားတို့သည် တောင်ယာခုတ်ပြီးချိန် တပို့တွဲလ ဆောင်းအကုန်နွေအကူးတွင် နေအိမ်အသစ်များ ဆောက်လုပ်လေ့ရှိပါသည်။ အိမ်အသစ်ဆောက်လုပ်ပြီးစီးသွားသည့် အခါ အိမ်သစ်တက်ပွဲကျင်းပလေ့ရှိပါသည်။ အိမ်သစ်တက်ပွဲကျင်းပ ပြုလုပ်သည့်အခါ မိမိတို့ရပ်ရွာမှ ဆွေမျိုးများသာမက ရွာနီးချုပ်စပ်မှ အသိမိတ်ဆွေများလည်း လာရောက်ကူညီလေ့ရှိကြသည်။ အသိမိတ်ဆွေ များက ခေါင်ရည်၊ ဆန် စသည်တို့ကို လာရောက်ပေးကြသည်။ အိမ်သစ်တက်ပွဲတွင် ဧည့်သည်များကို ခေါင်ရည်တိုက်သည်။ ထမင်း ဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ ယခင်က အိမ်သစ်တက်ပွဲ ပြုလုပ်ကျင်းပပြီးမှသာလျှင် အိမ်သူအိမ်သားများသည် အိမ်သစ်တွင်

နေထိုင်ရလေ့ရှိသော်လည်း ယနေ့ခေတ်တွင်မူ လူနေထိုင်ပြီးမှ အလှူသဘောမျိုး ပြုလုပ်လေ့ရှိသည်။

အိမ်သစ်တက်ပွဲတွင် အေးချမ်းသာယာစေရန် ကျောက်ဖရုံသီးခြမ်းများကို တုတ်ဖြင့်ထိုးပြီး အိမ်ထောင့်တွင် စိုက်ထားလေ့ရှိသည်။ ကျောက်ဖရုံသီးကို ကြမ်းပြင်တွင် လှိမ့်ပြီးကွဲအောင် တပျော်တပါး လိုက်ကန်ကြလေ့လည်းရှိသည်။ အိမ်အလယ်တိုင်တွင် ဝါးပင်တစ်ပင်ကိုစိုက်ကာ တိုင်ထိပ်တွင် ပိုက်ဆံ၊ လက်ဆောင် စသည်တို့ကိုချည်ထားပြီး အမျိုးသားများက ဝါးတိုင်ကို ဇောက်ထိုးတက်ကာ တိုင်ထိပ်ရှိ ပိုက်ဆံ၊ လက်ဆောင်တို့ကို ရအောင်ကြိုးစားသော ဓလေ့လည်းရှိသည်။ ယခုအခါတွင်မူ ကွယ်ပျောက်စပြုလာပြီဖြစ်သည်။

**အသုဘဓလေ့**

ယင်းတလဲလူမျိုးတို့၏ဓလေ့တွင် သေသူအလောင်းကို မီးဖြင့်သင်္ဂြိုဟ်ခြင်းမရှိဘဲ မြေမြှုပ်သင်္ဂြိုဟ်ကြပါသည်။ ယင်းတလဲလူမျိုးများသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ရာ ကွယ်လွန်သည့်အခါတွင်လည်း ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများအတိုင်း သင်္ဂြိုဟ်လေ့ရှိသည်။ လူသေသည့်အခါ အလောင်းကို ရေချိုးပြီး အဝတ်အစားအသစ်ကို ဝတ်ဆင်ပေးပါသည်။ အလောင်းကို သစ်သားခေါင်းထဲသွင်းပြီး ဧည့်ခန်းရှိ ဝါးစင်ပေါ်တွင် တင်ထားပါသည်။ အလောင်းပတ်လည်တွင် အထည်များ၊ စောင်များ၊ ချိတ်ဆွဲထားပါသည်။ အမျိုးသားများဖြစ်လျှင် အမျိုးသားတို့၏အသုံးအဆောင်ပစ္စည်းများကို ချိတ်ဆွဲထားပြီး အမျိုးသမီးဖြစ်လျှင် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများကို ဆွဲထားပါသည်။ ယင်းပစ္စည်းများအားလုံးကို အလောင်းနှင့်အတူ မြေမြှုပ်သင်္ဂြိုဟ်သည်။

များသောအားဖြင့် သေသူအလောင်းကို တစ်ရက်မှသုံးရက်အထိ ထားပြီးမှ သင်္ဂြိုဟ်ကြပါသည်။ ရှေးအခါက အသုဘအခမ်းအနားများတွင် ငိုချင်းဆို၊ ဧယင်ကျူးသည့် ထုံးစံရှိသည်။ ယခုအခါ ပပျောက်စပြုနေပြီဖြစ်သော်လည်း ရံဖန်ရံခါ ထိုဓလေ့ထုံးစံကို တွေ့နိုင်သေးသည်။ သက်ကြီးရွယ်အိုများ သေဆုံးလျှင် သူ၏အပေါင်းအဖော် သက်ကြီးရွယ်အိုများကလာပြီး ငိုချင်းဆိုကြပါသည်။ ငိုချင်းများကို အမျိုးသမီးများကသာ ဆိုလေ့ရှိသည်။ အသက်အရွယ်အလိုက် ငိုချင်းဆိုရသည်။ အသက်ကြီးသူဖြစ် လျှင် သက်ကြီးဆိုင်ရာ ငိုချင်းများကို ဆိုရသည်။ အပျိုလူပျိုဖြစ်လျှင် အပျိုလူပျိုဆိုင်ရာ ငိုချင်းကို ဆိုရပါသည်။ ငိုချင်းတွင် တစ်သက်တာ ဖြတ်သန်းလှုပ်ရှားခဲ့သည့် ဘဝအတွေ့အကြုံများကို သီချင်းဖွဲ့၍ ငိုသံပါအောင် သီဆိုခြင်းဖြစ်ပါသည်။

အသုဘရှိလျှင် ရပ်နီးရပ်ဝေးရှိ ဆွေမျိုးများအားလုံးကို ဖိတ်ကြားရသည်။ ယင်းဆွေမျိုးများသည် အသုဘအခမ်းအနားသို့ အုပ်စုဖွဲ့၍ လာကြသလို၊ ဆွေမျိုးရင်းချာတစ်ဦးချင်းလည်း လာကြသည်။ အသုဘအခမ်းအနားသို့ လာရောက်ကြသော ဧည့်သည်များသည် အုပ်စုအလိုက် အလောင်းပတ်ပတ်လည်တွင် ဝိုင်းပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကကြသည်။ ယင်းအကတွင် အမျိုးသမီးနှင့် အမျိုးသားများ လက်ချင်းယှက်ကာ လက်တွဲပြီး ကကြသည်။ စည်းချက်ညီ ခြေဆောင့်ခြင်းလည်း ရှိသည်။ အကတွင် အသုံးပြုသောကိရိယာမှာ ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားသည်။ ဘောလခဲတွင် ပုလင်းမှုတ်လေ့ရှိသည်။ အတွင်းတွင် ရေအနည်းအများကွာခြားသည့် ပုလင်းငါးပုလင်းကို လူငါးယောက်က အလှည့်ကျ စည်းချက်ညီမှုတ်ကြခြင်းဖြစ်ပြီး နားထောင်ရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ဝမ်အောင်း၊ ဖားဆောင်းဘက်တွင်မူ ဝါးပလွေ

တစ်မျိုးကို မှတ်လေ့ရှိသည်။ အဖိုသံ၊ အမသံဟု ဆိုနိုင်သော ပလွေနှစ်လက်ကို တစ်ယောက်စီက မှုတ်ခြင်းဖြစ်သည်။ သို့သော် ထိုအရာများကို သာမန်အချိန်များတွင် နိမိတ်မကောင်းဟုဆိုကာ မှုတ်လေ့မရှိပေ။ ထို့ကြောင့်လည်း ကျွမ်းကျင်စွာ မှုတ်နိုင်သူ နည်းပါးလာကာ တဖြည်းဖြည်းတိမ်ကောလာခြင်းဖြစ်သည်။ ထိုသို့မှုတ်နေစဉ် က,သူတို့သည် အလောင်းကို လက်ယာရစ်ပြီး က,ကြသည်။

**ရှောင်ခလေ့များ**

ယင်းတလဲတိုင်းရင်းသားများသည် တံခွန်တိုင်ပွဲတော် ကျင်းပနေစဉ် အတွင်း ရွာသူရွာသားများ ငါးရံ့၊ ဖွတ်၊ ပုတတ် စသည့်အစာများကို မစားရချေ။ အခြားအချိန်များတွင်လည်း ငါးရံ့၊ ဖား စသည့်တို့ကို ရှောင်ကြဉ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ငါးရံ့နှင့်ဖားတို့သည် အချင်းချင်းပြန်စားသော သတ္တဝါများဖြစ်သောကြောင့် အချင်းချင်း သစ္စာမရှိသော ထိုသတ္တဝါများကို မစားဘဲ ရှောင်ကြဉ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းတလဲတို့သည် တံခွန်တိုင်ခုတ်ရန် သွားကြလျှင် တစ်ရွာလုံးရှိ အမျိုးသားများ လိုက်ပါလေ့ရှိကြသော်လည်း ကိုယ်ဝန်ဆောင်မိန်းမ၏ လင်ယောကျ်ားက တံခွန်တိုင်ခုတ်ရန် မလိုက်ရချေ။ ကိုယ်ဝန်မရှိသော ကျန်ရစ်သူ ဇနီးသည် မဖောက်ပြားရပေ။

ကိုယ်ဝန်ဆောင်မိန်းမသည် ခေါင်းအုံးကိုပိတ်၍ မချုပ်ရ။ ခေါင်ရည်အိုးကို ခေါင်ဖတ်ထည့်ပြီး မပိတ်ရချေ။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောင်းစတင်၍ကြသောအချိန်တွင် ယောကျ်ားများသာ စ၍ကြရသည်။ ထိုပြောင်းစ၍ကြသော ယောကျ်ားသည် ဆီနှင့်ကြော်သော အစားအစာကို မစားရချေ။ စားလျှင် ထိုသူကြဲခဲ့သောမျိုးစေ့

သည် မအောင်မြင်ဟု အယူရှိကြသည်။ ထို့ကြောင့် ပျိုးကြဲနေစဉ်တွင် ပဲပြုတ်၊ ဆား၊ ငရုတ်သီးများနှင့်သာ တစ်ရက်၊ နှစ်ရက်ခန့် စားရသည်။ သို့သော် ဤကဲ့သို့ ရှောင်ကြဉ်ခြင်းသည် ပျိုးကြဲချိန်၌သာဖြစ်၍ အခြား အချိန်တွင် ရှောင်ကြဉ်ရန် မလိုပေ။

တံခွန်တိုင်မစိုက်မီ မြေပေါ်တွင်ချထားစဉ် ခွေးဖြတ်ကျော်ခြင်း မရှိစေရန် အချိန်ပြည့် အစောင့်ချထားရသည်။ တံခွန်တိုင်ကို ပိုင်းပတ် ကကြရာတွင် အမျိုးသမီးများ ပါဝင်ခွင့်မရှိပေ။ ထို့အတူ အမျိုးသမီး များနှင့် ဧည့်သည်များ ကိုင်တွယ်ခွင့်လည်း မရှိပေ။ တံခွန်တိုင် စိုက်ထူ ရာတွင် အထူးဂရုစိုက်ကာ စိုက်ထူရသည်။ ယခင်က တံခွန်တိုင် စိုက်ထူ ရင်း လဲကျသွားလျှင် ပြန်မထူတော့ဘဲ ရွာလုံးကျွတ် ပြောင်းရွှေ့သွား သည်ပင် ရှိခဲ့သည်။

ယင်းတလဲတိုင်းရင်းသားတို့သည် ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်၍ တင်းကျပ်စွာ ရှောင်ကြဉ်ရသော ဓလေ့ထုံးစံများရှိသည်။ ကယားတိုင်းရင်းသားတို့တွင် တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲများ လက်ထပ်ခွင့် ရှိသော်လည်း ယင်းတလဲတို့သည် တစ်ဝမ်းကွဲ မောင်နှမများ လက်ဆက် ခွင့် မရှိချေ။ ဦးလေးနှင့်တူမ၊ အဒေါ်နှင့်တူ တို့မှာ မည်မျှပင်ဆွေမျိုး ကွာဝေးသော်လည်း လက်ထပ်ထိမ်းမြားခွင့် မပြုပါ။ ချိုးဖောက်ပါက ရပ်ရွာကို ထိခိုက်နစ်နာစေတတ်သည်ဟု ယုံကြည်ကြ၍ ရှေးအခါက ရပ်ရွာမှ မောင်းထုတ်ခြင်းပင် ခံရသည်။

ယင်းတလဲ တိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို လိုက်နာကျင့်သုံးရပါသည်။ တရားဝင် ကွာရှင်းထားခြင်းမရှိပါက နောက်ထပ်အိမ်ထောင်ပြုခွင့်မရှိပါ။

* * *

အခန်း (၈)

# ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှု

**ယုံကြည်ကိုးကွယ်မှု**

ယင်းတလဲတိုင်းရင်းသားတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားတစ်ဆူတည်းသာရှိသည်ဟု ယုံကြည်ကြသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း အခြားရိုးရာနတ်များကိုလည်း ယုံကြည်ကိုးကွယ်ကြသည်။ အိမ်တိုင်းလိုလိုပင် ဘုရားစင်ရှိ၍ ရှာလယ်၌ နတ်စင်ရှိသည်။ တံခွန်တိုင် စိုက်ထူသောနေရာတွင် ကူထိုးဘိုးနတ်စင်နှင့် နတ်ပေါ်များရှိသည်။ နတ်ပေါ်၏ ပုံသဏ္ဍာန်ကို သစ်ဝါးများဖြင့် ကုပ်ကုပ်ဝိုင်းဝိုင်း ခြေတံရှည် ဆောက်လုပ်ကြသည်။ ကူထိုးဘိုးနတ်ကို ယင်းတလဲ တိုင်းရင်းသားတို့ အထွတ်အမြတ်ထားကြသည်။

ကူထိုးဘိုးနတ် သို့မဟုတ် မိုးနတ်မှာ တံခွန်တိုင်နတ်ဖြစ်သဖြင့် မိုးကောင်းစွာရွာသွန်းကာ သီးနှံများ ဖွံ့ဖြိုးအောင်မြင်စေရန်အတွက် ကူထိုးဘိုးနတ်ကို ပူဇော်ပသကြခြင်းဖြစ်သည်။

ယင်းတလဲတို့သည် တောတွင်းတွင် သစ်ပင်ကြီးကြီးမားမား ရှိပါက ရုက္ခစိုးနတ်များရှိတတ်သဖြင့် သစ်ပင်ကြီးသည် တန်ခိုးကြီးသည်

ဟု ယုံကြည်ကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ ရှိသည် ဟုလည်း ယုံကြည်ကြသည်။ ထို့ကြောင့် တောင်ယာစိုက်ပျိုးသည့်အခါ နတ်များကျေနပ်စေရန်နှင့် ပွဲပိုးကူညီစေရန်အတွက်လည်းကောင်း၊ သီးနှံများ အပျက်အစီးမရှိစေရန်အတွက်လည်းကောင်း ပူဇော်ပသမှု များ ပြုလုပ်ကြခြင်းဖြစ်သည်။

**ရိုးရာနတ်များ**

ယင်းတလဲ တိုင်းရင်းသားများသည် ရိုးရာနတ်များကို ယုံကြည် ကိုးကွယ်လေ့ရှိကြသည်။ တံခွန်တိုင်စိုက်ထူသောနေရာတွင် ကူထိုးဘိုး နတ်စင်နှင့် နတ်ပေါ်များရှိကြသည်။ တစ်စုံတစ်ယောက် မကျန်းမမာ ဖြစ်သည့်အခါတွင် မိမိတို့၏ ဓလေ့ထုံးစံအရ ကြက်ရိုးထိုး၍ မေးပြီး ဘိုးဘွားဝိညာဉ် သို့မဟုတ် အခြားနတ်များ ဖမ်းစားသည်ဟုသိရှိရလျှင် ကျန်းမာစေရန်အတွက် သက်ဆိုင်ရာတို့ကို ပူဇော်ပသကြရသည်။

**ကြက်ရိုးထိုးဓလေ့**

ယင်းတလဲတိုင်းရင်းသားများအပါအဝင် ကယားလူမျိုးစုတို့သည် ကြက်ရိုးထိုးဗေဒင်ကို အထူးယုံကြည်ကြပါသည်။ စိုက်ပျိုးရန် မြေနေရာ ရွေးချယ်ခြင်း၊ အိမ်ဆောက်လုပ်ရန် မြေနေရာရွေးချယ်ခြင်း အစရှိသည် များကို ကြက်ရိုးထိုး ရွေးချယ်ပြီး ရရှိသည့်နေ့ကောင်းရက်မြတ်နေ့များ တွင်သာ ပြုလုပ်လေ့ရှိပါသည်။ ယင်းတလဲတို့သည် သာရေးနာရေးနှင့် ပတ်သက်သည့်ကိစ္စအဝဝကိုမပြုလုပ်မီ ကြက်ရိုးထိုးလေ့ရှိပါသည်။ ကြက်ရိုးထိုးခြင်းကို နတ်ဆရာ သို့မဟုတ် ကြက်ရိုးထိုးတတ်သူတစ်ဦးဦးက လုပ်ကိုင်ပေးလေ့ရှိသည်။ အမျိုးသမီးများကိုမူ ကြက်ရိုးထိုးခြင်း ခွင့်မပြုချေ။

ယင်းတလဲတိုင်းရင်းသားတို့သည် မိသားစုအတွင်းတွင် တစ်ဦးဦး နာမကျန်းဖြစ်လျှင် နတ်ဖမ်းစားသည် သို့မဟုတ် ရောဂါကပ်ရောက်သည်ဟု ယုံကြည်ကာ အကြောင်းရင်းကို သိရှိနိုင်ရန် ကြက်ရိုးထိုးကြည့်လေ့ရှိသည်။ မည်သည့်နတ်၊ မည်သည့်တိရစ္ဆာန်၊ မည်သည့်နေရာတွင် ပူဇော်ပသရမည်ကိုလည်း ကြက်ရိုးထိုးကြည့်ပါသည်။ ဗေဒင်ဟောကိန်းအရ ကြက်ဆိုလျှင် ကြက်၊ နွားဆိုလျှင် နွား၊ ဝက်ဆိုလျှင် ဝက်ကိုသတ်ပြီး နတ်ပူဇော်ပသကြပါသည်။

ယင်းတလဲတိုင်းရင်းသားများအပါအဝင် ကယားလူမျိုးတို့သည် ကြက်ရိုးထိုးသည့်ဓလေ့ကို ရှေးယခင်မှစ၍ ယနေ့အထိ ယုံယုံကြည်ကြည် အသုံးပြုလျက်ရှိပါသည်။ ရက်ကောင်းရက်မြတ်ကို ကြက်ရိုးထိုးပြီးရွေးကြသကဲ့သို့ အမှုအခင်းဖြစ်ပွားပြီး သက်သေပြရန် အလွန်ခက်ခဲသောကိစ္စများတွင် ကြက်ရိုးထိုးပြီး အဆုံးအဖြတ်ပေးလေ့ရှိပါသည်။ ကြက်ရိုးထိုးကြည့်၍ အဖြေထွက်ပေါ်လာသည့်အတိုင်း နှစ်ဦးနှစ်ဖက်က ကျေကျေနပ်နပ် လက်ခံလေ့လည်းရှိပါသည်။ အထူးသဖြင့် တောင်ယာခုတ်တော့မည်ဆိုလျှင် စိုက်ပျိုးရန် ရည်ရွယ်ထားသည့် သီးနှံ၏လိပ်ပြာကို ခေါ်ယူရန်အတွက် ကြက်ရိုးထိုးကာ ရက်ကောင်းရက်မြတ်ကို ရွေးချယ်လေ့ရှိသည်။ ပြောင်းကောက်စိုက်ရန် ရည်စူးလျှင် ပြောင်းကောက်လိပ်ပြာခေါ်သည်ဟုဆိုကြပြီး စပါးစိုက်ရန် ရည်ရွယ်လျှင် စပါးလိပ်ပြာခေါ်သည်ဟု ဆိုကြသည်။

ကယားလူမျိုးစုတို့ ကြက်ရိုးဗေဒင် ကျင့်သုံးရခြင်း၏အကြောင်းရင်းမှာ ရှေးအခါက ဘုရားသခင်သည် ကယားတို့ကို ရွှေကျမ်းစာတစ်အုပ်ကို ပေးအပ်ခဲ့သည်။ ယင်းရွှေကျမ်းစာကို ကယားတို့က မဖတ်တတ်သဖြင့် ညီထွေးဖြစ်သည့် လူဖြူထံမှ ငွေကျမ်းစာဖြင့်လဲယူခဲ့သည်။ ကယားတို့သည် ညီထွေးထံမှ ငွေကျမ်းစာကိုလည်း မဖတ်တတ်သဖြင့်

အစ်ကိုအကြီးဖြစ်သူတရုတ်တို့ထံမှ စက္ကူစာဖြင့် ထပ်မံလဲလှယ်ခဲ့ပြန်သည်။ ယင်းစက္ကူစာကိုလည်း မဖတ်တတ်ပြန်သဖြင့် နောက်ဆုံးတွင် ရှမ်းလူမျိုးတို့ထံမှ သားရေစာဖြင့် လဲလှယ်ခဲ့ပြန်သည်။ တစ်နေ့တွင် တောင်ယာလုပ်ရင်း သားရေစာကို ခွေး က,စားသွားသည်။ ခွေးမစင်ကို ဝက် က,စား၊ ဝက်မစင်ကို ကြက်က စားပြီး စာအုပ်အတွင်းမှ ပညာများက ကြက်ပေါင်ရိုးအတွင်းသို့ရောက်သွားသည်ဟု ယုံကြည်ကြပြီး ကြက်ရိုးထိုးကြည့်ကြခြင်းဖြစ်သည်။

ကြက်ရိုးမထိုးမီတွင် နတ်ဆရာသည် ဘယ်စားပါစေ၊ ညာစားပါစေဟု ကြိုတင်အဓိဋ္ဌာန်ပြုထားရသည်။ ဘယ်စားခြင်း၊ ညာစားခြင်း ဆိုသည်မှာ ကြက်ရိုးထိုးသည့်အခါ ဘယ်ဘက်ပေါင် သို့မဟုတ် ညာဘက်ပေါင်တွင်ရှိသော အပေါက်ကလေးက ပို၍မြင့်ခြင်းကို ဆိုပါသည်။

ကြက်ရိုးထိုးပုံမှာ ကြက်တစ်ကောင်ကို လည်ပင်းလိမ်ချိုးလိုက်ပြီး မသေမရှင်အခြေအနေတွင် ကြက်၏စအိုမှတစ်ဆင့် မစင်များကုန်အောင် ထုတ်ပစ်ရသည်။ အူများကို ဆွဲထုတ်ပြီး အရင်းမှဖြတ်ပစ်လိုက်ရသည်။ ထို့နောက် ကြက်၏ညာဘက်ပေါင်ကို စအိုမှထုတ်ပြီး အရိုးပေါ်ရှိအကြောအမျှင်များကို ခြစ်ပစ်သည်။ ပေါင်ရိုးအောက်ပိုင်းထိပ်ကို ဓားဖြင့်ဖြတ်ပြီး အပေါက်ထဲသို့ အသင့်ပြုလုပ်ထားသော တုတ်ချောင်းငယ်ကို ထိုးသွင်းလိုက်သောအခါ အရိုးရှိအပေါက်ကလေးများမှ သွေးများကန်ထွက်လာသည်။ သွေးပေါက်မည်မျှရှိသည်ကို သေချာအောင်ကြည့်ကာ အပေါက်ကလေးများကို နှီးစမျှင်ဖြင့်ထိုး၍ အမှတ်အသားပြုလုပ်ထားရသည်။ ထို့နောက် ဘယ်ဘက်ပေါင်ရိုးကိုလည်း ထိုနည်းအတိုင်းပြုလုပ်ကာ အပေါက်ချင်းနှိုင်းယှဉ်ကြည့်ရသည်။ ပေါင်ရိုးတစ်ဖက်လျှင် အပေါက်ငယ်နှစ်ပေါက်သုံးပေါက်ရှိတတ်သည်။

ထိုအပေါက်ငယ်ကလေးများ၏ အနိမ့်အမြင့်ကို တိုင်းကာ ညာဘက်က မြင့်လျှင် ညာစားပြီး ဘယ်ဘက်ကမြင့်လျှင် ဘယ်စားသည်ဟု ဆိုလိုပါသည်။

ညာစားပါစေဟု အဓိဋ္ဌာန်ပြုခဲ့ပြီး ညာဘက်ပေါင်ရှိ အပေါက်ငယ်က ပို၍မြင့်လျှင် အကြံအစည်အောင်မြင်မည်၊ ကျန်းမာမည်၊ ပြန်တွေ့မည်၊ ပြန်ကောင်းမည် စသော အကောင်းများဖြစ်လာမည်ဟု ယုံကြည်ကြသည်။ ညာစားပါစေဟု အဓိဋ္ဌာန်ပြုထားသော်လည်း ညာဘက်ပေါင်၏အပေါက်က နိမ့်နေသည့်တိုင် ညာဘက်တွင် အပေါက်နှစ်ပေါက်ပါပြီး ဘယ်ဘက်တွင် တစ်ပေါက်တည်းသာပါပါက အသင့်အတင့်ဟု ယုံကြည်ကြသည်။


o

**ကျောက်လွှဲနတ်မေးမြန်းခြင်း**

ယင်းတလဲတိုင်းရင်းသားတို့သည် ကျောက်လွှဲနတ်မေးမြန်းခြင်းကိုလည်း ယုံကြည်ကြသည်။ ကျောက်လွှဲဆိုသည်မှာ အလုံး၊ ဘဲဥပုံ၊ ထုလုံးရှည်ပုံ စသည့် ပုံသဏ္ဌာန်နှင့်အရောင် မတူညီသော ကျောက်တုံးငယ်ရှစ်တုံးကို ကြိုးဖြင့် သီထားသည့် ပုတီးငယ်ကဲ့သို့အရာ ဖြစ်သည်။ ထိုကျောက်လွှဲတွင် အဓိကမှာ ပယင်းကဲ့သို့သော ဘဲဥပုံကျောက်တုံးလေးဟု ဆိုသည်။ ထိုကျောက်ပုတီးငယ်ကို ပိုင်ရှင်ဖြစ်သူက ကြိုးကိုကိုင်ထားကာ စိတ်အတွင်းမှ အဓိဋ္ဌာန်ပြုရသည်။ ဥပမာ အမြန်နေကောင်းမည်ဆိုပါက ဘယ်ညာယိမ်းပြပါ၊ ရှေ့နောက်ယိမ်းပြပါ စသည်ဖြင့် အဓိဋ္ဌာန်ပြုခြင်းဖြစ်သည်။

ယင်းတလွဲတိုင်းရင်းသားတို့က ထိုကျောက်လွဲကလေးသည် ကျန်းမာရေးနှင့်ပတ်သက်ပြီး မေးမြန်းလျှင် အထူးမှန်ကန်ကြောင်း ယုံကြည်ကြသည်။ ထူးဆန်းသည်မှာ ပိုင်ရှင်ကွယ်လွန်သွားပါက

ယင်း၏တန်ခိုးများပါ ပျောက်ကွယ်သွားပြီး အခြားသူတစ်ဦးက အစိုင်အခဲ ပြန်မှာကြီးမှာ မရှိသော့်သည်။



ကျောက်လွှဲ

**အစွဲအလမ်း**

ယင်းတလဲတိုင်းရင်းသားတို့သည် အများစုက စုန်း၊ မှော်ဆရာ စသည်များမရှိဟု ယုံကြည်ကြသော်လည်း အချို့က စုန်းတို့ကို ယုံကြည်ကြလေသည်။ သူတို့၏အတတ်ပညာဖြင့် အခြားလူတစ်ဦးကို မနာလိုမုန်းထားလျှင် ဖျားနာစေသည်၊ ရူးစေသည်၊ သေစေသည်ဟု ယုံကြည်ကြသည်။ စုန်းပြုစားခြင်းခံရသူကို ပျောက်ကင်းအောင် ကုစားနိုင်သူရှားသဖြင့် စုန်းများကိုကြောက်ရွံ့ကြသည်။

စုန်းများသည် ရပ်ရွာ၏ရန်သူဟု ယူဆကြသည်။ ရှေးအခါက စုန်းတတ်သူ၏အိမ်ကို ရွာသူရွာသားများက ဖျက်ဆီး၍ လူကိုလည်း အမြန်ဆုံးသတ်ပစ်ကြသည်။ ဤသို့မလုပ်လျှင် ရွာသူရွာသားများကို ဒုက္ခပေးမည်စိုးသောကြောင့် ဖြစ်သည်။ စုန်းပြုစားတတ်သော စုန်းအိမ်မှ ရေ သို့မဟုတ် ချည်မျှင်ကိုခိုးယူ၍ လက်တွင်ပတ်ပေးရသည်။ အိမ်တစ်အိမ်သို့ သွားရောက်လည်ပတ်ပြီး ရေသောက်လာ၍ အပြန်တွင် ငိုချင်၊ ရယ်ချင်ဖြစ်ခဲ့လျှင် ရေသောက်ခဲ့သောအိမ်မှ အဝတ်ကို ရေဆွတ်ခဲ့ပြီး ထိုသူ၏မျက်နှာကို သုတ်ပေးပါက ပျောက်ကင်းသည်ဟု အယူရှိကြသည်။ မလိုသူ၊ မချစ်မနှစ်သက်သူများ၏ အစားအစာတွင် အပင်းထည့်၍ကျွေးနိုင်သည်ဟု ယူဆကြ၏။ စိတ်မချရသူများနှင့် အကြောင်းမသိသူများက ကျွေးမွေးသည့်အစားအစာများကို မစားကြပေ။

ချော်လဲ၍ ကုမရဘဲ သေသွားလျှင် နတ်ဖမ်းစားသည်ဟု ယုံကြည်ကြသည်။ နတ်ဖမ်းစားခြင်း ဟုတ်၊ မဟုတ် သိနိုင်ရန် ကြက်ရိုးထိုးကြည့်ခြင်း သို့မဟုတ် ကျောက်လှုပ်မေးကြည့်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ နတ်ဖမ်းစားသည်ဟု သိရလျှင် ကြက်၊ ဝက်၊ ခေါင်ရည်တို့ကို အလိုရှိခြင်းကြောင့်လော စသည်ဖြင့် မေးရသည်။ နတ်အလိုရှိသည်

တို့ကို ဟင်ဆက်ကြရသည်။ ထို့ပြင် အပမှီသည်ဟူသော အယူအဆ ကိုလည်း ယင်းတလဲတိုင်းရင်းသားတို့က ယုံကြည်ကြသည်။

သရဲတစ္ဆေနှင့်ပတ်သက်သော အယူအဆများလည်း ရှိသည်။ တစ်စုံတစ်ယောက်သည် ရေနစ်သေဆုံးခြင်း၊ သစ်ပင်ပေါ်မှကျ၍ ရုတ်တရက်သေဆုံးခြင်းဖြင့် အစိမ်းသေသဘောမျိုးဖြစ်ပြီး အစိမ်းသရဲ ဖြစ်တတ်သည်ဟု ယူဆတတ်ကြသည်။ သရဲသည် လူတို့ကို ခြောက်လှန့်တတ်သည်ဟု ယုံကြည်ကြပြီး အစိမ်းသရဲများ မကပ်နိုင်၊ မနှောင့်ယှက်နိုင်စေရန် ပရိတ်ရွတ်ဖတ်ကြသည်။ ရိုးရိုးအနာရောဂါ ဝေဒနာဖြင့် သေဆုံးသူများကို အစိမ်းသရဲဖြစ်သည်ဟု မယူဆကြပေ။ ဝမ်းရောဂါ၊ ကျောက်ရောဂါ စသော ကပ်ရောဂါများ ရွာတွင် တွယ်ကပ် ရောက်လာလျှင် မကောင်းဆိုးဝါးများဝင်ရောက်ပြီး နှောင့်ယှက်ခြင်း ဖြစ်သည်ဟု ယူဆကြသည်။

ထိုအခါ မကောင်းဆိုးဝါးများထွက်သွားစေရန်နှင့် ရွာတွင်းသို့ မဝင်နိုင်စေရန်အတွက် ခြင်းကြားရက်ပြီး ရွာအဝင်လမ်းရှိ ငုတ်တစ်ခုခု တွင် ချိတ်၍ ထားလေ့ရှိသည်။

ကလေးငယ်များကို နေဝင်မိုးချုပ်အိမ်အပြင်သို့ ခေါ်သွားသည့် အခါ ကလေး၏နဖူးတွင် အိုးမဲသုတ်လိမ်းပေးပြီးမှ ခေါ်လေ့ရှိကြ သည်။ ကလေးငယ်များ ကျန်းမာ၍ အသက်ရှည်စေရန် လည်ပင်း၊ လက်၊ ခြေထောက်တို့တွင် ချူကလေးများနှင့် မူးစေ့၊ မတ်စေ့များကို အပေါက်ဖောက်ပြီး ကြိုးနှင့်ချည်ပေးတတ်ကြသည်။

ယင်းတလဲတိုင်းရင်းသားတို့သည် လူဝင်စားရှိသည်ဟုလည်း ယုံကြည်ကြပြီး ဥစ္စာစောင့်များ ဝင်စားနိုင်သည်ဟုလည်း ယူဆကြ သည်။ ဥစ္စာစောင့်ဝင်စားသောသူသည် အချိန်တန်လျှင် မိမိ၏သိုက် နေရာသို့ ပြန်သွားရသည်ဟု ပြောဆိုတတ်ကြသည်။ ဖုတ်ဝင်ခြင်းကို

လည်း ယုံကြည်ကြကာ ဖုတ်ဝင်သောသူသည် သားငါးများကို သာမန်လူထက် အဆများစွာ စားတတ်သည်ဟု ယူဆကြ၏။

**ဝိညာဉ်လိပ်ပြာကောင် အယူအဆနှင့် ယုံကြည်ချက်**

ယင်းတလဲ တိုင်းရင်းသားများသည် ဝိညာဉ်လိပ်ပြာရှိသည်ဟု ယုံကြည်ကြပြီး သေသူနှင့်လိပ်ပြာခွဲလေ့ရှိကြသည်။ ကျန်ရစ်ခဲ့သော ကလေး၏အရပ်ကို ချည်မျှင်နှင့်တိုင်းထွာပြီး သေသူမိခင်၏အလောင်းနှင့်အတူ ထည့်၍ပေးရသည်။ တိုင်းထွာသည့် ချည်မျှင်သာလျှင် သေသူ၏သားသမီးများဖြစ်ကြသည်။ ကျန်ရစ်ခဲ့သောကလေးများနှင့် မသက်ဆိုင်ဟုပြောကာ လိပ်ပြာခွဲလေ့ရှိကြသည်။ ရှေးအခါက အုပ်ချုပ်သော စောဖျာများသေလျှင် ယင်းတို့ပိုင် ရွှေငွေပစ္စည်းများ၊ ဓား၊ လှံ၊ သေနတ် လက်နက်များပါမကျန် ထည့်၍မြှုပ်လေ့ရှိကြသည်။ ကျွဲ၊ နွား၊ ဝက်၊ ကြက်များကိုသတ်ပြီး ခြေထောက်များကို ပိုင်ရှင်စောဖျာ၏ အလောင်းမြှုပ်သော မြေပုံခေါင်းရင်းတွင် ခြင်ငယ်ခတ်၍ မြှုပ်နှံကြသည်။ အသားများကို အသုဘမချမီ လာရောက်သော ဧည့်သည်များကို ချက်ပြုတ်၍ ကျွေးမွေးလေသည်။ ငွေကြေးတတ်နိုင်သူများသည် ထိုကဲ့သို့ ပြုလုပ်လေ့ရှိကြသည်။ မိမိတို့နှင့် သက်ဆိုင်သော ရိုးရာဓလေ့များကို မလိုက်နာခဲ့လျှင် ဘေးအန္တရာယ်များနှင့်တွေ့တတ်သည်ဟု စွဲလမ်းယုံကြည်နေကြသဖြင့် ရိုးရာထုံးတမ်းဓလေ့များကို မစွန့်ပစ်ကြပေ။

ယင်းတလဲတို့တွင် ကျတ်နှင့်ပတ်သက်သော အယူအဆလည်း ရှိကြသည်။ တောထဲသို့သွားလျှင် ကျတ်ဖမ်းစားတတ်သည်ဟု ယုံကြည်ကြသည်။ ကျတ်ဆိုသည်မှာ တန်ခိုးရှိသည်ဟုလည်း ယုံကြည်ကြသည်။ တောသွား၍ ကျတ်ဖမ်းစားခံရသည်ဟု ယူဆလျှင် ယတြာချေပေးရသည်။ ပိုက်ဖုတ်တုတ်တန်ဟုခေါ်သော ဝါးကိုမီးဖုတ်ပြီး ထွက်လာသည့်

အဆီကို သုတ်လိမ်းပေးပြီး ဝါးကို ကွဲအောင် မီးဖုတ်လိုက်ရသည်။ ဝါးကို မီးရှို့သဖြင့် ထွက်ပေါ်လာသောအသံကို ကျတ်က သူဖမ်းထားသောသူ၏ လေလည်သံဟုထင်ကာ ညစ်ပတ်သည်ဟုယူဆပြီး ပြန်လွှတ်သည်ဟု ယုံကြည်ကြသည်။

**အတိတ်နိမိတ်**

ယင်းတလဲတိုင်းရင်းသားတို့တွင် သဘာဝနှင့်စပ်ဆိုင်သော အယူအဆလည်း အနည်းအကျဉ်းရှိကြသည်။ လျှော်လှုပ်လျှင် နိမိတ်ကောင်းသည်ဟု ယူဆလေ့ရှိသည်။ လျှော်လှုပ်ချိန်တွင် ယင်းတလဲအမျိုးသားတို့သည် ထမင်းအိုးများကို နှိုက်၍ စားနေယောင်ပြုရပြီး စားရအောင်၊ သောက်ရအောင် ဟူ၍လည်း နှုတ်ကခေါ်ကြရသည်။ ဤသို့ပြုလုပ်ခြင်းသည် နောင်လာမည့်အချိန်ကာလတွင် အစာရေစာပေါများစေရန်ဖြစ်သည်။ ငလျင်လှုပ်၍ မြေကြီးကွဲပြီး လူကိုမျိုခြင်းဖြစ်သည်ဟု ယူဆကြသည်။ ဒုစရိုက်များ၍ မကောင်းပြုသူများကို မိုးကြိုးပစ်သည်ဟု ယုံကြည်ကြသည်။ ဥပမာအားဖြင့် အဒေါ်ကို တူကပြစ်မှားမိလျှင် မိုးကြိုးပစ်ခြင်းခံရသည်။ သို့အတွက် ယင်းတလဲတိုင်းရင်းသားတို့သည် တူအရီး အိမ်ထောင်ပြုခြင်းကို အထူးကန့်ကွက်ဆင်ခြင်ကြသည်။

မိုးရွာသင့်သောအချိန်တွင် မရွာဘဲ မိုးခေါင်နေလျှင် အုပ်ချုပ်သော အကြီးအကဲများ အကျင့်ပျက်ပြားခြင်းကြောင့် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ကျေးရွာလူထု ဒုစရိုက်များသောကြောင့်ဟူ၍လည်း ယူဆကြသည်။ ရွာတွင်းရှိ မိန်းမပျိုတစ်ဦးဦး တိတ်တိတ်ပုန်းကိုယ်လေး လက်ဝန်ရှိလျှင်လည်း မိုးခေါင်တတ်သည်ဟု ယူဆကြသည်။ မိုးခေါင်သည့်အခါ ရွာသားများသည် စီတန်းလှည့်လည်၍

မိုးရွာပါစေဟု ဆုတောင်းပြီး တံခွန်တိုင်ကို ရေလောင်းကြသည်။ ဤကဲ့သို့ တံခွန်တိုင်ကို ရေလောင်းခြင်းဖြင့် မိုးရွာလေ့ရှိသည်ဟု ယုံကြည်ကြသည်။ အသီးအနှံများကို စတင်၍ပျိုးကြသောအချိန်၌ ဆိုင်ရာနတ်ကို ပသကြသည်။ သဘာဝအလျောက် ဖြစ်နေကျမဟုတ်ဘဲ တစ်စုံတစ်ခု ထူးထူးခြားခြားဖြစ်ပေါ်လျှင် ယင်းတို့ကျေးရွာတွင် တစ်ခုခု ဖြစ်မည့်နိမိတ်ဟု ကောက်ယူတတ်ကြသည်။

ထူးခြားသောအသံများနှင့်ပတ်သက်၍လည်း အတိတ်နိမိတ် ကောက်ယူလေ့ရှိသည်။ ဥပမာအားဖြင့် သစ်တောက်ငှက်အော်သံ ကြားလျှင် လူသေနိမိတ်ဟု ကောက်ယူခြင်းမျိုးဖြစ်သည်။

**ဂီတနှင့် အကအခုန်**

ယင်းတလဲအမျိုးသားတို့ အသုံးပြုသည့်တူရိယာပစ္စည်းများမှာ မောင်းကြီး၊ မောင်းငယ်၊ အိုးစည်၊ စခွန့်၊ ချည်ချောင်း သို့မဟုတ် ဝါးတွဲ ပလွေများ၊ ဝါးလက်ခုပ်၊ ဗုံ၊ လင်းကွင်းနှင့် ဖားစည်များဖြစ်ကြသည်။ ဖားစည်များကမူ ယခုအခါတွင် ကွယ်ပျောက်သွားပြီဖြစ်သည်။ ယင်းတလဲတိုင်းရင်းသားတို့သည် အခြားသော ကယားတိုင်းရင်းသား တို့ကဲ့သို့ ဖားစည်ကို အလေးအနက်ထား အသုံးပြုခြင်းမရှိသည်ကို တွေ့ရှိရသည်။

ယင်း တူရိယာပစ္စည်းများဖြစ်ပေါ်လာပုံမှာလည်း စိတ်ဝင်စား ဖွယ်ဖြစ်သည်။ တောင်ယာတွင်စုပြီး အလုပ်လုပ်ကြချိန်တွင် အပျင်းပြေ စေရန် တီးခတ်ကြလေ့ရှိသည်။ အနီးအနားတွင် ဝါးများကလည်း ပေါများသည်ဖြစ်ရာ ဝါးလက်ခုပ်၊ ဝါးပလွေနှင့် ထူတီကလုပ်ခေါ် ကျောက်တို့ကို ပြုလုပ်တီးမှုတ်ကြသည်။ ညပိုင်းအချိန်တွင် ထိုသူတို့ တီးမှုတ်ကြသည့် တခွပ်ခွပ် ဝါးလက်ခုပ်သံ၊ တတူတူ ဝါးပလွေသံနှင့်

အတူ ထူတီကလုပ် ခေါ် ကျောက်ခတ်သံ ဒင်း ဒေါင် ဒင်း ဒေါင် ဟူသောအသံတို့က စည်းချက်ညီထွက်ပေါ်တော့သည်။ ထိုအသံကို ရွာသူကြီးလုပ်သူက နားထောင်နေချိန်တွင် သူ၏အမျိုးသမီးက ဝက်စာ ကျွေးနေရာမှ ဝက်များလာမစားသဖြင့် ဝက်စာကျွေးသော ဝါးဆစ်ဘူး ကို တုတ်နှင့်ဆောင့်ကာ ရိုက်လိုက်သည်။ ထိုအချိန်တွင် ဒုန်း ဒုန်း ဟူသော အသံက တောင်ယာအလုပ်တို့ တီးမှုတ်နေသည့်အသံများ ကို စည်းချက်လိုက်ပေးသကဲ့သို့ ဖြစ်သွားသည်။ ထို့ကြောင့် ယင်းတလဲ တို့၏ တူရိယာအစသည် ဝါးလက်ခုပ်၊ ဝါးပလွေ၊ ဗုံ စသည်တို့ဟု တစ်ဆင့်စကားဖြင့်ပြောကြသည်။ ဗုံကို ယင်းတလဲဘာသာဖြင့် ဖုတ် ဟုခေါ်သည်။ ဝက်ကို ဖော့၊ လျောင်ထားသည်၊ ထည့်ထားသည်ကို သိမ်။ ထို့ကြောင့် ဝက်စာခွက်ကို ဖော့သိမ်ဟု ခေါ်ရာမှ ဖုတ်သိမ်ဟု ခေါ်ခဲ့ကြသည်။ နောင်အခါ ဗုံကို ဖုတ်ဟုခေါ်ကြသည်။

ယင်းတလဲ အမျိုးသားတို့သည် သူတို့၏ရာသီပွဲတော်အခါများ တွင် တူရိယာများကို တီးမှုတ်၍ တေးသီချင်းများကိုသီဆိုကာ ကခုန် လေ့ရှိကြသည်။ အကနှင့်ပတ်သက်၍ အက ဆယ်မျိုးရှိသည်။ ယင်းတို့မှာ တောင်ယာလုပ်ကိုင်ခြင်းနှင့်ပတ်သက်သည်။ တောင်ယာ ခုတ်အက၊ တောင်ယာ မီးရှို့အက၊ စူးထိုးအက၊ မြက်ပေါင်းအက၊ ငှက်စောင့်အက၊ စပါးရိတ်အက၊ စပါးသယ်အက၊ စပါးထောင်းအက၊ ကောက်သစ်ချက်အကနှင့် ကောက်သစ်စားအကတို့ ဖြစ်သည်။

**ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့ပွဲတော်များ**

ယင်းတလဲတိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များသည် များသောအားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ပွဲတော်များပင်ဖြစ်သည်။ ယင်းတလဲတိုင်းရင်းသားအားလုံးမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသဖြင့်

ဗုဒ္ဓဘာသာဆိုင်ရာ အခါကြီးရက်ကြီးများတွင် ပွဲတော်များ ကျင်းပလေ့ရှိသည်။ ယင်းတလဲတိုင်းရင်းသားတို့နေထိုင်ရာ ကျေးရွာတိုင်းလိုလိုတွင် ရွာဦးရွာထိပ်များ၌ ကျောင်းကန်စေတီပုထိုးများရှိကြပြီး ထိုကျောင်းကန်စေတီပုထိုးများတွင် ပွဲတော်များ ကျင်းပလေ့ရှိပါသည်။ မိမိတို့ရွာရှိ စေတီတော်တွင် ဘုရားပွဲတော်ကို တပေါင်းလ၌ ကျင်းပကြသည်။ ကျောင်းတက်ပွဲ၊ အခါကြီးရက်ကြီးဖြစ်သည့် သင်္ကြန်နှစ်ဆန်းတစ်ရက်၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့များတွင် မိမိတို့ရွာရှိ ဘုန်းကြီးကျောင်းသို့ ကန်တော့မည့်ပစ္စည်းများကို ပြင်ဆင်ပြီးလျှင် ရွာလုံးကျွတ်စုရုံး၍ အတီးအမှုတ်တို့ဖြင့် သွားရောက်ကန်တော့ကြသည်။ ရွာသားများသည် မိမိတို့စေတနာအလျောက်ဝယ်ခြမ်းလှူဒါန်းကြခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ သီတင်းကျွတ်မီးထွန်းပွဲကို အိမ်တိုင်းတွင် ဖယောင်းတိုင်များ မီးထွန်း၍ ပူဇော်ကာ ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကားသိုက်မြိုက်စွာ တစ်အိမ်နှင့်တစ်အိမ် ကူးသန်းလည်ပတ်လေ့ရှိကြသည်။

**ကောက်ညှင်းထုပ်ပွဲတော်**

ယင်းတလဲတို့၏ အခြားပျော်ပွဲတစ်ခုမှာ ပွဲဆော့ဒေါင်း ခေါ် ကောက်ညှင်းထုပ်ပွဲတော်ဖြစ်သည်။ ဤပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မိမိတို့နေထိုင်ရာ အရပ်ဒေသမှ မကောင်းဆိုးဝါးများကို မောင်းနှင်ထုတ်နိုင်၍ မကောင်းဆိုးဝါးများထွက်သွားကြပြီး ဝမ်းသာသည့်အထိမ်းအမှတ်အဖြစ်ဖြင့် ကျင်းပကြသည်။ မိုးလင်းခါနီးအရုဏ်တက်လောက်ချိန်တွင် အိမ်တိုင်းစေ့ထကြပြီးလျှင် ရွာပတ်ပတ်လည်တွင် ဗုံ၊ မောင်းများတီးခြင်း၊ အခြားဆူညံစေသောအသံများဖြစ်အောင် ရိုက်ပုတ်ခြင်း၊ သေနတ်ပစ်ဖောက်ခြင်းများဖြင့် မကောင်း

ဆိုးဝါးများထွက်သွားစေရန် ပြုလုပ်ကြသည်။ ဤသို့ ဆူညံသောအသံများကို ပြုလုပ်ကြသောကြောင့် မကောင်းဆိုးဝါးများသည် ရွာမှထွက်သွားကြပြီးလျှင် ဘေးအန္တရာယ်များမပေးနိုင်ဟု ယူဆကြသည်။ ရွာသားများသည် အသံမျိုးစုံ တူညီစွာပြုလုပ်ကြပြီးနောက် မီးထွန်းကာကောက်ညှင်းထုပ်များထုပ်၍ ပျော်ပျော်ပါးပါး စားသောက်ကြသည်။ သုံးရက်တိုင်တိုင် အက၊ အခုန်၊ အတီး၊ အမှုတ် တို့ဖြင့် ကျင်းပလေ့ရှိကြသည်။

ကောက်ညှင်းထုပ်ပွဲတော်နှင့်ပတ်သက်သည့် အခြားအယူအဆတစ်ခုလည်းရှိသေးသည်။ ယင်းတာလဲတို့က သူတို့ကိုယ်သူတို့ တလိုင်ဟု ခေါ်ကြသည်။ တလိုင်ဆိုသည်မှာ မူရင်းဒေသဟု အဓိပ္ပာယ်ရသည်။ မူရင်းဒေသမှ အရှေ့ဘက်သို့ ထွက်ခွာသွားခဲ့သူများကို မိုနုဟုလည်းကောင်း၊ အနောက်ဘက်သို့ ထွက်ခွာသွားခဲ့ကြသူများကို တမူထန်းနင်းဟုလည်းကောင်း၊ ချောင်းဖျားအရပ်သို့ သွားကြသူများကို လော်ခိုက်ဟုလည်းကောင်း ခေါ်ကြသည်။ ခွဲခွာသွားသောမိသားစုများ တစ်နှစ်တစ်ခါ ပြန်လည်ပေါင်းဆုံသော အထိမ်းအမှတ်အဖြစ် ကောက်ညှင်းထုပ်ပွဲကို ကျင်းပကြသည်ဟု ဆိုပါသည်။ ထိုသို့ကျင်းပရာတွင် ဗီလာဟုခေါ်သော အရှည်တစ်တောင်ခန့်ရှိသည့်အရွက်အတွင်းတွင် ယခုအခါ ကောက်ညှင်းကိုလည်းကောင်း၊ ရှေးယခင်က ရရာကောက်ပဲသီးနှံများကိုထည့်၍ အချွန်သုံးဖက်ပါသော ကောက်ညှင်းထုပ်အဖြစ် ထုပ်ခဲ့ကြသည်။ အချွန်သုံးဖက်ထုပ်ရခြင်းမှာ ဘီလူးစသော မကောင်းဆိုးရွားများတွင် အစွယ်နှစ်ဖက်၊ ဦးချိုနှစ်ခု စသည်သာ ပါသောကြောင့် ယင်းတို့ထက် တစ်ခုပိုသောအစွယ်သုံးဖက်ရှိအောင်လုပ်ခြင်းဖြင့် မကောင်းဆိုးရွားများ ကြောက်လန့်စေမည်ဟု ရည်ရွယ်ကြောင်း သိရပါသည်။ ကောက်ညှင်းထုပ်

စည်းရာတွင် နှစ်ခု သို့မဟုတ် လေးခုစည်းလျှင် စိတ်ဝမ်းကွဲသည်ဟု ယူဆကာ သုံးခုစည်းရသည်။ ထို့ကြောင့် ကောက်ညှင်းထုပ်ပွဲတွင် ထုပ်သော ကောက်ညှင်းထုပ်များမှာ သုံးခုစည်းထားသော ကောက်ညှင်းထုပ်များဖြစ်နေခြင်းဖြစ်သည်။ ထိုကောက်ညှင်းထုပ်များကို ပြန်လျှင် ယူသွားပြီး ကျန်သောသူများကို ဝေမျှကျွေးမွေးရသည့် ထုံးစံရှိသည်။

**တံခွန်တိုင်ပွဲတော်**


ကူထိုးဘိုးနတ်သည် ယင်းတလဲအပါအဝင် ကယားတိုင်းရင်းသားများအတွက် အလွန်အရေးပါ အရာရောက်သော တန်ခိုးရှင်နတ်ဖြစ်သည်။ ကူထိုးဘိုးနတ် သို့မဟုတ် မိုးရေကိုပေးစွမ်းနိုင်သောနတ်မှာ တံခွန်တိုင်နတ်ပင်ဖြစ်သည်။ ထို့ကြောင့် မိုးကောင်းစွာရွာသွန်းပြီး သီးနှံများဖွံ့ဖြိုးအောင်မြင်စေရန် ကူထိုးဘိုးနတ်ကို ပူဇော်ပသည့် တံခွန်တိုင်ပွဲများ ကျင်းပပြုလုပ်ကြခြင်းဖြစ်သည်။ ယင်းတလဲ တိုင်းရင်းသားများ အပါအဝင် ကယားလူမျိုးစုတို့၏ တံခွန်တိုင်ပွဲတော်များကို နှစ်စဉ် တန်ခူးလနှင့် ကဆုန်လများတွင် ကျင်းပသည်။ တစ်နည်းအားဖြင့် နှစ်ဟောင်းကုန်ကာ နှစ်သစ်ကူးပြောင်းသော နှစ်သစ်ကူးပွဲတော်လည်း ဖြစ်သည်။ နေရာအနှံ့တွင် ရောက်ရှိနေကြသော ချစ်ခင်ရင်းနှီးစွာ စုရုံးရောက်လာကြခြင်းဖြင့် ကွဲကွာနေသော ဆွေမျိုးမိတ်သင်္ဂဟများ ပြန်လည်ဆုံတွေ့ကြပြီး ချစ်ခင်ရင်းနှီးစွာ ဆက်ဆံခွင့်ရသော ပွဲတော်လည်း ဖြစ်သည်။

တစ်နည်းအားဖြင့် မိမိတို့နေထိုင်ရာပတ်ဝန်းကျင် စည်ပင်သာယာရေး၊ လုပ်ငန်းဆောင်တာများ အောင်မြင်စေရေး၊ မိုးလေဝသ မှန်ကန်ရေး၊ ရောဂါအန္တရာယ်အမျိုးမျိုး ကင်းရှင်းပပျောက်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ဖြစ်ထွန်းအောင်မြင်ရေး၊ ရိုးရာယဉ်ကျေးမှုကို ဆက်လက်

ထိန်းသိမ်းရေး စသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ကြခြင်းလည်း ဖြစ်သည်။

တံခွန်တိုင်ပွဲတော်ကို ရှေးအခါက ပြည်နယ်တစ်ခုလုံး စုပေါင်း ကျင်းပလေ့မရှိကြဘဲ ဒေသအလိုက်၊ နယ်ပယ်အလိုက်သာ ကျင်းပပြု လုပ်လေ့ရှိကြသည်။ သို့သော် ၁၉၅၇ ခုနှစ်တွင် တံခွန်တိုင်ပွဲတော်ကို ကယားပြည်နယ်အစိုးရက ပထမဦးဆုံးအကြိမ် တာဝန်ယူ၍ ကန်ခုနစ် ဆင့်အနီး ဒေါတငူရွာ၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ်၌ပင် ငွေတောင်ခြေရင်း၌ ရွှေရတု တံခွန်တိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။

တံခွန်တိုင်ပွဲကို ယင်းတလဲဘာသာစကားဖြင့် မန်လု ဟုခေါ် သည်။ အဓိပ္ပာယ်မှာ အောင်ပွဲဟု ဆိုသည်။ မိုးခေါ်ပွဲဟုလည်း ခေါ်ကြသည်။ ယင်းတလဲတိုင်းရင်းသားတို့ တံခွန်တိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်မှာ စိုက်ပျိုးထားသော အသီးအနှံများ ဖွံ့ဖြိုးအောင်မြင်စေ ရန်ဖြစ်ပြီး တောင်ယာမစိုက်မီ တန်ခူး၊ ကဆုန်လများတွင် သုံးရက်မှ ခုနစ်ရက်ခန့်ကြာအောင် ကျင်းပလေ့ရှိသည်။ ယင်းတလဲတိုင်းရင်းသား တို့၏ တံခွန်တိုင်ပွဲသည် တစ်နေရာနှင့်တစ်နေရာ အနည်းငယ်ကွဲပြား သည်။ ယင်းတလဲတိုင်းရင်းသားများ အများဆုံးနေထိုင်ရာ ဘောလခဲ ကယားပိုင်းရပ်ကွက်၊ စလဲလုံးကျေးရွာနှင့် ဝမ်အောင်းကျေးရွာတို့သည် ပင် အနည်းငယ်စီ ကွဲပြားကြသည်။ ကယားပိုင်းရပ်ကွက်နှင့် ဝမ်အောင်းတို့တွင် တံခွန်တိုင်ပွဲကျင်းပရာ တံခွန်တိုင်ကွင်းများ သီးသန့်ထားရှိသည်ကို တွေ့နိုင်သည်။ စလဲလုံရွာတွင်မူ လက်ရှိနေရာ သည် ရွာအသစ် တည်ထားသည်မှာ မကြာသေးသဖြင့် တံခွန်တိုင်ကွင်း မရှိချေ။ ယခင် ရွာဟောင်းနေရာတွင်မူ တံခွန်တိုင်များ ကျန်ရှိနေသေး





ဘောလခဲမြို့ တံခွန်တိုင်ကွင်းနှင့် နတ်ဟော်



ဝမ်အောင်းရွာ တံခွန်တိုင်ကွင်း



ဝမ်အောင်းရွာ တံခွန်တိုင်ကွင်းမှ နတ်ယောဉ်နှင့်တံခွန်တိုင်ထီးအယောင်း

သည်။ ရွာပေါင်းနေရာသည် လက်ရှိနေရာနှင့်ဆိုလျှင် အတန်ငယ် ဝေးကွာသည်ဟု ဆိုရပါမည်။

တံခွန်တိုင်ပွဲကျင်းပရာတွင် နှစ်စဉ်နှစ်တိုင်း တံခွန်တိုင်အသစ်များ စိုက်ထူကြခြင်းမဟုတ်ပေ။ အနည်းဆုံး ငါးနှစ်နှင့်အထက်ကြာမှ တစ်ကြိမ် အသစ်စိုက်ထူကြခြင်းဖြစ်သည်။ တံခွန်တိုင်အသစ် စိုက်ထူရန် ရွာထဲတွင် ခေါင်ရည်စုဆောင်းထားရသည်။ ခေါင်ရည်အလုံအလောက်ရလျှင် ရွာအတွင်း လူစုံသောနေ့တွင် ကြက်ရိုးထိုးကာ နေ့ကောင်းရက်သာရွေးကြသည်။ ထို့နောက် တံခွန်တိုင်အဖြစ် အသုံးပြုမည့်သစ်ပင်ကို ရွေးချယ်ကြရပြန်သည်။ သစ်ပင်သည် အကောက်အကွေ့မရှိ ပိုးထိုးခြင်းမရှိ နွယ်ပတ်ခြင်းမရှိသော အပြစ် အနာအဆာကင်းရှင်းသည့်အပင် ဖြစ်ရပါမည်။ အချို့သော ကျေးရွာများတွင် တံခွန်တိုင်အတွက် သီးသန့်သစ်တောကို ရွေးချယ်ထားလေ့ရှိသည်။ ဝမ်အောင်းကျေးရွာတွင် ရွာအရှေ့ဘက်တွင်ရှိသော ဝမ်အောင်းတောင်တွင် သစ်ခုတ်ခြင်း မပြုကြချေ။ ဝမ်အောင်းတောင်သည် တံခွန်တိုင်ခုတ်ရန်အတွက် သီးသန့်ထားရှိသောတောင်ဟု ဆိုပါသည်။ အများအားဖြင့် ကျွန်းပင်ကိုသာ တံခွန်တိုင်အဖြစ် ရွေးချယ်ကြပြီး မရမှသာလျှင် အင်ပင်ကို ရွေးချယ်သည်ဟုဆိုပါသည်။

တံခွန်တိုင်ကို ခုတ်ယူပြီး ရွာသို့ သယ်ဆောင်ရာတွင်လည်း ကယားတို့နှင့်ဓလေ့ထုံးစံချင်း ကွဲပြားသည်။ ကယားတို့က တံခွန်တိုင်ကို နွယ်ကြိုးများဖြင့်ဆိုင်းကာ မြေနှင့်မထိစေဘဲ ရွာရောက်သည်အထိ အလှည့်ကျထမ်းကာ သယ်ဆောင်လာလေ့ရှိသော်လည်း ယင်းတလဲတိုင်းရင်းသားတို့ကမူ တလိမ့်တုံးများအသုံးပြုကာ ဆွဲလာလေ့ရှိကြသည်။ တံခွန်တိုင်စိုက်ထူရာတွင်မူ အမျိုးသားများသာ လုပ်ဆောင်

ကြရလေ့ရှိသည်။ တံခွန်တိုင်အဖြစ်အသုံးပြုမည့်သစ်လုံးကို အခွံနှင့် အကာသားများ ကုန်သွားအောင် ဓားဖြင့်ရွေပစ်ရသည်။ တံခွန်တိုင် ကို ယင်းတလဲဘာသာဖြင့် သိပ်ပလုပ်ဟု ခေါ်ကြရာ သစ်အနှစ်ဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ အကာများမရှိတော့သည့်အနှစ်ချည်း ကျန်အောင် ရွေပစ်ရင်း ပိုမိုလုံးဝန်းဖြောင့်စင်းအောင် ပြုလုပ်ကြသည့် သဘော ဖြစ်ပါသည်။ စိုက်ထူသည့်အခါ ယခင်အခါက ညဥ့်သန်းခေါင် ကျော် သုံးနာရီတွင် အနက်ခုနစ်တောင်ရှိသောတွင်းထဲသို့ ဝိုင်းဝန်း စိုက်ထူကြသည်ဟု ဆိုပါသည်။

တံခွန်တိုင်အသစ် စိုက်ထူခြင်းမရှိသော နှစ်များတွင် နောက်ဆုံး စိုက်ထူထားသော တံခွန်တိုင်အဟောင်းကို ထုံးသုတ်၊ ဆေးသုတ် မွမ်းမံပြီး တံခွန်တိုင်ပွဲ ကျင်းပလေ့ရှိကြသည်။ သို့သော် ထီး၊ ကြက်လျှာ၊ တံခွန်ပြားများကိုမူ အသစ်လဲလှယ်ပြီး ထီးကို တံခွန်တိုင်ကွင်းအတွင်း တွင် စင်ဆောက်ကာ တင်ထားရသည်။ ကြံသလို စွန့်ပစ်ခြင်း မရှိပေ။

ကယားပိုင်းရပ်ကွက် တံခွန်တိုင်ပွဲကျင်းပပြုလုပ်လျှင် ရွာပေါင်း ကိုးရွာက စုပေါင်းလာကြပြီး ကျင်းပကြသည်။ ကယားပိုင်းရပ်ကွက် တံခွန်တိုင်ပွဲကို နှစ်စဉ် ကဆုန်လဆန်း တစ်ရက်မှစကာ ကျင်းပသည်။ သို့သော် ဝမ်အောင်း တံခွန်တိုင်ပွဲကို နှစ်စဉ် တန်ခူးလပြည့်နေ့တွင် ကျင်းပသည်။ ယင်းသည် တံခွန်တိုင် အမတိုင်ကို ပူဇော်သောပွဲဖြစ်ပြီး အဖိုတိုင်ကို ငါးနှစ် သို့မဟုတ် ခုနစ်နှစ်တစ်ကြိမ်သာ ပူဇော်လေ့ရှိသည်။ အဖိုတိုင်ကို ပူဇော်သည့်နှစ်တွင်မူ ကဆုန်လပြည့်နေ့တွင် ကျင်းပသည်။ ကယားပိုင်းရပ်ကွက်တွင် တံခွန်တိုင်ပွဲကျင်းပသည့်အခါ ကြက်လျှာ အဖြစ်အသုံးပြုမည့် ဝါဂွမ်းရွက်များကို ဖရူဆိုမြို့နယ် မာခရော်ရှေ့ ကျေးရွာအုပ်စု ထားလဲကျေးရွာနှင့် ပရယ်တော်ကျေးရွာ၊ ဘောလခဲ

မြို့နယ်အတွင်းမှ ဘူးခူကျေးရွာဟူသော ရွာသုံးရွာမှ လာရောက်ပို့ဆောင်ပေးရသည်။ ထိုဓလေ့သည် ဖဘန့်မင်းလက်ထက်ကတည်းက ရှိခဲ့သောဓလေ့ဟု ဆိုသည်။

တံခွန်တိုင်ပွဲတွင် ကျွဲကိုသတ်ကာ ပူဇော်ရသည့်အခါ ကြုံရာကျွဲဖြင့်မရချေ။ ဒီးမော့ဆိုမြို့နယ်၊ ဝါသောခို ရွာသစ်ကျေးရွာအုပ်စု၊ လားလဲကျေးရွာမှ ကျွဲဖြင့်သာ ပူဇော်ရသည်။ ပူဇော်ပုံမှာ ယင်းကျွဲကို တံခွန်တိုင်အနီးရှိ ကျွဲဖြင့်ပူဇော်ရန် သတ်မှတ်ထားသော ဆီးပင်တွင် ချည်ထားကာ ရွာသားများက ဝိုင်းကြသည်။ ထို့နောက် တစ်ယောက်ယောက်က ကျွဲကို ဓားဖြင့်လည်းကောင်း၊ လှံဖြင့်လည်းကောင်း ထိုးသတ်သည်။ မည်သူမည်ဝါသတ်ရမည်ဟူ၍ သတ်မှတ်ထားခြင်းမရှိပေ။ လှံနှင့်ထိုးလိုက်၍ ကျွဲမှာ ချက်ချင်းလဲကျမသွားလျှင် အနီးအနားရှိလူတချို့က ကျွဲ၏ခြေ၊ လက်များကို ဓားဖြင့်ခုတ်ထစ်ဖြတ်တောက်ပေးကြရသည်။ ကျွဲသည် ခေါင်းစိုက်၍သေလျှင် အသီးအနှံဖွံ့ဖြိုး၍ စည်ပင်သာယာမည်ဟု အယူရှိကြသည်။ ထို့နောက် ကျွဲ၏ခေါင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စင်ပေါ်သို့တင်ပြီး တံခွန်တိုင်နတ်ကို ပူဇော်ပသကြသည်။

ယခုအခါတွင် ကျွဲအစားတွန်နိုင်သော ကြက်ဖတစ်ကောင်နှင့် ကောက်ညှင်းများကိုချက်၍ ဖယောင်းတိုင်တို့ဖြင့်တင်ကာ ပူဇော်ကြသည်လည်း ရှိသည်။ ကြက်အင်္ဂါအစိတ်အပိုင်းအစုံကို ချက်၍ သက်ရင်းကြီးရွက်ပေါ်တွင်တင်ကာ ခေါင်ရည်တစ်ခွက်နှင့် တံခွန်တိုင်အနီးတွင် ပူဇော်ကြသည်။ ထို့နောက် ခေါင်ရည်ကို စတိသဘောလောင်းလိုက်ရသည်။ ပြီးလျှင် မိတ်ဖြစ်ဆွေဖြစ်အနေဖြင့် ကြက်ပေါင်နှင့် ခေါင်ရည်တစ်ခွက်စီကိုလဲကာ အိမ်ပြန်ပြီး စားသောက်ကြသည်။

တံခွန်တိုင်ပွဲတော်တွင် တံခွန်တိုင်ကို ရေပက်ဖျန်းကြသကဲ့သို့ တံခွန်တိုင်ကို ပိုင်းပတ်ကကြသော အမျိုးသားများကို အမျိုးသမီးများက ရေပက်ဖျန်းကြသည်။ ထိုမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေလောင်းကြသော အလေ့အထဖြစ်လာခဲ့သည်။

ထူးခြားချက်တစ်ခုအနေဖြင့် ဝမ်အောင်းကျေးရွာတွင် တံခွန်တိုင်ပွဲ နောက်တစ်နေ့ညနေတွင် ရွာနှင့်မျက်နှာချင်းဆိုင်တွင်ရှိသော သံလွင်မြစ်တစ်ဘက်ကမ်းမှ ဆင်ဖြူပေါက်သို့ တစ်ရွာလုံးသွားရောက်ကာ ကန်တော့ကြလေ့ရှိသည်။

**တောင်ယာနှင့်ပတ်သက်သော ဓလေ့ထုံးစံများ**

ယင်းတလဲတိုင်းရင်းသားတို့တွင် တန်ခူးလ၌ကျင်းပပြုလုပ်သော ရေနတ်ကျွေးပွဲတော်နှင့် မြေနတ်ကျွေးပွဲတော်ခေါ် အမဲလိုက်ပွဲတော်၊ ကပ်ကြီးသုံးပါး မကျရောက်စေရန် ကာကွယ်သည့်အနေဖြင့် ရွာပြင်တွင် နွားတစ်ကောင်ကိုသတ်ပြီး ပူဇော်ရသည့် ပိုင်ငေါ်ပွဲတော်တို့လည်း ရှိသေးသည်။ သို့သော် ခေတ်ကာလကြာလာသည်နှင့်အမျှ တစ်စတစ်စ တိမ်ကောပပျောက်လာပြီဖြစ်သည်။

ယင်းတလဲတို့သည် တောင်ယာထဲတွင် စတင်ပျိုးကြသောနေ့၌ ပြုလုပ်သည့် ပူဇော်ပွဲလည်း ရှိသည်။ ပျိုးကြမည့်နေ့ နံနက်စောစောတွင် တောင်ယာကွက်အလယ်၌ ဝါးလုံးတစ်လုံးကို စိုက်ထူထားသည်။ ဝါးလုံးထက်တွင် ခြင်းငယ်တစ်ခု ရက်လုပ်ထားပြီး ကြက်ပြုတ်တစ်ကောင်၊ ခေါင်ရည်တစ်လုံးနှင့် ထမင်းတစ်ပန်းကန်တင်ကာ ယာစောင့်နတ်ကို ပူဇော်ပသခြင်းဖြစ်သည်။ စိုက်ပျိုးထားသော အသီးအနှံများ ဖြစ်ထွန်းအောင်မြင်စေရန် ဆုမွန်ကောင်းများ တောင်းကြသည်။



ဆင်ဖြူပေါက်



သံလွင်မြစ်နှင့် ပွန်ချောင်းဆုံရာ

ထို့ပြင် ပြောင်းကောက်လိပ်ပြာခေါ်ခြင်းကိုလည်း ပြုလုပ်လေ့ရှိသည်။ ပြောင်းကောက်များကို ရိတ်သိမ်းပြီး ကျီထဲသို့ ထည့်သောအခါ ပြောင်းကောက်လိပ်ပြာ ခေါ်လေ့ရှိသည်။ ဦးစွာ အောင်မြင်သည့် ပြောင်းကောက်ကိုရွေးပြီး ပလိုင်းတစ်လုံးဖြင့် သီးသီးသန့်သန့်ယူရသည်။ ကျန်သောပြောင်းကောက်များကို ထည့်ပြီးမှ လှည်းနှင့်သယ်လာသည့် ပြောင်းကောက်များကို ထည့်ရသည်။ ပြောင်းကောက်များထည့်စဉ်တွင် ပြောင်းကောက်အနှံများကောင်းမွန်စေရန် ဆုမွန်ကောင်းတောင်းရသည်။ ဤသို့ပြုလုပ်ခြင်းသည် သီးနှံပေါ်များအောင်မြင်စေရေးအတွက် ပြောင်းကောက်လိပ်ပြာခေါ်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ပင် စပါးလိပ်ပြာခေါ်ခြင်းကိုလည်း ပြုလုပ်လေ့ရှိကြသည်။

**ဆင်ယင်ထုံးဖွဲ့မှု**

ယင်းတလဲအမျိုးသားများသည် ရှေးအခါက ဂျပ်ခုတ်ထည် ရှပ်အကျီလက်တိုအဖြူရင်စေ့ကို ကြယ်သီးမတပ်ဘဲ ဝတ်ဆင်ကြသည်။ ဂျပ်ခုတ်ထည် အပေါ်အကျီကိုဝတ်ဆင်ပြီး ဒူးအထက်အနားထိဖုံးသော ချည်ကြမ်းထည် အဖြူရောင်ခပ်ပွပွဘောင်းဘီကို ဝတ်ဆင်သည်။ အမျိုးသမီးများလည်း ထိုကဲ့သို့ပင် ဝတ်ဆင်ကြသည်။ ဘောင်းဘီအောက်နားတွင် ခြေကွင်းအဖြစ် အမျိုးသားများက ချည်ကြိုးငယ်သုံးကြိုးခန့်၊ အမျိုးသမီးများက လေးငါးကြိုးခန့် ထည့်ကြသည်။ ကယားတို့နှင့်ဆုံကြသောအခါ ကယားအမျိုးသမီးတို့က ဒူးစွပ်ချည်ခွေအကြီး ဝတ်ဆင်သည်ကို တွေ့ရသဖြင့် ချည်ခွေစွပ်ခဲ့ကြသေးသည်။ ယခုအခါတွင်မူ ယင်းတလဲ အမျိုးသားရော အမျိုးသမီးပါ ချည်ခွေမစွပ်ကြတော့ပေ။



စာရေးသူနှင့် ယင်းတလဲတိုင်းရင်းသားများ



စာရေးသူနှင့် ယင်းတလဲတိုင်းရင်းသူများ

ဘောင်းဘီအဖြူရောင်မှာ ညစ်ပေလွယ်သဖြင့် သစ်ခေါက်များ၊ ငှက်ပျော်ရည်များဖြင့် အနက်ရောင်ဆိုးကာ ဝတ်ခဲ့ကြသည်။ ပွဲလမ်းသဘင်များတွင် ချမ်းသာသူများက ပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်သည်။ ဓားများကိုလည်း လွယ်ကြသည်။ အင်္ကျီများတွင်လည်း ပန်းပွားများတပ်ဆင်၍ဝတ်ကြသည်။ ဆံပင်ကိုအရှည်ထား၍ သျှောင်ထုံးပြီး ဂျပ်ခုတ်ထည်ဖြင့်ပြုလုပ်သော အဖြူ သို့မဟုတ် ပန်းရောင်ပဝါကို ခေါင်းတွင်ပေါင်း၍ လက်ယာဘက်တွင် ခေါင်းပေါင်းစထောင်ထားသည်။ နားတွင် ရွှေ ငွေ တို့ဖြင့်ပြုလုပ်ထားသော နားတောင်း၊ နားကပ်များကို ပန်ဆင်ကြသည်။

ယင်းတလဲအမျိုးသမီးများသည် တိုင်းရင်းသားမြန်မာဆန်သော အင်္ကျီရင်စေ့ လက်စကကို ဝတ်ဆင်ကြသည်။ ထိုအင်္ကျီကို ဂျပ်ခုတ်ထည်ဖြင့် ချုပ်လုပ်ပြီး အင်္ကျီပုံမှာ တိုက်ပုံအင်္ကျီမျိုးဖြစ်၍ ဘေးနှစ်ဖက်တွင် အိတ်ပါသည်။ အိတ်နှုတ်ခမ်းများ၊ လက်ဖျားများနှင့် ခါး၏အနားပတ်လည်တို့တွင် အနီရောင်အနားတပ်လေ့ရှိကြသည်။ လုံချည်မှာ နီညိုရောင်အောက်ခံထားပြီး အဝါ၊ အစိမ်း စသောအရောင်များကို ကန့်လန့်စင်းရက်လုပ်ထားသော ဂျပ်ခုတ်ထည် ချည်လုံချည်ကို ခြေသလုံးမပေါ်တပေါ် ခပ်တိုတိုဝတ်ကြသည်။ ဆံပင်ကိုအရှည်ထား၍ သျှောင်ထုံးပြီး ပဝါကိုခေါင်းတွင်ရစ်ပတ်၍ထားလေ့ရှိကြသည်။ ဆံထုံးတွင် ငွေဆံထိုး ထိုးကြသည်။ တစ်ခါတစ်ရံ ဆင်စွယ်ဆံထိုးကိုလည်း အလှထိုးကြသည်။ လည်ပင်းတွင် ကယားအမျိုးသမီးများကဲ့သို့ ကျောက်ပုတီးများကို ဆွဲကြသည်။ ငွေဒင်္ဂါးများကို ဖောက်သီ၍ နှစ်ဖက်စလွယ်သိုင်းကာ ဝတ်ဆင်ခဲ့ကြသည်။

ယနေ့ခေတ်တွင်မူ ယင်းတလဲအမျိုးသားများသည် ကော်လာထောင်ပါသော တိုက်ပုံအင်္ကျီကို လက်ဖျားနှင့် ရှေ့နားပတ်တို့တွင်

ပန်းရင့်ရောင်ကွပ်၍ ဝတ်ဆင်ကြပြီး ဘောင်းဘီရှည်အနက်ကို ဝတ်ဆင်ကြသည်။ ခါးတွင် ပဝါအနီ၊ ပန်းရောင်တို့ကို ချည်နှောင်ကြသည်။ ယာဘက်တွင် ခေါင်းပေါင်းစထောင်သော ခေါင်းပေါင်းအနီကို ပေါင်းကြသည်။ အမျိုးသမီးများကမူ ကော်လာထောင် ရင်စေ့အင်္ကျီ လက်စကအဖြူတွင် ရှေ့နားပတ်၊ ခါးပတ်၊ အောက်နားနှင့် လက်ဖျားတို့ကို အနီကွပ်၍ဝတ်ဆင်သည်။ လုံချည်အနီရောင်တွင် အဖြူကန့်လန့်စင်းအသေးများပါသောလုံချည်ကို ဝတ်ဆင်ကာ ခေါင်းပေါင်းစနှစ်ဖက်ထောင်သော ခေါင်းပေါင်းပန်းရောင်ကို ဝတ်ဆင်ကြသည်။

**စကားထာ**

ယင်းတလဲတိုင်းရင်းသားတို့တွင်လည်း အခြားသောတိုင်းရင်းသားတို့ကဲ့သို့ပင် စကားထာဝှက်သည့်အလေ့အထရှိသည်။ အထူးသဖြင့် စကားထာဝှက်ခြင်းကို အပျိုလူပျိုများ ဆုံတွေ့သည့်အခါ တစ်ဦးနှင့်တစ်ဦး အကဲစမ်းလိုသည့်သဘော၊ ရင်းနှီးကျွမ်းဝင်လိုသည့်သဘော၊ ဗဟုသုတပြည့်စုံမှုကို လေ့လာလိုသည့်သဘောဖြင့် ပြုလုပ်လေ့ရှိသည်ဟု ဆိုပါသည်။

ယင်းတလဲတို့၏စကားထာများသည် များသောအားဖြင့် နေ့စဉ်ဘဝအတွင်း ရင်းနှီးပြီးဖြစ်သော အကြောင်းအရာများကို မေးမြန်းကြခြင်းဖြစ်ပါသည်။ အထူးသဖြင့် တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ကြသဖြင့် တောင်ယာအတွင်းမှ အကြောင်းအရာများ၊ တောတောင်ဒေသတွင် နေထိုင်ကြသူများဖြစ်သဖြင့် တောတောင်အတွင်း မြင်သိကြားတွေ့ရသော အကြောင်းအရာများဖြစ်တတ်ပါသည်။

ဥပမာအားဖြင့် ယင်းတလဲဘာသာဖြင့် -

**"ဘော့စကွဲ စလုပ်ဘန့်၊ ဘော့ဝါးနာ စသမိန်"**ဟူသော စကားထာမျိုးဖြစ်ပါသည်။

**ဘော့စကွဲ စလုပ်ဘန့်** ဆိုသည်မှာ စပါးနှံကဲ့သို့ အနှံရှည်ရှည်တွင်ရှိသော ရွှေဝါရောင်အသီးကြီးက ဘာသီးလဲမေးမြန်းခြင်းဖြစ်ပါသည်။ စပါးနှံကဲ့သို့ အနှံရှည်ရှိပြီး ရွှေဝါရောင်အသီးကြီးသည် ဖရုံသီးဖြစ်ပါသည်။

ထို့အတူ **ဘော့ဝါးနာ စသမိန်** ဆိုသည်မှာ ဝါးပင်ကဲ့သို့ အနှံကဘာလဲဟု မေးမြန်းခြင်းဖြစ်ပါသည်။ ဝါးပင်များသည် အဖျားတွင်သွယ်လျကာ ခပ်ကိုင်းကိုင်းကောက်နေသည်ဖြစ်ရာ ဖြေဆိုသူကအဖျားတွင် သွယ်သွားပြီး ခပ်ကွေးကွေးရှိသည့် ပြောင်းကောက်ကိုမြင်ယောင်ကာ ပြောင်းကောက်ဟု ဖြေဆိုရမည်ဖြစ်ပါသည်။

**ပုံပြင်ဒဏ္ဍာရီများ**

ယင်းတလဲတိုင်းရင်းသားတို့တွင် အစဉ်အဆက် ပြောဆိုလေ့ရှိသော ပုံပြင်၊ ဒဏ္ဍာရီများရှိပါသည်။ ယင်းတလဲတို့သည် သူတို့၏ခေါင်းဆောင်များကို လွန်စွာရိုသေလေးစား တန်ဖိုးထားကြောင်းကိုသူတို့ပြောဆိုလေ့ရှိသော ဒဏ္ဍာရီများက ဖော်ပြနေပါသည်။ ယင်းတလဲတို့၏ ဒဏ္ဍာရီများသည် များသောအားဖြင့် အကြီးအကဲဖြစ်ခဲ့သောဖုဘန့်မင်း၊ ဖဘန့်မင်းတို့နှင့် စောလဖော်တို့နှင့် ပတ်သက်သည်ကများသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ဖုဘန့်မင်းကို မင်းအဖြစ်သာမက သူတော်စင်သဖွယ်ပင် ရှုမြင်ပြောဆိုကြသည်ကို တွေ့ရသည်။

ရေနီပေါက်ရွာသည် ဘောလခဲမြို့မှ ဖားဆောင်းမြို့သို့သွားရာလမ်း ဘောလခဲမြို့မှ လေးမိုင်၊ လေးဖာလုံအကွာတွင် တည်ရှိ

သည်။ ရွာအနီးတွင် ရေနီပေါက်ချောင်းရှိပြီး ရွာနောက်ဘက်ရှိ ပွန်ချောင်းအတွင်းသို့ စီးဝင်သည်။ ရေနီပေါက်ရွာအနီး လမ်းဘေးတွင် လိပ်ပုံသဏ္ဍာန် ကျောက်တုံးကြီးတစ်တုံးရှိသည်။ ထိုကျောက်တုံးကြီး နှင့်ပတ်သက်၍ ယင်းတလဲတို့၏ဒဏ္ဍာရီမှာ စိတ်ဝင်စားဖွယ်ကောင်း ပါသည်။ ဖဘန့်မင်း လက်ထက်တွင် သံလွင်မြစ်မှတစ်ဆင့် ပွန်ချောင်း အတိုင်း လိပ်ကြီးတစ်ကောင် တက်လာခဲ့သည်။ ထိုလိပ်သည် ပွန်ချောင်းကို ဆန်တက်ရာ လမ်းတစ်လျှောက်တွင် တွေ့သမျှ လူကြီး လူငယ်မှန်သမျှကို စားလာခဲ့သည်။

မည်သူမျှလည်း နှိမ်နင်း၍မရဟု ဆိုသည်။ မကြာမီ ဘောလခဲ သို့ ရောက်တော့မည်ဖြစ်ရာ ပြည်သူအများက ထိတ်လန့် တုန်လှုပ် နေကြသည်။ ထိုသတင်းကို ဖဘန့်မင်း ကြားသောအခါ သူ၏တပည့် တစ်ယောက်ကို သူ၏ လှံတော်ကိုပေးအပ်ကာ စေလွှတ်လိုက်သည်။ တပည့်ဖြစ်သူက လိပ်ကြီးနှင့် ရင်ဆိုင်တွေ့သောအခါ ဖဘန့်မင်းအမိန့် ဟုဆိုပြီး လှံနှင့်ထိုးလိုက်သည်နှင့် ထိုလိပ်ကြီးကျောက်ဖြစ်သွားခဲ့သည် ဟု ဆိုကြသည်။

ယင်းတလဲတိုင်းရင်းသားတို့သည် သူတို့ကိုယ်သူတို့ ကန်ဖု ခေါ် မြေနတ်သား၊ လုဖု ခေါ် မိုးနတ်သား၊ ထိုက်ဖု ခေါ် ရေနတ်သား အနွယ်ဝင်များဖြစ်သည်ဟု ရှေးယခင် ဘုရင်ခေတ်ကတည်းက မှတ် ထင်ခဲ့ကြသည်။ စစ်ရေးစစ်ရာနှင့်ပတ်သက်လျှင် ဆိတ်အဖြူ ကြက် အဖြူတို့နှင့် ပ,သကာ ခေါ်ယူအကူအညီတောင်းရသည်ဆိုသော မိုး နတ်သား၊ ရေနတ်သားတို့အကြောင်းမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါ သည်။ ရှေးအခါက မိဘနှစ်ပါးစလုံး ဆုံးပါးသွားသဖြင့် မောင်နှမ နှစ်ဦးသည် ရွာတစ်ရွာစီသို့ ရောက်ရှိကွဲကွာသွားသည်။ ငယ်စဉ် ကလေးဘဝကတည်းက ကွဲကွာသွားကြသည်ဖြစ်ရာ မိမိတို့တွင် မောင်

နှမအရင်း ရှိသေးသည်ကို မသိကြချေ။ အရွယ်ရောက်လာပြီး တစ်ရွာစီတွင်ပင် နေထိုင်ကြသည်။ တစ်နေ့တွင် အနီးအနားရှိ ရွာတစ်ရွာမှ အသုဘအခမ်းအနားသို့ သွားရောက်ကြရင်း ဆုံတွေ့ကာ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့ကြသည်။ သူတို့က အချင်းချင်း မောင်နှမအရင်းမှန်းမသိသော်လည်း သူတို့နှစ်ဦးကို အဘွားဖြစ်သူက မောင်နှမအရင်းမှန်း သိလေသည်။ ထို့ကြောင့် မောင်နှမအချင်းချင်း ပေါင်းသင်းရန်မသင့်ကြောင်း ဖျောင်းဖျပြောဆိုသည်။ သို့သော် လူငယ်နှစ်ဦး ကမူလက်မခံချေ။ ငယ်စဉ်ကတည်းက တစ်ယောက်တစ်ကွဲနေခဲ့ကြသဖြင့် သူတို့တွင် မောင်နှမအရင်းမရှိကြောင်း၊ ယခုမှတွေ့ဆုံကာ မေတ္တာသက်ဝင်ကြကြောင်း၊ တစ်ဦးနှင့်တစ်ဦး အလွန်ပင် ချစ်ခင်မြတ်နိုးကြသဖြင့် ရာသက်ပန် ပေါင်းဖက်နေထိုင်တော့မည်ဖြစ်ကြောင်းသာတွင်တွင်ပြောနေတော့သည်။ အဖွားဖြစ်သူကလည်း တို့တိုင်းရင်းသားများတွင် ထိုကဲ့သို့ မောင်နှမအရင်းမဆိုထားနှင့် တစ်ဝမ်းကွဲ မောင်နှမပင်လက်ဆက်ပေါင်းသင်းရိုးထုံးစံမရှိသဖြင့် ပေါင်းသင်းခွင့်မပြုဟုငြင်းဆန်သည်။ နောက်ဆုံးတွင် ချစ်သူနှစ်ဦးက ဆန်ကောနှစ်ချပ်ကိုတောင်ပေါ်မှ အတူလှိမ့်ချလိုက်မည်ဖြစ်ကြောင်း၊ တောင်အောက်ရောက်သည့်အခါ ဆန်ကောနှစ်ချပ် တစ်ကွဲတစ်ပြားစီ ဖြစ်သွားလျှင်အဖွား၏စကားကို နားထောင်မည်ဖြစ်ကြောင်း၊ သူတို့၏မေတ္တာစစ်မှန်ပါလျှင် တောင်အောက်ရောက်သည့်အခါ ဆန်ကောနှစ်ချပ်ထပ်လျက်ပင်ရှိပါစေကြောင်း သစ္စာပြုကာ ဆန်ကောနှစ်ချပ်ကိုတောင်ပေါ်မှ လှိမ့်ချလိုက်သည်။ မြေပြင်မညီညာခြင်း၊ လေကလည်းတိုက်နေခြင်း၊ သစ်ပင်ချုံနွယ်များကလည်း ရှိနေခြင်းကြောင့် အများကဆန်ကောများ တစ်ကွဲတစ်ပြားစီဖြစ်သွားလိမ့်မည်ဟု ထင်ခဲ့ကြသည်။ သို့သော် သူတို့၏ ချစ်မေတ္တာက စစ်မှန်နေသောကြောင့် တောင်

အောက်တွင် ဆန်ကောနှစ်ချပ်မှာ ထပ်လျက်သားရှိနေတော့သည်။ ထို့ကြောင့် သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြသည်။

သို့သော် အဖွားဖြစ်သူကမူ လက်မခံချေ။ "တို့အနွယ်တွင် ထိုကဲ့သို့သော အဖြစ်မျိုးမဖြစ်စေရ၊ ဖြစ်ခဲ့လျှင်လည်း တို့ထံတွင် မနေရ" ဟုဆိုကာ နယ်နှင်ဒဏ်ပေးခဲ့သည်။ အဘွားဖြစ်သူသည် ဣဒ္ဓိပါဒ်တန်ခိုးရှိသူ ဖြစ်သဖြင့် **"ဟတ်သရူး ထိုက်ပုံ၊ ဟတ်သရူး ကန်ရီ"** ဟုဆိုကာ သူတို့ကို ရေပဲ၌တစ်ယောက်၊ မုန်တိုင်း၌တစ်ယောက် နေကြရန် နယ်နှင်လိုက်သောကြောင့် သူတို့သည် မိုးနတ်သား၊ လေနတ်သားများဖြစ်သွား ကြတော့သည်။ မိုးခြိမ်းလျှင် သူတို့ငိုသောကြောင့် မိုးရွာသည်ဟု ဆိုကြသည်။

အခြားစိတ်ဝင်စားဖွယ်ကောင်းသော ဒဏ္ဍာရီတစ်ခုမှာလည်း ထိုကဲ့သို့ မောင်နှမချင်း ချစ်ကြိုက်ရာမှပင် စတင်သည်။ ယင်းတလဲတို့သည် တောတောင်များအတွင်း နေထိုင်ကြပြီး တောင်ယာခုတ်ကာ စိုက်ပျိုးစားသောက်ကြသောကြောင့် မကြာခဏ ရွာသစ်တည်လေ့ရှိသည်။ အိမ်သစ်ဆောက်သည်ဖြစ်စေ၊ ရွာသစ်တည်သည်ဖြစ်စေ အနီးအနားရွာများမှ လာရောက်ကူညီကာ အိမ်ဆောက်ပေးလေ့ရှိကြသည်။ ထို့ကြောင့် တစ်ခုသောရွာသစ်တည်ဆောက်သည့်နေရာတွင် အနီးအနားမှ လာရောက်ကူညီသော ယောကျ်ားလေးတစ်ယောက်နှင့် အခြားရွာမှ မိန်းကလေးတစ်ယောက်တို့ တွေ့ဆုံချစ်ကြိုက်ကြလေသည်။ ယင်းတလဲတိုင်းရင်းသားတို့ ထုံးစံအတိုင်း အပျိုလူပျို ချစ်ကြိုက်ကြသည်ဆိုလျှင် လူကြီးမိဘများက တားဆီးလေ့မရှိသော်လည်း သူတို့သည် ငယ်စဉ်က ကွဲကွာသွားသော မောင်နှမမှန်းသိသည့် အဖွားဖြစ်သူက အတူတကွပေါင်းသင်းခြင်းမပြုရန် တားဆီးသည်။ သို့သော် သူတို့က လက်မခံဘဲ လက်ထပ်လိုက်ကြသည်။ အဖွားဖြစ်သူ

က မောင်နှမအချင်းချင်း ပေါင်းသင်းနေထိုင်သည်ကို အမြင်မတော်သဖြင့် ရေအိုင်တစ်ခုကို ဖန်ဆင်းကာ ကျိန်စာတိုက်လိုက်သည်။ ထို့နောက် သူတို့ကိုခေါ်၍ -

"ငါ ခရီးထွက်စရာရှိတယ်၊ အဲဒီတော့ မင်းတို့နှစ်ယောက် ဟိုမှာမြင်နေရတဲ့ရေအိုင်အနီးကိုမသွားပါနှင့်"ဟု မှာကြားခဲ့သည်။ မသွားပါနှင့်ဟုတားလျှင် သွားချင်သောလူတို့၏ထုံးစံအတိုင်း သူတို့နှစ်ယောက်ထိုရေကန်သို့သွားကာ ယောကျ်ားဖြစ်သူက ဦးစွာကန်ထဲသို့ လက်နှိုက်ကြည့်လိုက်သည်။ ထိုအခါ အမွေးများ ရှည်လျားစွာပေါက်လာသည်ကိုတွေ့ရသည်။ နှစ်ဦးစလုံးက မထူးတော့ပြီဆိုကာ လက်တွဲ၍ ကန်ထဲသို့ခုန်ချလိုက်တော့သည်။ နှစ်ယောက်စလုံး မျောက်များဖြစ်သွားကြလေသည်။ သို့သော် သူတို့တွင် အမြီးမရှိချေ။ သူတို့အဖွားပြန်ရောက်လာသောအခါ -

"မင်းတို့က မောင်နှမဖြစ်သဖြင့် အတူမပေါင်းသင်းပါနှင့်ဆိုသောစကားကိုလည်း နားမထောင်၊ ရေအိုင်အနီးသို့မသွားပါနှင့်ဆိုသည်ကိုလည်း နားမထောင်သဖြင့် ယခု မျောက်ဖြစ်ရပြီ၊ ထို့ကြောင့် လူတို့နှင့်အတူ ရွာထဲတွင် မနေတော့နှင့်၊ တောင်ပေါ်သွားနေ" ဟုဆိုကာ တောင်ဝှေးနှင့် လှမ်းပစ်လိုက်သောအခါတွင်မှ သူတို့တွင် အမြီးပေါက်ပြီး တောင်ပေါ်တွင် သွားနေသည်ဟု ဆိုကြသည်။ သို့သော် အဖွားဖြစ်သူက စိတ်မကောင်းသဖြင့် ကျန်သောအချိန်များတွင် တောင်ပေါ်၊ တောင်အောက်တို့၌သာ ရှာဖွေစားသောက်ကြပြီး လပြည့်၊ လကွယ်ရက်များတွင် ရွာအနီးမှ စပါးခင်းများတွင် လာရောက်စားသောက်နိုင်ကြောင်း ခွင့်ပြုလိုက်သည်။ ထို့ကြောင့် ဘောလခဲနယ်အတွင်းတွင် လပြည့် လကွယ်ရက်များ၌ တောင်ယာစပါးခင်းများတွင် မျောက်များ

များစွာ လာရောက်စားသောက်လေ့ရှိသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း လည်း ပြောဆိုကြသည်။

**ငွေတံဆိပ်တော်**

ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်သို့ ကွင်းဆင်းလေ့လာစဉ် ယင်းတလဲအကြီးအကဲများကို အပ်နှင်းခဲ့သည့် ငွေတံဆိပ်တော်တစ်ခု စလဲလုံကျေးရွာတွင် ရှိနေကြောင်းသိရှိရသည်။ ယင်းငွေတံဆိပ်တော် သည် ကယားလူမျိုးတို့ အောက်ဘက်သို့ စုန်ဆင်းလာစဉ် နယ်မြေ တစ်ခုစီအတွက် ပေးအပ်လိုက်ခြင်းဖြစ်ကြောင်း ဒဏ္ဍာရီဆန်ဆန် ပြောဆိုကြသည်။ ထို့ကြောင့် စလဲလုံကျေးရွာသို့ သွားရောက်မေးမြန်း စုံစမ်းသည့်အခါ ကြားဖူးသော်လည်း မည်သူ့ထံတွင် ရှိသည်ဟူ၍ အတိအကျမသိခဲ့ရပေ။ နန်းဖဲသို့သွားရောက်စုံစမ်းသောအခါ ဦးမော်ရိုင်းမိသားစုထံတွင် ရှိနေကြောင်းသတင်းရရှိသဖြင့် သွားရောက် တွေ့ဆုံကာ မေတ္တာရပ်ခံပြီး ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသည်။ တံဆိပ် တော်ဟူသည် ငွေဖြင့်ပြုလုပ်ထားသည့် ပါးလွှာသော ဆုတံဆိပ်ပုံစံ ဖြစ်ပါသည်။ အရွယ်အစားအားဖြင့် မသေးငယ်သော်လည်း ထူထူထဲထဲ မရှိပါ။ ထိုတံဆိပ်နှင့်ပတ်သက်၍ မိသားစုကိုမေးမြန်းကြည့်ရာတွင် တိတိပပမသိရှိပါ။ မိသားစု အစဉ်အဆက်က လက်ဆင့်ကမ်း ထိန်း သိမ်းလာခဲ့သည်ဟုသာ ပြောဆိုနိုင်ပါသည်။ ဦးမော်ရိုင်း၏ဖခင်ကို သူ၏အဘိုးက ပေးခဲ့သည်ဟူ၍သာ ပြောနိုင်ပါသည်။ တံဆိပ်ပေါ်တွင် ရှိသောစာများမှာ တရုတ်စာဟု ယူဆရပြီး မည်သည့်အဓိပ္ပာယ်ရှိသည် ကို မသိပါ။ တံဆိပ်တော်၏အနားများပင် အနည်းငယ် တွန့်ကြေ စုတ်ပြဲနေသည် ဖြစ်ပါသည်။သာမန်အားဖြင့်ကြည့်လျှင် အန်းကုန်း ဘိုးတော်ပုံသဏ္ဌာန်ဟု ယူဆရပါသည်။ ထူးခြားချက်မှာ ထိုတံဆိပ်

တော်ကို ရှေးဟောင်းပစ္စည်းစုဆောင်းသူများက လာရောက်ဝယ်ယူခဲ့ဖူးကြောင်း၊ သို့သော် မိသားစုအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည်ဖြစ်၍ ရောင်းချမည်မဟုတ်ကြောင်း ပြောပြပါသည်။ ဦးမော်ရိုင်း၏ချွေးမဖြစ်သူက ထူးခြားချက်အနေဖြင့်ပြောပြရာတွင် တစ်ခါက အိမ်သို့ ဝတ်ဖြူစင်ကြယ်ဖြင့် လူတစ်ဦးရောက်လာကြောင်း၊ အနီးအနားရွာများမှမဟုတ်ဘဲ မျက်နှာစိမ်းဖြစ်ကြောင်း၊ ဤအိမ်တွင် အမြတ်တနိုး တန်ဖိုးထား၍ ကိုးကွယ်ရမည့်ပစ္စည်းတစ်ခုရှိသည်ဟုပြောကြောင်း၊ ထိုပစ္စည်းသည် မြင့်မြတ်သောနေရာတွင်ထားရမည့်ပစ္စည်းဖြစ်ပြီး သေတ္တာအောက်ခြေ အဝတ်အစားများကြားတွင် မထားသင့်ဟုပြောခဲ့ကြောင်း၊ ထိုစဉ်က ထိုတံဆိပ်တော်ကို သတိမထားမိခဲ့ကြောင်း ပြောပြပါသည်။

တံဆိပ်တော်တွင် ကန့်လန့်ဖြတ်စာတမ်းနှင့် သူ၏အောက်တွင် ဒေါင်လိုက်စာတန်းတစ်တန်းပါရှိပြီး တရုတ်စာဟုယူဆရသောစာဖြင့် ရေးထိုးထားပါသည်။ တရုတ်စာပေ ကျွမ်းကျင်သူ၏ ဘာသာပြန်ဆိုချက်အရ အပေါ်စာကြောင်း၏အဓိပ္ပာယ်မှာ တံဆိပ်အပ်နှင်းခြင်းခံရသောသူ၏အမည်ဟု ယူဆရပြီး တရုတ်ဘာသာဖြင့် အုံချုံကော်သို့မဟုတ် ဝမ်းဆန်ကူဟု အသံရှိကြောင်း၊ ဒေါင်လိုက်စာကြောင်း၏အဓိပ္ပာယ်မှာ ဘုရင်မင်းမြတ် သို့မဟုတ် အရှင်သခင်အကြီးအကဲက ချီးမြှင့်သည့် ငွေတံဆိပ်တော်တစ်ချပ်ဟု အဓိပ္ပာယ်ရသည်ဟု ဆိုပါသည်။ အခြား ထူးခြားချက်မရှိသော်လည်း စိတ်ဝင်စားဖွယ်ဖြစ်သဖြင့် တင်ပြအပ်ပါသည်။

* * *

### အခန်း (၉)

## ထင်ရှားသော ယင်းတလဲတိုင်းရင်းသားများ

ယင်းတလဲတိုင်းရင်းသားများသည် ရိုးသားအေးချမ်းစွာ နေထိုင်ကာ လုပ်ကိုင်စားသောက်ကြသည်။ မိရိုးဖလာ ထုံးတမ်းစဉ်လာများကို အလေးအနက်ထားကာ လောဘ၊ ဒေါသ နည်းပါးကြသည်။ နေထိုင်ရာဒေသများတွင် ပညာသင်ကြားရာ ကျောင်းများရှိသည့်တိုင် စာပေကို ထူးထူးချွန်ချွန်အောင်မြင်ခဲ့ကြသူများ နည်းပါးလှသည်။ ထို့အပြင် အရပ်ဘက်၊ စစ်ဘက်တို့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ကြသူများလည်း နည်းပါးလှသည်။ ထိုနည်းပါးလှသူများထဲမှ လက်လှမ်းမီသမျှ ထင်ရှားသူများအကြောင်းကို တင်ပြမည်ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် ယင်းတလဲတိုင်းရင်းသားအစစ်များကို ဦးစားပေးဖော်ပြလိုပါသည်။ သွေးနှောစေကာမူ ထင်ရှားသူဖြစ်ပါက ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။ အရပ်စကားဖြင့် ဝိဝါဒ ကွဲပြားစရာဖြစ်လျှင်လည်း မှတ်ချက်ပြုဖော်ပြမည်ဖြစ်ပါသည်။

**ဖဘာန့်မင်း**

ဖဘာန့်မင်းသည် ယင်းတလဲတိုင်းရင်းသားတို့ အထွတ်အမြတ်ထားရာမင်းတစ်ပါးဖြစ်ပါသည်။ ဖဘာန့်မင်းကို မင်းတစ်ပါးအဖြစ်ထက် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ သူတော်စင်၊ တန်ခိုးရှင်အဖြစ် ယူဆပြောဆိုလေ့ရှိကြပါသည်။ ကယားပြည်နယ်အစိုးရအဖွဲ့မှတ်တမ်းအရ ဖဘာန့်မင်းသည် ကယားပြည်နယ်ဒေသတွင် ပထမဆုံး မင်းပြုအုပ်ချုပ်ခဲ့သူတစ်ယောက်ဖြစ်သည်။ ဖဘာန့်မင်းသည် ၁၈၇၂ ခုနှစ်မှ ၁၉၁၃ ခုနှစ်အထိ ယင်းတလဲတို့၏ ဘောလခဲနယ်ကို အုပ်ချုပ်ခဲ့သည်။ ဖဘာန့်မင်းလက်ထက်တွင် မော်ချီးမိုင်းသတ္တုတွင်းဖော်ရန် ဗြိတိသျှကုမ္ပဏီနှင့် ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်တွင် နှစ်ပေါင်း (၃၀) တူးဖော်ယူခွင့်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ စာချုပ်အရ ဘောလခဲနယ် စောဖျာ၏အကျိုးခံစားခွင့်များမှာ -

(၁) မြေငှားခွန်တစ်နှစ်လျှင် ၆၄၀၀ိ/-

(၂) မြေပြင်ငှားခအခွန်တော် မြေပေါ်၌ အဆောက်အဦများဆောက်ခြင်း၊ တူးမြောင်းတူးခြင်းအတွက် တစ်ဧက (၄ဲ) ပေးရန်၊ မြေဧက (၄၀၀) အတွက် တစ်နှစ်မြေငှားခငွေ (၁၀၀ိ/-)

(၃) သတ္တုအခွန်မှာ သတ္တုများ၏ရောင်းဈေးရငွေအခွန်အတွက် (၁၀၀ိ/-)လျှင် (၅ိ/၈ဲ) ပေးရန်၊

(၄) သစ်တောခွန်အတွက် သစ်အရွယ်အစားအလိုက် တစ်တန်လျှင် (၁ိ/-) မှ (၃ိ/-) ပေးရန်၊ အကယ်၍စာချုပ်ပါ အချက်အလက်များအတိုင်း ကုမ္ပဏီက လိုက်နာခြင်းမရှိဘဲ ချိုးဖောက်လျှင် စောဖျာက ပြန်လည်သိမ်းပိုက်ပြီး အခြားသူတစ်ဦးကို ငှားရမ်းနိုင်ခွင့်ရှိသည်။



ဖဘန့်မင်း

ဖဘာန့်မင်းသည် ယင်းတလဲတိုင်းရင်းသားတို့၏ အထွတ်အမြတ်ဖြစ်ပါသည်။

**စဝ်ခွန်ငယ်**

ဖဘာန့်မင်းကွယ်လွန်ပြီးနောက် ခရစ်သက္ကရာဇ် ၁၉၁၄ ခုနှစ်တွင် စဝ်ခွန်ငယ်က ဖွားစားဆက်ခံခဲ့သည်။ စောဖျာစဝ်ခွန်ငယ်လက်ထက်တွင် မော်ချီးမိုင်းတွင် သတ္တုဆက်လက်တူးဖော်ရန် ဗြိတိသျှကုမ္ပဏီနှင့် ၁၉၃၉ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဒုတိယအကြိမ် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ စဝ်ခွန်ငယ်လက်ထက်တွင် ထူးခြားသော ဆောင်ရွက်ချက်တစ်ခုမှာ ကရင်နီနယ် ဓလေ့ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းတလဲအပါအဝင် ကယားလူမျိုးတို့ အမှုအခင်းဖြစ်ပွားသောအခါ နယ်ရှင်များက ဘိုးစဉ်ဘောင်ဆက်ကျင့်သုံးလာခဲ့သော ထုံးဓလေ့ကို အမှီပြု၍ အမှုအခင်းများကို စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ယင်းကို ကရင်နီနယ်ဓလေ့ဥပဒေဟု ခေါ်သည်။ သို့သော် ပုံနှိပ်ထားသောဥပဒေစာအုပ်ဟူ၍ မရှိချေ။ နယ်ရှင်များသည် မိမိနယ်တွင် ဖြစ်ပွားသော အမှုအခင်းများကို မိမိနယ်၏ဓလေ့ထုံးစံအရ စီရင်ဆုံးဖြတ်ကြသည်။ သို့ရာတွင် တစ်နယ်နှင့်တစ်နယ် ဓလေ့ထုံးစံများ ကွာခြားခြင်း မရှိချေ။

အင်္ဂလိပ်တို့ ရှမ်းပြည်နယ်သို့ ဝင်ရောက်အုပ်ချုပ်သောအခါ ကယားပြည်နယ်တွင်ဖြစ်ပွားသော အမှုအခင်းများကို နယ်ရှင်များက ကရင်နီနယ်ဓလေ့ဥပဒေအတိုင်း စီရင်ဆုံးဖြတ်ပါသည်။ ဤသို့စီရင်သည်ကို အင်္ဂလိပ်တို့က နှောင့်ယှက်ခြင်းမပြုချေ။ သို့ရာတွင် ကယားပြည်နယ်အတွင်းသို့ လူမျိုးခြားများ ဝင်ရောက်နေထိုင်သည့်အခါ ယင်းလူမျိုးခြားများအချင်းချင်း အမှုအခင်းဖြစ်ပွားရာတွင် ကရင်နီနယ်ဓလေ့ဥပဒေအရ စီရင်ဆုံးဖြတ်ရန် မသက်ဆိုင်ဟုဆိုကာ အင်္ဂလိပ်

တို့က နယ်ရှင်များနှင့်တရားသူကြီးများကို ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံး ကိုဥပဒေအရ ကျင့်သုံးရန် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း တရားသူကြီးဟူ၍ အမိန့်အာဏာပေးထားခဲ့သည်။

အင်္ဂလိပ်တို့က ကယားပြည်နယ်တွင် နယ်ရှင်များနှင့်တရားသူကြီးများ စီရင်ဆုံးဖြတ်သောအမှုအခင်းများကို အမှုတွဲဖွင့်၍ အင်္ဂလိပ်အစိုးရထံပေးပို့ရမည်ဟုဆိုသောအခါ နယ်ရှင်များနှင့်တရားသူကြီးများသည် အများအားဖြင့် စာပေမတတ်သူများဖြစ်ကြသဖြင့် အခက်ကြုံရသည်။ ထို့ပြင် ကရင်နီနယ်ဓလေ့ဥပဒေအရ စီရင်ဆုံးဖြတ်ခဲ့သော အမှုအခင်းများကို ရေးသားမှတ်တမ်းတင်ထားခဲ့ခြင်းမရှိသဖြင့်လည်း အခက်အခဲနှင့် တွေ့ကြုံရပါသည်။

ဤအခက်အခဲမှ လွတ်မြောက်စေရန် ဘောလခဲနယ်စော်ဘွားစဝ်ခွန်ငယ်က ၁၉၂၃ ခုနှစ်တွင် ၁၈၉၈ ခုနှစ် ရာဇဝတ်ကျင့်ထုံးကိုဥပဒေကို ကိုးကားကာ ကရင်နီနယ်ဓလေ့ဥပဒေဟူ၍ စီမံရေးသားခဲ့ပါသည်။ စဝ်ခွန်ငယ်သည် ၁၉၄၁ ခုနှစ်အထိ ယင်းတလဲတို့၏ ဘောလခဲနယ်ကို စော်ဘွားအဖြစ် အုပ်ချုပ်ခဲ့ပါသည်။

**မဟာသရေစည်သူ စဝ်ငယ်ဒူး**

ဘောလခဲစော်ဘွားစပ်ခွန်ငယ် ကွယ်လွန်သည့်အခါ သူ၏သား စဝ်ငယ်ဒူးက စော်ဘွားအဖြစ် ဖွားစားဆက်ခံခဲ့သည်။ သို့သော် အရွယ်မရောက်သေး၍ ရင်ခွင်ပိုက်အဖွဲ့က အုပ်စိုးရသည်။ ရင်ခွင်ပိုက်အဖွဲ့တွင် ဦးဘိုးရှင်၊ ဦးထွန်း၊ ဦးစိန်တို့ ပါဝင်သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းတွင် ဦးဘိုးရှင်တစ်ဦးတည်းက အုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် စပ်ကူးမတ်ကူးကာလတွင် မြို့အုပ်ဦးကိုဘီတူရီက အုပ်ချုပ်ခဲ့သည်။



ဘောလခဲစောဖျာ
စဝ်ခွန်ငယ်



နောက်ဆုံးဘောလခဲစောဖျာ
မဟာသရေစည်သူ
စဝ်ငယ်ဒွး

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ဘောလခဲစောဖျာရာထူးကို စဝ်ခွန်ငယ်၏သား စဝ်ငယ်ဒူးက ဖွားစားဆက်ခံသည်။ စောဖျာ စဝ်ငယ်ဒူးသည် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် စောဖျာများ အာဏာစွန့်သည်အထိ ဘောလခဲနယ်ကို အုပ်စိုးခဲ့ပါသည်။ ယင်းတလဲတို့၏ နောက်ဆုံးစောဖျာဟု ဆိုရပါမည်။

စဝ်ငယ်ဒူးသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ မှန်ကန်သောအမြင်ရှိသူတစ်ယောက် ဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကပင် ကေအင်ယူတို့၏ အကြပ်ကိုင် သွေးထိုးလှုံ့ဆော်မှု၊ နယ်ချဲ့တို့၏ ခြေရှုပ်မှုတို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၀၊ အပိုဒ် (၁) တွင် ကရင်နီပြည်နယ်သည် ကရင်ပြည်နယ်ထဲသို့ ထည့်သွင်းရမည်ဟု ဖော်ပြခဲ့ရသည်။ ပုဒ်မ ၁၈၉ တွင်လည်း ကရင်နီဝန်ကြီးသည် ပြည်သူလူထုဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ ပြည်ထောင်စု ဗဟိုအစိုးရက ရွေးကောက်တင်မြှောက်ပေးရမည်ဟု ဖော်ပြထားသည်။ ထိုအချက်နှစ်ချက်နှင့်ပတ်သက်ပြီး အယူအဆကွဲပြားကြရာမှ ပြည်မအစိုးရအဖွဲ့နှင့် ပူးပေါင်းလိုသောအဖွဲ့နှင့် မပူးပေါင်းလိုသောအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ကွဲခဲ့သည်။ ပြည်မအစိုးရနှင့် ပူးပေါင်းလိုသောအဖွဲ့တွင် စဝ်ငယ်ဒူးပါဝင်ခဲ့သည်။ မပူးပေါင်းလိုသောအဖွဲ့သည် နောင်တွင် ကရင်နီတပ်မဟာ(၁) လက်နက်ကိုင်အဖွဲ့ဖြစ်လာပြီး ထိုမှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအဖြစ် လက်နက်ကိုင်တော်လှန်ခဲ့ကြသည်။

စဝ်ငယ်ဒူးသည် ၁၉၅၉ ခုနှစ်တွင် စောဖျာအဖြစ်မှ တရားဝင် အာဏာစွန့်လွှတ်ခဲ့သည်။ ထိုစဉ်က အာဏာစွန့်ခဲ့သည့် သဘောတူစာချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အာဏာစွန့်သည့် သဘောတူစာချုပ်**

ဘောလခဲနယ်နှင့် ထိုနယ်ရှိ နယ်သူနယ်သားများ၏ လက်ငင်းမျက်မှောက်အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ကယားပြည်နယ်အစိုးရ၏အကျိုးစီးပွားအတွက်လည်းကောင်း၊ ဘောလခဲနယ်စော်ဘွားမဟာသရေစည်သူ စဝ်ငယ်ဒူးသည် မိမိ၏နယ်အတွင်းအုပ်ချုပ်မှုအာဏာ၊ စီမံနိုင်ခွင့်အာဏာ အစရှိသည့် အာဏာအဝဝတို့ကိုခြွင်းချက်မရှိ ကယားပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းအပ်နှင်းလိုသည်ဖြစ်၍တစ်ကြောင်း၊ ကယားပြည်နယ်အစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရတို့ကလည်း ယင်းသို့အာဏာလွှဲပြောင်းအပ်ခြင်းကို နှစ်ထောင်းအားရစွာ လက်ခံလိုသည်လည်းတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် ဘောလခဲနယ်စော်ဘွား မဟာသရေစည်သူစဝ်ငယ်ဒူးနှင့် ကယားပြည်နယ်အစိုးရ၏ကိုယ်စား ပြည်နယ်ဥက္ကဋ္ဌသည် ၁၉၅၉ ခုနှစ်၊ ဇွန်လ (၁၀) ရက် (၁၃၂၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်)တွင် အောက်ပါအတိုင်း သဘောတူစာချုပ် ချုပ်ဆိုကြပါသည် -

**အပိုဒ် (၁)** ။ ။ ဘောလခဲနယ်စော်ဘွား မဟာသရေစည်သူ စဝ်ငယ်ဒူးသည် မိမိနယ်အတွင်း အုပ်ချုပ်မှုအာဏာ၊ စီမံပိုင်ခွင့်အာဏာ အစရှိသည့် အာဏာအဝဝတို့ကို ကယားပြည်နယ်အစိုးရလက်ထဲသို့ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်) က အစပြု၍ လုံးဝဥသုံ လွှဲပြောင်းအပ်နှင်းလိုက်ပါသည်။

**အပိုဒ် (၂)** ။ ။ ယင်းသို့ အာဏာလွှဲပြောင်းအပ်နှင်းရသည့်အတွက် ဘောလခဲနယ်စော်ဘွားက တစ်လုံးတစ်ခဲတည်း ပင်စင်အဖြစ် ကျပ်

(၆၀၀,၀၀ဝိ/-) (ကျပ်ခြောက်သိန်းတိတိ) ကို အကောက်အခွန်လုံးဝ လွတ်ကင်း၍ လစဉ်တစ်လလျှင် ကျပ် (၂၀၀ဝိ/-) (ကျပ်နှစ်ထောင်တိတိ)ဖြင့် တစ်လုံးတစ်ခဲတည်း ပင်စင်ငွေများကုန်သည့်တိုင်အောင် အရစ်ကျထုတ်ယူရမည်။

အဆိုပါ တစ်လုံးတည်းပင်စင်ငွေရရှိခြင်းကြောင့် ဘောလခဲနယ်စောဖျာသည် မိမိ၏အတတ်ပညာဖြင့် ဥစ္စာရှာသော မည်သည့်အသက်မွေးမှုမျိုး သို့တည်းမဟုတ် မည်သည့်ကုန်သွယ်ရောင်းဝယ်ရေး သို့တည်းမဟုတ် မည်သည့်အလုပ်အကိုင်မျိုးဖြင့် အခကြေးငွေရှာဖွေခြင်းတို့ကို မည်သို့မျှ ထိခိုက်စေခြင်းမရှိစေရ။

**အပိုဒ် (၃)** ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို နောင်မည်သို့ပင်ပြင်ဆင်စေကာမူ ဘောလခဲနယ်စောဖျာသည် စောဖျာ၏ဘွဲ့ကို ဆက်လက်ခံယူနိုင်စေရမည်။

ဤစာချုပ် ချုပ်ဆိုသည်နေ့တွင် ဘောလခဲနယ်က ပိုင်ဆိုင်သော ရုံးများ၊ စာသင်ကျောင်းများ၊ ထောင်များ၊ အချုပ်ခန်းများ၊ တည်းခိုရန်အိမ်များ၊ ဆေးရုံများ၊ အခြားအဆောက်အဦများ၊ မြေကွက်များ အစရှိသည့်ပစ္စည်းမှအပ စောဖျာမဟာသရေစည်သူ စဝ်ငယ်ဒူး၌ မိမိပုဂ္ဂလိကပိုင်ဆိုင်သည့် ဟော်များ၊ ကိုယ်ပိုင်အိမ်များ၊ လယ်ယာမြေများ၊ ဥယျာဉ်များ၊ ခြံမြေများ၊ လက်နက်များ အစရှိသည့်ပစ္စည်းများကို လုံးဝပိုင်ဆိုင်ခွင့်နှင့် တရားဥပဒေအရ သုံးစွဲခံစားနိုင်ခွင့်ရှိရမည်။

ဤစာချုပ် ချုပ်ဆိုသည့် နေ့ရက်တွင် စောဖျာ မဟာသရေစည်သူ စဝ်ငယ်ဒူး၏ ပုဂ္ဂလိကပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများစာရင်းကို ကယားပြည်နယ်အစိုးရထံသို့ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မတိုင်မီပေးသွင်းရသည်။

တံဆိပ်တော်





ဖဘန့်မင်း လုံနှင့်ထိုးလိုက်၍ ကျောက်ဖြစ်သွားသည်ဆိုသော
လိပ်ကြီး၏ဦးခေါင်း

**အပိုဒ် (၄)** ။ ။ ဘောလခဲနယ်စောဖျာ မဟာစည်သူစဝ်ငယ်ဒူးသည် မိမိနယ်ကို အုပ်ချုပ်စဉ်ကာလအတွင်း သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့်ကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကယားပြည်နယ်အစိုးရ၏ အမိန့်အာဏာဖြင့် စုံစမ်းစစ်ဆေးခြင်းမပြုရ။ ထို့အပြင် အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ကယားပြည်နယ်အတွင်းရှိ မည်သည့်တရားရုံးတွင်မျှ တရားမှုခင်း စွဲဆိုခြင်းမပြုရ။

**အပိုဒ် (၅)** ။ ။ ယင်းသို့ အာဏာလွှဲပြောင်းအပ်နှင်းသည့်ရက်မတိုင်မီကာလအတွင်း ဘောလခဲနယ်ဆိုင်ရာ အမှုထမ်းအဖွဲ့တွင် ပါဝင်ကြသည့် ရာထမ်းမှုထမ်းများအပေါ်၌ မိမိတို့၏တာဝန်ဝတ္တရားရှိသည့်အလျောက် သို့မဟုတ် တာဝန်ဝတ္တရားရှိသည်ဟု မှတ်ယူ၍ ပြုလုပ်ဆောင်ရွက်ခဲ့သည့်ကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍ ကယားပြည်နယ်အစိုးရ၏ သဘောတူညီချက်အမိန့်မရဘဲ ရာဇဝတ်မှု စွဲဆိုခြင်းမပြုရ။

**အပိုဒ် (၆)** ။ ။ (၁) ၁၉၅၆ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် ဘောလခဲနယ်ဆိုင်ရာ အမှုထမ်းအဖွဲ့၌ အမှုထမ်းလျက်ရှိသော စောဖျာ မဟာသရေစည်သူစဝ်ငယ်ဒူး၏ ရာထမ်းမှုထမ်းများအနက် သင့်လျော်မည့်ပုဂ္ဂိုလ်များကို အမှုထမ်းသက် (၃) နှစ်မှ (၁၀) နှစ်အထိရှိသူများကို (၃) လအတွက် လစာငွေများဖြင့် တူညီသောချီးမြှင့်ငွေများကိုသော်လည်းကောင်း၊ (၁၀) နှစ်အထက် အမှုထမ်းသက်ရှိသူများကို (၆) လအတွက် လစာငွေများဖြင့် တူညီသော တိုးမြှင့်ငွေများကိုလည်းကောင်း ကယားပြည်နယ်အစိုးရက ထုတ်ပေးချီးမြှင့်မည်။

(၂) ဘောလခဲနယ်ဆိုင်ရာ အမှုထမ်းအဖွဲ့တွင် ရာထမ်းမှုထမ်း အဖြစ်ဖြင့် အမှုတော်ကို ထမ်းရွက်ခဲ့၍ ၁၉၅၉ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် ပင်စင်အငြိမ်းစားယူပြီးသော အရာရှိများကိုလည်းကောင်း၊ ပင်စင် ယူရန် ခွင့်ရက်နှင့်နေသူများကိုလည်းကောင်း ကယားပြည်နယ်အစိုးရ က ပင်စင်နည်းဥပဒေများအရ ပင်စင်လစာငွေများကို ထုတ်ပေးရန် တာဝန်ယူသည်။

အထက်တွင်ဖော်ပြခဲ့သည့်အပိုဒ်များကို နှစ်ဦးနှစ်ဖက် သဘော တူညီကြပါသဖြင့် ကယားပြည်နယ်အစိုးရ၏ကိုယ်စား ကယားပြည်နယ် ဥက္ကဋ္ဌနှင့် ဘောလခဲစော်ဘွား မဟာသရေစည်သူ စဝ်ငယ်ဒူးတို့သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ အထက်တွင် ပထမဖော်ပြသည့် နေ့ရက်၌ အသီးသီးလက်မှတ်ရေးထိုးကြသည်။

စော်ဘွား မဟာသရေစည်သူ စဝ်ငယ်ဒူး၏ သဘောတူလက်မှတ် ရေးထိုးခြင်းသည် မိမိအတွက်လည်းကောင်း၊ မိမိ၏အမွေခံအမွေစား များနှင့် အရိုက်အရာဆက်ခံသူများအတွက်လည်းကောင်း ဖြစ်သည်။

(ပုံ) စဝ်ဝဏ္ဏ
ကယားပြည်နယ်ဥက္ကဋ္ဌ
ကယားပြည်နယ်အစိုးရအတွက်
(ပုံ)စဝ်ငယ်ဒူး
ဘောလခဲစော်ဘွား

နေ့စွဲ၊ ၁၃၂၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်၊ (၁၉၅၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

စဝ်ငယ်ဒူးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မဟာသရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသူဖြစ်ပါသည်။ ယနေ့

အချိန်ကာလဖြင့်ကြည့်လျှင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ကို သရေစည်သူဘွဲ့ အပ်နှင်းသည်ကို လေ့လာတွေ့ရှိနိုင်ပြီး နိုင်ငံတော်သမ္မတကို အဂ္ဂမဟာသရေစည်သူဘွဲ့ အပ်နှင်းသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် မဟာ့သရေစည်သူဘွဲ့၏ အဆင့်အတန်းကို ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။

**စောလဖော်**

စောလဖော်နှင့်ပတ်သက်၍ ယင်းတလဲတိုင်းရင်းသားများအတွင်း အယူအဆများကွဲပြားသည်။ ယင်းတလဲတိုင်းရင်းသားတို့တွင် စာပေမရှိသဖြင့် ခိုင်ခိုင်မာမာ မှတ်တမ်းမှတ်ရာများလည်း မရှိလေရာ တစ်ဆင့်စကား၊ ဒဏ္ဍာရီများသဖွယ်သာ မှတ်သားခဲ့ကြသည့်အထဲတွင် စောလဖော်အကြောင်းလည်း ပါဝင်သည်။ စောလဖော်သည် ယင်းတလဲတိုင်းရင်းသား ဟုတ်သည်၊ မဟုတ်သည်နှင့် ပတ်သက်၍လည်း ဒေသတစ်ခုနှင့်တစ်ခု၊ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားသည်။ ထို့အတူ စောလဖော်အကြောင်းများသည်လည်း မတူကွဲပြားသည်များရှိသကဲ့သို့ တူညီသည်များလည်း ရှိသည်။ ဖြစ်သို့ပင်ဖြစ်စေ ထိုဒေသတစ်ခုတွင် ထင်ရှားကျော်ကြားသူတစ်ဦးဖြစ်သဖြင့် စောလဖော်အကြောင်းကို ထည့်သွင်းဖော်ပြသင့်သည်ဟု ယူဆပါသည်။ ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်များအပြင် သမိုင်းမှတ်တမ်းများမှ စောလဖော်၏ အကြောင်းကိုလည်း ဖော်ပြမည်ဖြစ်ပါသည်။

စောလဖော်၏အမည်ရင်းမှာ ဖော့ရိုင်းဖြစ်သည်။ စောလဖော်သည် ယင်းတလဲအမိအဘများမှ မွေးဖွား၍ယင်းတလဲလူမျိုးအစစ်ဖြစ်သော်လည်း မိဘနှစ်ပါးစလုံးမရှိတော့သည့်အခါ အလွန်ဆင်းရဲလှသဖြင့် ဦးလေးဖြစ်သူက ကရင်လူမျိုးမိသားစုထံ အခိုင်းအစေအဖြစ်

ပို့လိုက်သည်။ ထို့ကြောင့် အမည်မှာ ကရင်အမည် စောလဖော်ဟူ၍ ဖြစ်လာသည်။ ဦးလေးက အခကြေးငွေအဖြစ် စပါးယူသွားသည့်ဖြစ်ရာ စောလဖော်သည် လုပ်အားဖြင့် ပေးဆပ်ခဲ့ရသည်။ သူက ရိုးရိုး သားသားဖြင့် တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ တစ်နေ့တွင် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးနောက် တောင်ပို့ဘေးတွင် အိမ်နေစဉ် တောစောင့်နတ်၊ တောင်စောင့်နတ်ဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက် ရောက်လာပြီး ဓားစကြာတစ်လက်ပေးခဲ့သည်။ ထို့နောက် "ငါ့မြေး အလိုရှိသည့်အခါ ကြက်အဖြူကို ပသလိုက်ပါ၊ လိုရာကို ပြီးပါလိမ့်မည်" ဟု ပြောခဲ့သည်။

စောလဖော်က ကြိုးကြိုးစားစားလုပ်ကိုင်သဖြင့် အိမ်ရှင်များက သဘောကျကြသည်။ ထို့ကြောင့် ပိုမိုကြွယ်ဝချမ်းသာလာကြသည်။ ထိုအခါ စောလဖော်က သူ့ရပ် သူ့ရွာ သူတိုင်းပြည်သို့ ပြန်လိုပြီးဖြစ်ကြောင်း မွေးစားအဖေကို ပြောတော့သည်။ သို့သော် သူ့အလုပ်ရှင် မွေးစားမိဘများက မပြန်စေလိုပေ။ အဘယ်ကြောင့်ဆိုသော် စောလဖော်၏ကြိုးစားမှုကြောင့် သူတို့ ကြီးပွားချမ်းသာလာခဲ့ခြင်း ဖြစ်ရာ စောလဖော်ကို မပြန်စေလိုပေ။ စောလဖော် ထွက်သည့် အခါတိုင်း ပြန်လိုက်ခေါ်ထားကြသည်။ ထို့ကြောင့် စောလဖော်က ဖိနပ်ကိုပြောင်းပြန်စီးကာ အရှေ့ဘက်သို့သွားမည့်ခရီးအတွက် အနောက်ဘက်သို့ အယောင်ပြထွက်ခဲ့မှ အောင်မြင်တော့သည်ဟု ဆိုသည်။

ပြန်လာသောအခါ စောလဖော်သည် ဖဘန့်မင်းထံသို့ ရောက် လာတော့သည်။ စောလဖော်က နယ်မြေတစ်ခုအပိုင်စားပေးရန် တောင်းဆိုသည်။ ထိုအခါ ဖဘန့်မင်းက ယခင်သူနေခဲ့သော အရပ် နေရာကို အပိုင်စားပေးပြီး ကြက်တစ်ကောင်ပေးလိုက်သည်။ ကြက်

တွန်သည့်နေရာတွင် ထီးနန်းစိုက်ရန်လည်း မှာလိုက်သည်။ စောလဖော်သည် ဘောလခဲမှ သူနေထိုင်ခဲ့ရာ စောလုံဆီသို့ ထွက်ခဲ့၏။ စောလုံတွင် ကြက်က မတွန်ချေ။ ပေါ်ခန်းသို့ရောက်မှ ကြက်တွန်သဖြင့် ထီးနန်းစိုက်ခဲ့သည်ဟု ဆိုကြသည်။ "ပေါ်" ဆိုသည်မှာ ရွှေဟု အဓိပ္ပာယ်ရပြီး "ခန်း" ဆိုသည်မှာ နန်းတော်ဟု အဓိပ္ပာယ်ရှိရာ ပေါ်ခန်းဆိုသည်မှာ ရွှေနန်းတော် ဆောက်သည့်အရပ်ဟု ဆိုရပါမည်။

မကြာမီတွင် ကယားတောင်တန်းများဆီသို့ နယ်ချဲ့ဗြိတိသျှများရောက်ရှိလာသည်။ ကရင်ပြည်နယ်တွင် ရှိစဉ်ကတည်းက ဗြိတိသျှများကို မကျေနပ်နေသော စောလဖော်က သူ့ထီးနန်းသို့ရောက်လာသော နယ်ချဲ့များကို နန်းတော်တွင်းသို့ ဝင်ခွင့်မပြုခဲ့ပေ။ နောက်တစ်နေ့တွင် လာခဲ့ဦးမည်ဟု ချိန်းဆိုပြီး ပြန်သွားခဲ့ရသည်။ နောက်တစ်နေ့တွင် စောလဖော်က သူ၏ဓားစကြာကို ကြက်အဖြူဖြင့် ပသကာဆုတောင်းပြီး နယ်ချဲ့များနှင့် စကားပြောရာတွင် သူအလိုရှိရာများ အောင်မြင်ခဲ့သည်ဟု ဆိုသည်။ ထိုသို့ အကြိမ်ကြိမ်ဖြစ်လာသောအခါ နယ်ချဲ့အင်္ဂလိပ်တို့ မကျေမနပ်ဖြစ်လာပြီး နောက်ဆုံးတွင် နန်းတော်ကို အင်အားဖြင့် ဝိုင်းထားလိုက်ကြသည်။

တစ်နေ့တွင် နန်းတော်ထဲမှထွက်လာသူ ပကု ဆိုသော အစေခံတစ်ဦးကို ဖမ်းဆီးပြီး အကြောင်းစုံသိရန် စစ်မေးသောအခါတွင် ဓားစကြာအကြောင်းသိသွားတော့သည်။ ထိုအခါ ထိုသူကို အရေးတော်ပုံအောင်ခဲ့လျှင် အိမ်ရှေ့မင်းခန့်မည်ဟု မျှော်လင့်ချက်ပေးကာ ဓားစကြာကို ကြက်အဖြူပသရာတွင် နှစ်ကောင်ပသရန် စေခိုင်းလိုက်သည်။ ကြက်အဖြူနှစ်ကောင် ပသလိုက်သောအခါ ဓားစကြာသည် စားပိုးနင့်ကာ တန်ခိုးမရှိတော့ဟု ဆိုသည်။ ထို့ကြောင့် အင်္ဂလိပ်တို့ ဝင်လာသောအခါ မခုခံနိုင်တော့ချေ။ နောက်ဆုံးအချိန်မှ အခြေအနေကို



စောလုံရှိ စောလဖော်၏ ဟော်နန်းဟောင်း

ကန္တရဝတီစော်ဘွားဘွဲ့စဝ်လဖော်ကြီး ကောင်းမှု(စောလုံ)



စောလဖော်ကောင်းမှုစေတီ (စောလုံ)

သိလိုက်ရသောအခါတွင် စောလဖော်က အင်္ဂလိပ်တို့ အဖမ်းမခံဘဲ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးကာ ယိုးဒယားနယ်ထဲတွင် ဇာတ်မြှုပ်လိုက်တော့သည်။ စောလဖော်၏သမီးများ လာရောက်တည်ထားခဲ့သောဘုရားများ စောလုံတွင်ရှိနေသေးသည်။

သမိုင်းမှတ်တမ်းများအရ ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် စောလဖော်သည် ကန္တရဝတီစော်ဘွားအဖြစ် ဆက်ခံခဲ့သည်။ စောလဖော်သည် စောလုံမြို့ကို မြို့တော်အဖြစ် ဆက်လက်ထားရှိသည်။

ခရစ်သက္ကရာဇ် ၁၈၆၇ ခုနှစ်တွင် မင်းတုန်းမင်း၏သားတော် မြင်ကွန်းမင်းသားသည် အိမ်ရှေ့စံ ကနောင်မင်းသားကို လုပ်ကြံသတ်ဖြတ်ပြီး ခမည်းတော်ကို ပုန်ကန်ခြားနားခဲ့သည်။ သို့သော် အရေးတော်ပုံ ရှုံးနိမ့်သွားသဖြင့် အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ထိုမှတစ်ဆင့် အနောက်ပိုင်း ကယားကြယ်ဖိုးကြီးနယ်သို့ ဝင်ရောက်ခိုလှုံခဲ့သည်။ ကြယ်ဖိုးကြီးစော်ဘွားသည် မြင်ကွန်းမင်းသားကို အဆောင်အယောင်နှင့် ချီးမြှောက်ထားပါသည်။ မြင်ကွန်းမင်းသားသည် နန်းမယ်ခုံနယ်တွင်ဗဟိုပြု၍ ခမည်းတော်ကို ထပ်မံခြားနားရန် အင်အားစုဆောင်းခဲ့သည်။ ဖယ်ခုံမြို့ရှိ နယ်ခြားစောင့်တပ်တော်ကို မကြာခဏလာရောက်အနှောင့်အယှက်ပြုခဲ့သည်။ ဤသတင်းကို မင်းတုန်းမင်းတရားကြီး သိတော်မူသည့်အခါ မြင်ကွန်းမင်းသားကို သွားရောက်နှိမ်နင်းရန် တပ်တော်ကို စေလွှတ်ခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် မင်းတုန်းမင်းသည် အရှေ့ကယားနယ်မှ စောလဖော်ထံ အကူအညီတောင်းခံခဲ့သည်။ တပ်တော်ကို စောလုံအရောက်စေလွှတ်ပြီး ထိုမှတစ်ဆင့် မြင်ကွန်းမင်းသားရှိရာ အနောက်ပိုင်းကယားသို့ စစ်ချီတက်ကြသည်။ မြင်ကွန်းမင်းသားနှင့် ဒေါတံတားတွင် စတင်ခိုက်တိုက်ကြသည်။ မြင်ကွန်းမင်းသား အရေးနိမ့်

သွားသဖြင့် ထိုဒေသမှ အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်သို့ ထွက်ပြေးသွားပါသည်။ မြင်ကွန်းမင်းသား အရေးတော်ပုံအပြီးတွင် စောလဖော်သည် မင်းတုန်းမင်းတရားကြီးထံ သွားရောက်ခစားခဲ့သည်။

စောလဖော်လက်ထက်တွင် ကချင်လူမျိုးတို့နှင့်တစ်ကြိမ်၊ ရှမ်းလူမျိုးတို့နှင့်တစ်ကြိမ် စစ်ဖြစ်ပွားခဲ့သည်။ သို့သော် မအောင်မြင်၍ ပြန်ဆုတ်ခွာသွားခဲ့ကြသည်။ မောက်မယ်စော်ဘွားနှင့် အရေးအခင်း မကြာခဏ ဖြစ်ပွားခဲ့၍ စစ်တိုက်ခဲ့ကြသည်။

စောလဖော်သည် ခရစ်သက္ကရာဇ် ၁၈၈၀ ပြည့်နှစ်တွင် မြန်မာဘုရင်တို့၏ နန်းတွင်းအုပ်ချုပ်ပုံစနစ်ကို လေ့လာရန် တူတော်စပ်သူ စဝ်လဝီကို ရတနာပုံနေပြည်တော်သို့ စေလွှတ်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၈၃ ခုနှစ်တွင် သီပေါမင်းသည် စောလဖော်ကို ပဗ္ဗတသီဟရာဇာ ဟူသော ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ထိုနှစ်တွင် မန္တလေးနန်းတွင်းရေး အခြေအနေများ ရှုပ်ထွေးလာသဖြင့် စဝ်လဝီသည် အရှေ့ကယားသို့ ပြန်လာခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ် သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်ပြီး အထက်မြန်မာပြည်ကို သိမ်းပိုက်ခဲ့သည်။ ရှမ်းပြည်နယ်တွင်လည်း အခြေအနေရှုပ်ထွေးနေပါသည်။ ထိုအခါ စောလဖော်က "ကုလားများ ကျွန်ုပ်တို့နယ်ကို လာလိုလျှင်လာကြပါ၊ သူတို့ကို ရန်မဖြစ်လိုပါ၊ ကျွန်ုပ်တို့ကို မတရားလုပ်လျှင်တော့ ဓားစာကျွေးရမည်" ဟု ကြေညာခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၈၇ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ရှမ်းပြည်သို့ စစ်ကြောင်းချီလာခဲ့သည်။ ရှမ်းပြည်တောင်ပိုင်း၊ မိုင်းသောက်တွင် အခြေပြုပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်မှ စော်ဘွားများကို

လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့သည်။ ထိုစဉ်က နန်းမယ်ခုံမှ စောဖျာ ဘိုးပြားတစ်ဦးတည်းသာလျှင် သွားရောက်တွေ့ဆုံခဲ့သည်။

အင်္ဂလိပ်တို့သည် စောလဖော်ကို လာရောက်တွေ့ဆုံရန် အကြိမ်ကြိမ်ခေါ်ယူခဲ့သည်။ သို့သော် စောလဖော်က မိမိနယ်သားများကို ပစ်ထားပြီးမသွားနိုင်ကြောင်း၊ သူနှင့်တွေ့ဆုံရန် သူ၏နယ်သို့ လာပါက မှဲ့တစ်ပေါက်မှ မစွန်းစေရပါဟု အကြောင်းပြန်ခဲ့သည်။ ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ မတ်လ ၂ ရက်တွင် စောလဖော်သည် အလုံးအရင်းနှင့်မောက်မယ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထို့နောက် မောက်မယ်မြို့ကို ခွန်နွဲ့ကြူကို အုပ်ချုပ်စေပြီး ကယားနယ်သို့ ပြန်လည်ဆုတ်ခွာခဲ့သည်။ ထိုသို့ တိုက်ခိုက်ရခြင်းမှာ မောက်မယ်နယ်သည် အရှေ့ကယားနယ် မြောက်ဘက်နှင့်ဆက်စပ်လျက်ရှိသည်။ ၁၈၆၆ ခုနှစ်မှ ၁၈၇၁ ခုနှစ်အတွင်း မောက်မယ်စော်ဘွားသည် ထိုဒေသတွင်ရှိသော သစ်တောများမှ ၁၈၆၆ ခုနှစ်အတွင်း ကျွန်းသစ်လုံးရေ ၅၂၀၀ နှင့် ဆင် ၁၄၈ ကောင် ခိုးယူခဲ့သည်။ ထိုကိစ္စကို မြန်မာဘုရင်ထံ သွားရောက်တိုင်တန်းခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် မောက်မယ်စော်ဘွားသည် မြန်မာဘုရင်လက်အောက်ခံအဖြစ် ရွှေပန်း ရွှေခိုင်ဆက်သသောနယ် ဖြစ်သဖြင့် မြန်မာဘုရင်တို့က ကာကွယ် စောင့်ရှောက်ထားခြင်း ဖြစ်သည်။

ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် အင်္ဂလိပ်တို့သည် မောက်မယ်ကို ပြန်လည်သိမ်းပိုက်သည်။ စစ်ရှုံး၍ထွက်ပြေးသွားသော စော်ဘွားခွန်နန်းလက်သို့ မောက်မယ်မြို့ကို ပြန်လည်ပေးအပ်လိုက်သည်။ ထိုအခါ မောက်မယ်စော်ဘွားနှင့် အင်္ဂလိပ်တို့က စောလဖော်ကို ရှုတ်ချကြသည်။

စောလဖော်က ခရစ်သက္ကရာဇ် ၁၈၈၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် သူ့ကို မတရားရှုတ်ချခဲ့သော မောက်မယ်စော်ဘွားကို တစ်ဖန် ထပ်မံ သွားရောက်တိုက်ခိုက်ခဲ့သည်။ ဘလူးချစ်စတန်တပ်တို့နှင့် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ စောလဖော် အရေးနိမ့်ကာ ပြန်လည် ဆုတ်ခွာခဲ့ရသည်။

အင်္ဂလိပ်တို့သည် လာရောက်တွေ့ဆုံရန်အတွက် စောလဖော်ကို ရာဇသံပေး၍ ခေါ်ဆိုခဲ့ပြန်သည်။ စောလဖော်က သွားရောက်တွေ့ဆုံ ခြင်းမရှိသည့်အတွက် အရှေ့ကယားသို့ စစ်ချီရန် ဆုံးဖြတ်ခဲ့သည်။ စောလဖော်ကိုနှိမ်နင်းရန် စစ်ကြောင်းနှစ်ကြောင်း ချီတက်လာကြ သည်။ တောင်ဘက်စစ်ကြောင်းသည် သံလွင်မြစ်အတိုင်း ဆန်တက် လာပြီး စောလုံသို့ ချီတက်သည်။ မြောက်ဘက်စစ်ကြောင်းသည် ဘီလူး ချောင်းအတိုင်း စုန်ဆင်းပြီး စောလုံသို့ ချီတက်သည်။

စောလဖော်သည် ဘီလူးချောင်းအတိုင်းဆင်းလာမည့် အင်္ဂလိပ် တပ်များကို ခုခံရန် မိုးဗြဲရေကာတာအရှေ့ဘက်ရှိ ဒေါထိုးကလိုးရွာအနီး တွင် ခံတပ်တစ်ခုကို တည်ဆောက်ထားသည်။ ထိုခံတပ်ကို တပ်ကုန်း ဟုခေါ်သည်။

မြောက်ဘက်စစ်ကြောင်းနှင့် စောလဖော်တပ်တို့သည် ကန်းကျိုင် ရွာအထက်တွင် တိုက်ပွဲစတင်ဖြစ်ပွားသည်။ စောလဖော်တပ်များ အရေးနိမ့်သဖြင့် ဆုတ်ခွာကြသည်။ လွိုင်ကော်မြို့ ဘီလူးချောင်းအကူး ဒေါတမအရပ်တွင် ဒုတိယအကြိမ် တိုက်ပွဲဖြစ်ပွားသည်။ ထိုတိုက်ပွဲ တွင် စောလဖော်ဘက်မှ သူရဲကောင်း သူရယ် ကျဆုံးခဲ့သည်။ လောပိတတွင် တစ်ကြိမ်၊ စောလုံမြို့အထက်တွင်တစ်ကြိမ် ထပ်မံ တိုက်ပွဲဖြစ်ပွားပါသည်။ လူသူ၊ လက်နက်အင်အားမမျှသဖြင့် ၁၈၈၉

ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် စောလုံမြို့တော် ကျခဲ့သည်။ စောလဖော် လည်း စောလုံမှ တိမ်းရှောင်သွားပါသည်။

**ဦးလှမောင် ခေါ် ထုရိုင်း**

ဦးလှမောင် ခေါ် ထုရိုင်းသည် လက်ရှိနိုင်ငံတော်၏ အာဏာ သုံးရပ်ဖြစ်သော ဥပဒေပြုမှုအာဏာကျင့်သုံးသည့် လွှတ်တော်နှစ်ရပ် အနက် အမျိုးသားလွှတ်တော်သို့ ကယားပြည်နယ် အမှတ် (၁၁) မဲဆန္ဒနယ်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ပါသည်။ ယင်းတလဲ တိုင်းရင်းသားတို့သည် အေးချမ်းစွာ နေထိုင်လေ့ရှိပြီး စစ်ဘက်၊ နယ်ဘက်များတွင် တာဝန်ထမ်းဆောင်သူ အလွန်နည်းပါးလှသည်။ ထို့အတူ ခေတ်ပညာတတ်လည်း အလွန် နည်းပါးပါသည်။ ထိုအထဲကမှ နှစ်ပေါင်းများစွာအတွင်း ထူးထူးခြားခြား ပေါ်ပေါက်ခဲ့သည့် ဘွဲ့ရခေတ်ပညာတတ်လည်းဖြစ်သည့်အပြင် အစိုးရ ဝန်ထမ်းအကြီးအကဲလည်းဖြစ်ကာ ပြည်သူများက ရွေးချယ်တင်မြှောက် ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ သိရှိရပါသည်။

ဦးလှမောင် ခေါ် ထုရိုင်းကို ၁၉၅၉ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် ဖားဆောင်းမြို့နယ်၊ ဝမ်အောင်း (ကယား) ကျေးရွာတွင် ယင်းတလဲ တိုင်းရင်းသား မိဘနှစ်ပါးဖြစ်သော အဘ ဦးမောင်အေး ခေါ် မန်ရိုင်း နှင့် အမိ ဒေါ်ဒါးမိန်း တို့က မွေးဖွားခဲ့သည်။ ငယ်စဉ်က ဝမ်အောင်း အခြေခံပညာ မူလတန်းကျောင်း၊ အ. ထ. က ဖားဆောင်းတို့တွင် ပညာ သင်ကြားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် အခြေခံပညာအထက်တန်းအောင် မြင်သည်။ ၁၉၈၃ ခုနှစ်တွင် စာပေးစာယူသင်တန်း စတင်တက်ရောက် ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဒုတိယနှစ်အောင်မြင်သောအခါ ခေတ္တရပ်နား

ခဲ့သည်။ ၁၉၇၉ ခုနှစ်မှစတင်၍ ဝမ်အောင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဝမ်အောင်းအခြေခံပညာမူလတန်းကျောင်းတွင်ပင် မူလတန်းကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇-၈၈ ပညာသင်နှစ်တွင် ရန်ကုန် ဆရာအတတ်သင်သိပ္ပံ၌ အလယ်တန်းဆရာဖြစ်သင်တန်း တစ်နှစ်တက်ရောက်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဖားဆောင်း အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းပြအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈-၁၉၉၉ ခုနှစ်တို့တွင် အဝေးသင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် မြန်မာစာအထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဖားဆောင်း အခြေခံပညာအထက်တန်းကျောင်းတွင်ပင် အထက်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၅ ခုနှစ်တွင် မယ်စဲ့မြို့နယ် ဟိုစဲ့အခြေခံပညာအလယ်တန်းကျောင်းသို့ အလယ်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် တိုးမြှင့်တာဝန် ပေးအပ်ခြင်းခံခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် လွိုင်ကော်မြို့နယ်၊ လောပိတရှိ လောခလေး အ. လ. က သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြုကာ ကယားပြည်နယ် အမှတ် (၁၁) မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆန္ဒမဲ ၉၈ ဒသမ ၇ ရာခိုင်နှုန်းရရှိပြီး ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်ခဲ့သည်။

ဆရာကြီး ဦးလှမောင် ခေါ် ထုရိုင်းသည် ၁၉၉၂ ခုနှစ်တွင် ဗမာတိုင်းရင်းသူ ဒေါ်ယဉ်ယဉ်ဌေး (အထက်တန်းပြဆရာမ) နှင့် လက်ထပ်ခဲ့ပြီး သမီးမစုမြင့်မြတ်ယဉ်ကို ၁၉၉၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဖားဆောင်းမြို့၊ မြောက်ပိုင်းရပ်ကွက်တွင် နေထိုင်သည်။

**ဦးအေးမောင် ခေါ် ကော်ရိုင်း**

ဦးအေးမောင် ခေါ် ကော်ရိုင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကယားပြည်နယ် ဘောလခဲနယ်မှ ရွေးချယ်တင်မြောက်ခံခဲ့ရသူ ဖြစ်ပါသည်။ ဘောလခဲနယ်သည် ယင်းတလဲတိုင်းရင်းသားအများဆုံးနေထိုင်ရာ မြို့နယ်ဖြစ်ပါသည်။ မြို့ပေါ်ရပ်ကွက်နှစ်ခုအနက် ကယားပိုင်းရပ်ကွက်တွင်လည်းကောင်း၊ မြို့နယ်အတွင်းရှိ နန်းဖဲ၊ စလဲလုံကျေးရွာများတွင်လည်းကောင်း ယင်းတလဲတိုင်းရင်းသားများ နေထိုင်ကြသည်။ ထို့ပြင် ဘောလခဲမြို့နယ်အတွင်းရှိ စောလုံ၊ ဟော်ခမ်း၊ လွယ်ဝိုင်း၊ စောင်းလော့၊ ခိုးကွဲ့၊ ဝမ်ချယ်၊ မိန်းထန်း ကျေးရွာများနှင့် ရွာသစ်မြို့နယ်ခွဲအတွင်းရှိ ဝမ်ပလ၊ တာဆန်လဲ ကျေးရွာများတွင်လည်း ယင်းတလဲအနွယ်များ နေထိုင်ကြသည်။ ထိုသို့ ယင်းတလဲတိုင်းရင်းသားများ များစွာနေထိုင်သည့်မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြောက်ခြင်းခံရသည်မှာ ယင်းတလဲတိုင်းရင်းသား တစ်ယောက်အတွက် များစွာဂုဏ်ယူစရာပင် ဖြစ်ပါသည်။

ဦးအေးမောင် ခေါ် ကော်ရိုင်းကို ၁၉၇၀ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်တွင် အဘ ကယန်းတိုင်းရင်းသား ဦးလှခုန်းနှင့် အမိ ယင်းတလဲတိုင်းရင်းသူ ဒေါ်မော်မိန်းတို့က မွေးဖွားပါသည်။ ဦးအေးမောင်သည် ကယန်း ယင်းတလဲ



အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်
ဦးလှမောင် ခေါ်
ထုရိုင်း



ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်
ဦးအေးမောင် ခေါ်
ကော်ရိုင်း

တိုင်းရင်းသားဖြစ်သော်လည်း သူ့ကိုယ်သူ ယင်းတလဲတိုင်းရင်းသား ဟုသာ ခံယူသည်ဟုဆိုပါသည်။

ဦးအေးမောင်သည် ၁၉၇၈ ခုနှစ်တွင် အခြေခံပညာကို ဆက်လက်သင်ကြားခဲ့ပြီး ၁၉၈၈ တွင် အခြေခံပညာအလယ်တန်း စာမေးပွဲ အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ်တွင် စစ်ကိုင်း ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံ အပတ်စဉ် (၂၆) သို့ တက်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ကျောင်းဆင်းကာ ဘောလခဲမြို့နယ်၊ ဝမ်လွဲ အခြေခံပညာမူလတန်းကျောင်းတွင် မူလ တန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှ ရွာသစ် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ကယားပိုင်းရပ်ကွက် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်းတို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပညာရေးဌာနမှ နုတ်ထွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယလက်ထောက် တိရစ္ဆာန်ကျန်းမာရေးမှူးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ကိုယ်စား ပြု၍ ဘောလခဲ မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဝင်ရောက်အရွေးချယ်ခံခဲ့သည်။ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲ ၈၅ ဒသမ ၉၉ ရာခိုင်နှုန်းဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ဦးအေးမောင် ခေါ် ကော်ရိုင်းသည် ကယန်းတလဲ သွေးနှော ဖြစ်သော်လည်း ယင်းတလဲလူမျိုးအများစုရှိရာမြို့နယ်တွင် ပြည်သူ များက ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါသည်။



**ယင်းတလဲ**
**တိုင်းရင်းသူများထဲမှ**
**ပထမဆုံးဘွဲ့ရအမျိုးသမီး**
**ဒေါ်အေးမြင့်သန်း**

**ဒေါ်အေးမြင့်သန်း ခေါ် စမိန်း**

ဒေါ်အေးမြင့်သန်း ခေါ် စမိန်းသည် ယင်းတလဲတိုင်းရင်းသား မိဘနှစ်ပါးဖြစ်သော ဦးစန့်နှင့် ဒေါ်ပလိုင်မိန်း တို့ကမွေးဖွားသည့် မွေးချင်းကိုးယောက်အနက် အငယ်ဆုံးဖြစ်ပါသည်။ အသက် ၃၇ နှစ် ရှိပြီဖြစ်သော စမိန်းသည် ၂၀၀၂ ခုနှစ်တွင် အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို မြန်မာစာအထူးပြုဖြင့် ရရှိခဲ့သည်။ ယခုအခါ ဘောလခဲမြို့ ကယားပိုင်းရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။

ဒေါ်အေးမြင့်သန်း ခေါ် စမိန်းသည် ယင်းတလဲတိုင်းရင်းသူများ အနက် ပထမဆုံး ဘွဲ့ရအမျိုးသမီးဟု ဆိုရမည်ဖြစ်ပါသည်။

* * *

## နိဂုံး

ယင်းတလဲတိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ၁၃၅ မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်ပါသည်။ ကယားတိုင်းရင်းသားလူမျိုးစု ကိုးမျိုးအနက် လူဦးရေအနည်းဆုံးဖြစ်ပါသည်။ အထူးသဖြင့် အခြားတိုင်းရင်းသားများနှင့် သွေးနှောမွေးလာခြင်းမဟုတ်သော ယင်းတလဲတိုင်းရင်းသားအရေအတွက်သည် ရာဂဏန်းမျှသာရှိတော့ခြင်းမှာ ကွယ်ပျောက်လုဆဲအခြေအနေဟု ဆိုရပါမည်။ ကမ္ဘာသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်လာချိန်တွင် နိုင်ငံတို့၏ နယ်နိမိတ်စည်းများသည် နည်းပညာအောက်တွင် ကွယ်ပျောက်သွားရပြီဖြစ်သည်။ ထို့အတူ ကမ္ဘာပေါ်ရှိ များစွာသောလူမျိုးစုများ၊ နိုင်ငံများ၏ ယဉ်ကျေးမှုများ၊ ရိုးရာအစဉ်အလာများ၊ ဓလေ့ထုံးတမ်းများသည်လည်း နည်းပညာများ၏ အတွန်းအတိုက်ကြောင့် ယိုင်နဲ့နဲ့ဖြစ်၍နေချေပြီ။ ထို့အတူ လွယ်လင့်တကူ ဆက်သွယ်ကူးသန်းသွားလာနိုင်သော အခြေအနေများကြောင့် လူမျိုးများသည်လည်း ထွေးရောယှက်တင်ဖြစ်လာကြတော့သည်။

နိုင်ငံစတင်တည်ထောင်စဉ်ကတည်းက အရပ်ရှစ်မျက်နှာမှ ရောက်လာကြသူများ၊ မည်သည့်အမျိုးအနွယ်ဟုပင် ပြောရန်ခက်

သူများ၊ ရေကြည်ရာ မြက်နုရာရှာဖွေသူချင်း တွေ့ဆုံကြရာမှ မွေးဖွား လာသူများသာရှိသည့်နိုင်ငံများအတွက် ဝံသာနုရက္ခိတ ဆိုသော စကားလုံးမှာ ပြက်ရယ်ပြုစရာဖြစ်နိုင်သော်လည်း ရှည်လျားခိုင်မာသည့် သမိုင်းကြောင်းနှင့် တိကျသေချာသောမျိုးနွယ်စုများမှ ဆင်းသက်လာ ကြသည့် တိုင်းရင်းသားများဖြင့် ဖွဲ့တည်အပ်သော နိုင်ငံတို့အတွက်မူ ဝံသာနုရက္ခိတဆိုသည်မှာ အစဉ် ဦးထိပ်ပန်ဆင်ရမည့် စကားလုံးဖြစ် ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏မျိုးနွယ်ကို စောင့်ထိန်းရန် လျော့ပေါ့ခဲ့သောကြောင့် ကမ္ဘာပေါ်ရှိလူမျိုးများစာရင်းမှ ကွယ်ပျောက် သွားရပြီဖြစ်သော လူမျိုးများမှာ များစွာရှိခဲ့ပြီဖြစ်ပါသည်။ အနီးစပ်ဆုံး ဆိုရပါလျှင် ယနေ့တိုင် သူတို့၏စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ ထုံးစံတို့ လက်ဆုပ်လက်ကိုင်ပြစရာ ကျန်ရှိနေပါသေးသော ပျူလူမျိုးတို့ အမှန်တကယ် ကွယ်ပျောက်ခဲ့ပြီးဖြစ်ပါသည်။ ယနေ့ တူးဖော်တွေ့ရှိကာ ကမ္ဘာ့အမွေအနှစ်အဖြစ် ထိန်းသိမ်းခံထားရသည့် မြို့တော်ကြီးများ၊ ကျောက်ထက်၊ ရွှေထက်၊ အုတ်ခွက်ထက် တင်ခဲ့နိုင်သည့် ခိုင်မာသော စာပေအရေးအသား၊ မိမိနိုင်ငံတွင်သာမက အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်သမိုင်းမှတ်တမ်းများတွင်ပါ မှတ်တမ်းတင်ခံခဲ့ရသော သမိုင်း အထောက်အထားများ၊ နေထိုင်မှု၊ ကိုးကွယ်မှု အစရှိသည့် လူမှုဘဝ ဆိုင်ရာ အထောက်အထားများ ခိုင်လုံစွာကျန်ရစ်ခဲ့လင့်ကစား ပျူလူမျိုး တို့သည် နှစ်ပေါင်းများစွာကပင် ကွယ်ပျောက်ခဲ့ပြီး ဖြစ်ပါသည်။ ပျူလူမျိုးတို့ ကွယ်ပျောက်သွားရခြင်းကို လေ့လာပါလျှင် တစ်နေရာနှင့် တစ်နေရာ မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများမှ ပျူလူမျိုး ထောင်သောင်းတို့သည် ဘေးအန္တရာယ်တစ်ခုခုကြောင့် ရုတ်ချည်း သေဆုံးကွယ်ပျောက်သွားခဲ့ခြင်း မဖြစ်နိုင်ပါချေ။ သဘာဝ ဘေးဒဏ် အပါအဝင် ကပ်ကြီးများကြောင့် လူဦးရေ ရုတ်ချည်းလျော့ပါးနိုင်

သော်လည်း အခြားလူမျိုးစုတို့ဖြင့် တစ်စတစ်သွေးနှောရင်း ပျောက်ကွယ်သွားသည်ကသာ ဖြစ်တန်စွမ်းမြင့်မားပါသည်။ ဆိုလိုသည်မှာ မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမျိုမှ လူမျိုးပြုတ်မည်ဆိုသော စကားအတိုင်း အခြားလူမျိုးများနှင့် သွေးနှောခြင်းဖြင့်သာ လူမျိုးတစ်မျိုး ပျောက်ကွယ်သွားနိုင်ပါသည်။

ယင်းတလဲတိုင်းရင်းသားတို့သည် ကယားလူမျိုးစုတို့တွင် မူရင်းလူမျိုးဟု ဆိုကြပါသည်။ သူတို့သည် ကယားပြည်နယ်ဟု သတ်မှတ်ခေါ်ဝေါ်မည့် အရပ်ဒေသသို့ ဦးစွာရောက်ရှိလာခဲ့ကြသူများဖြစ်ကြပြီး ထိုအချိန်ကတည်းက ထူးချောင်းနှင့်ပွန်ချောင်း ဆုံရာဝန်းကျင်တွင် အခြေချ နေထိုင်ခဲ့ကြသူများဟုလည်း ဆိုပါသည်။ နှစ်ပေါင်းများစွာသော ကာလများတွင် ယင်းတလဲတိုင်းရင်းသားတို့သည် သဘာဝဘေးဒဏ်များနှင့် ကပ်ကြီးများကို ရင်ဆိုင်ခဲ့ကြရသည်။ စစ်ပွဲများကြောင့် ပုန်းကြရှောင်ကြရင်း သေဆုံးခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးရက်များတွင် မြန်မာပြည်အတွင်းမှ စစ်ရှုံး၍ဆုတ်ခွာလာကြသော ဖက်ဆစ်ဂျပန်များ၏ဒဏ်ကို များစွာခံခဲ့ရသည်ဟု ယင်းတလဲအဘိုးအို၊ အဘွားအိုများက ပြောပြကြသည်။ စစ်ရှုံးသောဂျပန်များသည် တွေ့ရာမြင်ရာကို ထင်သလိုစိုင်းကြသကဲ့သို့ သူတို့ကိုယ်တိုင်လည်း ထူးချောင်းနှင့် ပွန်ချောင်းဆုံရာတွင်ရှိသော ကျောက်တောင်စောင်းမှ ခုန်ချကာ အဆုံးစီရင်ကြသည်များ များစွာရှိသည်ဟု သိမှီလိုက်သူများက ပြောပြပါသည်။

တစ်ဖန် ပြည်ပကျူးကျော်သူများဖြစ်သော ကူမင်တန်တရုတ်ဖြူများက ယင်းတလဲတိုင်းရင်းသားများနေထိုင်ရာ ဒေသများအတွင်းသို့ ကျူးကျော်ရောက်ရှိခဲ့စဉ်ကလည်း စစ်ဘေးဒဏ်ဖြင့် ဒုက္ခရောက်ကြရသည်။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်က ကူမင်တန်နှင့်

ကေအင်ဒီအို ပူးပေါင်းတပ်ဖွဲ့များက ဘောလခဲနှင့် နန်းဖဲတို့ကို တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ထိုဒေသတွင်နေထိုင်သော ယင်းတလဲ တိုင်းရင်းသားများ ဒုက္ခရောက်ရပြန်သည်။

ယင်းတလဲ တိုင်းရင်းသားတို့ကို ယခင်က များစွာနှိပ်စက်ခဲ့သည်မှာ ရောဂါန္တရကပ်ဖြစ်သည်။ ဂျပန်ခေတ်တွင် ခေတ်မှဆေးဝါးများလည်းမရှိ တတ်ကျွမ်းနားလည်သူလည်းမရှိ အစာရေစာကလည်း ရှားပါးချိန်တွင် ကျောက်ရောဂါဖြစ်ပွားသဖြင့် တစပြင်တွင် လူမစဲအောင် တဖြုတ်ဖြုတ်ကြွေခဲ့ကြရသည်။ ထို့အတူ ဝမ်းရောဂါဖြစ်ပွားပြန်သဖြင့် ရွာလုံးကျွတ်နီးပါး ဆုံးပါးခဲ့ရသည်များလည်း ရှိခဲ့သည်။ ထို့ကြောင့်လည်း ထိုအရပ်ဒေသများကို စွန့်ခွာကာ လက်ရှိနေထိုင်သည့်နေရာသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် ယင်းတလဲလူမျိုးစုသည် များစွာလျော့ပါးခဲ့ပြီဖြစ်သည်။ ယနေ့တိုင် ထိုရွာပျက်များတွင် တံခွန်တိုင်အဟောင်းများရှိနေဆဲဟု ဆိုပါသည်။ ယင်းတလဲတို့သည် အကြောင်းကြောင်းကြောင့် လူဦးရေ တစ်စတစ်စ နည်းပါးခဲ့ရသည်။

ဤအခြေအနေတွင် သည်အတိုင်း လက်ပိုက်ကြည့်နေကြပါက တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားတော့မည်ဖြစ်ပါသည်။ ဤသို့ဆိုပါလျှင် ယင်းတလဲတိုင်းရင်းသားများကိုယ်တိုင်နှင့် အခြားသောတာဝန်ရှိသူများ၊ စေတနာရှိသူများကပါ ဝိုင်းဝန်းအဖြေရှာ ကြိုးပမ်းသင့်ပါသည်။ ယင်းတလဲ တိုင်းရင်းသားများကလည်း မိမိတို့လူမျိုးဆက်လက်တည်တံ့ရေးအတွက် ဝံသာနုရက္ခိတတရား လက်ကိုင်ထားကာ အခြားလူမျိုးများနှင့် သွေးမနှောစေရန် ပညာပေးခြင်း၊ သွန်သင်ဆုံးမခြင်း၊ စောင့်စည်းထိန်းသိမ်းခြင်းတို့ ပြုသင့်သည်ဟု ယူဆပါသည်။ အထူးသဖြင့် ယင်းတလဲလူငယ်များအတွင်း ထိုအယူအဆများ

ပေါ်ပေါက်လာစေရန် ယင်းတလဲလူကြီးများက ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

ထို့အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်များကလည်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်၊ စာအုပ်၊ စာတမ်းများဖြင့် ပညာပေးစည်းရုံးခြင်း၊ လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ပါသည်။

ဖြစ်နိုင်မည်ဆိုပါလျှင် အစိုးရအပိုင်းကပါ ကွယ်ပျောက်လုဆဲတိုင်းရင်းသားများအတွက် အကူအညီများ၊ အထောက်အပံ့များ၊ နည်းပညာများအပါအဝင် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသင့်သည်ဟု ထင်မြင်ပါသည်။ ဥပမာအားဖြင့် ယင်းတလဲတိုင်းရင်းသားအချင်းချင်း လက်ထပ်မည်ဆိုလျှင် အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုလက်ဖွဲ့ပေးခြင်း၊ ယင်းတလဲတိုင်းရင်းသား ကလေးငယ်တစ်ယောက် မွေးဖွားလာမည်ဆိုလျှင် ထိုက်သင့်စရိတ် ထောက်ပံ့ပေးခြင်း၊ အဆင့်အတန်းတစ်ခုအထိ အခမဲ့ပညာသင်ယူခွင့်နှင့် ပညာသင်အထောက်အပံ့ပေးခြင်း စသည်တို့ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ လက်ရှိအခြေအနေတွင်ဖြင့် ယင်းတလဲတိုင်းရင်းသားအရေအတွက်မှာ များစွာနည်းပါးနေပြီဖြစ်ပါသည်။ ပေါ့ပေါ့တန်တန်တွေးကာ ရှေ့ဆက်ကြမည်ဆိုလျှင် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားနိုင်သည့် အနေအထားဖြစ်ပါသည်။ ပျောက်ကွယ်လုဆဲ တိုင်းရင်းသားမျိုးနွယ်စုအတွက် အားလုံးက တလေးတစားတန်ဖိုးထားကာ စဉ်းစားဆောင်ရွက်သင့်ပြီဟု ယူဆမိပါသည်။

* * *

## မှီငြမ်းကိုးကားသောစာအုပ်များ


၁။ ကယားပြည်နယ် ခုနစ်စင်ကြယ်စာစောင် - ပြန်ကြားရေးဌာန၊ ကယားပြည်နယ်ဦးစီးအဖွဲ့။

၂။ ကယားပြည်နယ် မဂ္ဂဇင်း (၂၀၁၃-၂၀၁၄) - ကယားပြည်နယ်အစိုးရအဖွဲ့၊ ၂၀၁၄။

၃။ ကယားလူထုအောင်ပွဲ၊ - ကယားပြည်နယ်အစိုးရ။ ပြန်ကြားရေးဌာန

၄။ ကယားလူမျိုးစုသမိုင်း (စာမူ) - ကယားပြည်နယ်ယဉ်ကျေးမှုပိမာန်ဦးစီးဌာန။

၅။ ကျောင်းသုံး မြန်မာရာဇဝင်သစ် - ဦးအုန်းမောင်၊ ၁၉၅၆၊ ဂန္ဓမာ။

၆။ ခေတ်မြန်မာတည်ဟန် - ဦးတင်မောင်ရင် (ဘာသာပြန်)။

၇။ ငှါးတား ငှါးသွေး ငှါးရောဝတီ - နန္ဒ။

၈။ စည်းစည်းလုံးလုံးတော်လှန်ရေး - အိမ်မဲယဉ်အေး။

၉။ ဆာဂျော့စကော့၏ မြန်မာပြည်အတွေ့အကြုံများ - ဦးလှဒင် (မြန်မာပြန်)၊ The Couple ၂၀၀၇။

၁၀။ တလိုင်းဝေါဟာရ သုတေသနစာတမ်း - နိုင်ဖေသိန်းဖြာ၊ ၂၀၀၆။

၁၁။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ (ကယား) - မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်၊ ၁၉၆၇။

၁၂။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ (ကရင်) - မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်၊ ၁၉၆၇။

၁၃။ တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း - မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်၊ ၁၉၇၇။

၁၄။ တပ်မတော်သမိုင်း (စတုတ္ထတွဲ) - စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး။ ၁၉၉၆။

၁၅။ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း (၁၉၈၈၊ ၁၂-၂-၂၀၀၅) - ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၀၅။

၁၆။ တွင်းသင်းမြန်မာရာဇဝင်သစ် - ကျောက်စာဝန် တွင်းသင်းတိုက်ဝန် မဟာစည်သူ၊ ၁၉၆၈။

၁၇။ နယ်လှည့်ရာဇဝင် (၁) - ရာဇဝင်ပါမောက္ခ ဒေါက်တာသန်းထွန်း။

၁၈။ နိုင်ငံတော်သမိုင်း - ဗိုလ်မှူး ဘရှင်။

၁၉။ ပြည်တွင်းသောင်းကျန်းမှု သမိုင်း (အပိုင်း-၃) - ရဲဘော်သစ်မောင်၊ ၁၉၉၀ (ပ-ကြိမ်)။

ပြည်ထောင်စုမြန်မာနိုင်ငံ အကြောင်းကြားစာ - ဦးဘသိန်း။ ၁၉၆၈။

၂၀။ ဟားဆောင်းမြို့နယ် သမိုင်းဖြစ်စဉ်မှတ်တမ်း - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားဆောင်း။

၂၁။ ဘာသာလောကကျမ်း - ဦးဖေမောင်တင်။

၂၂။ ဘောလခဲမြို့နယ်သမိုင်း၊ ဖြစ်စဉ်မှတ်တမ်း - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘောလခဲ။

၂၃။ မဟာရာဇဝင်တော်ကြီး - ဦးမောင်မောင်တင်၊ ၁၉၈၉၊ (စ-ကြိမ်)။

၂၄။ မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး - ကနီမြို့ စစ်ကဲမင်းထင်ရာဇာ။

၂၅။ မြန်မာနိုင်ငံတော်သမိုင်း၊ - ဝန်းမော်တင်အောင်၊ ၁၉၆၃ (၃-ကြိမ်)၊ ပညာအလင်း။

၂၆။ မြန်မာရာဇဝင် - ဦးဘသန်း။ ၁၉၉၁၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း။

၂၇။ မြန်မာရာဇဝင်မှတ်တမ်း - ဟံသာဝတီ ဦးဘရင်။

၂၈။ မြန်မာအစ စာတမ်း - ဦးဖိုးလတ်။

၂၉။ မြန်မာအုပ်ချုပ်ရေးပညာ - ဦးဘဦး။

၃၀။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁) - မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။ ၁၉၆၃။

၃၁။ မြန်မာ့ယဉ်ကျေးမှုသမိုင်း - သိပ္ပံမိုးရင်။

၃၂။ မြန်မာ့သမိုင်းအကျဉ်းချုပ် - ဦးဘဖေ၊ ၁၉၅၇၊ ပဉ္စမအကြိမ်၊ စာပေဗိမာန်။

၃၃။ လူသားမျိုးနွယ်များ - မိုးညို

၃၄။ သမိုင်းဝင်စာတမ်းနှင့် ကယားပြည်နယ် (အတွဲ-၂) - ပြန်ကြားရေးဌာန၊ ကယားပြည်နယ်ဦးစီးအဖွဲ့။

၃၅။ အနော်ရထာအရင်က မြန်မာနိုင်ငံ - ဗိုလ်မှူးဘရှင်၊ ၁၉၇၅ (၃-ကြိမ်)။

၃၆။ အင်္ဂလိပ်-မြန်မာ စစ်ခေတ်အတွေ့အကြုံများ - မောင်ဆုရှင် (မြန်မာပြန်)။

၃၇။ The History of Burma - Maung Htin Aung.

၃၈။ Burma - D.G.E.Hall.

၃၉။ Encyclopedia Britannica. Vol. 13, - Encyclopedia Britannica Ltd.

၄၀။ Gazetteer of Upper Burma and Shan State - J. George Acott.


* * *